
www.burmeseclassic.com

မိုးဦးကိုကိုစီစဉ်သည်

# လွန်းတာမို

## ချစ်သောဦးရယ်



ပန်းချီ သိန်းရွှေကြည်

2015

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးသက်လွင်၊ သဇ္ဇာမွန်စာပေ (ယ-၂၂၄၀)
အမှတ် ၃၈၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊
တာမွေ။

ပုံနှိပ်သူ - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂)၊

ပုံနှိပ်တိုက် - သဇ္ဇာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊
တာမွေကြီး (က+ဂ) ရပ်ကွက် တာမွေ။

အုပ်ရေ - ၅၀၁

တန်ဖိုး - ၅၀၀ ကျပ်

ထုတ်ဝေသည့်ခုနှစ် - ဖေဖော်ဝါရီ ၂၀၁၅။

ဖြန့်ချိရေး - Dream City Ph: 0973052433

၇၉၃

လွန်းတမို
ချစ်သောဦးရယ်/ လွန်းတမို - ရန်ကုန်
သင်းလက်အိမ်စာပေ၊ ၂၀၁၅ ခု။
၄၆ - စာ၊ ၁၄ x ၁၇ စင်တီ။
(၁) ချစ်သောဦးရယ်

သင်းလက်အိမ်
PUBLISHING GROUP

၁၇/၁၊ ဘော်စင်လမ်း၊ (၂၄) ရပ်ကွက်
သုဝဏ္ဏ၊ သင်္ကန်းကျွန်းမြို့နယ်။
ဖုန်း - ၀၉ - ၄၃၁၄၅၀၇၄


www.burmeseclassic.com

www.burmeseclassic.com



# ချစ်သောဦးရယ်

## လွှမ်းတမို့

စီစဉ်သူ
မိုးဦးကိုကို

BURMESE CLASSIC

(၁)

'အီး... ဟီး... ဟီး...'

'အီး...'

'ဟဲ့ ယုန်ဖြူ ဘာဖြစ်တာလဲ၊ ဒီလောက်အထိ အော်ကြီးဟစ်ကျယ် ချုံးပွဲချ ငိုနေရလောက်အောင် ညည်းမှာ ဘာတွေကြေကွဲ ဝမ်းနည်းစရာရှိလို့လဲ ဟဲ့'

'အဟင့် ဟင့် အဟင့်'

'အီး...ဟီး...ဟီး...ရှုတ်'

'ဖတ်'

ငွေယုန်ဖြူတစ်ယောက် အလွန်အမင်း ကြေကွဲဝမ်းနည်းစွာဖြင့် မျက်ရည်တွေကလည်း သူမပါးပြင်လေးပေါ် တလိမ့်လိမ့် မိုးသီးမိုးပေါက်တွေကဲ့သို့ ပြိုဆင်းကျလာ၏။ တသိမ့်သိမ့် ရှိုက်ငိုရင်း နှပ်ချေးတွေ ထွက်သမျှ လက်နှင့်သုတ်ပြီး နံရံကိုပစ်သည်။

'ဟင့်...ဟင့်... နှပ်ချေးတွေ နံရံကို ဘာဖြစ်လို့ ပစ်နေရတာလဲ။ ဟင် ငွေယုန်ဖြူဖြူ... မေးနေတာ မကြားဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ညည်းလူကြားမကောင်း သူကြားမကောင်း အော်ဟစ်ငိုနေရတာလဲ။ ဖြေလေ'

'ဦးဦးကို လက်မထပ်ချင်လို့ ဦးမိုးသခင်ကို လက်မထပ်ချင်လို့... တွေးမိတိုင်း ငွေယုန်ဖြူဖြူ အသည်းနှလုံးတွေ နာကျင်ကြေကွဲရတယ်... လောကကြီးထဲမှာ ရွေးချယ်စရာ ယောကျ်ားဆိုလို့ ဦးမိုးသခင်တစ်ယောက်ထဲ ရှိနေမယ်ဆိုရင်တောင် သူ့ကို မရွေးချယ်ဘူး... မုန်းလို့'

'မိငွေယုန်ဖြူ .. ဘာစကားတွေ ပြောနေတာလဲ... မောင်မိုးသခင်ကို ညည်းက ဘာကြောင့် မုန်းတီးနေရတာလဲ ပြောစမ်း... ရုပ်ရည်ချောပြီးသား၊ အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင်... ငယ်ငယ်ရွယ်ရွယ်နဲ့ ဦးဆောင်နိုင်တဲ့ အရည်အချင်းလည်းရှိတယ်... ပညာတတ် ဘွဲ့တွေရထားတာ တသီတသန်းကြီး'

'အဲ့ဒါတွေ သူပိုင်ဆိုင်ထားလို့ ကြီးကျယ်ခမ်းနားပြီး ဘဝင်လေဟပ်နေလို့လေ။ ပြီးတော့လည်း ငွေယုန်ထက် အသက်ကြီးတယ်'

'ငွေယုန် အပိုတွေ လျှောက်ပြောမနေနဲ့ လေကုန်တာပဲရှိမယ်... မောင်မိုးသခင်အသက်က ညည်းထက် ရှစ်နှစ်လောက်ပဲ ကြီးတာပါ။ ညည်းဟာညည်း အရွဲ့တိုက်ပြီး ဦးဦးလို့ ခေါ်တာလေ... တကယ်ဆို ကိုကိုလို့ ခေါ်ရမှာဟဲ့'





'အန်တီလေးနော်၊ ယုန်ဖြူထက် ရှစ်နှစ်ကြီးတယ်ဆိုတဲ့ အသက်က ,နည်းလား... အဖိုးကြီးဖြစ်နေပြီ။ အန်တီလေးကတော့ ငယ်တယ်လို့ ထင်မှာပေါ့။ သူလက်ထပ်သင့်တာက အန်တီလေး'

'ဒုက္ခပါပဲ မိငွေယုန်၊ ဒီကောင်မလေး ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျုပ်အသက်က လေးဆယ်ကျော် ဖြစ်နေပြီ၊ မောင်မိုးသခင်က အခုမှ အသက် နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတာ။ အပိုတွေ လျှောက်ပြောမနေနဲ့။ ဒီကိစ္စက ကွယ်လွန်သွားကြတဲ့ ညည်းဒယ်ဒီနဲ့ မာမီတို့ရဲ့ ဆန္ဒလေး သူတို့ စီစဉ်သွားကြတာ'

'အိီး... ဟီး... အဲ့ဒါကြောင့် ပြောတာပေါ့၊ ယုန်ဖြူရဲ့ ဘဝလက်တွဲဖော် တစ်သက်လုံး အတူတူ ခရီးဆက်ရမယ့် ယောကျ်ား... ယုန်ဖြူချစ်မြတ်နိုးတဲ့ ယောကျ်ားကိုတောင် ရွေးချယ်ခွင့် မရှိတော့ဘူးလား။ ဦးမိုးသခင်က အရမ်းစည်းကမ်းကြီးတယ်၊ ဇီဇာကြောင်လွန်းတယ်၊ ယုန်ဖြူ့ကို ဘောင်ခတ်ပြီးထားတော့မှာ၊ လူ့အခွင့်အရေးဆိုတာလည်း နားမလည်ဘူး၊ မာမီတို့လုပ်ရပ်က ရက်စက်လွန်းပါတယ်။ အိီး... ဟီး...'

'ရှုတ်'

'ဖတ်'

'ဟဲ့... ဟဲ့ ငါ့ကို စင်ကုန်ပြီ... ဒုက္ခပါပဲ၊ တော်တော်ညစ်ပတ်တဲ့ကောင်မလေး၊ ငွေယုန်ဖြူ... အပိုတွေ လျှောက်ပြောနေနဲ့တော့၊ ညည်းဘယ်လိုအကြောင်းပြချက်နဲ့မှ ငြင်းပယ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးနော်၊ မနက်ဖြန် ရန်ကုန်ကိုသွားရမယ်။ ဆုံးပါးသွားတဲ့ မိဘတွေစကားကို ညည်း ငြင်းမလို့လား'

ဟုတ်ပါတယ်လေ...။ ငြင်းပိုင်ခွင့် မရှိဘူးဆိုတာလည်း ငွေယုန်ဖြူဖြူ သိပါတယ်... ဒယ်ဒီနဲ့ မာမီတို့ ကံဆိုးမိုးမှောင် ကျွှာကား မတော်တဆဖြစ်ပြီး ကွယ်လွန်သွားခဲ့ကြရှာသည်။ ငွေယုန့်ကြောင့်ပါပဲ။

ငွေယုန်ငါးနှစ်အရွယ်က ဒယ်ဒီကားမောင်းနေတုန်း ဒယ်ဒီကို စိတ်ကောက်ပြီး နောက်ကနေ ဒယ်ဒီမျက်လုံးတွေကို သူမ လက်နှင့် ပိတ်ပစ်လိုက်၍ ဖြစ်၏။ ကားက လမ်းဘေးသစ်ပင်ကြီးကို အရှိန်နှင့် ဝင်တိုက်ခဲ့ပြီး ရှေ့ခန်းမှာ ထိုင်ကြတဲ့ ဒယ်ဒီရော မာမီရော ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိသွားကြကာ ကွယ်လွန်သွားရလေသည်။ နောက်ခန်းမှာ ထိုင်လိုက်လာကြသော အန်တီလေး ခင်မြမြနှင့် ငွေယုန်ဖြူဖြူတို့ အသက်ရှင် ကျန်ရစ်ခဲ့ကြ၏။ ထိုအချိန်ကမှ စတင်၍ ဦးမင်းသခင်နှင့် ငွေယုန်ဖြူတို့ စတင်တွေ့ဆုံခဲ့ကြသည်။

'မင်း ဘယ်လိုကောင်မလေးလဲ၊ မင်းက အရမ်းဆိုးတဲ့ ကောင်မလေးပဲ၊ မင်းတကယ်ပဲ အသိဉာဏ် မရှိဘူး'

လူကြီးတွေ အလစ်မှာ ငွေယုန်အား ရူးရူးခါးခါး ဝင် တောက်မာထန်နေတဲ့ ဒေါသတွေအပြည့် မျက်ဝန်းတွေနှင့် ကြည် ရင်း ဦးမိုးသခင်က ပြောခဲ့၏။ ငွေယုန် အရမ်းကို ကြောက်လ တုန်လှုပ်ခဲ့ရတာပါ။ နှစ်ရက်လောက် သတိလစ်နေခဲ့၏။ စွန့်





သလိုဖြစ်ပြီး ခြောက်လလောက်အထိ စကားကောင်းကောင်း မပြောနိုင်တော့။ သူမအား နှစ်သိမ့်ချော့ မြူပေးနေသူတွေက ဦးမိုးသခင်ရဲ့ မိဘတစ်တွေပဲ ဖြစ်လေသည်။

'သမီးလေး ဘာမှမကြောက်နဲ့နော်၊ ဘဘတို့ ရှိပါတယ်။ ဘယ်တတ်နိုင်မလဲလေ။ သမီးလေးက အရမ်းငယ်သေးတယ်။ မိဘတွေကလည်း အရမ်းအလိုလိုက်ထားကြတာကိုး။ ကံကြမ္မာပဲပေါ့'။

အန်တီလေးကိုယ်တိုင်ကြောက်ရွံ့ အားငယ်နေ၍ ဦးမိုးသခင် မိဘတွေက အတူတူ လာရောက်နေထိုင်ပေးခဲ့ရသည်။ သူတို့ကြောင့်လည်း အန်တီလေးနဲ့ ငွေယုန်ဖြူဘဝ ရပ်တည်ရှင်သန်နိုင်ခဲ့ကြတာဟု အန်တီလေး မကြာခဏပင် ပြောပြနေခဲ့သည်။

'အန်တီလေး ပြောထားပြီးပြီနော်။ ညည်းလေးလိမ္မာစမ်းပါတော့။ အန်တီလေးလည်း ရိပ်သာနေတော့မယ်။ ညည်းလေးအတွက် စိတ်ချရတဲ့ မောင်မိုးသခင်ရဲ့လက်ထဲ အပ်ထားပြီးတော့လေ'

'ငွေယုန် သိပါတယ်။ ဒီလူကြီး လွတ်လွတ်လပ်လပ် နိပ်ကွပ်နိုင်ဖို့အတွက် အန်တီလေးက အကြောင်းပြပြီး ရိပ်သာမှာ နေမှာ မဟုတ်လားလို့... ဒီအသက်အရွယ်က ရိပ်သာမှာနေရမယ့် အရွယ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အန်တီလေးကလေ မမနဲ့ အစ်ကို ဆုံးပြီးထဲက သီလရှင်ဝတ်ချင်ခဲ့တာပါ၊ တူမလေး ကျန်ရစ်ခဲ့လို့ စောင့်ရှောက်ဖို့ နေခဲ့တာ။ မောင်မိုးသခင်ရဲ့ မိဘတွေဆီမှာ သမီးဒယ်ဒီက အသေအချာ အပ်ထားခဲ့တာပါ။ အရွယ်ရောက်လာရင် မောင်မိုးသခင်နဲ့ လက်ထပ်ပေးဖို့အထိပဲ'

ဒေါ်ခင်မြမြလည်း တူမလေး ငွေယုန်ဖြူကို ပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝလေး ပိုင်ဆိုင်စေချင်သည်။ ငယ်ငယ်လေးထဲက မိဘတွေ အလွန်အကျွံ အလိုလိုက်ထား၍ ဆိုးဝါးတဲ့ကလေးဆိုးမလေး ဖြစ်နေလေ၏။ လိုချင်တာ အတင်းပူဆာပြီး မရလျှင် ဘေးမှာရှိနေတဲ့ လူတွေကို ဒုက္ခပေးတတ်တဲ့ အကျင့်ရှိသည်။

'ညည်းလေးရဲ့ အန်တီလေး ကိုယ်တိုင်လည်း ဆက်ပြီး အလိုလိုက်ထားခဲ့မိတာပါ။ မိဘဆိုးလေးဖြစ်လို့ မဆူရက်၊ မပြောရက်ဘဲ ထားခဲ့တာ။ ဘာပဲဖြစ်ဖြစ်လေ လူကြီးမိဘတွေ ဆန္ဒအတိုင်းပဲ မောင်မိုးသခင်နဲ့ လက်ထပ်ပေးရမယ့် တာဝန်ရှိတယ်။ မောင်မိုးသခင်ရဲ့ မိဘတွေကလည်း အန်တီလေးဆီမှာ အသေအချာ မှာခဲ့ကြတာ'

မောင်မိုးသခင်ရဲ့ မိဘတွေ ဆုံးပါးသွားကြတာ မကြာသေးပေ။ ငွေယုန်ဖြူအသက်နှစ်ဆယ်အရွယ်တွင် သားဖြစ်သူနှင့် လက်ထပ်ပေးပါတဲ့။ သားကိုလည်း ကတိတွေ အထပ်ထပ်တောင်းပြီး မှာကြားသွားကြသည်။





'မောင်မိုးသခင်ရဲ့စကားကို လိုက်နာပါ ငွေယုန်လေး လိမ်လိမ်မာမာ နေပါနော်။ ပြဿနာတွေတက်ရင် အန်တီလေးလာပြီး မကယ်နိုင်ဘူး၊ သွားလေသူတွေရဲ့ ဆန္ဒပါကွယ်'

တူမလေး ငွေယုန်ဖြူအား ချော့တလှည့် ခြောက်တခါနှင့် ဒေါ်ခင်မြမြ ဆုံးမစကားတွေ ပြောနေရသည်။ မိဘတွေ အက်ဆီးဒင့်ဖြစ်စဉ် ခြောက်လလောက်အထိ စကားမပြောနိုင်ဘဲ စွန့်အသလို အကြောက်လွန်နေခဲ့၍ မိမိက အလိုလိုက် အကြိုက်ဆောင်တာ ငွေယုန်ဖြူလေး ပျော်ရွှင်အောင် နေစေခဲ့တာကပင် တူမလေး အကျင့်စရိုက်တွေက တဖြည်းဖြည်း ပြန်လည်ဆိုးသွမ်း လာစေခဲ့သည်။ အကျင့်ဟောင်းက မပျောက်ခဲ့၊ မကျေနပ်လျှင် မကျပ်နပ်သလို အရွဲ့တိုက် ဘုဘောက်ပြောကာ ဒုက္ခပေးနေတတ်သည်။

သူမလည်းအမြဲတမ်း စိတ်မအေးချမ်းနိုင်ပါ။ မောင်မိုးသခင်က စည်းကမ်းတွေနှင့် တင်းကြပ်လွန်းသဖြင့် အမြဲတမ်းပဲ ပြဿနာတွေ တက်နေကြရ၏။ မောင်မိုးသခင်ကိုပင် ကိုကိုဟု ခေါ်ဖို့ သင်ပေးတာမရ။ ဦးလေးဟု အရွဲ့တိုက် ခေါ်နေခဲ့သည်။

'ဦးလေးရဲ့မျက်လုံးတွေကို ငွေယုန် အရမ်းမုန်းတယ်၊ လူသတ်တရားခံကို ကြည့်တာမျိုးလေ'

'အဲ့ဒီလိုလည်း မဟုတ်ပါဘူး၊ ငွေယုန်လေးရယ်၊ မောင်မိုးသခင်က လိမ္မာယဉ်ကျေးတယ်။ စည်းကမ်းရှိတယ်၊ သမီးကို လိမ္မာစေချင်တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး မိဘတွေကို သတ်တဲ့သမီးဆိုပြီး မုန်းနေတာပါ။ လူဆိုးမလေးအဖြစ် အထင်အမြင်သေးနေခဲ့တာ ငွေယုန်သိတာပေါ့။ ငွေယုန်ကို ငယ်ငယ်ထဲက အဓာတသတ်မလေးတဲ့။ ငွေယုန်က မသိနားမလည်လို့ ဒယ်ဒီကို ရန်လုပ်မိတာပါ။ မိဘတွေကို ဘယ်သူကသေစေချင်မှာလဲလို့'

'ငွေယုန်လေးရယ်၊ အန်တီလေး အနူးအညွတ် တောင်းပန်ပါတယ်နော်။ အတိတ်က ကိစ္စတွေ မေ့ပစ်လိုက်ပါတော့ကွယ်၊ မောင်မိုးသခင်ကလည်း အဲဒီတုန်းက ငယ်ရွယ်သေးတာပဲလေ'

'မပြောတော့ပါဘူး၊ ငွေယုန်ဘာပဲ ပြောပြော၊ အန်တီလေးက သူ့ဘက်က ရပ်တည်မှာ သိသား၊ ငွေယုန့်ကိုလေအသက် ခြောက်ဆယ်အဖိုးကြီးနဲ့ လက်ထပ်ပေးရင်တောင် ငွေယုန်က ခုန်ပေါက်ပြီး ယူပစ်မိမှာ၊ ဟွန့် အခုတော့ ဦးလေးနဲ့မှ'

'ငွေယုန်ရယ် ပြောလေ ကဲလေပါပဲလား၊ ညည်းကတော့ ရိုင်းချင်တိုင်း ရိုင်းနေတာပါပဲလား။ အန်တီလေးကို အခက်တွေ့အောင် မလုပ်ပါနဲ့၊ ညည်းလေးကြောင့် မိဘတွေ သေဆုံးရတာကို မေ့မပစ်နဲ့၊ အပြစ်တွေကို ပြန်ပေးဆပ်စမ်းပါ'

'အန်တီလေး ဘာပြောလိုက်တာလဲ၊ မိဘ... ...ဘာမမေ့နဲ့ ဟုတ်လား၊ ဒယ်ဒီနဲ့ မာမီ့ကို ငွေယုန်သတ်တာ မဟုတ်ဘူးနော်၊ အဲ့ဒီစကားကြီးကို ငွေယုန် အမုန်းဆုံးပဲ၊ ...ပြီလေ၊ အန်တီလေး စိတ်အေးလက်အေးနဲ့ တရားရိပ်သာမှာပဲနေပါ။ စိတ်...ပါနဲ့၊ ဦးမိုးသခင်ကို ငွေယုန်လက်ထပ်မှာပါ'





'အေး ညည်း မလွဲမသွေလုပ်ရမယ့် ကိစ္စတစ်ခုပဲ။ အန်တီလေးကတော့ လုံးဝအလိုမလိုက်တော့ဘူး။ ညည်းရှေ့ဆက်ရမယ့် ဘဝပဲလေ။ ငါသံယောဇဉ်တွေ ဖြတ်မယ်။ မနက်ဖြန် ရန်ကုန်သွားဖို့ ပြင်ပါ။ ညည်းဟာညည်း မျက်ရည်တွေ ပင်လယ်ဖြစ်သွားတဲ့အထိ ငိုနိုင်တယ်။ ဒီအသက်အရွယ်အထိ ဆင်ခြင်တုံတရား မရှိသေးတဲ့ ငွေယုန်ဖြူပဲ၊ ဒေါ်လေး သွားပြီ'

ဒေါ်ခင်မြမြ စိတ်တွေကို ပိုင်းဖြတ်ပြီး ငွေယုန်ဖြူရှေ့ကနေ ချာခနဲ လှည့်ထွက်လာခဲ့သည်။ တူမကို သနားလို့ဆိုပြီး ဆက်အလိုမလိုက်နိုင်တော့ဘူး။ ရှေ့ဆက်မယ့်ခရီးမှာ ညည်းလေးရဲ့ လက်တွဲဖော်က မောင်မိုးသခင်ပဲ။ ငွေယုန်ဖြူအား စည်းကမ်းတွေ လူ့ကျင့်ဝတ်တွေ သင်ကြားပေးဖို့ လိုအပ်နေသော်လည်း မောင်မိုးသခင်က လက်ထပ်ပါ့မယ်ဟု အလွယ်တကူ လက်ခံ သဘောတူခဲ့တာပဲ ကျေးဇူးတင်ရလို ဖြစ်နေသည်။

'ကောင်းပါပြီ အန်တီလေးရယ်၊ မနက်ဖြန် ငွေယုန်သွားပါ့မယ်။ ဦးမိုးသခင်နဲ့ လက်ထပ်မှာပါ။ ဒယ်ဒီနဲ့ မာမီ့ဆန္ဒတွေကို ငွေယုန်ဖြည့်စွမ်းပေးမှာပါ။ ဦးမိုးသခင်နဲ့ လက်ထပ်လိုက်ရင် အန်တီလေး တာဝန်ကြေပြီ မဟုတ်လား၊ သူ့လက်ထဲကို အရောက်အပ်ပစ်လိုက်ပါ'

တွေ့လား... ပြောလိုက်တဲ့စကားတွေက... ဒေါ်ခင်မြမြ ဆုံးဖြတ်ချက်တွေ ခိုင်ခိုင်မာမာချပြီး ဘာမှမပြောတော့ဘဲ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'အန်တီလေးတို့က ငွေယုန်ဖြူကို အလိုလိုက်လွန်းတယ်။ ကျွန်တော်နဲ့ လက်ထပ်မယ်ဆိုရင်တောင် အန်တီလေး လိုက်မလာပါနဲ့။ ကျွန်တော်လက်ထဲပဲ အရောက်အပ်လိုက်ပါ။ ငွေယုန်ဖြူကို ပုံစံခွက်လှလှလေးထဲမှာ ပုံသွင်းပေးမှာပါ။ စိတ်ချပါဗျာ'

ဒေါ်ခင်မြမြလည်း သဘောတူခဲ့ရသည်။ မောင်မိုးသခင် တစ်ယောက်ပဲ ငွေယုန်ဖြူလေးရဲ့ဘဝကို ချုပ်ကိုင်ပြီး လမ်းဖြောင့်တည့်မတ်ပေးနိုင်မည်ဖြစ်သည်။ အစ်ကိုနှင့် မမတို့ အန္တရာယ်ဆိုးကြီးနှင့် ရင်ဆိုင်ကြုံတွေ့ကာ ကွယ်လွန်သွားခဲ့ရသည့်အဖြစ်က ဒေါ်ခင်မြမြ ဘယ်တော့မှ မေ့ပျောက်၍ မရနိုင်ခဲ့။ ဆိုးရွားစွာ ကြောက်လန့်နေခဲ့၏။ ထို့ကြောင့်ပင် တူမလေးငွေယုန်ဖြူ အသက်နှစ်ဆယ်ရောက်သည်အထိ သည်းခံပြီး လူ့ဘောင်မှာ နေထိုင်လာခဲ့ရတာပါ။ ငွေယုန်ဖြူလေးအား စောင့်ရှောက်ပေးမယ့် သူက အရည်အချင်းတွေ အစွမ်းအစတွေနဲ့ ပြည့်စုံနေတဲ့ ယောကျ်ားတစ်ယောက်ပါ။ နောက်ဆံ တင်းမနေတော့ဘဲ ဥပက္ခာပြုထားလိုက်ဖို့ အခိုင်အမာ ဆုံးဖြတ်လိုက်သည်။

✿



(၂)

ငွေယုန်ဖြူဖြူတစ်ယောက်ထဲ တစ်ညလုံးအိပ်လို့ မပျော်နိုင်ဘဲ ငုတ်တုတ်လေး ထိုင်နေမိသည်။ မျက်တောင်ဖျားတွေပေါ်က အိပ်စက်ခြင်းတွေတောင် ပျောက်ဆုံးသွားရတဲ့အထိ သူမစိတ်တွေ ညစ်နွမ်းပူလောင်နေရ၏။ ဦးမိုးသခင်ကို မကြိုက်ပါဘူး။ ငွေယုန်နှင့် ဘယ်တုန်းကများ အဆင်ပြေ သင့်မြတ်ခဲ့ဘူးလို့လဲ၊ ပြီးတော့လည်း ဦးမိုးသခင်ကဲ့ရဲ့ သူမအပေါ် အထင်သေးတဲ့ အကြည့်တွေကို ကြောက်လန့်တုန်လှုပ်မိဘလို အဓာတသဘောမလို့လည်း အပြောမခံချင်... ငယ်စဉ်ကတောင် အမိဗွာယ်သေသေချာချာ မသိဘဲ စိတ်ဆိုးနာကျင်နေခဲ့ရသည်။

'သမီးလေး ငွေယုန်ရဲ့ မိဘတွေက သားကို ယုံကြည်ကြတယ်။ သူတို့ သမီးလေးကို သားလက်ထဲ အပ်ချင်ကြတယ်၊ သားက သမီးလေးအပေါ် သံယောဇဉ်ရှိတာ အန်တီလေး သိပါတယ်။ သားက စည်းစနစ်နဲ့ နေထိုင်တတ်လို့သာပါ'



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသခင်ရဲ့ မိဘတွေကတော့ ငွေယုန်အပေါ် သမီးလေးအရင်းကဲ့သို့ ချစ်ကြသည်။ စောင့်ရှောက်ပေးခဲ့ကြ၏။ ဦးမိုးသခင် တက္ကသိုလ်ဝင်တန်းအောင်မှ ရန်ကုန်သို့ ပြောင်းရွှေ့သွားကြ၍ ငွေယုန်တို့နှင့် အဆက်အသွယ် ပြတ်သွားသည်။ အန်တီလေးနဲ့တော့ အဆက်အသွယ် ရှိခဲ့၏။ ငွေယုန် တမင်ကင်းကင်း နေခဲ့တာပါ။

'ငွေယုန်က မိဘတွေကို သေဖျစချင်ပါ့မလား ဦးလေးရဲ့ မသိလို့ပေါ့၊ ဒီလိုမျိုး ငွေယုန်ကို မိဘတွေ ထားခဲ့မယ်ဆိုတာ မသိခဲ့လို့ပေါ့'

သူမ ဘဝတစ်လျှောက်လုံးမှာ ဦးမိုးသခင်ကို မုန်းတီးနာကျည်းနေခဲ့သည်။

'ကိုကိုလို့ခေါ်နော် ငွေယုန်လေး'

'ဟင့်အင်း မခေါ်ချင်ပါဘူး၊ ဦးလေးအရွယ်ပဲ ဦးလေးလို့ပဲခေါ်မယ်၊ ဘာကိုကိုလဲ၊ မုန်းလိုက်တာ'

'ငွေယုန်၊ ဒီကလေးမ လူမှုရေး နားမလည်လိုက်တာနော် ပြောလေကဲလေပဲ'

'ကျွန်တော့်ကို သူဘယ်လိုပဲခေါ်ခေါ် ရပါတယ်။ တော်တော် ခေါင်းမာတဲ့ ကောင်မလေး'

ဦးမိုးသခင်နှင့် ငွေယုန်ဖြူတို့ မတွေ့ဖြစ်တာကြာပြီ။ အန်ကြီးကွင်းကျယ်နှင့် ဆရာကြီး လုပ်တတ်သဖြင့်လည်း ငွေယုန်အမြင်ကတ်လာရသည်။ အခုတော့ ဦးမိုးသခင်နှင့် ငွေယုန် လက်





ထပ်ရတော့မည်။ သူက လက်ခံပါတယ်တဲ့... ဘာ့ကြောင့်လဲ။ ငွေယုန်အား နှိပ်ကွပ်ဖို့ကလွဲပြီး တခြားမရှိနိုင်ပါဘူး။ တွေးမိတိုင်း ဒိုပစ်ချင်သည်။

ဒိုချင်တာမှ အသံကုန် အော်ဟစ်ဒိုချင်တာပါ။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွား၏။ သူမအနားမှာရှိနေတဲ့ ဖုန်းသံ အကျယ်ကြီး မြည်လာမှ လန့်နိုးသွားပြီး၊ ဖုန်းကို ကမန်းကတမ်း ဖွင့်နားထောင်လိုက်ပြီး အိပ်ချင်မူးတူး အသံကြီးဖြင့် ဟယ်လို လုပ်လိုက်သည်။

'ဟယ်လိုပြောပါ'

'ဟော့ ငွေယုန်ဖြူ မင်းခုထိ အိပ်နေတုန်းပဲလေး၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဒါ အိပ်ချိန်လား'

'ရှင်... ဟင် အမလေး အော်လိုက်တာ၊ မိုးကြိုးပစ်သလားပဲ၊ သေချင်တယ်'

'ဘာ... ဘာပြောတယ်'

'ဟင်'

ငွေယုန် လူးလဲထလိုက်မိသည်။ ဦးမိုးသခင်ပဲ... ဘုရားရေ... အော်လိုက်တဲ့ အသံက သူမနားထဲမှာ ပေါက်ကွဲလွင့်စင်မတတ်။ သူမ ဘာတွေပြန်ပြောမိ လိုက်မှန်းပင် မသိ။ အူတူတူနှင့် sorry ဘယ်သူလဲဟု ပြန်မေးလိုက်သည်။

'ကိုယ်ပဲ ငွေယုန်ဖြူ'

'ကိုယ်... ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'တောက်... မိုးသခင်ကွ မိုးသခင်'

သိသားပဲ...။ အမြင်ကတ်လို့ မသိချင်ယောင်ဆောင်ပြီး ရှုးကြောင်မူးကြောင် လုပ်ပစ်တာ၊ ဘာကိစ္စ ဆက်ရတာလဲ၊ သူမ အလုပ် သူမသိပါတယ်။ ရန်ကုန်တောင် မရောက်သေးဘူး ဟိုက နေ့ လှမ်းပြီး ဘာတွေ ညွှန်ကြားချက် ထုတ်ပြန်ဦးမလဲ မသိဘူး။

'ငွေယုန်ဖြူ... အန်တီလေးက ဖုန်းဆက်တယ်။ မင်းအိပ်ယာက မထသေးဘူး။ လှမ်းနှိုးလိုက်တဲ့... အန်တီလေးက ရိပ်သာကို ထွက်သွားပြီ။ မင်း ညနေကားဂိတ် သွားရမယ် မဟုတ်လား၊ ပြင်လေ၊ ဘယ်အချိန်ရှိနေပြီလဲကွ'

'ကိုယ့်အလုပ် ကိုယ်သိပါတယ် ဦးလေး'

'ဘာသိတာလဲ... မင်း အိပ်ခန်းမှာ နာရီမရှိဘူး ထင်တယ်၊ မင်း ကားဂိတ်ဆင်းရမှာက ညနေ ငါးနာရီနော်၊ အခု သုံးနာရီခွဲနေပြီ'

'ဘာ... ဟင်... ဟုတ်လို့လား၊ ကျွန်မ အဲ့လောက် အထိ မအိပ်ပါဘူး၊ အပိုတွေ လာပြောမနေနဲ့'

'မင်း ဖုန်းမှာ နာရီပါတယ် မဟုတ်လား၊ ဖွင့်ကြည့်လိုက်'

'ကျွန်မ ဖုန်းကနာရီလုံးဝ မမှန်ဘူး၊ တိုက်လည်း မတိုက်ဘူး၊ ကျွန်မ ဖုန်းကနာရီကို တစ်ခါမှ ကြည့်ပြီး အလုပ်မလုပ်ဘူး'

'ဟာ ဒီကောင်မလေးတော့ မင်းအခြေအနေ အရမ်းဆိုးနေ





ပြီပဲ ငွေယုန်ဖြူ... ထင်တယ်... မင်းဆီက အကျင့်ဆိုးတွေ ပျောက် ဖို့ မလွယ်ဘူးဆိုတာ'

'ဘာရှင့်'

'ထတော့၊ ဒါပဲ'

'အဟွန်း၊ ဆရာကြီး စတိုင်လ်နဲ့'

'ဘာ'

'အဲ့... ဟို... ဟို'

ဦးမိုးသခင် ဖုန်းပိတ်လိုက်ပြီးထင်၍ မကျေမနပ် အပြစ်တင် စကားပြောလိုက်မိတာ။ ဘာဆိုတဲ့ အော်သံကြီးကြောင့် သူမ အထိတ်တလန့်နှင့် ဖုန်းကို ပိတ်ပြစ်လိုက်ရသည်။

'ဟူး မလွယ်ပါလား၊ အန်တီလေးကလည်း ရက်စက် လိုက်တာ သွားပြီတဲ့ ချစ်တူမလေးကို နှုတ်တောင် မဆက်သွားဘူး၊ သံယောဇဉ် ပြတ်တယ်ပေါ့လေ၊ ရတယ်... ရတယ်၊ ငွေယုန်ဖြူတို့က တစ်ယောက်ထဲလည်း ရတယ်၊ နယ်မရွေးဘူး ဆင်း'

သူမ နံရံမှာ ကပ်ထားတဲ့နာရီကို မော့ကြည့်မိတော့ ဘကယ်ပဲ လေးနာရီထိုးခါနီး ဖြစ်နေသည်။ ဘုရားရေ ဦးလေး ပြောတာ ဟုတ်နေသားပဲ၊ သေပြီ... ကားဂိတ်ဆင်းရမည့် အချိန် တောင် ကပ်နေပြီပဲ။ သူမ အိပ်ယာပေါ်ကနေ လူးလဲထ၍ ရေချိုး ခန်းထဲ ပြေးဝင်လိုက်၏။ သွားကိုပင် သေသေချာချာ မတိုက်နိုင်။ ကား ဂိတ်သို့ မဆင်း၍ မဖြစ်ပေ။ ငွေယုန်တို့ပိုင်တဲ့ ခြံနှင့်တိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



ငှားလိုက်ပြီး မနက်ဖြန် အိမ်ငှားတွေ တက်လာတော့မည်ဖြစ်၏။ အန်တီလေးကတော့ အပြတ်လုပ်တာပဲ၊ ရက်စက်လိုက်တာနော်၊ လက် ထပ်ပွဲကိုတောင် ဦးမိုးသခင်ရဲ့ အစီအစဉ်တွေအတိုင်း ငွေယုန် လိုက်နာရမှာပါ၊ အောက်ပါတယ်...။ မိန်းကလေးတစ် ယောက်ဘဝမှာ အကြီးအကျယ် မင်္ဂလာယူရမည့် လက်ထပ်ပွဲက မခမ်းမနား လူမသိ၊ သူမသိ ပြီးမြောက်သွားမှာပဲ ဖြစ်သည်။

'နဂိုကမှ အထင်သေးနေတဲ့ လူကြီး အခုတော့ နှိပ်ချပြော စရာ အကွက်ရသွားပြန်ပြီ။ အန်တီလေးကြောင့်ပါ။ တကယ်ဆို ကိုယ့်တူမအကြောင်း သိသိကြီးနဲ့ အပြောအဆိုခံရအောင် ဒီလူကြီး မှ နှိုးခိုင်းရလား၊ ဒီလောက်အထိ ချစ်တူမကို သံယောဇဉ်ပြတ် တယ်ပေါ့လေ။ ပြတ်... ပြတ်... နောက်ဘဝအဆက်ဆက်ပါ ဖြတ်လိုက်'

ငွေယုန်ဖြူတစ်ယောက်ထဲ ဒေါသတွေ ပေါက်ကွဲပြီး ရေ ပန်းအောက် ပြေးဝင်ကာ ရေပန်းကို ဂိတ်ကုန်အောင် ဖွင့်သည် 'အား... အမလေး... ပူလိုက်တာ သေပါပြီ ဒုက္ခပါပဲ၊ ရေပူကို ဖွင့်မိလိုက်တာပဲ အား''

ရေပူထွက်သော ရေပန်းအား ဖွင့်လိုက်မိ၍ သူမခန္ဓာကိုယ် ပေါ် ရေနွေးနှင့် လောင်းချလိုက်သလို ပူလောင်သွားသဖြင့် အမြန်ပြန်ထွက်လာခဲ့ရသည်။

'ကြာပါတယ်ဆိုမှ တော်ပြီ၊ ရေမချိုးတော့ဘူး၊ ဒီအတိုင်း ပဲ သွားမယ်။ ပူလိုက်တာ အမလေး သေပစ်ချင်တယ်'





ဖြူနုအိစက်သည့် သင်းသင်းမှည့်မှည့် ခန္ဓာကိုယ်လေးပေါ် မှာ အပူလောင်ဒဏ်ရာတွေများ ဖြစ်သွားပြီလားလို့... တော်ပါ သေးရဲ့ ရေပူက ဖွင့်ကာစမို့... ပူစပ်စပ်ကြီး ဖြစ်နေတဲ့ ခန္ဓာ ကိုယ်လေးအား မွေးပွသဘက်နှင့် ရစ်ပတ်ပြီး ပြန်ထွက်လာခဲ့ သည်။

'ဟူး သေလိုက်တော့ ငွေယုန်၊ ဒီအချိုးနဲ့များ ဦးမိုးသခင် နဲ့ နေရဦးမယ်...။ လုံးဝပဲ၊ ဦးလေးကို လက်မထပ်ချင်ပါဘူး၊ အချစ်မပါတဲ့ အိမ်ထောင်ရေးက ဘယ်လိုလုပ်ကောင်းမှာလဲ ဟီး ... အီး'

မျည်ရည်တွေက ဘယ်ကနေဘယ်လို ရောက်လာမှန်း မသိပဲ။ သူမမျက်ဝန်းလေးအစုံတွင် ပြည့်နှက်လာကာ ပါးပြင် ပေါ် တပေါက်ပေါက် လိမ့်ဆင်းကျလာသဖြင့်ရင်ထဲမှာ ပေါ့သွား အောင် အော်ဟစ်ငိုမိပြန်သည်။

'အီး... ဟီး... ဟီး'

လူတွေ အားလုံးရက်စက်တယ်။ ငွေယုန့်ကို နှိပ်ကွပ်မယ့် လူကြီးလက်ထဲမှ အရောက်အပ်ကြတယ်။ အီး... ငွေယုန် ကြမ်း ပြင်ပေါ် ထိုင်ချငိုမိပြီးမှ ကားဂိတ်ဆင်းရန် သတိရလာပြီး ပြန်ထ လိုက်ကာ အဝတ်အစား လဲရသည်။

'မောင်မိုးသခင်က လွဲပြီး ညည်းအတွက် စိတ်ချရမယ့် ယောကျ်ားမရှိဘူးနော် ငွေယုန်... လိမ်လိမ်မာမာနေပါ။ မောင်မိုး



www.burmeseclassic.com

www.burmeseclassic.com



သခင်စကားကိုလည်း တစ်သွေမတိမ်း လိုက်နာပါ။ အန်တီလေး ဒါပဲ သတိပေးပါရစေ'

ဦးမိုးသခင်နဲ့စကားတွေကို တသွေမတိမ်း လိုက်နာ လိမ်လိမ်မာမာနေထိုင်တာလား၊ သူက မတရားနှိပ်စက် ညှင်းပန်း နေရင်ရော ဦးမိုးသခင်ရဲ့ မျက်ဝန်းတွေထဲမှာ ငွေယုန်ဖြူအပေါ် သံယောဇဉ်တွယ်တာခြင်း အရိပ်တွေ တစ်စက်လေးမျှပင် မရှိ ဦးမိုးသခင်ရဲ့ အကြည့်တွေအောက်မှာ ငွေယုန်ဖြူ ဘယ်လောက် အထိများ သိမ်ငယ်ထိတ်လန့် ကြောက်ရွံ့နေခဲ့ရလဲ။ ဘယ်သူ မသိကြ။ သူမ အသက်နှစ်ဆယ်အရွယ်တွင် ဦးမိုးသခင် လက်ထပ်ရမယ်ဟု ဦးမိုးသခင်ရဲ့ မိဘတွေ နှင့် အန်တီလေး ပြောဆိုညှိနှိုင်းနေတဲ့ စကားတွေကြားပြီးထဲ မိန်းကလေးတ ယောက် မလုပ်သင့်တဲ့... အကျင့်စရိုက်တွေကို ယေ်စဉ်ကထ ပိုမိုလုပ်ဆောင်လာခဲ့သည်။

အဲဒါ ဘာကြောင့်လဲဆိုတော့၊ ဦးမိုးသခင် အထင်မကြ အောင်... သူမကို ရွံရှာကြောက်လန့်ပြီး ငြင်းပယ်ဖြစ်အောင်

အခုတော့ ဦးမိုးသခင်က လူကြီးစီမံရာကို နာခံတတ် သားလိမ္မာလေးဘဝကို ခံယူပြီး ငွေယုန်ဖြူနဲ့ လက်ထပ်ဖို့ သဘော တူပါတယ်တဲ့။ အဓိပ္ပာယ် မရှိလိုက်တာပါ။ ကိုယ်မချစ် သက်တဲ့ မိန်းမတစ်ယောက်အား ဦးမိုးသခင် အလွယ်တကူ လ ထပ်ဖို့ သဘောတူခဲ့တာ။ သေချာတာက ငွေယုန်ဖြူအား ပေးဖို့ ခြေလှမ်းစတင်လှမ်းလိုက်ခြင်းပင် ဖြစ်နိုင်လေသည်





'သွားမယ် ဘာဖြစ်လဲ... ဦးမိုးသခင်ဆိုတဲ့ လူကြီး... ရှင်... မကြာခင်မှာ ကျွန်မအပေါ် အကြီးအကျယ် စိတ်ကုန်သွား စေရမယ်။ စောင့်ကြည့်နေပါ'

စိတ်ထဲကနေ အကြီးအကျယ် ကြိမ်းဝါးပြီး အိတ်တစ်လုံး ဆွဲ၍ ကားဂိတ်သို့ အပြေးအလွှား ထွက်လာခဲ့သည်။ အချိန်က နှစ်တောင် လွန်တော့မယ်။ ကားထွက်သွားရင် ပြဿနာ။

'မြန်မြန်လေး မောင်းပေးပါနော် အစ်ကိုကြီး၊ ကျွန်မစီးရ ယ့်ကား ထွက်သွားမှာ ကြောက်လို့ပါနော်၊ အချိန်က ကပ်နေပြီ'

'အစ်ကိုကြီးလည်း အမြန်ဆုံး မောင်းနေတာပဲလေ လေးမ၊ ဒီထက်မြန်ရင် တိုက်မိလိမ့်မယ်'

ဟွန်း... ငွေယုန်ဖြူက ကိုယ်နဲ့လက်ထပ်မယ့် ခင်ပွန်း လောင်းကိုတောင် အကိုကြီးခေါ်တာ မဟုတ်ဘူး၊ အဲ့ဒီ ကားသမား ာ ဦးမိုးသခင် အရွယ်လောက်ပဲရှိမည်။ သူမခိုင်းတဲ့အတိုင်း ားကို အမြန်မောင်းပေးစေရန် အစ်ကိုကြီးဟု ခေါ်ပစ်လိုက် ာ။

'ကျွိ'

'ဟင်... ဘာဖြစ်တာလဲ'

'ကားက ဘာဖြစ်သွားတာလဲ မသိဘူး စက်ရပ်သွားတယ်၊ ူပါပဲကွာ၊ ဘယ်လိုလုပ်ရမလဲ'

'ကျွန်မ နောက်ကျလို့ မရဘူး၊ ဦးလေးကြီးကားကလည်း ယ်လိုဖြစ်ရတာလဲ သေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းစောစောကတော့ အစ်ကိုကြီး၊ အစ်ကိုကြီးနဲ့ ညာ ခိုင်းနေပြီး၊ အခု ဦးလေးကြီးဖြစ်ရောလား'

'ရှူး... ရှူး'

'ရှူး...'

'ကားစက်နိုးလို့ မရတော့ဘူး၊ မင်းအရမ်းမောင်းခိုင်းနေလို့ ဆီပန့်ထဲ အမှိုက်ဝင်သွားတာပဲ ဖြစ်မယ်'

'ဖြစ်ရတယ်... ဦးလေးကြီး ကားစက်နိုးတဲ့အထိ ကျွန်မ စောင့်လို့ မဖြစ်တော့ဘူး၊ နောက်ကားငှားရမှာပဲ'

သူမ ပြောပြောဆိုဆိုနှင့် အိတ်ကိုဆွဲပြီး ကားပေါ်မှ ဆင်း၍ နောက်ထပ် အငှားကားတစ်စီးကို လှမ်းတားသည်။

'ဟေ့... ဟေ့... မင်းကားခပေးခဲ့ဦးလေး ကလေးမ'

'ခရီးမှ မဆုံးတာ၊ ကျွန်မတောင် ဒုက္ခရောက်သွားရပြီ Taxi Taxi'

'ဟေ့ ခရီးက သိပ်မဝေးတာ၊ ရောက်ခါနီးနေပြီလေ ကောင်မလေး'

ငွေယုန်လည်း ထုတ်ပေးမလို့ဘဲ နောက်ထပ် Taxi က ထိုးရပ်လာသဖြင့် ကားပေါ်ပြေးတက်လိုက်ရသည်။ နောက်က နေပြီ... ပိုက်ဆံထုတ်ပေးဖို့ အချိန်လည်း မရတော့ဘူး။ ကာ ထွက်သွားရင် ဒုက္ခအကြီးအကျယ်ရောက်မှာ

'မြန်မြန်လေး မောင်းပေးပါနော် အစ်ကိုကြီး၊ စီးရမ ကားက ထွက်သွားမှာ စိုးလို့ပါနော်'





'မင်းအဖေအရွယ်လောက်ကြီးကိုများ အစ်ကိုကြီးတဲ့... ငါ့အသက်က ခြောက်ဆယ်'

'ရှင်'

ဟုတ်သားပဲ...။ ငွေယုန်လည်း ကားကို အမြန်မောင်းစေ ချင်၍ လူကို မကြည့်ဘဲ စွတ်ရွတ်ခေါ်ပစ်လိုက်တာပါ။ အငှား ကားလေးက ကားဝင်းထဲ ဝင်လိုက်သည်နှင့် သူမစီးရမည့်ကားက ထွက်စပြုနေပြီမို့ ပိုက်ဆံ ရှင်းပေးရပြီး ကားပေါ်ကနေ အမြန်ဆင်း ရသည်။

'ဟိုး... ဟိုး နေပါဦး ဒီမှာ ခရီးသည် ကျန်သေးတယ်၊ ဟိုး... ဟိုး... ရပ်ပေးပါဦး'

ငွေယုန်ဖြူရဲ့ အော်ဟစ်သံကြောင့် တခြားကားတွေကပါ ဟွန်းတီးအချက်ပေး တားဆီးပေးကြသဖြင့် ခရီးသည်တင်ကား ကြီး ရပ်သွားသဖြင့် အပြေးအလွှား တက်လိုက်ရသည်။

ကားပေါ်ရောက်ရောက်ချင်းထိုင်ခုံမှာပင် မထိုင်ရသေးခင် ဦးမိုးသခင်ဆီက ဖုန်းကဝင်လာသည်။

'ဟယ်လို...'

'ငွေယုန်ဖြူ... မင်းကားပေါ် ရောက်သွားပြီလား၊ စော ာကလေးတင် ကားဂိတ်ကို ဖုန်းဆက်ကြည့်တော့ ခရီးသည် တစ်ဦး လုံးဝရောက်မလာဘူးတဲ့ ငွေယုန်ဖြူတဲ့...'

'ရောက်ပါပြီ ဦးလေး၊ ဒီမှာ ကားစက်သံတွေ၊ ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ စကားသံတွေ မကြားဘူးလား၊ ကျွန်မထွက်လာနေပါပြီ
သိပ်မကြားရလို့၊ ဒါပဲ'

ငွေယုန်ဖြူ ကားပေါ်ရောက်ပြီဆိုမှ မိုးသခင် စိတ်အေး
သွားရသည်။ တကယ့်ကို ပေါ့ပျက်ပျက် ဘယ်အရာကိုမှ အလေး
အနက်မရှိ နမော်နမဲ့ ကောင်မလေး သူ့ကို ခေါ်တကိုက ဦးလေး
တဲ့...။ တမင်အရွဲ့တိုက်ပြီး ခေါ်နေတာ မိုးသခင်သိသည်
လူကြီးတွေက တိုကိုဟုခေါ်ဖို့ သင်ပေးသော်လည်း သူမတုန့်ပြ
ပြောတာက ဦးလေးအရွယ်မို့တဲ့ ဘယ်လောက်အထိ လက်ပေါက်
ကတ်လဲ။ အရမ်းဂျီကြပြီး လူကြီးတွေအပေါ် အနိုင်ကျင့် ဗိုလ်က
လွန်း၍ မိုးသခင်က ကြည့်မရ။ မိဘတွေ သေဆုံးရတဲ့အင
ပြဿနာရှာတတ်တဲ့ ငွေယုန်ဖြူအား မိုးသခင် မုန်းတီးနေမိသည်

'အဇာတသတ်မလေး... နင်ဘော်တော် ဆိုးသွမ်းလွန်း
တယ်၊ မိဘတွေကို သတ်တယ်၊ အသုံးမကျလိုက်တာ'

ငွေယုန်ဖြူအား ငယ်ငယ်လေးထဲကပင် မိုးသခင် အမြ
ကတ်သလို မုန်းလည်း မုန်းနေခဲ့သည်။ ရန်လိုတဲ့ မျက်ဝန်း
မာထန်ထန်တွေနှင့် မျက်စောင်းထိုးကြည့်တတ်သော ငွေယုန်ဖြ
အကျောက ခဏလောက်ပဲ ကြောက်ကြောက်ရုံ့ရွံ့နှင့် စကာ
တောင် မပြောတတ်သလိုလို ဆွံ့အသွားပေမယ့် တဖြေးဖြေး
အကျင့်စရိုက်တွေက အမြင်ကတ်စရာ **မာရေကျောရေ**
ပြန်လည် ဆိုးသွမ်းလာခဲ့ပြန်သည်။

'ကလေးက ဘာသိမှာလဲ သားရယ်၊ ငွေယုန်လေး





သူ့ဒယ်ဒီနဲ့ မာမီကလည်း အရမ်းအလိုလိုက်ထားခဲ့တာလေ၊ သူ
ပဲ ဖျက်တာ'

မိုးသခင်ရဲ့ မိဘတွေကတော့ ငွေယုန်ဖြူကို ချစ်ကြသဖြင့်
လွှတ်သည်။ မေမေတို့မှာ ငွေယုန်လေးကို စောင့်ရှောက်
ရမယ့် ဝတ္တရားတွေရှိတယ်။

ငွေယုန်လေးအသက် နှစ်ဆယ်ပြည့်ရင် သားမလွှဲမသွေ
ထပ်ရပါလိမ့်မယ်။

မေမေ ကွယ်လွန်ချိန်အထိ ကတိတွေ အထပ်ထပ်
ခံ၏။ မိုးသခင်က မိဘတွေ စကားကို မြေဝယ်မကျ
ခဲ့သူ ဖြစ်၍လည်း မေမေဆန္ဒအတိုင်း ဖြစ်စေခဲ့သည်။

'ငွေယုန်ဖြူ... မင်း ခုထိအချိုး မပြောင်းသေးဘူးဆိုတာ
သိနေတယ်။ မင်းအပြုအမူတွေ မင်းလေသံတွေ နည်းနည်း
မှ အချိုးပြေမယ့်ပုံ မပေါ်ဘူး၊ ကိုယ့်စည်းကမ်းတွေနဲ့တော့
အံဝင်မှာ မဟုတ်ဘူး'

မိဘဆိုးလေးမို့ အန်တီလေး ခင်မြမြကိုယ်တိုင်ကလည်း
၍ အလိုလိုက်ထားခဲ့သည်ဟု သိရသည်။

'ငွေယုန်လေး ကြောက်လန့်ပြီး ဆွံ့အသွားတော့ အန်တီ
အရမ်းစိတ်ထိခိုက်ကြေကွဲခဲ့ရတယ်။ တူမလေးကို မဆူ
တော့ဘူး။ ပျော်သလိုနေပါစေလို့ပဲ အလိုလိုက်ခဲ့တယ်။
မိုးသခင်လက်ထဲကိုပဲ အပ်ပါတယ်ကွယ်၊ စောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ၊ အန့်တီလေး ဘယ်လိုအကြောင်းနဲ့မှ ဝင်ပြီး မစွက်ဖ
ဘူး...'

အန့်တီလေးကိုယ်တိုင် ငွေယုန်နှင့်ဝေးရာသို့ ရှောင်ထွ
သွားခဲ့သည်။

'ငွေယုန်ဖြူ... ငွေယုန်ဖြူ... ကိုယ့်ဘဝတစ်လျှော
လုံးအတွက် အတူတူ ခရီးဆက်ရမယ့် လက်တွဲဖော်က မ
လို မိန်းကလေးမျိုး ဖြစ်လိမ့်မယ်လို့ ကိုယ်လုံးဝမထင်ထားမိဘ
ကိုယ်စိတ်ကူးထဲက လက်တွဲဖော်က အရမ်းနူးညံ့သိမ်မွေ့
အရည်အချင်းရှိမယ့် မိန်းမတစ်ယောက်'

ငွေယုန်ဖြူနှင့် မိုးသခင်တို့ မတွေ့ကြတာ ဆယ်
လောက်တောင် ရှိနေပါပြီ။ မိုးသခင် အမေရိကားမှာ ပညာသ
သင်နေခဲ့သော နှစ်ပေါင်းများစွာ ငွေယုန်ဖြူနှင့် ပတ်သက်
စိတ်လည်း မဝင်စားသဖြင့် အဆက်အသွယ် ပြက်နေခဲ့သည

'ငွေယုန်ဖြူလေးနဲ့သား လက်ထပ်ရမယ်၊ မေမေတို့
ကြီးတွေရဲ့ ဆန္ဒတစ်ခုပဲ။ သားလက်ထဲပဲ အပ်ဘားချင်တ
ငွေယုန်လေးကို ဂရုစိုက်ပြီး စောင့်ရှောက်ပေးပါ'

မေမေကွယ်လွန်ခါနီးအထိ ကတိတွေ အထပ်ထပ် ပေ
ခံ၍လည်း မိုးသခင် သဘောတူ လက်ခံလိုက်ရသည်။ ကော်
ရုပ်လေး တစ်ရုပ်ကဲ့သို့ မျက်တောင်ကော့ကော့ နှာတံစင်းစင်း
နှုတ်ခမ်းဖူးဖူးအိအိ ထူထူအမ်းအမ်းလေးနှင့် ချစ်စရာကော
ကောင်မလေးတစ်ယောက် ဖြစ်နေပေ၍ မိုးသခင် လုံးဝမနှ





မိပေမယ့် တစ်ယောက်ထဲ ထွက်လာရသဖြင့် စိတ်တော့ ပူပင်မိ
နေသည်။

'ငွေယုန်ဖြူတဲ့ နာမည်နှင့်လူကတော့ လုံးဝ ဆန့်ကျင်ဘက်
ပဲကွာ စိတ်ပျက်တယ်'

ငွေယုန်ဖြူရေ မင်းကို ဘယ်သူတွေကပဲ အလိုလိုက်ထား
ခဲ့ပါစေ၊ ကိုယ်ကတော့ စည်းကမ်းတကျ နေထိုင်တတ်အောင်
လေ့ကျင့်သင်ကြားပေးရမှာပဲ။ ငွေယုန်ဖြူရဲ့ မိဘတွေထားခဲ့တဲ့
အမွေတွေကအစ မင်းသခင်လက်ထဲမှာ ရှိနေခဲ့သည်။ ငွေယုန်ဖြူ
ပင်မသိ လက်ထပ်ပွဲကိုလည်း တရားရုံးတက်ပြီး လက်မှတ်ထိုး
ရုံပဲ ပြုလုပ်မည်။ ငွေယုန်ဖြူလို မိန်းကလေးတစ်ယောက်နှင့်
ပွဲမထွက်လို။ ချစ်သူတစ်ဦးအဖြစ် မိုးသခင် ဘယ်လိုမှ
ခံစား၍မရခဲ့၊ လူကြီးတွေ ဆန္ဒအရသာ လက်ထပ်လိုက်ရခြင်း
ဖြစ်သည်။

'မင်းနဲ့ မျက်နှာခြင်းဆိုင်ရမှာတောင် ကိုယ်ကြောက်နေ
သလိုပဲ ငွေယုန်ဖြူ...။ မင်းဘက်ကလည်း ကိုယ့်ကို မုန်းတီးနေ
မှာပါ'

သေချာသည်... ငွေယုန်ဖြူ ကိုယ်တိုင်ကလည်း မိုးသခင်
အား မုန်းတီးနေမှာ သေချာသည်။ ငယ်ငယ်လေးထဲက မိုးသခင်
အား ရန်လိုမုန်းတီးသော မျက်ဝန်း မာမာထန်ထန်တွေနှင့် ကြည့်
တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေးကို မုန်းတယ်၊ ဘာအစ်ကိုလဲ၊ ဆွေမျိုးလည်း မတော်ဘူး၊ ဦးလေးအရွယ်ကြီးကို မခေါ်နိုင်ပါဘူး ကိုကိုလို့'

ဦးလေးတဲ့...။ မာဆတ်ဆတ် ဂျစ်ကန်ကန်နှင့် မိုးသခင် အမြင်အကတ်ဆုံး မိန်းကလေး။ ထိုကဲ့သို့သော မိန်းကလေးမျိုးကို သူ လက်ထပ်ယူခဲ့ရမည်တဲ့။

'တကယ်ပဲကွာ၊ လောကကြီးက ဘာကြီးလဲ၊ စိတ်ပျက်တယ်'

မနက်ဖြန် ဒရိုင်ဘာကိုပုကို ငွေယုန်ဖြူအား သွားကြိုရန် ညွှန်ကြားထားသည်။ မိုးသခင်ကတော့ မကြိုဘူး။ ငွေယုန်ဖြူကို တည်တည်တင်းတင်း နေထိုင်ရန် သူလုံးဝ ဆုံးဖြတ်ထားခဲ့၏။ ငွေယုန်ဖြူအကြောင်းတွေက မစဉ်းစားချင်ပါဘူးဆိုမှ မိုးသခင်နဲ့ အတွေးကွန်ယက်ထဲမှာ တိုးဝင်နှောက်ယှက်နေခဲ့ သော အကြောင်းအရာတွေ ဖြစ်နေခဲ့သည်။

'ဒီကောင်မလေးဆီကို ဖုန်းဆက်ကြည့်ရဦးမယ်၊ ဥပက္ခာပြုထားလို့ မဖြစ်သေးပါဘူး၊ တစ်ခုခု အန္တရာယ်ဖြစ်သွားရင် ကိုယ့်အပြစ် ဖြစ်ရဦးမယ်'

ငွေယုန်ဖြူအတွက် စိတ်တွေ ပူပင်လာရပြန်သည်။ တစ်ယောက်ထဲလာရသဖြင့် လမ်းမှာ အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့မှာလည်း စိုးရိမ်နေ၏။ မနက်ဖြန် သူကိုယ်တိုင်ပဲ သွားကြိုရင်ကောင်းမလားဟု တွေးမိနေပေမယ့် ဒီကောင်မလေးအား အရေး





တယူ မလုပ်ချင်၊ ရောင့်တက်ပြီး မလေးမစား လုပ်လာမှာလည်း မိုးသခင် မလိုလားပေ။ သိပ်ပြီး အရောတဝင် မလုပ်တာပဲ ကောင်းပါတယ်ဟု တွေးပြီး ဖုန်းပဲ လှမ်းဆက်သည်။

'ဟဲလို... ဟဲလို... ဦးလေးလား၊ဒီမှာ ဘာမှ မကြားရဘူး၊ ကားပေါ်မှာလေ စိတ်ချ ဘာမှမဖြစ်ဘူး၊ ဟွန်း အပိုတွေလုပ်မနေနဲ့... မသိရင်ခက်မယ်'

ဖုန်းကိုင်လိုက်ပြီးတာနဲ့ ငေါ်တူးတူး ပြောလိုက်တဲ့ ငွေယုန်ဖြူအသံကြောင့် စေတနာနဲ့ စောင့်ရှောက်မယ်ဟု တွေးထားတဲ့ အတွေးတွေပင် ပျောက်သွားပြီး ဒေါသဖြစ်ရသည်။

'စေတနာထားလို့ကို မရတဲ့ ကောင်မလေးပဲ၊ မင်းကို အလျှော့ပေးလို့ မဖြစ်ဘူး၊ ဘဝကြီး တစ်ခုရှုံးတော့ သွားပြီထင်ပါတယ်ကွာ'

သူဘယ်တုန်းကမှ မထင်မှတ်ထားခဲ့တဲ့ ဇနီးလောင်းတစ်ယောက်နှင့် မကြာခင် အတူတူပေါင်းသင်းနေထိုင်ရတော့မည့် အဖြစ်တွေပါ... အိမ်မက်တွေမဟုတ်...။ ကလေးဆန်လွန်းပြီး ဘုဆတ်ဆတ် ဇွာကျယ်ကျယ် ကောင်မလေးကို သူဘယ်လိုကိုင်တွယ်ရမှန်းပင် မသိတော့။ သူမှေးခနဲ အိပ်ပျော်သွားပြီး လန့်နိုးသွားတဲ့ အချိန်ကျတော့ ငွေယုန်ဖြူ ရောက်လာပြီဖြစ်သည်။

'မမလေး ငွေယုန်ဖြူကို အခန်းထဲ ပို့လိုက်ပါပြီ ဆရာ၊ အဟဲ... ဆရာကတော်က အရမ်းချောတယ်... မြင်ရတဲ့ သူတွေတောင် မူးမေ့လဲကျသွားနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



မိုးသခင်စိတ်တွေ ညစ်ထွေးနောက်ကျိစွာ အိပ်ယာမှ နိုးထလာသည်။ ထမင်းချက်အဒေါ်ကြီး ဒေါ်နှင်းမွှံက သတင်းလာပို့ပြီး ပြန်ထွက်သွားသည်။

သူ အိပ်ပျော်သွား၏။ ဆီးကြိုသင့်တယ်ဆိုတာ သိနေပေမယ့် ညက ညဥ့်နက်မှ အိပ်ပျော်သွားသဖြင့် မကြိုဖြစ်လိုက် ငွေယုန်ဖြူကတော့ သူမအား ဂရုမစိုက်သလိုလို အဖက်မလုပ်ချင်တဲ့ သဘောဟု သတ်မှတ်လည်း မိုးသခင် ဘာမှမတတ်နိုင်ပါ။ ကောင်မလေးကို သူ့လိုပင် မာမာကျောကျော တုန့်ပြန်ဆက်ဆံ တာပဲ အကောင်းဆုံးဟု တွေး၍ ရေချိုးခန်းထဲ ဆင်းလာခဲ့သည်။

'တော်တော်ကို ကမောက်ကမနိုင်မယ့် အိမ်ထောင်ရေးဖြစ် မှာပဲ၊ ငွေယုန်ဖြူကို ကိုင်တွယ်ရမှာ ခက်ခဲမယ်ထင်တယ်'

သူစိတ်ပူနေမိသည်။ ငွေယုန်လေးကို ရန်သူလို သဘော မထားပါနဲ့ သားရယ်၊ ကလေးမလေးက ဒီလောက် မဆိုးပါဘူး လူကြီးမိဘတွေက အချစ်ကြီးပြီး အလိုလိုက်ထားကြလို့လေဟု မေမေက ပြောသွားသည်။

'သား စိတ်ထဲမှာ မွန်းကြပ်လွန်းတယ်၊ မေမေရာ၊ သား မုန်းတဲ့ ကောင်မလေးကိုမှ သားဇနီးအဖြစ်နဲ့များ'

မိုးသခင် ရင်တွေပူလောင်နေသည်။ ငွေယုန်ဖြူကို ရှောင် လွှဲ၍ မရတော့တဲ့ အခြေအနေမှာ သူက အိမ်ရှင်ဖြစ်နေ၍ သူ့ဘက် ကပဲ စတင်နှုတ်ဆက်စကား ပြောရမည့်ဖြစ်သည်မို့ ရေချိုး အဝတ်အစားလဲပြီး ဧည့်ခန်းသို့ ထွက်လာခဲ့သည်။





'မိသီ'

'ရှင် ဆရာ...'

'ငွေယုန်ဖြူကို သွားပြောလိုက်ပါ။ အောက်ကို ခဏ လောက် ဆင်းခဲ့ပါလို့'

'စောစောက မိသီကို မှာထားပါတယ် ဆရာ၊ သူ ခရီးပမ်း လာလို့ အိပ်တော့မယ်တဲ့ ဘယ်သူနဲ့မှ မတွေ့နိုင်သေးဘူးတဲ့'

ဇာတ်လမ်းကတော့စပြီး... ဧည့်သည်တစ်ယောက်ရဲ့ စကားက စီးလားနင်းလားနဲ့ လူမှုရေး လုံးဝနားမလည်။ ဂါရဝ တရားဆိုတာလည်း ငွေယုန်ဖြူသိမှာ မဟုတ်ပါဘူး... မင်းကို သင်ကြားပြသစရာတွေ အများကြီးပဲရှိတယ်။ ခရီးပမ်းလာတဲ့ လူတစ်ယောက်ကိုလည်း အတင်းအကြပ်ကြီး မခေါ်ချင်ပေ။ ထား လိုက်တော့ ငွေယုန်ဖြူ... ရောက်ခါစမို့နော်။

'မမလေး ငွေယုန်ဖြူက အရမ်းကို ချစ်စရာကောင်းတာ ပဲနော် ဆရာ၊ ယုန်ဖြူလေးတစ်ကောင်လိုပဲ။ ဖြူဖွေးနူးညံ့ အိစက် နေတာပဲ... ချစ်လိုက်တာ'

မိုးသခင် မျက်နှာထားကို တင်းထားပြီး စာအုပ်တစ်အုပ် ကို ကောက်ယူဖတ်နေလိုက်သည်။ မလွယ်တဲ့ဟာမလေးပဲ...။ တွေ့တဲ့လူတိုင်းက တသသ ချီးမွမ်းခန်းတွေ ဖွင့်နေကြ၍လည်း မိုးသခင် မျက်နှာပူရသည်။

'ကိုယ့်ထက် ရှစ်နှစ်လောက်ငယ်နေတဲ့ ကောင်မလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ရတာ ပတ်ဝန်းကျင်မှာ ကဲ့ရဲ့ ရှုံ့ချစရာများ ဖြစ်နေမလား မေမေရယ်...။ ငွေယုန်ဖြူကို ဒီအတိုင်း မိတ်ဆွေလို စောင့်ရှောက်ပေးပါရစေ'

မေမေက လက်မခံပေ။ သား ငွေယုန်လေးနဲ့ လက်ထပ်ပြီး မိသားစုဘဝလေး တည်ဆောက်ပါတဲ့။ မိုးသခင်ကတော့ အိမ်က အလုပ်သမားတွေကိုပင် မျက်နှာချင်းဆိုင်ရမှာ။ ရှက်နေမိသည်။

'ငွေယုန်ဖြူ... ငွေယုန်ဖြူ မင်းက စတွေ့တွေ့ချင်းပဲ ကိုယ့်ကို ပုံစံပေးတော့တာပါပဲလား'

မိုးသခင်မသိဘဲ နေမလား၊ ငွေယုန်ဖြူအကျင့်စရိုက်တွေကို...။ တမင်အရွဲ့တိုက်နေတာပါ။ ကိုယ့်အိမ်ကိုယ်ရာလည်းမဟုတ်၊ သူ့အပေါ် မှီခိုနေထိုင်ရတော့မယ်ဆိုတာများ မေ့လျော့နေလေလားပဲ။

'ငွေယုန်ဖြူ နိုးလာရင် ကိုယ့်ကိုလာပြီး အကြောင်းကြားပေးပါ'

'ဟုတ်ကဲ့ပါ ဆရာ'

'မနက်စာ စားချိန်နှိုးလိုက်ပါ'

'သူ့ဟာသူ ထပါ့မယ်တဲ့ လုံးဝလာမနှိုးပါနဲ့တဲ့ ဆရာ'

'ထားလိုက်တော့'

သူထပြီး အပေါ်ထပ်သို့ ပြန်တက်လာခဲ့လေသည်။ ငွေယုန်ဖြူအား ဘယ်လိုစည်းကမ်းတွေနဲ့ ကိုင်တွယ်ရမလဲ၊ မိုးသခင်





နဲ့က စိမ်းလွှမ်းနေသည်။ ငယ်ငယ်လေးကပဲ အတူတူ နေထိုင်ခဲ့တာပါ။ ဒီလိုမှန်းသိရင် အရွယ်ရောက်တာနဲ့ မိန်းမကောက် ယူထားလိုက်ပါတယ်ကွာ၊ မင်းသခင်စိတ်ထဲမှာ ကသိကအောက်နိုင်လှ ဒေါသပဲ ထွက်ရတော့မလိုလို နားလည်မှုတွေပဲ ပေးရတော့မလိုလို။ ငွေယုန်ဖြူ နိုးလာမည့်အချိန်ကို မရေမရာ စောင့်နေရတာပဲ နေလို့ထိုင်လို့မရ ဖြစ်နေသည်။

'မင်းနိုးလာရင်တော့ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ် ငွေယုန်ဖြူ'

သူ ဒေါသတကြီး ကြိမ်းမောင်းနေမိသည်။ စာအုပ်ကောက်ဖတ်လည်း မရ။ နေ့လည်တစ်နာရီထိုးတဲ့အထိ ငွေယုန်ဖြူ နိုးလာခဲ့ပေ။ သူထမင်းစားချိန်ရောက်တော့ မိသီက ဆရာ့အတွက် ထမင်းပွဲ ပြင်လိုက်ရမလားတဲ့။ ငွေယုန်ဖြူ နိုးမှဟု ပြောလိုက်၍ နက်စာ မစားရသေးပေ။ ဒီကောင်မလေးကို အတင်းအကြပ်သွားနှိုးမှရမယ်၊ ငွေယုန်ဖြူနေချင်သလို နေလို့မရဘူးဟု တွေးပြီး ပြတ်ပြတ်သားသား ကိုင်တွယ်ရန် ဆုံးဖြတ်၍ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၄)

မိုးသခင်ရဲ့ ခြေလှမ်းတွေက ငွေယုန်ဖြူရှိနေတဲ့ အခန်းဝမှာ တုန့်ကန်ရပ်တန့်သွားသည်။ ဒီအခန်းက သူတို့နှစ်ယောက် လက်ထပ်ပြီးလျှင် အတူတူ အိပ်စက်ဖို့ ပြင်ဆင်ထားတဲ့ အခန်းပဲ။ မိသီ ဘယ်အခန်းထဲ ပို့လိုက်ရတာလဲ၊ ဟုတ်သားပဲ သီးသန့်ခန်းမှ မရှိတာ။ သူလည်း မေ့လျော့ပြီး တခြားအခန်း မစီစဉ်ပေးဖြစ်လိုက်။ ငွေယုန်ဖြူကို နှိုးဖို့ပင် ရှက်နေသည်။

'နေပစေတော့ကွာ၊ မနှိုးတော့ဘူး၊ အိပ်တော့ ငွေယုန်ဖြူ... တစ်သက်လုံး မနိုးတော့ဘူးဆိုရင်လည်း ကောင်းတာပဲကွာ'

အခန်းတံခါး သော့မပိတ်ထားဘူးဟု မိသီက ပြောပေမယ့် မိုးသခင်တံခါးချပ်ကို တွန်းဖွင့်ဖို့ တွန့်ဆုတ်နေသည်။ သူ့အသက်အရွယ်နှင့် မတင့်တယ်။ ငွေယုန်ဖြူကို ဧည့်ခန်းထဲမှာပဲ လူကြီးဆန်စွာ သိက္ခာရှိရှိ တည်တည်တန့်တန့် စောင့်နေပါတော့မယ်ဟု တွေးမိသွားပြီး လှည့်ထွက်ဖို့ ပြင်လိုက်သည်။





'ကျွိ'

'ဟင်... ရှင်... ရှင် ဘယ်သူလဲ၊ ဒီအခန်းဝမှာ ဘာရပ်လုပ်နေတာလဲ၊ ကျွန်မ အိပ်ခန်းထဲဝင်မလို့ ချောင်းနေတာလား'

'ဟင်'

ရုတ်တရက် အခန်းတံခါးက ပွင့်လာပြီး ငွေယုန်ဖြူ ထွက်လာ၍ မိုးသခင် ရှောင်တိမ်းချိန် မရလိုက်တော့ပေ။ သူ ဆတ်ခနဲ ကြည့်မိပြီးမှ အကြည့်ကို အမြန်ဆုံးပြန်လွှဲ ပလိုက်ရသည်။ ဆံပင်တွေက ဖွာလံကျဲ၊ ညဝတ်ဂါဝန် အဖြူရောင်က ပါးလှပ်လှပ်လေး... ဖြူနုစင်းအိနေတဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတွေက မြင်ချင်မှ အဆုံးပဲ။ ပုံစံကိုက အဆင့်မရှိ ပေါ့ပျက်ပျက် စရိုက်မျိုး၊ မထူးပါဘူး၊ ငွေယုန်ဖြူကို ကျွတ်တဲ့ပုံစံမျိုးတော့ အဖြစ်မခံနိုင်သေး။ သူမျက်နှာပြောင်ပဲ တိုက်ရတော့မည်ဖြစ်၏။ ငွေယုန်ဖြူအား ခပ်တည်တည် ရင်ဆိုင်ဖြစ်လိုက်သည်။

'ကိုယ်ဘယ်သူလဲဆိုတာ၊ မင်း မသိဘူးလား ငွေယုန်ဖြူ'

'ဟာ sorry နော်၊ ဦးမိုးသခင်လား၊ ဦးလေးပဲ၊ ကျွန်မတို့ တွေ့ကြတာ ဘယ်လောက်ရှိနေပြီလဲ၊ ဦးလေးကတော့ မှတ်မိမှာပေါ့၊ အသက်ကြီးတယ်လေ၊ ကျွန်မက အရမ်းငယ်သေးတယ်'

သိသားပဲ... ရှင့်မျက်နှာ ရှုရှုပုတ်ပုတ် တည်တည်တင်းတင်းကြီးကို ငွေယုန်ဖြူက ဘယ်လိုလုပ် မေ့ပစ်မလဲ၊ ဦးမိုးသခင်အား အပေါ်စီးကပဲ ပြောဆိုဆက်ဆံဖို့ ဆုံးဖြတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း အဝတ်အစားတွေ လဲပြီး အောက်ထပ်ဆင်းခဲ့ပါ ဧည့်ခန်းမှာ ကိုသ်စောင့်နေမယ် ငွေယုန်ဖြူ'

'ဟုတ်'

ငွေယုန် ရယ်ချင်သွားသည်။ ဦးမိုးသခင်က ဘယ်လော ပဲ မာန်တွေ တင်းနေပါစေ၊ မျက်နှာပြင်က ပန်းသွေးရောင်ထက အရှက်ကြီး ရှက်နေပါပင်။ ကြည့်ပါဦး မင်္ဂလာအိပ်ခန်းကြ ပြင်ဆင်ထားလိုက်တာ ခန်းနားသစ်လွင် တောက်ပလွှမ်းနေသည်

'အင်းလေ၊ ငယ်ရွယ်နုပျိုတဲ့ မိန်းမငယ်လေး တစ်ယော ရဲ့ အသွေးအသားတွေကို ဝါးမျိုစားသောက်ဖို့ အာသာငမ်းငေ ပြင်ဆင်ထားတာ မဟုတ်လား'

ဦးမိုးသခင်ရေ... ရှင် ကံဆိုးပြီသာ မှတ်တော့၊ အရှ တွေ ဝက်ဝက်ကွဲစေရမယ်။ ငွေယုန်ဖြူကို လျှော့မတွက်ထား နော် ဦးမိုးသခင်...။ ထားရာနေ စေရာသွားမှာ မဟုတ်ဘူ မီးခဲကြီးကြီးတစ်ခုကို ကိုင်မိသလို ဖြစ်သွားစေရမယ်။ ငွေယုန်နှ တောင် လက်မထပ်ရသေးဘူး... မင်္ဂလာအိပ်ခန်းကြီးထဲ ပို့နိုင် သည်။ ဘာလုပ်တာလဲ၊ ပိုင်စိုးပိုင်နင်းနှင့် ငွေယုန်ဖြူ ဘယ လောက်အထိ အရှက်မရှိဘူးဆိုတာ ဦးမိုးသခင်ကိုတော့ ပြ မည်။ သူမအခန်းထဲ ပြန်ဝင်လာပြီး အဝတ်အစားလဲ၏။ အခန်းဝ ဝင်ချင်းကတော့ ငွေယုန်လည်း ရှက်ပြီး ခြေမကိုင်မိ လက်မကိုင ဖြစ်ခဲ့ရသည်။





'ဘာကြီးလဲဟ၊ ဘယ်လိုအခန်းကြီးထဲ လာပို့ထားတာ လဲ'

ပန်းရောင်နုနုလေးတွေ လွှမ်းနေတဲ့နှစ်ယောက် အိပ်ကုတင် ကြီး...။ ခေါင်းအုံးတွေ၊ ဖက်လုံးတွေ...။ အသည်းနှလုံးတွေ၊ ခုတွေ ဖြောင်းပြန်လန်သွားသလို ထွက်ပြေးချင်သွားပေမယ့် ငွေယုန် အလျှင်အမြန်ပဲ တည်ငြိမ်စေရန် လုပ်ဆောင်နိုင်ခဲ့သည်။ ညဝတ်အင်္ကျီပါးပါးကို ဘမင်ဝတ်ဆင်၍ နှစ်ယောက်အိပ်ကုတင် ကြီးပေါ် တက်အိပ်လိုက်သည်။

'ဦးမိုးသခင်... ဦးမိုးသခင်...။ ဒီနှစ်ယောက်အိပ်ကုတင် ကြီးပေါ် ကျွန်မနဲ့အတူအိပ်စက်ခွင့်ရမယ် ထင်နေတာလား၊ ဝေး သေးတယ်... ငွေယုန်ဖြူကို ရှင်ရဲ့ အဖျော်ဖြေခံ မိန်းမတစ် ယောက်လို့ သတ်မှတ်လို့ရမယ် ထင်နေလား၊ ရှင့်ကိုယ်ရှင် သတ် သေပစ်ချင်လောက်အောင် စိတ်ညစ်သွားစေရမယ်'

ငွေယုန်ဖြူစိတ်ထဲကနေ အပြတ်ကြိမ်းဝါးရင် ရေချိုးပြင် ဆင် အဝတ်အစားလဲပြီး အောက်ထပ်ဆင်းလာခဲ့သည်။

'လူပျိုကြီး... ကိုယ့်ထက်ငယ်ရွယ်သူကိုမှ အရယူချင်ဦး၊ အိမ်ဟာယ် မရှိလိုက်တာ၊ သူ့ဘက်က ငြင်းလိုက်ရင်ရပါရက်နဲ့ အရှက်မရှိ... အချစ်ဆိုတာလည်း မရှိဘူး။ မလွဲသာ မရှောင်သာ သို့ လက်ခံလိုက်ရတဲ့ ပုံစံမျိုး လာဖမ်းနေတယ်။ ငွေယုန်အပေါ် အကောက်ကြံဖို့က လွဲပြီး တခြားမရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူမဝတ်ထားတဲ့ အဝတ်အစားတွေကို ဦးမိုးသခင် တော့ မကြည့်ရဲစေရဘူး။ ပေါင်တံအလယ်လောက် ဘောင်းဘီအနက် ရောင်တိုတို၊ ချိုင်းပြတ်လည်ဟိုက် အင်္ကျီအဖြူရောင်တိုနဲ့လေး ဝတ်ပြီး ခန္ဓာကိုယ်လေးကို လှုပ်ခါရမ်း၍ လှေခါးပေါ်မှ ဆင်း လာသည်။ ညှိခန်းမှာထိုင်နေတဲ့ ဦးမိုးသခင်ရဲ့ အကြည့်တွေ ဆတ်ခနဲ ရောက်လာပြီး ပြန်လှည့်ပစ်၏။ ဒီလို အချိုးမပြေ ကောင်မလေးကို ရှင် လက်ထပ်ယူရဲလို့လား ဦးမိုးသခင်... ရှင်... ငွေယုန်ကို ဘယ်တော့မှ လက်ထပ်ဖို့ စိတ်ကူးမယဉ် စေရဘူး... သိလား...။

'ငွေယုန်ကိုစောင့်နေရတာ သိပ်မကြာပါဘူးနော် ဦးလေး'

'ငွေယုန်ဖြူ မင်း... မင်း ဘယ်လို ဝတ်စားပြင်ဆင်လာ ရတာလဲ၊ မင်းအကျင့်စရိုက်တွေကို ပြင်စမ်းပါ'

'အဟက်'

'ဟော့'

'ဒါ ဘာများထူးဆန်းနေလို့လဲ ဦးလေး...။ သူများတွေ ကို ဒုက္ခရောက်စေတာမှ မဟုတ်တာပဲ...။ မငွေယုန် လွတ်လွတ် လပ်လပ် ပေါ့ပေါ့ပါးပါး နေတက်လို့ပါ...'

'တော်စမ်း'

ငွေယုန်ဖြူ ကလေးဆန်စွာ နေထိုင်တတ်တာကို ဖြုပြင်ရန် ဆိုတာ ခက်ခဲမှန်းတော့ သူသိသည်။ သူ့ပြောစကား တွေကိုလည်း





ခံမည်မဟုတ်။ သူ့မျက်စိထဲမှာ တကယ့်ကို ကန့်လန့်ဖြစ်ရပြီး လာ၏။ မျက်နှာတွေ ပူထူပြီး စကားလုံးတွေ ထစ်ငေါ့မသွား စေရန်ပင် သတိထားနေရသည်။ ငွေယုန်ဖြူက နည်းနည်းမှ အကြောက်အလန့်မရှိ။ ရဲရဲတင်းတင်းနှင့် သူ့ကို ဆက်ဆံနေ၍ဖြင့် သည်း မိုးသခင်စိတ်တွေ မတည်မငြိမ် ဖြစ်လာရသည်။

'ဦးလေးနဲ့ ငွေယုန်တို့က လက်ထပ်ရမယ်လို့ ဦးလေးအမေ က အတင်းအကျပ် တောင်းဆိုတယ် ထားပါတော့။ ဦးလေးဘက် က ငြင်းသင့်ပါတယ်။ ငွေယုန်ကို ဦးလေးဘယ်တုန်းကမှ မချစ်ခဲ့ ဘာပဲ။ မုန်းတီးနေတာလေ။ မငြင်းပါနဲ့...။ ဦးလေးက မင်္ဂလာ အိပ်ခန်းကြီးတောင် ပြင်ဆင်ထားတာ ဘာသဘောလဲ'

သေလိုက်စမ်း မိုးသခင် ရှက်စရာကောင်းလိုက်တာကွာ၊ ငွေယုန်ဖြူအမေးကို သူဘယ်လိုဖြေရမှန်းမသိ။ ယောင်ချာချာ နှင့် ထပြီး ပြေးချင်မိလာသည်။ ငွေယုန်ဖြူကိုတွေ့လျှင် စည်း ကမ်းတွေနှင့် တင်းကျပ်ပြီး နှိပ်ကွပ်မည်ဟု မောင်းတင်ကြံစည် ထားသမျှ လက်တွေ့တွင် ငွေယုန်ဖြူရဲ့ နှိပ်ကွပ်မှုကိုပဲ မိုးသခင် ခံနေခဲ့ရသည်။

'ဒီအခန်းကို ကိုယ်ပြင်ထားတာ မဟုတ်ဘူးနော် ငွေယုန် ဖြူ'

'ဘယ်သူပြင်ထားတာလဲ'

'အဲဒါ... ဟို... ကိုယ့်တပည့်တွေ ပြင်တာကွ၊ မင်း အပေါ် အဲ့ဒီလောက်အထိ ခံစားချက်မရှိတာ အမှန်ပဲ၊ ဟိုကွာ



www.burmeseclassic.com

www.burmeseclassic.com



မိုးသခင် ဘာဆက်ပြောရမှန်မသိ။ ငွေယုန်ဖြူ့နှုတ်ခမ်းသားတွေပေါ်မှ မထေမဲ့မြင် လှောင်ပြောင်သရော်သလို မဲ့တဲ့တဲ့ အပြုံးရိပ်တွေကြောင့်လည်း မိုးသခင် ခြောက်ခြားထိတ်လန့် လာလေရသည်။ ငွေယုန်ဖြူကို လက်ထပ်ယူလို့ မဖြစ်တော့ဘူး ထင်တယ်။

သူ့ကိုလည်း သူမက ချစ်ခင်နှစ်သက်မှု အရိပ်အငွေ့လေးပင် ယှက်သမ်းမနေခဲ့...။ တင်းမာခက်ထန်တဲ့ မုန်းတီးမှုတွေသာ သူမ မျက်ဝန်းလေးတွေထဲမှာ ပြည့်နှက်နေခဲ့သည်။

'ဟုတ်တယ်၊ မင်းကိုကိုယ် လက်မထပ်တော့ဘူး၊ မင်းက တော်တော်လေးကို ဒုက္ခပေးမယ့် မိန်းကလေးပဲ၊ ကိုယ့် ဘဝတစ်လျှောက်လုံး ဂုဏ်သိက္ခာတွေ မဲ့ရတော့မယ် ထင်တယ်'

မိုးသခင် ထိတ်လန့်တုန်လှုပ်ရင်း ငွေယုန်ဖြူရဲ့ အရှက်အကြောက်ကင်းမဲ့လွန်းတဲ့ ထိုးနှက်မှုတွေကို ရင်မဆိုင်ရဲတော့ပေ...။ ငွေယုန်ဖြူ အကြည့်တွေက ရဲတင်းစူးတောက်နေ...

'ငွေယုန့်ကို နှိပ်ကွပ်ဖို့လား...။ ငွေယုန့်ဘက်ကတော့ ဦးလေးအပေါ် ဘာတစ်ခုမှ ယုတ်မာကောက်ကျစ်ခဲ့တာ မရှိဘူးနော်'

'တော်တော့ ငွေယုန်ဖြူ၊ မင်းနဲ့ဆက်ပြီး ဘာမှမပြောချင်တော့ဘူး၊ ပထမတော့ ကိုယ်က မင်းကို မနက်ဖြန် မနက် တရားရုံးမှာ လက်မှတ်ထိုးဖို့ပဲ...။ အခုဖျက်သိမ်းတယ်'





'အဲဒီလိုပဲ ဖြစ်သင့်ပါတယ် ဦးလေး... စဉ်းစားသင့်ပါတယ်။ ငွေယုန်ကို လက်ထပ်ရင် ဦးလေးပဲ တစ်သက်လုံး စိတ်ဆင်းရဲရမှာနော်'

မေမေရေ...။ ငွေယုန်ဖြူဆိုတဲ့ ကောင်မလေးကို ဘာဖြစ်လို့များ ကျွန်တော်လက်ထဲ အပ်ခဲ့ရတာလဲဗျာ၊ မိုးသခင်ဘဝက ပဒိုင်းသီးကို လက်ထဲဆုပ်ကိုင်ထားရတဲ့ အဖြစ်မျိုးပါ။ စားလည်း ရူး၊ ဆုပ်ထားလည်း ဆူးရမယ့် သဘောဖြစ်နေရသည်။

'ဦးမိုးသခင်က ကျွန်မကို လက်ထပ်ယူဖို့ အလွယ်တကူ သဘောတူလိုက်တာလား၊ အချစ်နဲ့မဟုတ်ပဲ ရက်စက်မှုတွေ ပြင်းထန်တဲ့ စည်းကမ်းတွေနဲ့ နှိပ်ကွပ်ဖို့၊ ကျွန်မရဲ့ ငယ်ရွယ်နုပျိုတဲ့ အသွေးအသားကို ဝါးမျိုဖို့'

'ဟော့ ကောင်မလေး မင်း မင်း ဆက်မပြောနဲ့တော့၊ မင်း စကားတွေက ကိုယ့်ကို အရမ်းစော်ကားနေပြီ၊ မင်းအရမ်း ရိုင်းပြတယ်...။ ဟုတ်တယ်၊ ကိုယ်လက်မခံသင့်ဘူး၊ ကိုယ်ငြင်းခဲ့သင့်တယ်၊ တော်ပြီကွာ၊ မင်းနဲ့စကားဆက်ပြောလို့ မဖြစ်ဘူး၊ မင်းလည်း နေချင်သလို နေပါ။ မဖြစ်ဘူး၊ မင်းကို အန်တီလေး လက်ထဲပဲ ပြန်အပ်ရမယ်'

မိုးသခင် ထိတ်ထိတ်လန့်လန့်နှင့် တုန်ယင်ခြောက်ခြားစွာ ငွေယုန်ဖြူ့အကြည့်တွေအောက်မှ လွတ်မြောက်စေရန် ကယောင်ကတမ်း ထရပ်ပစ်လိုက်မိလေသည်။ အရမ်းရှက်စရာကောင်းတယ်။ မိုးသခင် အမြဲတမ်းထိန်းသိမ်းထားတဲ့ ဂုဏ်သိက္ခာတွေ



www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်ခန့်ညားမှုတွေက ငွေယုန်ဖြူရဲ့ ရိုင်းပြစော်ကားမှုတွေ ကြောင့် တန်ဖိုးမဲ့ကာ မြောင်းထဲအထိ ထိုးဆင်းသွားရ၏။

'ခဏလောက်နေပါဦး... ဦးလေး၊ ငွေယုန်နဲ့ ဦးလေးတို့ ဘဝတစ်သက်တာကိစ္စပါနော်၊ ပြန်ယိုင်ပါ'

'ပြင်း... မင်းကို အရှုံးပေးပါတယ် ငွေယုန်ဖြူ... တော် ပါတော့ကွာ၊ ညကျရင် အန်တီလေးဆီ ကိုယ်ဖုန်းဆက်မယ် မင်း ပြန်ပါတော့၊ မင်းပျော်ရွှင်မယ့် ဘဝမှာနေရာမှာ မင်းနေချ သလို နေပါ'

ငွေယုန်ဖြူအား နှိပ်ကွပ်မယ့် ကြီးမားတဲ့ မဟာအကြ အစည်တွေ ကြံစည်ခဲ့တာ ကျွန်မသိတယ်။ ဦးမိုးသခင် ဒါရိုး ဘော့မရဘူး။ ငွေယုန်ဖြူက ဘယ်အရာမျိုးကိုမဆို အနိုင်ပဲ ယူချ တာ၊ အလျှော့ပေးတာတွေ အရှုံးပေးတာတွေ မရှိဘူး။ ဒါပေ လည်း အန်တီလေ.ဆီ ဖုန်းဆက်မှာကိုတော့ ငွေယုန် ကြောက် လန့်မိသည်။ ဘာဖြစ်လို့လည်းဆိုတော့ ဒယ်ဒီနဲ့ မာမီကြောင့်ပါ ငွေယုန်ငါးနှစ်သမီးအရွယ်က မာမီဒဏ်ရာတွေနှင့် ဝေဒနာတွေ ပြင်းပြစွာ ခံနေရတဲ့အချိန်မှာ ငွေယုန်လက်လေးကို ဆုပ်ကိုင်ရ အန်တီလေးကို စိတ်ညစ်အောင် မလုပ်ပါနဲ့၊ အန်ပါလေး စကား တွေကို နားထောင်ပါ သမီးလေးရယ်ဆိုတဲ့ စကားတွေ အားလုံး သနေ့တိုင် မှတ်မိကြားယောင်နေဆဲ ဖြစ်နေေသည်။

'ဦးလေးကို ငွေယုန် တောင်းဆိုချင်တာ တစ်ခုတော့ ပါတယ်၊ အဲ့ဒါက ငွေယုန်နဲ့ လက်ထပ်တာတွေ အန်တီလေး





ပြန်အပ်တာတွေ အလောတကြီး မလုပ်ဘဲ တစ်ယောက်ကိုတစ် ယောက် ချစ်ခင်နှစ်သက်လာတဲ့အထိ အချိန်တစ်ခု သတ်မှတ် ပြီး စောင့်ကြည့်ကြမယ်လေ ဘယ်လိုလဲ'

ဘယ်လိုမှ ဖြစ်မလာနိုင်တဲ့ အချိန်ကာလတစ်ခုဆီ ငွေယုန် တမင်ဆွဲယူပစ်လိုက်ခြင်း ဖြစ်သည်။ အန်တီလေးကို ရုတ်တရက် ကြီး ဖုန်းမဆက်စေရန်ဖြစ်၏။ ငွေယုန် အဲ့ဒီလောက်အထိတော့ ခိုက်မိုက်မဲမဲ မလုပ်လိုပေ။ လောလောဆယ်တော့ အန်တီလေး စကားတွေကို နားထောင်တဲ့ တူမအလိမ္မာလေးအဖြစ် ခံယူချင် သည်။

'ဦးလေးက ငွေယုန့်ထက် အသက်အရွယ် ကြီးရင့်ပါ တယ်။ ငွေယုန် တောင်းဆိုတာတွေက တရားမျှတပါတယ်နော်'

မိုးသခင် အလူးအလဲ ထိုးနက်ခံနေရသည်။ သူ ဘာဖြစ်လို့ များ ငွေယုန်ဖြူရှေ့မှာ ဒီလောက်အထိ ပျော့ညံ့သွားရလဲ စဉ်းစား ရ၏။ သူကြိုတင်စဉ်းစားထားခဲ့တဲ့ ငွေယုန်ဖြူအပေါ် ချမှတ်ခဲ့တဲ့ နည်းကမ်းတွေက အကောင်အထည်မပေါ်ခင် အစအန ပျောက် ဆုံးသွားခဲ့ပြီဖြစ်သည်။ ငွေယုန်ဖြူရှေ့မှာ အလဲလဲ အပြိုပြိုနှင့် သူမစီမံရာကို နာခံတတ်သူ ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရ၏။ ငွေယုန် ဖြူကိုလည်း အသေအချာ မျက်နှာခြင်းဆိုင် မကြည့်ရဲ့ ကတုန် ကယင်နှင့် ပြန်ထွက်လာခဲ့ရလေသည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၅)

'ငွေယုန် ပြောတာတွေ လွန်သွားပြီလားပဲ၊ အဟိ... ဦးမိုးသခင် မျက်နှာကြီး နီရဲတွတ်နေတာပဲ။ အဲ့ဒါ ငွေယုန်ဖြူနဲ့ တွေ့ဆုံခြင်းအစပဲ ရှိသေးပါတယ်နော်။ ခ်... ခ်...'

သူမအား ပညာပေး ဆုံးမသွန်သင်ရန် စည်းကမ်းကြီးကြီးတွေ ချမှတ်ထားပြီး အိမ်သူသက်ထား ဇနီးမယားထက် ကျွန်စာရင်းသွင်းပစ်ဖို့ ရှင်ကြံစည်ထားသမျှ ငွေယုန်ဖြူဘက်က ဘယ်လိုချေဖျက်၊ တိုက်စစ်ဆင်မလဲဆိုတာ စောင့်ကြည့်စမ်းပါ ဦးမိုးသခင်ရယ်...။ ငွေယုန်ဖြူကို အထင်သေးပြီး အဖက်မလုပ်ချင်တဲ့ လူကြီး။

'အဟိ ပျော်စရာကောင်းလိုက်တာနော်၊ ငွေယုန့်ကို သူငယ်နပ်စာလေး ငယ်ပါသေးတယ်ဆိုပြီး ဂရုမစိုက်၊ ကားဂိတ်မှာ ဒရိုင်ဘာနဲ့ ကြိုခိုင်းတာရော၊ အိမ်စရောက်လာတာတောင် ဆီးကြိုနှုတ်ဆက်မှုမရှိ။ မဆီမဆိုင် တရားဝင် လက်မထပ်ရသေးဘဲနဲ့





ခံလာအိပ်ခန်းကြီးထဲ ပို့ခိုင်းထားတာရောအတွက် မှတ်လောက်သားလောက်လေးပဲ ပုံစံပြန်ပေးတာပါနော်'

ငွေယုန်ဖြူ ငါးနှစ်သမီးထဲက အကြင်နာကင်းမဲ့လွန်းတဲ့ ဦးမိုးသခင်ရဲ့ မာထန်ဝင်းတောက်နေသော။ ရန်လိုတဲ့ မျက်ဝန်းအကြည့်... အဓာတသတ်မလေးပဲလို့ ပြောလိုက်တဲ့ ကဲ့ရဲ့ရှုံ့ချတဲ့ အသံကို ငွေယုန် ဘယ်တော့မှမမေ့...။ ငွေယုန်ဖြူကို ထိန်းကျောင်းလာခဲ့ရတဲ့ အလုပ်သမား အဒေါ်ကြီးပြောပြတာက ငွေယုန်ဖြူကို ဘယ်တော့မှ မိုးသခင်ဆိုတဲ့ကောင်လေးက မချစ်မနှစ်သက်ခဲ့ဘူးတဲ့။ မွေးကင်းစလေးထဲက အငိုသန်လို့တဲ့...။ ဦးမိုးသခင်ရဲ့ ကံကြမ္မာပဲလေ။ ဖြေးဖြေးချင်း ဖြေးဖြေးချင်း ရှင့်ရဲ့ ဗုဏ်သိက္ခာတွေကို ဖဲ့ခြွေပစ်မယ်၊ နှစ်ယောက်အိပ် ကုတင်ကြီးပေါ် ရှင်လာအိပ်ရဲရင် လာအိပ်ကြည့်လေ။ ဦးမိုးသခင်က ချောမောခန့်ညားပြီး မိန်းကလေးတွေ နှလုံးသားကို ညှို့ယူဖမ်းစားသိမ်းပိုက်စေနိုင်တဲ့ ပါဝါစွမ်းအားတွေ အပြည့်ပါ။ ဒါပေမဲ့ ငွေယုန်ဖြူနှလုံးသားတွေကတော့ ဦးမိုးသခင်နှင့် ဆုံလိုက်ရတဲ့ တခဏာအပင် နာကျည်းမုန်းတီးမှုတွေ အတွက်အထိပ် ရောက်ရှိခဲ့ရသည်။

'ငွေယုန်ဖြူကို လက်ထပ်ယူဖို့ သဘောတူခဲ့တဲ့အတွက်ရော... ကျွန်မဘဝကြီးတစ်ခုလုံးကို သေးနုတ်သိမ်ငယ်သွားအောင် လုပ်ချင်ခဲ့တာရော အားလုံးအတွက် ငွေယုန်ကတော့ ချောင်တတွေပဲ ပြန်ပေးရလိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်ဖြူနှင့် မထင်မရှားလေး တရားရုံးမှာ လက်ထပ်မှာ ပါတဲ့။ မိန်းနဲ့မှ ဆော့ကစားချင်တာပါပဲလား။ အန်တီလေးဆီ ရုတ်တရက်ကြီး သတင်းရောက်မသွားစေရန်တော့ ညင်သာသေသပ်လှပစွာ လုပ်ဆောင်ရမည်ဖြစ်သည်။

'အန်တီလေး တောင်းပန်ပါတယ်၊ ငွေယုန်လေးရယ် အစ်ကိုနဲ့ မမတို့ အန်တီလေး မျက်စိရှေ့မှာပဲ အသေဆိုးနဲ့ သေကြရတာ။ အန်တီလေး အကြီးအကျယ်ပဲ ထိတ်လန့်တုန်လှုပ်ခဲ့ရပါတယ်။ အဲ့ဒီထဲက လူ့လောကကြီးကို စိတ်ကုန်ပြီး ဘုရားရိပ် တရားရိပ်မှာ နေခဲ့ချင်တာပါ။ တူမလေးကြောင့်ပဲ ဘဝ မပြောင်းနိုင်ခဲ့ဘူး။ မောင်မိုးသခင်နဲ့ အဆင်ပြေအောင် ဆက်ဆံပါ။ မောင်မိုးသခင်လို လူတော်လူကောင်းလက်ထဲမှာ အပ်ခဲ့ရတာလည်း လူကြီးမိဘတွေရဲ့ စေတနာပါကွယ်။ တကယ်လို့သာ တူမလေးက ဆန့်ကျင်နေမယ်ဆိုရင် အန်တီလေး ကိုယ့်ကိုယ်ကို သတ်သေပစ်ရလိမ့်မယ်'

ဒီတစ်ခါတော့ ငွေယုန်အသိစိတ်တွေ ဝင်လာခဲ့ရပါပြီ။ အန်တီလေးကို သတ်တဲ့တရားခံတော့ အဖြစ်မခံနိုင်လို့ ဦးမိုးသခင်အပေါ် ပေါ်တင်ကြီး အကြမ်းပတမ်း ကိုင်တွယ်လို့ မဖြစ်သေးဘူးဟု အသိဝင်ကာ သူမလုပ်ရပ်တွေ လွန်ကျူးသွားပြီလားဟု ပြန်စဉ်းစားနေသည်။

'ကျေးဇူးပြုပြီး အန်တီလေး မသေပါနဲ့ဦးနော်၊ ငွေယုန်





အတွက် သံယောဇဉ် တွယ်တာအားကိုး မှီခိုရာ တစ်ဦးတည်းသော သွေးသားဆိုလို့ အန်တီလေးပဲ ရှိတာပါ...'

အန်တီလေးက ငွေယုန်ဖြူအပေါ် အလိုလိုက် အကြိုက်ဆောင်ခဲ့တာ ငွေယုန်သိပါတယ်။ ဒါပေမယ့် ဦးမိုးသခင်မှ ဦးမိုးသခင်ဖြစ်ပြီး တာတာစိန် လုပ်နေတာတ်၍ ငွေယုန်ဖြူအရွဲ့တိုက်ဆိုပေမြဲ ဆိုပေနေခဲ့မိခြင်း ဖြစ်လေသည်။

'ဒေါက်... ဒေါက်'

'မမလေး ငွေယုန်ဖြူ နေ့လည်စာစားဖို့ အဆင်သင့် ဖြစ်နေပါပြီ'

အိမ်ဖော်ကောင်မလေး သီသီလာသဖြင့် ငွေယုန်တံခါးဖွင့်ပေးရင်း ဦးလေးရောဟု မေးပိုက်ရာ သီသီ မျက်လုံးပြူးပြူးတွေနှင့် မော့ကြည့်သည်။

'မမလေးက ဆရာ့ကို ဘယ်လိုခေါ်လိုက်တာလဲ ဟင်၊ ဦးလေးအရွယ်လည်း မဟုတ်သေးပါဘူး၊ ဆရာက အရမ်းနုပျိုတာပါ'

'ခေါ်နေကျမို့ပါ သီသီ၊ ငယ်ငယ်လေးထဲက ခေါ်တာအကျင့်ပါနေပြီလေ'

သီသီစောဒက တက်ချင်သည့် ပုံစံဖြင့်ကြည့်ပြီးမှ ငွေယုန်သည်တည်လေး ပြန်ကြည့်လိုက်သဖြင့် ငြိမ်သွားကာ ဆရာလည်းအခုမှ မစားရသေးဘူး၊ မမလေးကို စောင့်နေတာပါဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မမလေးနဲ့ အတူတူစားမယ်လို့ ပြောပေးပါ'

'ဟုတ်... ဟုတ်ကဲ့'

သီသီ ပြန်ထွက်သွားမှ ငွေယုန် အဝတ်အစားတွေ ပြန် လဲသည်။ ဦးမိုးသခင်အား နည်းနည်းလေးတော့ ထွက်ပေါက် ပြန်ပေးရမည်။ ပြဿနာမရှာရန်ဖြစ်၏။ သူက စားသောက်ခန်း ထဲရောက်တဲ့အထဲ ဦးမိုးသခင် ဆင်းမလာ။ ငွေယုန်ဖြူနဲ့ မျက်နှာ ချင်းဆိုင်ဖို့တောင် ရှင်အကြောက်ကြီး ကြောက်သွားပြီ မဟုတ်လား ဦးလေး၊ သူမစားပွဲမှာ ဝင်ထိုင်သည်။

'မမလေး ငွေယုန်ဖြူရောက်ပြီလား၊ ကျွန်မက ထမင်း ဟင်းတွေ ချက်ပြုတ်ရေးကို တာဝန်ယူရတဲ့ ဒေါ်ကြွယ်ပါ၊ မိသီး အဒေါ်လေ...။ မမလေး ဘာကြိုက်မှန်းမသိလို့ ကျွန်မ စီစ ထားတာတွေပဲ သုံးဆောင်ပါဦးနော်။ ဆရာက ပြောထားပါတယ် မမလေးကိုလည်း ဟင်းချက်နည်းတွေ သင်ပေးဖို့ပါ'

'ဟင်... ဘာဖြစ်လို့လဲ'

'မကြာခင် မမလေးက အိမ်ရှင်မဲ့ဖြစ်တော့မှာလေ။ ဆ က မမလေးချက်ပေးတာပဲ စားချင်မှာပါ။ ဆရာက မိန်းကလေး ပီပီသသလေး ဖြစ်စေချင်ပါတယ်'

'ဒီမှာ...'

'ဒုန်း...'

သူမ စားပွဲမျက်နှာပြင်အား ဒုန်းခနဲ ထုပြီး မတ်တပ်ထ





လိုက်သဖြင့် ဒေါ်ကြွယ် အထိတ်တလန့် နောက်သို့ထွက်ပြေးသွား တဲ့ အချိန်မှာပဲ။ အခန်းဝမှာ ဦးမိုးသခင်က ရပ်နေခဲ့သည်။

'ဦးလေး ဘာသဘောနဲ့ ကျွန်မကို ဟင်းချက်နည်းတွေ သင်ပေးရတာလဲ။ ကျွန်မ လုံးဝဝါသနာ မပါဘူးနော်။ သင်မှာ လည်း မဟုတ်ဘူး။ ချက်လည်း မချက်နိုင်ဘူး။ ဦးလေးက ကျွန်မအပေါ် ရက်စက်ဖို့ ကြိုတင်ကြံစည်ပြီး စနစ်တကျ အကွက် ချထားတာပဲ'

မိုးသခင်လည်း ရှေ့ဆက်မတိုးရဲတော့ဘဲ ခြေလှမ်းတွေ ရပ်သွားလေသည်။ ငွေယုန်ဖြူကို ကိုင်တွယ်ဖို့ မလွယ်ကူကြောင်း သူတွေးပြီးသားပါ။ ငွေယုန်ဖြူရောက်လာရင် သူတင်းတင်းမာမာ ပြောဆိုဆက်ဆံဖို့ ကြံရွယ်ထားတွေက အကောင်အထည်မပေါ် ခင်ဘဲ ငွေယုန်ဖြူရဲ့ တုန့်ပြန်ချက်တွေကြောင့် တစစီ ပျက်စီးလွင့် စင်သွားသည်။

'အား..., sorry ပဲနော် ဦးလေး၊ ကျွန်မ ဒေါသတွေကို ချုပ်ထားမိသွားတယ်။ အေးအေးဆေးဆေး ပြောလည်း ရတာပဲ ဟာကို၊ So sorry'

မာယာများတဲ့ ငွေယုန်ဖြူ... ရုတ်ခြည်းပဲ သူမရဲ့ ဒေါသ ဟန်ဝန်းတွေကို ပြန်ပြင်လိုက်က ဦးမိုးသခင်အား တောင်းပန်လိုက် အသံတွေက ချိုအီသွားသည်။ အမူအယာတွေက ချက်ချင်း ပျော့လှ၍ အပြုံးပွင့်လေးတွေ သူမနှုတ်ခမ်းသားတွေပေါ် ဝေဆာ သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေယုန် လုံးဝ စိတ်မဝင်စားလို့ပါနော်၊ ဦးလေးနဲ့ငွေယုန် လက်ထပ်ဖို့က ဖြစ်ချင်မှဖြစ်လာမှာပါ။ လူကြီးတွေက သူတို့ ဟာသူတို့ စီစဉ်တာပါ။ ဦးလေးအတွက်ကတော့ အချိန်တွေ ယူသင့်ပါတယ်လေ'

'ကောင်းပြီ ငွေယုန်ဖြူ၊ မင်းသဘောဆန္ဒအတိုင်းပါပဲ ကိုယ့်ဘက်ကတော့ ထားလိုက်ပါ။ မင်းဘက်ကပဲ ကိုယ်သုံးလ အချိန်ပေးမယ်။ မင်းစဉ်းစားပါ။ မင်းငြင်းသင့်တယ် ထင်ရင် လည်း ငြင်းနိုင်တယ်'

ဦးလေးဘက်က ငြင်းပါ။ ငွေယုန်ဖြူလို့ မိန်းကလေးတစ် ယောက်နှင့် ဘယ်လိုမှ လက်ထပ်လို့ မဖြစ်ပါဘူးဟု ဦးလေး ငြင်းပစ်လိုက်ပါလား။ တကယ်ပါပဲ... စိတ်ပျက်ဖို့ ကောင်းလိုက် တာ... ဦးမင်းသခင်က သူမရှေ့မှာ ဝင်ထိုင်သည်။

'ငွေယုန်ဖြူ၊ ဒီနေ့ကစပြီး မင်းပျော်သလို နေထိုင်ပါ မင်းသဘောဆန္ဒအတိုင်းပဲ လုပ်ဆောင်ပါ။ မင်းအပေါ် ဘယ်လို စည်းကမ်းမျိုးကိုမှ ကိုယ်မသတ်မှတ်တော့ဘူး။ ဒါပေမဲ့ မင်း လက်ထပ်ဖို့ကို ကိုယ့်ဘက်က မငြင်းဘူး။ ကိုယ့်မိဘတွေ ပေးထားတဲ့ကတိ ဖြစ်နေလို့ပဲ'

ဦးမိုးသခင်လေသံတွေက စိတ်ပျက်အလျှော့ပေးတဲ့ အ အထားမျိုး ဖြစ်နေ၏။ ငွေယုန်ဖြူ ကျေနပ်ပါတယ်။ ဒီ ဖြစ်ရမယ်လေ။ အလကားနေရင်း သူများသားသမီးကို သူ့





နှစ်တွေနဲ့ ကန့်သတ်ချုပ်ချယ် ဘောင်ခတ်ပစ်လို့ရမလား... ငွေယုန်ဖြူ အော်ဟစ်ရယ်ပစ်ချင်လာသည်။

'ကောင်းပါတယ် ဦးလေး...။ ငွေယုန် လက်ခံပါတယ်။ အချိန်ပေးပါ။ သုံးလအတွင်း ငွေယုန်ဆုံးဖြတ်ပါ့မယ်'

လောလောဆယ်တော့ အချိုးသတ်ထားမှ...။ အန်တီလေး ဆီ ပြဿနာသတင်းတွေ မရောက်အောင်ပါ။ ဦးမိုးသခင် ဘာမှ ဆက် မပြောတော့ဘဲ ထမင်းကိုပဲ စားနေသည်။ ရန်စွယ်ငေါငေါ နှင့် ဘီလူးကြီးတစ်ကောင်ရဲ့အစွယ်အား ရိုက်ချိုးပစ်လိုက်နိုင်သလို သူမ ကျေနပ်သွားရသည်။

'ဒီသုံးလအတွင်းမှာ ငွေယုန်ကို လွတ်လပ်ခွင့်ပေးပါ။ ဦးတော့ ငွေယုန်သင်တန်းတစ်ခု တက်ချင်တယ်။ ဦးလေး ခွင့်ပြု ဆးပါ'

'မင်းသဘော မင်းဆန္ဒတွေအတိုင်း နေထိုင်ခွင့်ပြုထား တယ်လေ ငွေယုန်ဖြူ'

'ok'

မိုးသခင် ထလိုက်သည်။ ငွေယုန်ဖြူဆန္ဒတွေအတိုင်း ပြုမူနေထိုင်စေတာကပဲ သူ့စိတ်သက်သာရာ ရနိုင်မည်ဖြစ်သည်။ သူ့အိပ်ခန်းထဲရောက်တဲ့အထိ ငွေယုန်ဖြူနှင့် လက်ထပ်ဖို့ သဘော တူ လက်ခံလိုက်မိတာကိုပဲ နောင်တတွေ ရချင်လာ၏။ ငွေယုန် ဖြူက သူ့ရဲ့ပွဲတက် မယားတစ်ယောက် မဖြစ်နိုင်ပေ။ မိုးသခင်ရဲ့ စီးပွားရေးအသိုင်းအဝိုင်းမှာ ဘယ်လိုမှ မတင့်တယ်တဲ့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ဖို့ နေနေသာသာ သူပဲအရှက်တကွဲနှင့် ငွေယုန်ဖြူ ထိုးနှက်ချက်တွေ အောက်မှာ ကျရှုံးသွားရမြဲ။

'ငွေယုန်ဖြူက မောင်မိုးသခင်ကို ကလန်ကဆန်နဲ့ ပြဿနာရှာမယ်ဆိုရင် အန်တီလေးဆီ ဖုန်းဆက်ပါ။ အားမနာနဲ့ နော်၊ အန်တီလေး ပြန်ခေါ်မယ်'

မိုးသခင် စိတ်တွေ ရှုပ်ထွေးနောက်ကျိနေရသည်။ အန်တီ လေးဆီလည်း ဖုန်းဆက်ပြီး မတိုင်ချင် ကလေးကလား ဆန်နေ မလားပဲ။ ငွေယုန်ဖြူအချိုးကို မိုးသခင် သိပြီးသားပါ။

'မင်းကိုကောင်းစေချင်တဲ့ စေတနာနဲ့ပါ။ ငွေယုန်ဖြူ ကိုယ် မှာ မိန်းကလေးတစ်ယောက်အပေါ် စော်ကားနှိပ်စက် ယုတ်မာ ကောက်ကျစ်ဖို့ အကြံအစည်တွေ လုံးဝမရှိပါဘူးကွာ'

မိုးသခင်ကိုယ်တိုင်လည်း သူ့ရဲ့ ပြောင်းလွဲသွားရခြင်း တွေအတွက် နားမလည်နိုင်...။ ငွေယုန်ဖြူကို တည်တည်တင် တင်း မာမာထန်ထန် ဆက်ဆံဖို့ အားယူထားတာတွေ ပျောက်ဆုံ ကုန်၏။ အလိုလိုက် အလျော့ပေးချင်နေခဲ့သည်။ သူဘာဖြစ်လို့ များ ဒီလောက်အထိ ပျော့ညံ့သွားခဲ့ရတာလဲ။ မိုးသခင်ရဲ့ နှလုံးသား တွေထဲမှာ တဆစ်ဆစ် နာကျင်နေရ၏။ ငွေယုန်ဖြူက မြူဆွယ် ဖြားယောင်ခဲ့တာ သိသိကြီးနှင့် ငွေယုန်ဖြူရဲ့ ညှတ်ကွင်းထောင် ချောက်ထဲ သက်ဆင်းမိသွားရသည် ထင်သည်။ ညဝတ်အင်္ကျီ အဖြူရောင် ပါးပါးလျှလျှ၊ အတွင်းမှ အချိုးအစားကျလှတဲ့ ခန္





ကိုယ် အသားဆိုင် ဖြူဝင်းအိစက်စက်၊ ပြီးတော့ အနက်ရောင် အတွင်းခံက အထင်းသားနဲ့...။ သူတစ်ကြိမ်တစ်ခါမှ မိန်း ကလေး တစ်ယောက်နှင့် ထိတွေ့နီးစပ်ခဲ့ဘူးခြင်းမရှိ။ စီးပွားရေး တစ်ခုထဲကိုသာ အာရုံစူးစိုက်လာခဲ့သူ၊ ရင်တွေ ပူလောင်ပြင်းပြ စွာဖြင့် အောင့်သက်သက် ခံစားနေရသည်။

'ဦးလေးက ငွေယုန့်ထက် အသက်အရွယ်ကြီးရင့်သူပါ။ ငွေယုန့်လို ကောင်မလေးမျိုးကို ဦးလေး လက်မထပ်သင့်ဘူးဆို တာ စဉ်းစားသင့်ပါတယ်။ ငွေယုန်သိပါတယ်လေ။ ဦးလေး ဆက်ခံလိုက်တာ ငွေယုန့်ကို အမုန်းတွေနဲ့ အညှိုးကြီးကြီး နှိပ်ကွပ် ဖို့ပဲ'

'တောက်'

ငွေယုန်ဖြူရဲ့ ညှာတာထောက်ထားခြင်း ကင်းမဲ့စွာ ရဲရဲ တင်းတင်း ပြောဆိုမှုကို ပြန်ကြားယောင်လာပြီး ဒေါသတကြီး နှင့် တောက်ခေါက်ပစ်လိုက်မိသည်။

'ဟုတ်တယ်၊ မင်းကို ငါလုံးဝ လက်မထပ်သင့်ဘူး ငွေ ယုန်ဖြူ၊ ငါ ခါးခါးသည်းသည်းပဲ ငြင်းပစ်လိုက်ရမှာ၊ ငါမှား သွားတယ်။ မင်းကို စည်းကမ်းဘောင်ကျ နေထိုင်တတ်အောင် သွန် သင်ဆုံးမဖို့ ငါစေတနာတွေနဲ့ ကြံစည်ခဲ့တာပါ'

သူ့ရဲ့ ညံ့ဖျင်းမှုပဲ။ သူ့ကိုယ်သူ အထင်တကြီးနှင့် ငွေယုန် ဖြူအား ထိန်းချုပ်နိုင်မည်ဟု ထင်တားတာ အမှားကြီး မှားခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြီဖြစ်သည်။ ခေါင်းကို ခါရမ်းပစ်မိ၏။ အဝတ်အစားတွေပင် မလဲချင်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး နွမ်းနယ်မောပမ်းနေသလိုလို ဖြင့် စိတ်တေ..ာ်တွေ ကျနေခဲ့သည်။ အိပ်ယာပေါ် ပစ်လှဲချလိုက် ပြီးမှ ခပ်ကြောင်ကြောင်နှင့် ငုတ်တုတ်ပြန်ထမိပြန်၏။ သူ့ နှာတံစင်းစင်းလေး သူမ နှုတ်ခမ်းတင်းတင်းလေး တဖြတ်ဖြတ် လှုပ်ခတ်လေတိုင်း ပင့်ကော့တက်သွားတဲ့ မျက်တောင်ကော့ကော့ တွေ ဝိုင်းရံထားတဲ့ မျက်ဝန်းကျယ်ကျယ်လေး...။ ကိုယ်အသက် ဆယ့်သုံးနှစ်သားအရွယ်ထဲက မင်းကိုချစ်မိနေခဲ့တာပါ ငွေယုန် ဖြူ... ဒါပေမယ့် ငိုကျောရှည်ပြီး ဂျီကျလွန်းလို့... မိသားစု ဝင်တွေအပေါ် ဗိုလ်ကျအနိုင်ကျင့်တတ်လွန်းလို့... အိမ်ထောင်ကျ ပြီး ငါးနှစ်လောက်အထိ ကလေးမရလို့ ကိုယ့်ကို သားတစ် ယောက်လိုချစ်ကြတဲ့ အန်ကယ်ကျော်နဲ့ အန်တီစက်တို့ မင်းကြောင့် သေဆုံးရတာ ကိုယ် နာကျင်ခံစားရလွန်းလို့ မင်းကို မုန်းတီးသွားခဲ့ တာပါ။ ငွေယုန်ဖြူဆိုတဲ့ ကောင်မလေးကို တကယ်ပဲ သံယောဇဉ် တွေ တွယ်ညိပြီး လမ်းမှာပေါ် ရောက်မသွားစေချင်လို့ ကိုယ်ဆုံး သွန်သင်စောင့်ရှောက်ပေးချင်ခဲ့တာပါ။ သူအိပ်လို့လည်း မရ ထိုင်နေလို့လည်း မရ။ ပြတင်းပေါက်မှာ ရပ်ပြီး အပြင်က အမှောင်ထုကြီးကိုပဲ အချိန်ကြာမြင့်စွာ စူးစိုက်ကြည့်မိနေသည်။

✿



(၆)

ဦးမိုးသခင်ကို မာန်မာနတွေနှင့် မောက်မားထောင်လွှား နေကာ အတ္တကြီးကြီး ယောကျ်ားတစ်ယောက်ဟု ငွေယုန်ထင်ထား သမယ့် တကယ်တမ်းကျတော့ အရက်သိက္ခာတွေကြီးပြီး ပျော့ ပျောင်းညံ့ ယောကျ်ားတစ်ယောက်အဖြစ် ငွေယုန်ဖြူ သိလိုက် သည်။ ငွေယုန်က ဦးမိုးသခင်ကို ဦးဆောင်နိုင်ခဲ့တာကိုပဲ ကြည့် သေး။ ဒီလိုပဲ ဖြစ်နေရမယ်လေ။ ငွေယုန်ဖြူပဲဟာ။ မာကျောတဲ့ နေရာမှာ သံမဏိက အဘခေါ်ရမယ်။ အရက်က အသက်လောက် အရေးမကြီးပါဘူးနော်။ သူမ အပြင်ထွက်ဖို့ အလှအပတွေ ပြင် သည်။

'ဦးမိုးသခင်ရဲ့ အထောက်အပံ့တွေနဲ့ ထိုင်စားနေလို့ မဖြစ် သေးပါဘူး။ ငွေယုန်သင်တန်းတွေ တက်ရမယ်။ ပြီးတော့ အလုပ် တစ်ခုခုဝင် လုပ်မယ်။ ဝင်ငွေမရှိရင် အနှိမ်ခံရမှာပါ'

အန်တီလေးကပြောတော့ မိဘတွေက အမွေဘာမှမကျန် ဘူးတဲ့။ ဒီခြံနဲ့ တိုက်ပဲရှိတာတဲ့။ တိုက်တောင် အငှားတင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးက တစ်ဝက်ကို ဒယ်ဒီနဲ့ မာမီ့အတွက် အလှူလုပ်ဒေ ရန် ယူသွားသည်။ ငွေယုန်သုံးဖို့ တစ်ဝက်ပေးလိုက်၏။ ငွေယု လည်း မသုံးချင်ပါဘူး။ ဒယ်ဒီနဲ့ မာမီ့အတွက်ပဲ ထားချင်ပါတယ ဘာပဲဖြစ်ဖြစ် ငွေယုန်အလုပ်လုပ်ရမယ်။ ဦးမိုးသခင်နှင့် လ ထပ်ဖို့ သေချာနေရင်တောင် သူ့ဆီက လက်ဖြန့်ခံတောင်းရ ဘယ်လောက်အထိ အောက်ကျနောက်ကျနိုင်မလဲ။ အိမ်ထဲမှ ငြိမ်ကုပ်ပြီး သူ့အိမ်ရှင်မတော့ လုံးဝမလုပ်နိုင်ပါဘူးနော်။ သ အဝတ်အစားလဲပြီး ကျော့ကျော့မော့မော့လေး အပြင်ထွက်လ သည်။

'ဦးလေးရော နိုးပြီလား မိသီ'

'ဟုတ်ကဲ့ပါ မမလေး၊ ကုမ္ပဏီကိုတောင် ထွက်သွား ပြီ'

'ဟုတ်လား'

ဟွန်း... တွေ့လား ငွေယုန်ကို နည်းနည်းလေးမှ အ မလုပ်တာ... ကုမ္ပဏီကို သွားပြီတဲ့၊ ရှင်နဲ့ လက်ထပ်ဖို့ အ စိတ်ကူးယဲတောင် မထည့်ချင်တော့ဘူး။ ငွေယုန့်စိတ်ထဲ မကျေမနပ်နှင့် ဒေါပွချင်လာသည်။ ငွေယုမှသိပါတယ် ရှင်ကိုယ်တိုင်က ကျွန်မကို လက်မထပ်ချင်ဘူးဆိုတာ...။ သ ခြံထဲထွက်လာသည်။

'မမလေး... ဘယ်သွားမလို့လဲ ခင်ဗျား၊ ကျွန် လိုက်ပို့ပေးပါရစေ'





'ရတယ်၊ ငွေယုန် လွတ်လွတ်လပ်လပ်လေး နေထိုင်သွား သာချင်လို့ပါ၊ ရတယ်'

ဦးမိုးသခင်ရဲ့ ဝန်ထမ်းတွေကတော့ တရိုတသေ တလေး သစားနှင့် ငွေယုန့်အား ချစ်ခင်ကြပုံရသည်။ သူမကိုယ်တိုင်က သည်း ခပ်တည်တည်ပဲလေ။ လုံးဝအကျောတော့ မခံဘူး။ ငွေ ယုန်ငယ်ငယ်လေးထဲက အကြောက်အလန့် ကင်းမဲ့သူပါ။

'ဦးပု... တာဝန်ကျေပါတယ် ငွေယုန့်ကို မပူပါနဲ့၊ ဘိုင်'

သူမက လက်ကလေးပင်ပြ၍ နှုတ်ဆက်ထွက်လာခဲ့သည်။ ခြံအပြင်ရောက်လာပြီးမှ ငွေယုန်ဘယ်ကို သွားရမှန်းမသိ။ လှ သည်ကြီးလုပ်၍ ထွက်လာခဲ့ခြင်းဖြစ်၏။ သူမ အငှားကား Taxi တစ်စီး လှမ်းတား၍ သင်တန်းတွေ ဖွင့်ထားလေ့ရှိတဲ့ ဘားလမ်း ကို ပို့ပေးပါဟု ကြားဘူး နားဝနှင့် ပြောလိုက်သည်။

'ငွေယုန့်ကိုတော့ တော်း၊ အေမလေးလို့တော့ မထင်လိုက် နော်၊ မကြာခင်မှာ ရန်ကုန်မြို့ကြီးကို ခါးစောင်းတင်ပစ်နိုင် အောင် လုပ်ပြမယ်'

ငွေယုန်ကတော့ ဦးမိုးသခင် အထင်သေးမှာ ကြောက် သည်။ သူထားရာနေ စေရာသွားရမယ့် မိန်းမခပ်ညံ့ညံ့ဘဝကို ခံယူနိုင် အစွမ်းအစရှိရှိနှင့် ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ် တည်နိုင်ကြောင်း ပြသရမယ်။ သူမ ဘားလမ်းကို ရောက်လာပြီး Taxi ပေါ်မှဆင်း၍ လမ်းထဲဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘာရှာနေတာလဲ အမိ၊ ကိုယ်ဘာအကူအညီ ပေး
မလဲ' သင်တန်းတွေကို ပြူးတူးပြဲတဲ ရှာဖွေနေတဲ့ ငွေယုန့်အနား
ကောင်လေးတစ်ယောက် ကပ်လာပြီး မေးသည်။ ငွေယုန့်နှုတ်
ခမ်းလေး စူတင်းသွား၏။ ဘာမှမပြောဘဲ ရှေ့ဆက်လျှောက်
ခဲ့သည်။

'ဟော့... ကိုယ်က စေတနာနဲ့ မေးတာပါ။ မင်းဒီအတိုင်း
လျှောက်ကြည့်နေလို့ ပတ်ဝန်းကျင်က တစ်မျိုးထင်နေဦးမယ်
မင်းနယ်ကနေ တက်လာတာလား'

သူမနှင့် ရွယ်တူကောင်လေးတစ်ယောက်ပါ။ ရုပ်က …
ဒယ်တစ်ယောက်ကဲ့သို့ ဖြူနုချောမောနေသည်။ ငွေယုန်မှာလည်း
အသိအကျွမ်းတစ်ယောက်လောက် လိုအပ်နေ၍လည်း အလို…
အထိုက် ဆက်ဆံလိုက်ဖို့ စိတ်ကူးရသွား၏။ ဟုတ်တယ်- Spea
king လာတက်တာဘာဟု ပြောလိုက်သည်။

'ကိုယ်လည်း speaking လာတက်တာပဲ၊ ဟိုမှာလေ

သူညွှန်ပြရာ သူမမော့ကြည့်လိုက်မှ English speak
ing သင်တန်းဆိုင်းပုဒ်ကို တွေ့လိုက်ရလေသည်။ အမှန်
ငွေယုန် ဘာမှန်းမသိ။ လူလည်ကြီးလိုလိုဘာလိုလို ထွက်လာ
တာပါ။ ဦးမိုးသခင်ရှိန်အောင်လေ၊ ငွေယုန်ဖြူဖြူကို နယ်က
လာတဲ့ နုံနုံအအလေးဟု မထင်စေချင်၍ ဖြစ်၏။ မထူးတော့
ဘူး၊ ငွေယုန်လည်း တက်ချင်နေတာနှင့် အတော်ပဲ ဖြစ်သွား
သဖြင့် တက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။





'သင်တန်းကြေး သွားသွင်းရအောင်၊ မင်းနာမည် ဘယ်
လိုခေါ်လဲ'

'ငွေယုန်ဖြူဖြူ'

'ကိုယ့်နာမည်က ထိန်ထိန်လင်းပါ။ ကိုယ့်မိဘတွေရော
သူငယ်ချင်းတွေကပါ လင်းလို့ပဲ ခေါ်ကြတယ်'

'ကျွန်မကိုလည်း ငွေယုန်လို့ပဲ ခေါ်ပါ'

'ငွေယုန် ဟုတ်ပြီ၊ ကိုယ်တို့နှစ်ယောက် မိတ်ဆွေဖြစ်သွား
ပြီနော်'

'အင်း'

'စာရင်းသွင်းကြရအောင်'

'ဟုတ်'

ငွေယုန် ဘယ်လိုပဲဖြစ်ဖြစ် သူငယ်ချင်းတစ်ယောက် ရ၍
လည်း ပျော်သည်။ လင်းတဲ့... ဒါပေမဲ့လည်း ငွေယုန်စိတ်ထဲမှာ
ခုံမရဲနှင့် မိတ်ဆွေဖွဲ့လို့ ဖြစ်ပါ့မလားဟု စိုးရိမ်ထိတ်လန့်စွာ
တွေးနေမိ၏။ ငွေယုန့်လုပ်ရပ်တွေက စည်းဘောင်ကျော်လွန်းလာ
ပြီဟုသော အတွေးကြောင့် လင်းနှင့် ခန္ဓာကိုယ်ချင်း ထိမတတ်
လှေခါးကျဉ်းကျဉ်းလေးမှာ ယှဉ်တွဲလျှောက်နေရာကနေ သူမခြေ
လှမ်းတွေကို ခပ်သွက်သွက်လှမ်း၍ အပေါ်ထပ်သို့ တက်လာခဲ့
သည်။

'ခြေလှမ်းတွေ မြန်လှချည်လား ငွေယုန်၊ ဘာလဲ ကိုယ့်ကို
ကြောက်လို့လား'



www.burmeseclassic.com

www.burmeseclassic.com



'မကြောက်ပါဘူး၊ ငွေယုန်က နယ်ကတက်လာပေမယ့် လုံး၀ အကြောက်အလန့် မရှိဘူးနော်'

'သတ္တိခဲပဲ'

ငွေယုန်ဖြူဖြူရဲ့ ခန္ဓာကိုယ် အချိုးအစား တောင့်တောင့် ဖြောင့်ဖြောင့်လေးကို လင်းနောက်မှ စိတ်တိုင်းကျ ကြည့်ခွင့် သွားသည်။ အရမ်းကို လှပအိစက်ချောမောသူလေး...။ လင်း မိန်းမကျမ်း ကြေနေတဲ့ကောင်ပင် ငွေယုန်ဖြူဖြူကို ကြွေချင်ချ ဖြစ်သွား၏။ လင်းနဲ့မှ လာတွေ့ရတယ်။ အဖြူရောင်သက်သ လေးပဲ။ ငွေယုန်ခန္ဓာကိုယ် နောက်ပိုင်းလေးကို တစိမ့်စိမ့် ရှု ရင် လင်းတုန့်နှေးနှေး တက်လာခဲ့သည်။

'ငွေယုန်ဖြူဖြူပါ။ နယ်ကနေ လာတာပါ။ ပြင်ဦးလွင်မြ အမှတ် (     ) ဗိုလ်ချုပ်လမ်း'

ပြင်ဦးလွင်မှာနေတဲ့ ငွေယုန်ဖြူဖြူ...။ နဖတ်ဝင်းတော ပြီး လင်း ကိုယ်တိုင်ပေးမောကြည့်ရသည့် အထိပင်။ ဆံပင်ရှ ရှည်လေးတွေက ကျောလယ်အထိ ဖြောင့်စင်းရှည်လျားစွာ... လင်း ကြွေသွားပြီ။ စာရင်းသွင်းပြီး စားသောက်ဆိုင်မှာ တစ်ခု စားဖို့ ချိန်းတော့ သူမက ငြင်းသတဲ့။

'ငွေယုန် ပြန်မယ် sorry နော်'

'ငွေယုန်'

'ရှင်...'





'အခု မင်းဘယ်မှာနေလဲ...။ သင်တန်းမှာ နယ်လိပ်စာပဲ ပေးထားတယ်၊ ရန်ကုန်မှာနေတဲ့ လိပ်စာကရော'

'ဟင့်အင်း... သွားပြီနော်'

'ခဏလေး'

ငွေယုန်ဖြူဖြူက ရှေ့မှ အပြေးကလေး ဆင်းသွားသည်။ လင်း လွှတ်ထွက်သွားတဲ့ စိတ်တွေကို ထိန်းချုပ်၍ ငွေယုန့်နောက် သို့ အသည်းအသန်မလိုက်တော့၊ နောက်နေ့သင်တန်းမှာ တွေ့ နိုင်သေးတာပဲ။ အရမ်းကြီး လောမကြီးနဲ့ ထိန်ထိန်လင်း။

'ငွေယုန်... အလောတကြီး မသွားပါနဲ့ကွာ၊ လင်းမလိုက် ပါဘူး၊ မင်းက အကြောက်အလန့် မရှိတဲ့ကောင်မလေးဆို'

သူရယ်နေသည်။ ငွေယုန်အကြောက်အလန့်မရှိဘူးဆိုပေ မယ့် ဦးမိုးသခင် တွေ့သွားရင် ငွေယုန့်ဂုဏ်သိက္ခာ နှစ်ပြားတောင် မတန်ဖြစ်သွားမှာ စိုးရိမ်မိ၏။ ဦးမိုးသခင်ရဲ့ အထင်သေး မုန်းတီး နှံ့ရှာတဲ့ အကြည့်တွေအောက်မှာ နုလံထူနိုင်မှာ မဟုတ်တော့။ အန့်တီလေးဆီ သတင်းရောက်သွားရင် ပြီးပြီပဲ။ Taxi ပေါ် အလျင်အမြန် တက်လာခဲ့သည်။

'ငွေယုန်မှားသွားပြီ ထင်တယ်၊ ယောကျ်ားတွေအကြောင်း နင်ဘယ်လောက်သိလို့လဲ၊ နင်ပတ်သက်ဘူးတာ ဦးမိုးသခင်ပဲ ရှိတာ'

ငွေယုန် သတ္တိရှိသည်ဟု သူမကိုယ်သူမ ဘယ်လောက်ပဲ အားတင်းထားပါစေ။ ကိုယ့်ကျင့်သိက္ခာကိုတော့ အထိခိုက်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ လင်းက သူမနှင့် သက်တူရွယ်တူ . . .။ အရမ်းလည်း ချောတယ်။ ရင်ထဲမှာ ညှိတွယ်ချင်နေသည်။ သူမ ပြန်ရောက်လာ တော့ မိသီက ဆရာဖုန်းဆက်တယ်။ မမလေး ငွေယုန် ဖုန်းပိတ် ထားလို့တဲ့ ညစာကို အပြင်မှာထွက်စားမယ် ပြင်ဆင်ထားပါတဲ့။

'ဆရာ ညနေစောစော ပြန်လာမယ်လို့ ပြောပါတယ်။ မမလေးအတွက် လိုအပ်တာတွေလည်း လိုက်ဝယ်ပေးမယ်တဲ့'

သူမ ဖုန်း မနက်ထဲက ပိတ်ထားပြီး မဖွင့်မိ။ တကယ်ပဲ ငွေယုန်အမြဲတမ်း နမောနမဲ့နှင့် . . .။ သူမ အိပ်ခန်းလေးထဲ ဝင်လာ ခဲ့သည်။ လင်း . . . မဖြစ်ပါဘူး။ တစ်နေ့နေ့မှာ ဒီမင်္ဂလာ အိပ်ခန်း ကြီးထဲကို ဦးမိုးသခင် လာအိပ်မှာပဲဆိုတာ ငွေယုန်သိနေသည်။ သူမ ငြင်းဆန်ရင်တောင် ဦးမိုးသခင် အတင်းအကြပ် ငွေယုန်ရဲ့ အပျိုစင်ဘဝလေးကို ဝါးမျိုသုံးဆောင်မှာ သေချာသည်။

'စိတ်တွေ ရှုပ်ထွေးလိုက်တာနော်၊ လင်းကို ဘာဖြစ်လို့ များ မေ့ပစ်လိုက်လို့ မရတာလဲ၊ ရင်တွေလည်း ခုန်နေတယ်။ လင်းကြောင့်လား'

သူမကို ဂရုတစိုက်ရှိပြီး ကြင်နာတတ်တဲ့ လင်း . . . မာန် တွေ ဟန်တွေနှင့် တလောကလုံးကို စိန်ခေါ်ချင်တဲ့ ငွေယုန်ပြ ဖြူနှလုံးသားတွေက တကယ်တမ်းကျတော့ နူးညံ့သိမ်မွေ့နေ သည်။ နှစ်ယောက်အိပ်ကုတင်ကြီးပေါ်မှာ ငွေယုန် မအိပ်ခဲ့ လင်းနှင့်ဆုံပြီးမှ ထိုနေရာကနေ ထွက်ပြေးချင်စိတ် ပေါ်ပေါက်ခဲ့ ၏။ ဦးမိုးသခင်နှင့် ငွေယုန် စောစောစီးစီးပဲ ပြတ်သားစွာ လမ်း





ကော ပြောသင့်နေပြီလား၊ ဟင့်အင်း အဲ့ဒီလိုလည်း မဖြစ်သေး ပါဘူး။ အန်တီလေး စိတ်ဆင်းရဲပြီး သေသွားလိမ့်မယ်။ ဒယ်ဒီနဲ့ ဓာမီလည်း ငွေယုန့် ပယောဂမကင်းဘဲ သေဆုံးသွားခဲ့ကြတာပဲ လေ။

'လင်းကို မေ့ပစ်ရမယ်။ လုံးဝ မပတ်သက်သင့်ဘူး၊ ဒီ သင်တန်းလည်း သွားမတက်တော့ဘူး၊ ဘယ်လို အကြောင်းနဲ့ပဲ ဖြစ်ဖြစ် ငွေယုန်, လက်ထပ်ရမှာက ဦးမိုးသခင်ပါ။ သေချာတယ် ဦးလေးနဲ့ပဲ။

လင်းကို ငွေယုန့်နှလုံးသားတွေထဲကနေ ဖယ်ရှားမောင်း ထုတ်ပစ်ရမည် ဖြစ်လေသည်။

'တော်ပါပြီ ဘာသင်တန်းမှ မတက်တော့ဘူး၊ အလုပ်ပဲ လုပ်မယ်။ ငွေယုန်အလုပ်တစ်ခုခုရအောင် ကြိုးစားမယ်၊ ဟွန်း ဦးဝင်ငွေနဲ့ ထိုင်မစားချင်ပါဘူးနော်'

ငွေယုန်ထက် အသက်ရှစ်နှစ်လောက်ကြီးတဲ့ ယောကျ်ား တစ်ယောက်ကို လက်ထပ်ရမှာ သူမ လက်မခံချင်ပေ၊ ဦးမိုး သခင်နဲ့က ငယ်စဉ်လေးထဲက မသင့်မြတ်ခဲ့ကြတာ။ ညနေစောင်း တော့ ဦးမိုးသခင်ပြန်လာသည်။

'မမလေး . . . ပြင်ဆင်တော့လေ ဆရာရောက်လာပါပြီ၊ ခဏလောက်ကြာရင် အောက်ထပ်ဆင်းလာခဲ့ပါတဲ့'

ငွေယုန်ခေါင်းပဲ ငြိမ့်ပြလိုက်သည်။ အင်အားကို မရှိတာ ဦးမိုးသခင်နှင့် အပြင်မထွက်ချင်ပါဘူး။ မဖြစ်သေးပါဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ။ ဦးမိုးသခင် ကျေနပ်အောင်တော့ လောလောဆယ် နေ ထိုင်ကြရမည်ဖြစ်သည်။ စိတ်ညစ်တယ် လောကကြီးက ငွေယုန့် အပေါ် ဘာဖြစ်လို့များ ဆိုးဝါးတဲ့ ကံကြမ္မာတွေကိုပဲ လက်ဆောင် ပေးနေရတာလဲလို့၊ လင်းရယ်... ငွေယုန်မလုပ်ချင်တာတွေပဲ လုပ်ရတော့မယ် ထင်တယ်။ သက်တူရွယ်တူ ယောကျ်ားချောချော လေးတစ်ယောက်နဲ့ ချစ်သူဖြစ်ခွင့်တောင် ငွေယုန့်မှာ မရှိဘူး။ ကံဆိုးလိုက်တာ၊ ကံဆိုးလိုက်တာ...။ သူမတစ်ယောက်ထဲ အခန်းထဲမှာ ဆံပင်တွေကို လက်နှစ်ဖက်နှင့် ထိုးဖွရင်း အော်ဟစ် မိသည်။

'ကံဆိုးလိုက်တာ၊ ကံဆိုးတယ်'

'ငွေယုန်ဖြူဖြူ... မင်းဘာတွေ အော်နေတာလဲ၊ အပြင် ထွက်ဖို့ ပြင်ဆင်ပြီးပြီလား'

'ဟင်'

အမလေး သေပါပြီ ဦးမိုးသခင်ပဲ၊ ဘုရားရေ ငွေယု အော်ဟစ်နေတာများ ကြားသွားပြီလား၊ ဦးမိုးသခင်က မလို မလိုသလို အန်တီလေးဆီ ဖုန်းဆက်တိုင်ပစ်မှာလည်း ကြောက် သေးသည်။

'ဟုတ်ကဲ့ ပြင်ဆင်နေပါပြီ၊ အင်္ကျီဝတ်နေလို့ပါ... ခြ မှာပဲ စောင့်နေပေးပါ ဦးလေး'

'ကိုယ့်မှာ တခြားအလုပ်တွေ ရှိနေသေးတယ် ငွေယုန် ဖြူ၊ မင်းနာရီဝက်အတွင်း ဆင်းလာခဲ့ပါ'





'ဟုတ်'

သူ့ကို ဘယ်သူက သွားမယ်ပြောနေလို့လဲ၊ သူ့ဟာသူ ည်ကျောပြီး အပြင်ထွက်ချင်တာများ၊ ကျွန်မသိတယ်နော်၊ ာင်မလေး ငယ်ငယ်နုနု ထွက်ထွတ်လေးကို ရှင်ကြီးက လွှတ်မပေးချင်ဘူး မဟုတ်လား၊ ကျားချောင်း ချောင်နေတာပါ။ ငွေယုန် ရေချိုးမနေတော့ဘဲ အဝတ်အစားပဲ လဲပစ်လိုက်လေ သည်။ ထုံးစံအတိုင်းပဲ လူပျိုသိုးကြီးကို ထိုးနက်မှုတစ်ခုအဖြစ် ါင်လယ်လောက်အထိ ရှည်တဲ့အင်္ကျီကိုပဲဝတ်ပြီး ကျော့ကျော့ ာ့မော့လေး ဆင်းလာခဲ့သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

# (၇)

'ဟင် ဒီကောင်မလေးအပေါ် အင်္ကျီလေးပဲ ဝတ်ထားတာ ပါလား... အောက်ခံဘောင်းဘီတောင် ပါရဲ့လားပဲ ဒုက္ခပါပဲ ကွာ'

မိုးသခင်အကြည့်တွေက ငွေယုန်ဖြူဖြူဆီ ရဲရဲတင်းတင်း မဟုတ် ဖြတ်ခနဲကြည့်ပြီး မျက်နှာတပြင်လုံး ထူပူသွားရ ပေါင်တံဖြူဖြူလေး တစ်ပိုင်းတစ်စဆီကနေ အကြည့်တွေ ဆတ်ခနဲ လွှဲပစ်လိုက်ရသည်။ ဒီကောင်မလေး တမင်များ သူ့ အရှက်ရစေရန် ကြံစည်လုပ်ဆောင်နေတာလား။

'သွားမယ်လေ ဦးလေး၊ ဘာဖြစ်လို့လဲ စောစောက အတင်းခေါ်နေပြီးတော့ ကျွန်မမျက်နှာတောင် မသစ်လိုက်ရ

'ဟင်... မင်း... မင်း မနက်ထဲက မျက်နှာမသစ် သေးတာလား'

'အဟီ... အိပ်ယာက ထတုန်းကတော့ မျက်နှာသစ်





တယ်။ မနက်က အပြင်သွားပြီး ရေချိုးခန်းထဲတောင် မဝင်လိုက် ရသေးဘူးလို့ ပြောတာပါ'

ငွေယုန်ဖြူဖြူနှင့် စကားအခြေတင်ပြောနေရင်လည်း အဆို တွေပဲ ဖြစ်နေမှာပါ...။ မင်းအဝတ်အစားတွေ မသင့်တော်ဘူး၊ ဖြန့်လဲစမ်းဆိုလည်း သူ့စကားကို ဆန့်ကျင်ဘက်လုပ်၍ ဆင်ခြေ ဆင်လက်တွေ ပေးမှာ သေချာသည်။

'သွားမယ်'

'အဟက်'

'မင်း ဘာရယ်တာလဲ'

'မသိဘူး'

'ဘာ'

'ဦးလေး ဘာဖြစ်နေတာလဲ၊ ကျွန်မ ဘာအမှားမှ လုပ် ထားဘူးနော်'

မိုးသခင်ကားပေါ် တက်လိုက်သည်။ ဒီကောင်မလေးကို ဥက္ကာပြုထားချင်တာပါ။ သူ့ကို အထင်လွဲပြီး လုပ်ချင်ရာတွေ လျှောက်လုပ်ပစ်မှာလည်း စိတ်က ပူနေ၏။ မိဘတွေက အလို လိုက်ထားလွန်း၍ ကလေးဆန်တဲ့ ငွေယုန်ဖြူဖြူအပေါ် နား လည်နိုင်အောင် မိုးသခင်ဘက်ကပဲ ကြိုးစားဖို့ ဆုံးဖြတ်ထား သည်။

'ငွေယုန်ဖြူဖြူ'

'ဟုတ်ကဲ့ ဦးလေး ပြောပါ'



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန်ဖြူဖြူ… ငွေယုန်ဖြူဖြူနှင့် သူမနာမည်အ
တရှည်တလျားနှင့် စိမ်းစိမ်းပြတ်ပြတ် တောင့်တောင့်ကြီးခေါ်
တာ၊ ဦးမင်းသခင် မလွဲသာ မရှောင်သာဘဲ ငွေယုန့်အား ပြော
ဆက်ဆံနေတာဟု တွေးမိလာပြီး ဒေါသက ထွက်ရပြန်သည်

'မင်းကို မနက်ဖြန်ကျရင် မင်းအတွက် လိုအပ်တဲ့ သ
တန်းတွေတက်ဖို့ ဒရိုင်ဘာ ကိုပုလိုက်ပို့ပေးလိမ့်မယ်။ အခု
အပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေဝယ်ပါ'

'ကျွန်မ အပ်ထားပြီးပြီ'

'ဟင်… ဘယ်တုန်းကလဲ'

'မနက်ကလေ၊ ကိုပုက လိုက်ပို့ပေးမယ် ပြောပါတယ်
ငွေယုန်တစ်ယောက်ထဲပဲ သွားချင်လို့၊ ဘားလမ်းမှာ အပ်ခဲ့တာ

တော်တော်ဆိုးသွမ်း ပေတေမာကျောတဲ့ ငွေယုန်ဖြူဖြူ
ကြည့်စမ်း မနေ့ကမှ ရန်ကုန်မြို့ကို ရောက်ဘူးတာ။ ဒီနေ့ ဘာ
လမ်းမှာတောင် သင်တန်းသွားအပ်ပြီးပြီတဲ့။ လျှော့တွက်ထ
လို့မရတဲ့ ကောင်မလေးပဲ၊ မိုးသခင် ကျောထဲကပင် စိမ့်သွ
ချင်သည်။

'ငွေယုန်တွက် စိတ်မပူပါနဲ့ ဦးလေး၊ ငွေယုန်ငယ်ငယ်
ထဲက ကိုယ့်ဆုံးဖြတ်ချက်နဲ့ပဲ နေထိုင် လှုပ်ရှားလာခဲ့တာ
ငွေယုန်က သူများဆီက အပိုဩဇာတွေကို မနာခံတတ်ပါ

ကဲ… ဦးမိုးသခင် ဘာတတ်နိုင်သေးလဲ၊ ငွေယုန်ဖြ





ရှင်ကိုယ်တိုင် လိုက်ပါ ဆောင်ရွက်ပေးသင့်တာကို ဘာဖြစ်
ဒရိုင်ဘာနဲ့ လွှဲအပ်ရတာလဲ၊ ရှင့်ကုမ္ပဏီမှာ ရှင်ဝင်ချင်ဝင်
က်ချင်ထွက်လို့ ရနေတာပဲ မဟုတ်လား၊ အရမ်းကို ကြီးကျယ်
နားလွန်း မနေပါနဲ့၊ ငွေယုန်နှင့် အောက်သက်သက် သဘော
ာင်းချင်ယောင်ဆောင်ပြီး ဆက်ဆံပြောဆိုနေတာကြီးကို သိ
နေ၍ အမြင်ကတ်လာရသည်။ နဂိုကမှ အရွဲ့က တိုက်ချင်
၊ အန်တီလေး စိတ်ဆင်းရဲရမှာကြောက်လို့ အလိုက်အထိုက်
က်ဆံနေရတာများ၊

'ငွေယုန် အလုပ်လုပ်မယ်'

'ဘာပြောတယ်'

'ကျွန်မ အရမ်းချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်နဲ့
ထပ်ဖြစ်ခဲ့ရင်တောင် ကိုယ်ပိုင်ဝင်ငွေရှာချင်တယ်။ အလုပ်
ရမှာပဲ၊ ကျွန်မရန်ကုန်မြို့ကို ဘာက်လာတဲ့ ရည်ရွယ်ချက်က
ည်း စီးပွားရေးလုပ်ငန်းတွေ လုပ်ချင်လို့ပါ။ ဟိုလေ ဦးမိုး
င်ပိုက်ဆံတွေနဲ့တော့ လုံးဝမလုပ်ဘူးနော်'

ကြီးကြီးကျယ်ကျယ်တွေ ပြောနေတဲ့ ငွေယုန်ဖြူဖြူကို
ည့်ပြီး မိုးသခင် ရယ်ချင်သွားသည်။ မင်းမှာ ဘာအရည်
င်းမှ မရှိဘူးဆိုတာ မသိဘူးများ ထင်နေလား ကောင်မလေး၊
သိုလ်ဝင်တန်းတောင် မင်းအမှတ်နည်းနည်းလေးနဲ့ အောင်ပြီး
လေးတစ်ခု အနိုင်နိုင်ရခဲ့တဲ့ မင်း။ အရင်ကလောက် ငွေယုန်
အား အမြင်ကတ်မနေတော့ဘဲ သံယောဇဉ်လေးတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ တွယ်ငြိချင်လာရသည်။ ကလေးဆန်ပြီး နေချင်သလို ဝတ်ချင်သလိုဝတ်၊ ပြောချင်တာတွေ ငဲ့ညှာ ထောက်ထားရမှာ ဘာတွေမ သိဘဲ ပြောနေတတ်သူလေးကို ခွင့်လွှတ်ထားမိ သည်။

'နောက်တစ်ခါ မင်းတစ်ယောက်ထဲ မသွားပါနဲ့ ဒရိုင် ကိုပုရှိသားပဲ၊ မင်းဆန္ဒအတိုင်းလုပ်ပါ။ ကိုယ်တတ်နိုင်သလော အကူအညီပေးမယ် ငွေယုန်ဖြူဖြူ'

'သိပ်မလိုဘူး ထင်ပါတယ်၊ ကျွန်မလုပ်ငန်းအတွေ့အ ရှိပြီးသွားရင် နယ်က ခြံနဲ့တိုက်ကို ရောင်းပြီး အရင်းအနှီး မှာပါ'

'ခြံနဲ့တိုက်က သူများဆီမှာ ပေါင်နှံထားရတာ မင်းသိ လား ငွေယုန်ဖြူဖြူ'

'ဟင်... ဟုတ်လို့လား... ရှင် လိမ်တာပဲ၊ ဒါမျိုးပြော ကျွန်မကို ဟောက်စားလုပ်မလို့ မဟုတ်လား၊ လုံးဝ ဂရုမစိုက် နော်'

ငွေယုန်နေတဲ့ ခြံနဲ့တိုက်ကို ဘယ်တုန်းကများ ဘယ်သူ မှာ ပေါင်ထားတာလဲ၊ အန်တီလေးလည်း မပြောပေ။ ငွေ စိတ်ထဲမှာတော့ နည်းနည်းလေး ပူပင်သွားရကာ၊ တုန် ခြောက်ခြားသွားရသည်။

'ငွေယုန် တူမလေး အသုံးအဖြုန်းတွေ လျှော့နော်၊ အ





သားတို့မှာ ဝင်ငွေမရှိဘူး၊ အစ်ကိုနဲ့ မမထားခဲ့တဲ့ငွေပဲ ထိုင်စား နေတာလေ'

အန်တီလေး ပြောတာတော့ ရှိပါတယ်။ ဒုက္ခပါပဲ၊ ဒီလူ ကြီးကိုမှ သွားပြောရလား၊ ငွေယုန့်မှာ အမွေတွေ မရှိတော့ဘူးဆို ား မယူချင်တာလည်း ဖြစ်မှာပေါ့၊ တကယ်ဆို မိဘတွေရဲ့ ဆန္ဒအတိုင်း ငွေယုန်က ဘာပဲပြောပြော အတင်းအကြပ် လက် ခံပစ်ရမှာလေ၊ သိပြီ... အသိုင်းအဝန်း အဆောင်အယောင်မဲ့ လို့ ရှင်အင်တင်တင်နဲ့ သုံးလကြီးများတောင် အချိန်ပေးတာ။ န်မအပြစ် ကျူးလွန်မိသွားပြီ၊ ဒီအကြောင်းပြချက်နဲ့ ကျွန်မ ို အလွယ်တကူ ခွာချပစ်မှာ သိတယ်။ ဦးမိုးသခင်အပေါ် ငွေယုန်အကောင်းတွေးမယ် ကြံလိုက်တိုင်း အဆိုးတွေပဲ ရှေ့မှ ပေါ်လာနေသည်။

'ကျွန်မတို့ ခြံနဲ့တိုက်ကို ပေါင်နှံထားလည်း ရောင်းရင် ငွေတချို့တစ်ဝက်တော့ ရဦးမှာပဲ၊ ရတယ်လေ၊ ငွေယုန်တို့က ရွှမ်းအစရှိပါတယ်'

'ခြံနဲ့တိုက်က အပေါင်ဆုံးနေပြီဆိုရင်ရော မင်းတောင် ရောမရှိလို့ ကိုယ့်ဆီလာနေရတာလေ'

'ဘာ... ဘာပြောတယ်၊ မဟုတ်တာတွေ အမိပ္ပာယ်မရှိ တာ၊ လုံးဝမဖြစ်နိုင်ဘူး၊ ရှင်က ဒီကိစ္စတွေကို ကျွန်မတောင် သိဘဲနဲ့ သိနေရတာလဲ'

'မင်းအန်တီလေး ပြောပြလို့ သိတာလေ'



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူလိုက်တာနော်၊ တကယ်ပဲ ငွေယုန်ရမယ့် အခ
ခြံနှင့် တိုက်က အပေါင်ဆုံးသွားပြီလား၊ ဒါဆို ငွေယုန်
ဘာမှ ပိုင်ဆိုင်မှု မရှိတော့ဘူးပေါ့။ ဒါကြောင့်လည်း အန်တီလေ
က ဦးမိုးသခင်ထံ အတင်းအကြပ် လွှတ်နေတာလည်း ဖြစ်
သည်။ ငွေယုန် ပျက်သွားတဲ့ သူမ ဟန်ပန်တွေကို ရုတ်ခြ
ပြန်ပြင်လိုက်၏။ ဦးမိုးသခင်ရှေ့မှာတော့ အားငယ်တဲ့အမူအ
ပြလို့ မဖြစ်ဘူး၊ သေသာ သေပစ်လိုက်ချင်တော့တယ်။ ဒီလို
သိရင် ဦးမိုးသခင်ဆီ မလာပါဘူး၊ ဒီလိုအဖြစ်မျိုးတွေကြေ
ငွေယုန်ကျုတ်ပြီး ငြိမ်ကုတ်သွားလိမ့်မယ်လို့တော့ ထင်မထာ
နော် ဦးမိုးသခင် ...။

'မင်းကို လေလွင့်ပျက်စီးနေတဲ့ မိန်းကလေးတစ်ယော
အဖြစ် ကိုယ်မမြင် မတွေ့လိုခဲ့ဘူး ငွေယုန်ဖြူဖြူ၊ အရမ်းမြေ
ကြွနေတဲ့ မင်းပုံစံက ဘစ်နေ့နေ့ ဒုက္ခအကြီးအကျယ် ရော
လိမ့်မယ်'

မိုးသခင်စိတ်ထဲကနေ တွေးမိနေသည်။ အမှန်က ငွေ
ဖြူဖြူမှာ မိဘအမွေအနှစ်တွေ ရှိနေသေးသည်။ ခြံနဲ့တိုက်
လည်း အန်တီလေးနှင့် တိုင်ပင်ပြီး လူယုံမိတ်ဆွေတစ်ယော
ဆီမှာ ပေါင်နှံထားကြောင်း ဇာချုပ်ချုပ်ထားခဲ့သည်။

'တူမလေး ငွေယုန်ကပေါ့ပေါ့နေ ပေါ့ပေါ့စား ဖြ
တယ် မောင်မိုးသခင်ရယ်၊ အချိုးမပြေဘူး၊ အန်တီလေး
ပူတယ်၊ စည်းစိမ်တွေ ကုန်သွားပြီဆိုမှ ငြိမ်သွားမယ်လို့ ထင်





'

အန်တီလေး အကြံအစည်နှင့် မိုးသခင်ပြောလိုက်တာ
ငွေယုန်ဖြူဖြူက နည်းနည်းလေးမှ အထိတ်တလန့် မရှိ၊ ကိုယ်
သေး လှုပ်ခါကာ ရယ်မောရင်း မိုးသခင်ကိုတောင် လူလိမ်ကြီး
တစ်ယောက်လို ပြောင်စပ်စပ်ကြည့်ကာ ရှင် လိမ်ညာနေတာဟု
ပ်ရင့်ရင့် ပြောလိုက်သဖြင့် မိုးသခင်ပဲ ရှက်ပြီး ပူထူရှိန်းမြ
သွားရသည်။

'ငွေယုန် ဗိုက်ဆာနေပြီ၊ စားသောက်ဆိုင်တစ်ခုပဲ မောင်း
ပါတော့၊ ဦးလေးကားမောင်းတာ နှေးလွန်းတယ်'

မိုးသခင်ကိုတောင် အပြစ်တင်ပြီး ဆရာကြီးလုပ်နေသေး
သည်။ အန်တီလေးတူမ ငွေယုန်ဖြူဖြူက ကိုင်တွယ်ရ ခက်ခဲ
သိုက်တာဗျာ၊ ကျွန်တော့်ကိုပဲ မညှာမတာ ပြန်ပြန်ခွပ်နေသေး
တယ်ဟု တိုင်တောပစ်ချင်လာရ၏။ ဆက်မပြောတာပဲ ကောင်း
ပါတယ် မင်းပဲ လိမ့်ခံနေရမှာဟု ကိုယ့်ကိုယ်ကို ဆုံးမသတိ
ပေးပြီး အကောင်းဆုံး စားသောက်ဆိုင်မှာ ထိုးရပ်ပစ်လိုက်သည်။

'ဦးလေး... နေပါဦး... ဒီဆိုင်မှာ မရပ်ပါနဲ့၊ အရမ်း
အကောင်းစားကြီး ဖြစ်နေတယ်'

'ဘာဖြစ်လို့လဲ ငွေယုန်ဖြူဖြူ ကိုယ်ဝယ်ကျွေးမှာပါ'

'အကျင့်ပါမှာ စိုးလို့ပါ၊ ကျွန်မမှာ ငွေကြေးပိုင်ဆိုင်မှုက
ဘာပြားတောင် မရှိတော့ဘူးလေ၊ မဖြစ်ဘူး... မဖြစ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကျွေးလည်း မစားပါဘူး… ခပ်ညှံ့ညှံ့ဆိုင်ပဲ ရွေးမယ် ကျွန်မအဆင့်နဲ့လေ'

မိုးသခင် သေသာသေပစ်ချင်လာရသည်။ သူ့စကားနှ[illegible] သူ့ကို ပြန်ပတ်ချည်နှောင် ရင်ဆိုင်ဖို့ တမင်အရွဲ့တိုက် လုပ်ဆော[illegible] နေတာကို မိုးသခင်သိနေသည်။ သူ့ရဲ့ ဇနီးမယားဘဝကို လုံး[illegible] စိတ်ကူးထားပုံ မရဘူးထင်တယ်။ အန်တီလေးအကြံအတိုင်း သ[illegible] က ပြောလိုက်ကာမှ ငွေယုန်ဖြူဖြူ ငြိမ်ကုပ်မသွားတဲ့အပြ[illegible] ဆိုင်ကလုန်မုန်တိုင်းထက် ပြင်းထန်သော စကားလုံးတွေန[illegible] မိုးသခင်ကို တိုက်ခိုက်ဖို့ဖြစ်လာသည်။

'ငွေယုန်ဖြူဖြူကို အကောင်းဆုံးတွေ ကိုယ်ကျွေးချ[illegible] တယ်၊ မင်းကို ကြင်ကြင်နာနာနဲ့ ကိုယ် မြတ်မြတ်နိုးနိုး စော[illegible] ရှောက်ချင်ပါတယ်ကွာ'

မိုးသခင်ရဲ့ ရင်တွင်းမှစကားလုံးတွေက သူ့နှုတ်ခမ်း က[illegible] ထွက်ပေါ်မလာဘဲ နှလုံးသားတွေ နာကျင်စူးရှကာ အရက်တွေ[illegible] ပိတ်ဆို့တားဆီးထားရသည်။ ငွေယုန်ဖြူဖြူ တဟားဟား အေ[illegible] ရယ်ပြီး မိုးသခင်အလှောင်အပြောခံရမှာက ဘသေအချာ[illegible] နှုတ်ဆိတ်နေတာ အကောင်းဆုံးဟု သူတွေးမိသည်။

'ဟုတ်ပြီ၊ ဟုတ်ပြီ ဒီဆိုင်လောက်ဆို ok တယ်၊ [illegible] ရပ်'

လမ်းဘေးမှာ ဖွင့်ထားတဲ့ဆိုင်လေးမှာ အတင်းရပ်ခိုင်း[illegible]





[illegible]ခိုန်သည်။ ငွေယုန်ဖြူဖြူနှင့် မတွေ့ဆုံခင်က ကျားဖမ်းတော့ [illegible]လိုလို၊ ဆင်ဖမ်းတော့မလိုလို၊ တင်းကြပ်တဲ့ စည်းကမ်းချက်ကြီး [illegible]တွေ ကြိုတင်ချမှတ်ဖို့ ဆိုင်းပြင်းနေခဲ့တဲ့ မိုးသခင် ထူးဆန်းအံ့ [illegible]သြဖွယ် ငွေယုန်ဖြူဖြူရဲ့ တုန့်ပြန်ထိုးနှက်မှုအောက် ပြားပြား [illegible]ပ်ကျရောက်သွားခဲ့ရပြီ ထင်သည်။

'ရပ်လေ၊ ရပ်ပါ ဦးလေး၊ ဘာလဲ လမ်းဘေးဆိုင်လေး [illegible] မစားရဲဘူးလား၊ ဒါဆိုလည်း ငွေယုန်တစ်ယောက်ထဲ ဆင်း [illegible]းမယ် ခဏလေးပဲ စောင့်ပါ'

ငွေယုန်ဖြူဖြူကြောင့် မိုးသခင် အမှားမှားအယွင်းယွင်း [illegible] ကယောင်ခြောက်ခြားတွေ ဖြစ်ရပြီး လမ်းဘေးမှာ ကားကိုထိုး [illegible]ပ် ဖြစ်ပါသည်။ သူဆင်းတော့ မစားရဲဘူး…။ သူ့ပတ်ဝန်းကျင် [illegible]တ်ဆွေသူငယ်ချင်းတွေ မြင်တွေ့သွားရင် ဘယ်လိုလုပ်ရမလဲ။ [illegible]သူက အောင်မြင်တဲ့ စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်…။ [illegible]ာင်မလေးငယ်ငယ်နုနုလေးက မလုံ့တလုံ အမြင်မတော် ဝတ် [illegible]း ပြင်ဆင်မှုတွေနှင့်…။ သူလုံးဝသတ္တိမရှိဘဲ ငွေယုန်ဖြူဖြူ [illegible]လည်း ဘာမပြော ညာမပြောနှင့် ကားပေါ်ကနေ ဆင်းသွား [illegible]သည်။

'ဒုက္ခပါပဲကွာ၊ ငွေယုန်ဖြူဖြူ မင်းကတော့လေ'

အန်တီလေးရေ ကျွန်တော် ဘာဆက်လုပ်ရတော့မလဲ၊ [illegible]န်တီလေးတူမကို ဘယ်လိုကိုင်တွယ် ထိန်းချုပ်ရမှန်းတောင် [illegible]သိတော့ဘူးဗျာ။ သေပစ်ချင်တယ်၊ မိုးသခင်ကားပေါ်မှာ Air



www.burmeseclassic.com

www.burmeseclassic.com



con ဖွင့်ရင်း ထိုင်နေတာတောင် သူ့နဖူးပေါ်မှာ ချွေးသီးသီး ထနေသည်။

'ကြည့်စမ်း၊ ဘယ်လောက်ကလေးဆန်လဲ၊ လမ်းဘေးမှာ ထိုင်စားနေတယ် အချိုး မပြေလိုက်တာ'

ငွေယုန်ဖြူဖြူလို ကောင်မလေးမျိုးနှင့် သူလက်မထပ် ဖြစ်သေးတာပဲ ကံကောင်းခြင်းလားပဲ။ မိုးသခင်ရဲ့ ပွဲတက်ဖိုး မယား ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ။ ယယ်ရွယ်တဲ့ ငွေယုန်ဖြူဖြူ နှင့် အတိအလင်း တခမ်းတနား လက်ထပ်ပွဲကျင်းပရမှာကိုပင် သူရှက်ကြောက်နေခဲ့သည်။

'မင်း တမင်လုပ်ပြနေတာပဲ၊ မင်းက ကိုယ့်ကို လုပ်သေ သပ်စွာ ဆန့်ကျင်နေတာပါ'

သူလည်း ငွေယုန်ဖြူဖြူနှင့် အတူတူ လမ်းဘေးဆိုင်လေး မှာ ဆင်းပြီး စားသောက်ခဲ့ရင် မင်းကိုယ့်အပေါ် အကောင်းမြင် မှာလားဟု တွေးမနေပေမယ့် မဆင်းရဲ။ ဒီကောင်မလေး ဘာ ဟင်းတွေနဲ့များ စားနေလဲ၊ မင်းဆီမှာ ပိုင်ဆိုင်မှု ဘာတစ်ခု မရှိတော့ဘူးဟု သူပြောလိုက်မိတာ မှားသွားပြီထင်တယ်။ တစ်ခု ပြန်ပြောင်းပြောလိုက်ရင် ကောင်းမလားပဲ၊ ဖောချွေးပျံလာ ခေါင်းကို နောက်မှီလိုက်ပြီး မျက်လုံးတွေကို မှိတ်ထားလိုက်သည်။

✿



(၈)

ငွေယုန် ပေါက်ကွဲသံစဉ်တွေနှင့် ဘာတစ်ခုမှလည်း မလို ဘူး။ ဝယ်ချင်စိတ်လည်း မရှိဘူးဟု ငြင်းပစ်ရင် ဦးမိုးသခင်အား ပြဿနာရှာပစ်သည်။ အလကား ငွေယုန်ပြောသမျှ တစ်စက် လေးမှ မဆန့်ကျင်ဘဲ လုပ်နေခဲ့၏။ လမ်းဘေးဆိုင်မှာ ဘယ်သူက အမင်းထိုင်စားချင်မှာလဲ၊ အိုင်တင်ခံတာများ အတင်းခေါ်ကျွေး ခေါ့။ အခုတော့ ကားပေါ်မှာ ထိုင်နေသည်။

အင်းလေ၊ အရင်ထဲက ဦးမိုးသခင်က ငွေယုန်အပေါ် အချစ်မှမရှိခဲ့တာ။ ငွေယုန်ဘာကို သူ့ဆီကနေ မျှော်လင့်နေတာလဲ၊ ငွေယုန်က ဘာမှမလိုချင်ဘူးဆိုတော့လည်း ပြန်တာပဲ။ အောက် ကျိုက်တာ ဦးမိုးသခင်ဘက်ကနေ မလွှဲမရှောင်သာလို့ သူမအား ပြောဆိုဆက်ဆံခဲ့တာ သေချာသည်။

'အစောကြီးထဲက သိထားပြီးတဲ့ကိစ္စကိုများ ခံစားပေါက်ကွဲ နေစမ်းပါနဲ့ ငွေယုန်ဖြူဖြူ၊ သုံးလအထိ အချိန်ဆွဲနေစရာ တောင် မလိုတော့ဘူး၊ အား... မုန်းလိုက်တာ၊ စိတ်ပျက်တယ်၊ စိတ်ပျက် တယ်...'



www.burmeseclassic.com

www.burmeseclassic.com



'ဦးမိုးသခင်ရဲ့ အရိပ်မှာလည်း နိုမနေချင်တော့ဘူး၊ သူ့အထောက်အပံ့နှင့်လည်း မရပ်တည်ချင်ပါဘူး။ ရှင်းနေတာပဲဟာ'

'ငွေယုန်မှာ ဘာတစ်ခုမှ ပိုင်ဆိုင်မှု့မရှိတော့ဘူးဆိုတော့ အန်တီလေး ပြောပြသင့်ပါတယ်၊ အရမ်းရှက်စရာကောင်းတာပဲ'

ခြံနှင့်တိုက်တော့ သူမပိုင်ဆိုင်မှု့ ရှိသေးသည်ဟု ငွေယုန်ထင်မှတ်ထားတာပါ။ ဦးမိုးသခင်ကိုသာ လုံးလုံးလျားလျားကြီးမှီခိုနေထိုင်ရမယ်ဆိုရင် ငွေယုန်မလာပါဘူးနော်။ လင်းကို သတိရလာသည်။ မနက်ဖြန် သင်တန်းတက်ရမယ်။ ပထမတော့ ဦးမိုးသခင် အထင်လွဲစေမယ့် အပြုအမူတွေ မလုပ်တော့ပါဘူးလို့ဆုံးဖြတ်ပြီး သင်တန်းတောင် မတက်တော့ဘူး တွေးထားတာ...။ လင်းက ငွေကြေးချမ်းသာတဲ့ အသိုင်းအဝန်းကပဲ ဖြစ်နိုင်သည်။ ကားလည်း ရှိသည်။

'လင်းနဲ့ မိတ်ဆွေဖြစ်ရလည်း မဆိုးပါဘူး၊ ဦးမိုးသခင်တစ်ယောက်ထဲကိုပဲ အားကိုးနေတာနဲ့ စာရင်လေ'

ငွေယုန်စိတ်တွေ အားငယ်နေရတာတော့ အမှန်ပဲဖြစ်သည်။ သတ္တိရှိတယ်ဆိုတာ ဦးမိုးသခင်ရှေ့မှာ မာန်တစ်လုံးဟန်တစ်လုံး လုပ်ပြနေပေမယ့် တစ်ယောက်ထဲ ဖြစ်သွားတဲ့အချိန်တွင် ငွေယုန် ကြောက်ရွံ့တုန်လှုပ်နေ၏။ ကုတင်ပေါ်မှာ ငုတ်တုတ်လေး ထိုင်နေမိသည်။





'ဦးမိုးသခင်ကို ကျွန်မ ယုံကြည်အားကိုးချင်ပါတယ်။ ယောင်ချာချာနဲ့ မသေမချာဘဝမှာ ငွေယုန် မနေချင်ပါဘူး ဦးမိုးသခင်ရယ်၊ မရက်စက်ပါနဲ့ ငွေယုန် အရမ်းကြောက်တယ်'

ငွေယုန် ဘယ်လောက်ပဲ တင်းထားပါစေ၊ မျက်ရည်တွေက ပြည့်နှက်လိမ့်ဆင်း ကျနေခဲ့သည်။ ဦးမိုးသခင် သိရဲ့လား၊ ငွေယုန် အားကိုးချင်နေခဲ့တာကိုလေ။ သူမ ဝန်ခံချင်တာက ဦးမိုးသခင်က အရည်အချင်းတွေ၊ အစွမ်းအစတွေနဲ့ ပြည့်စုံတဲ့ ယောက်ျားတစ်ယောက်ဖြစ်သည်ဟုပဲ ဖြစ်သည်။

'ငွေယုန် အားငယ်လိုက်တာ၊ ငွေယုန် အပြစ်တွေပါ။ ငွေယုန်မွေးဖွားလာခဲ့လို့ မိဘတွေ သေဆုံးဖို့အကြောင်း ဖန်တီးလာရတာပါ။ ဦးမိုးသခင်ကို ငွေယုန် ကြောက်တယ်'

သူမ အိပ်လို့မရ။ ဦးမိုးသခင် ထားရာနေ စေရာသွားရလေးပဲ။ ငွေယုန့်ဘက်ကပဲ ဒူးထောက် အရှုံးပေးလိုက်သင့်လား။ ခင်းမှာ ဘာတစ်ခုမှ ပိုင်ဆိုင်မှု့ မရှိတော့ဘူးလို့ ပေါ်တင်ကြီးချိုးဖဲ့နှိမ့်ချပြောတာ ရှင် လွန်ပါတယ်။

'လူကြီးမိဘတွေရဲ့ စကားကို လက်ခံစမ်းပါ ငွေယုန်လေး၊ လောကကြီးအကြောင်းကို မသိပါဘူး၊ အမြဲတမ်း လိုတရခဲ့တာရှိတယ်၊ မောင်မိုးသခင်ရဲ့ အစောင့်အရှောက်နဲ့ပဲ သမီးလေးဘဝ ဖြောင့်ဖြူး အေးချမ်းနိုင်လိမ့်မယ်ကွယ်'

'အဟင့်... အဟင့်... ဟီး'



www.burmeseclassic.com

www.burmeseclassic.com



'အိး...'

အန်တီလေးပဲ အပြောကောင်းတယ်၊ ငွေယုန် စိတ်ညစ်နေရပြီလေ။ ဦးမိုးသခင်က ငွေယုန့်ကို လုံးဝဂရုစိုက်တာ မဟုတ်ဘူး...။

မနက်ဖြန် သင်တန်းသွားတက်မယ်၊ လင်းနဲ့ ပတ်သက်ပြီ မယ်။ ဦးမိုးသခင်နဲ့ ငွေယုန် ဘယ်တော့မှ လက်မထပ်တော့ဘူး။ မျက်ရည်တွေကို သုတ်ပစ်သည်။ မျက်လုံးတွေကို မှိတ်၍ အိပ်ပစ်လိုက်၏။ ငွေယုန် အပူအပင် မထားတတ်ခဲ့ပါ။ ခေါင်းချလိုက်တာနှင့် အိပ်ပျော်သွားသည်။ မနက်ကျတော့ နှိုးစက်ပေးထား၍ သူမ နိုးသွားပြီး သင်တန်းတက်ဖို့ ပြင်ဆင်ကာ အောက်ထပ်ဆင်းလာခဲ့၏။ မိသီက မနက်စာ ပြင်ဆင်ထားတယ် ဆရာလည်း ရောက်နေပြီပြော၍ ငွေယုန် ထမင်းစားခန်းထဲ သွားလိုက်သည်။

''မလေး ဘာစားမလဲဟင်၊ အသုပ်ရှိတယ်၊ ကော်ဖီနဲ့ မုန့်ပဲ စားမလား''

'အသုပ်ပေး'

'ဟုတ်ကဲ့'

ဦးမိုးသခင် သူမအား မော့ကြည့်သည်။

'ကျွန်မ သင်တန်းတက်ရမယ် ဦးလေး...။ ကိုပုကားနဲ့ မသွားချင်ဘူး၊ အကျင့်ရအောင် ဘတ်စ်ကားနဲ့ပဲ သွားပါ့မယ်'

ဦးမိုးသခင် အင်းမလုပ် အဲမလုပ်နှင့် ငြိမ်သက်နေတာ





ကိုပဲ ငွေယုန် မကျေနပ်...။ နည်းနည်းလေးတောင် သူမအပေါ် အရှုံးစိုက်ခြင်း မရှိ။ သူက အသုပ်စားပြီး ကော်ဖီတစ်ခွက် မော့သောက်၍ ထသွားသည်။

'မမလေး အသုပ်ပါ၊ ဘာလိုသေးလဲ မြည်းကြည့်ပါဦး ဆရာကတော့ အရမ်းကြိုက်တယ်၊ မိသီဈေးထဲကို မနက်တိုင်း သွားဝယ်ရတယ်။ ဒီမနက် မမလေးစားဖို့ အပိုဝယ်ခဲ့ဆိုလို့ ဝယ်လာတာ...။ တော်ပါသေးရဲ့ မမလေး ကြိုက်လို့'

'ငါကတော့ ဘာကိုမှ ကြိုက်တယ် မရှိပါဘူး၊ အကောင်းဆုံးတွေဆို အကုန်ကြိုက်တယ်၊ အင်း မိသီခေါက်ဆွဲသုပ်က မကောင်းဘူး၊ တော်ပြီ အပြင်မှာပဲ စားတော့မယ်။ နောက်တစ်ခါ အသုပ်တွေ ဘာတွေ မဝယ်လာနဲ့ မမလေး မကြိုက်ဘူး'

'ဟုတ်... ဟုတ်ကဲ့'

ဦးမိုးသခင် အကြိုက်နှင့် တမင်ဆန့်ကျင်ဖြစ်တာပါ။ ငွေယုန် ငယ်ငယ်လေးထဲက အသုပ်အရမ်းကြိုက်တာပါ။ စားလို့လည်း ကောင်းတယ်။ ငွေယုန် ကြိုက်တာ ဦးမိုးသခင် သိနေသလိုပဲ။ ဒါပေမဲ့ ငွေယုန်ကိစ္စတွေမှာ စိတ်မဝင်စားသလို လုပ်နေတာကြီးကိုတော့ လုံးဝ မကျေနပ်ဘူး။ သူမ ဘတ်စ်ကားဂိတ် ထွက်လာရင်း ကားဂိတ်နားမှာ အသုပ်ဆိုင်တွေ့၍ ဝင်ထိုင်ပြီး တစ်ပွဲမှာလိုက်သည်။

'ညီမလေး ချဉ်ငံစပ်နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်'

ငွေယုန်စိတ်တွေက ဦးမိုးသခင်ရဲ့ ဆန္ဒတွေကို ဆန့်ကျ… ကလန်ကဆန် လုပ်ပစ်ဖို့ အမြဲတမ်း ကိန်းအောင်နေခဲ့တာ၊ ဦးမို… သခင်ကြောင့်ပဲ ဖြစ်သည်။ ရှင်ရဲ့ ခါးခါးသည်းသည်း အမုန်းရေ… နဲ့ ပြည့်နှက်နေတဲ့ မျက်ဝန်းအကြည့်ကို သူမ မျက်ဝန်းတွေထဲ… ဖယ်ဖျောက်ပစ်ဖို့ ခက်ခဲလွန်းနေ၏။ တွေးမိတိုင်း ဒေါသဖြစ်… သည်။

'ညီမလေး အသုပ်ရပါပြီ'

သူမ ရှေ့မှာ လာချပေးတဲ့ အသုပ်ကို တဇွန်းစားပြီ… အရမ်းစပ်သွားသဖြင့် ထွီခနဲ ထွေးထုတ်လိုက်က မကောင်းအ… ညံ့လိုက်တာဟု ပြောမိသွားသည်။

'နင်… နင် ဘယ်လိုလုပ်လိုက်တာလဲ။ 'အရမ်းရှိင်း… လွန်းတယ်။ ဟိုမှာ စားနေတဲ့လူတွေ ဘယ်ကောင်းမလဲ'

'ဟင်'

ဦးမိုးသခင်အကြောင်း တွေးမိပြီး ဒေါသတွေ ပေါက်… လွှင့်စင်ထွက်သွားရတာပဲ ဖြစ်သည်။ ငွေယုန် ဘာတွေလုပ်မိသွ… လဲ၊ အသုပ်ရောင်းတဲ့ မိန်းမကရော ပတ်ဝန်းကျင်မှာ စားနေ… တဲ့ လူတွေကပါ ပြောဆိုဝေဖန် လာကြ၍ ငွေယုန် ရှက်ရှက်… ပြန်ထွက်စဉ် အသုပ်သည်က ရိုင်းရိုင်းစိုင်းစိုင်း ပိုက်ဆံတော… သည်။





'ဟဲ့ ကောင်မ စားပြီးရင် ပိုက်ဆံပေးရမယ်၊ ဒါလေး …ကောင် နားမလည်ဘူးလား၊ လာမစမ်းနဲ့နော် ပိုက်ဆံပေး'

'ကျွန်တော် ပေးပါ့မယ် တောင်းပန်ပါတယ်ဗျာ၊ သူက …ကပါ၊ တောင်းပန်ပါတယ်၊ ငွေယုန်ကားပေါ် တက်နေလေ'

ဦးမိုးသခင်ပဲ၊ ပိုက်ဆံပေးပြီး သူမလက်လေးကို ဆွဲ၍ …းပေါ်တက်စေသည်။ ငွေယုန့်အသားတွေ တဆတ်ဆတ် တုန် …လျက်၊ ခန္ဓာလေးထဲမှာ အပူငွေ့တွေ ပက်ဖြန်းလောင်းချခံရ …သိုပင်။ ဦးမိုးသခင် ကားမောင်းထွက်လာပြီး ဆိုင်နှင့် ဝေးရာကို …က်သွားမှ နည်းနည်းလေး သက်သာရာရခဲ့သည်။

'မင်း… အိမ်မှာလည်း အသုပ်စားခဲ့ရတယ်လေ၊ ဘာ …လို့ လမ်းဘေးမှာ ဝင်စားရတာလဲ ငွေယုန်ဖြူဖြူ၊ ပြီးတော့ …ည်း ရိုင်းပြတဲ့ အမူအကျင့်တွေကို ပြင်သင့်နေပြီကွ'

ဦးမိုးသခင်ရဲ့ အပြစ်တင်စကားသံတွေက သူမနားတွေထဲ …ည်ပူတွေနှင့် လောင်းချလိုက်သည့် အလားပဲ။ သူက ငွေယုန့် …င် ထွက်သွားပြီး ဘာဖြစ်လို့ ငွေယုန်အနားရောက်လာတာလဲ။ …သည်။ ဦးမိုးသခင်နဲ့ ဆုံရတာ အသေးသိမ်ဆုံးပဲ။ နဂိုကမှ …ပြစ်တင်ချင်နေတာပါ။ သူမ ဘာစကားမှ ဟန့်ပြန်မပြောနိုင်။ …းတွေ ဖြောင်းဆန်လှုပ်ခတ် စိုနစ်နေသည်။

'ကိုပုကားနဲ့ မင်းသွားလာသင့်တယ်၊ မင်း အန္တရာယ် …ခုခုဖြစ်သွားရင် အန်တီလေးက ဘာပြောမလဲ၊ ကိုယ့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်မှု ညံ့ဖျင်းတာလို့ အပြစ်တင်ခံရဦးမယ်။ မင်း;ဘ
လို ခကောင်မလေးလည်းကွာ'

သူ... ငွေယုန်ဖြူဖြူကို စိတ်မချလို့ ဘတ်စ်ကားဂိ
နားမယောင်မလည် ရောက်လာခဲ့တာပါ။ မိုးသီးဆီ ဖုန်းဆ
ကြည့်တော့ မမလေး ထွက်သွားပြီ၊ ဘာမှလည်း မစားသွားဘူး
အသုပ်မကြိုက်လို့တဲ့၊ အိမ်မှာတော့ မကြိုက်ဘူးပြော၍ လမ်းဘေး
မှာ ဝင်ထိုင်စားနေသည်။

'မင်း... အိမ်တော့ အသုပ်မစားဘူး ပြောတယ်
ဘာဖြစ်လို့ လမ်းဘေးမှာ ထိုင်စားရတာလဲ၊ မင်းအကျင့်စရိုက်
ဘာတွေလဲကွ၊ မင်းကို လက်ထပ်ဖို့ ကိုယ်အများကြီး စဉ်းစ
လိမ့်မယ်ထင်တယ်'

'ဘာ... ဘာပြောတယ်'

သူမ ဒေါသတကြီး ပေါက်ကွဲသံတွေနှင့် သိမ်းကြုံး
အော်လိုက်မိပြီးမှ သူ့ကို မျက်နှာငယ်လေးနှင့် ပြန်ကြည့်၍ က
ကဆုန် သိပ်လုပ်လို့ မဖြစ်သေးပါဘူးဟု ပြန်ထိန်းရသည်။

'နောက်တစ်ခါ မင်းအိမ်က ကားနဲ့ပဲ သွားရမယ်၊ ကို
အမိန့်ပဲ...။ လူကြီးတွေ အပြစ်ပြောတာတော့ မခံနိုင်ဘူး ငွေ
ဖြူဖြူ'

အင်းလေ... ရှင့်အမိန့်ကို ကျွန်မ တသွေမတိမ်း နာ
မှာပေါ့၊ မိဘတွေထားခဲ့တဲ့ အမွေတွေလည်း မရှိတော့ဘူး၊ ကျ





သမှာ မှီခိုအားထားရာက ရှင်ပဲ ရှိတော့တာကိုး။ ဦးမိုးသခင်ကို
ာက်ခါစကလောက် ငွေယုန် မဆန့်ကျင်ရဲတော့ပေ။ ငွေယုန်
ကြောင့် အနှံတီလေး အခက်တွေ့ရမှာ မလိုလားနိုင်လို့ပါ။ ရှင်
က်ခုပ်ထဲက ရေဖြစ်ရပြီမို့ သွန်ရှို သွန်၊ မှောက်လို့ မှောက်ပေါ့။
ာ်ခမ်းသားလေးတွေက တင်းကြပ်စွာ စေ့ကပ် ပိတ်ထားလိုက်
ည်။

'ငွေယုန်ဖြူဖြူ'

'ရှင်'

'မင်းသင်တန်းက ဘယ်အချိန်ပြီးမှာလဲ ကိုပုံ လာကြို
ိမ့်မယ်'

'မသိသေးပါဘူး'

'ဘာဖြစ်လို့ မသိရတာလဲ'

'အဲ့ ဟို... ငွေယုန် တက်ရမယ့်အချိန်ပဲ ကြည့်ခဲ့ပြီး၊
ထွက်မယ့် အချိန်မကြည့်ခဲ့မိလို့ပါ'

ငွေယုန်လိမ်ညာပြောနေတာ မဟုတ်တာ မိုးသခင် သိနေ
ည်။ ဘယ်လောက်အထိ နုံအနမဲ့ နိုင်လွန်းတဲ့ ကောင်မလေး
သူ စိတ်ပူပင်ရတာ ပေါ့ပျက်ပျက် အမူအကျင့်တွေကြောင့်
အခုလည်း သူလာကြည့်မိလို့ပေါ့။ ငွေယုန်ဖြူဖြူက စိတ်
င်လျှင် မထင်သလို ပြဿနာရှာ သောင်းကြမ်းတတ်၍
မ်းကြီးလည်း ဆရာကြီးလုပ် မဆူပွက်ရဲပေ။ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



ကို တစ်ယောက်ထဲ လွှတ်ထားလို့ မဖြစ်တာတော့ မိုးသခ
ပြတ်ပြတ်သားသား ကိုင်တွယ်ရမည်ဖြစ်သည်။

'မင်း ကိုယ့်ကို ဆန့်ကျင်ချင်တဲ့ စရိုက်တွေ ပြင်
အန်တီလေးက အပ်ထားတာကွ။ ကိုယ့်မှာ တာဝန်ရှိတယ်။ ကို
နဲ့ လက်ထပ်ဖို့ကိစ္စ ခဏလောက် ဘေးဖယ်ထားပါ။ မင်းအ
မပါဘဲ၊ ကိုယ်ဘာတစ်ခုမှ မလုပ်ဘူးနော်'

ဟုတ်ပါပြီ... ဟုတ်ပါပြီ၊ ရှင်ကြီးကိုယ်တိုင်ကလည်
ကျွန်မကို လက်မထပ်ချင်ဘူး မဟုတ်လား။ ကျွန်မအကျင့်စရို
တွေကို သိသိကြီးနဲ့ လူကြီးတွေရှေ့မှာ သားလိမ္မာလိုလို ဘာလို
လက်ခံသဘောတူခဲ့ပြီး ကျွန်မ အပြစ်တွေကို စာဖွဲ့မနေစမ်း
ဦးမိုးသခင်၊ စိတ်ထဲကနေပဲ မကျေမနပ်နှင့် ပြောဆိုရင်း လူ
တော့ မလှုပ်ရဲ၊ ဦးမိုးသခင်သာ လက်မခံဘူးဆိုရင် ငွေယုန်ဖြ
ဘဝက သောင်ပြင်လွှတ်တဲ့ ရွှေဟင်္သာဖြစ်ရတော့မယ်၊ အန်
လေးက ရိပ်သာမှာ နေထိုင်လို့ရသေးပါတယ်။ ဦးမိုးသခင်
ပြဿနာတွေလည်း မတက်လိုသဖြင့် ငွေယုန် ငြိမ်ခံနေမိသည်

ကျွန်မမှာ အလုပ်အကိုင် မရှိသေးခင်တော့ ရှင်ကြီး
ချင်သလို ပြောထားဦးပေါ့။ ဟွန့် ကိုယ့်ဝင်ငွေနဲ့ကိုယ် ရပ်တ
နိုင်လို့ကတော့ ရှင့်ကို တာ တာ့ ပဲ...။

ငွေယုန် မျက်လုံးတွေကို မှိတ်ထားလိုက်သည် ရင်
ပမ်းတုန်က ခုထိ မပျောက်သေးလို့ပါ။ ဦးမိုးသခင် ရောက်လာ
ငွေယုန် စိတ်သက်သာရတာတော့ ကျေးဇူးတင်ပါတယ်





ငွေယုန်ကို မြင်တာနဲ့ အပြစ်တင် ဆူပွက်ချင်တဲ့ ဆရာကြီး လေသံ
တွေကိုတော့ ဦးမိုးသခင် ပြင်သင့်ပါတယ်။ အခုလည်း ကြည့်
သ။ အန်တီလေး အပြစ်တင်ခံမှာ ကြောက်လို့ ငွေယုန်အား
ကြည့်ရှုစောင့်ရှောက်နေရတဲ့ သဘောကြီးပဲ။ စိတ်ပျက်စရာကြီး
ငွေယုန့်သင်တန်းရှေ့ရောက်တော့ ကားကို ရပ်ခိုင်းလိုက်သည်။

'ရောက်ပြီ ဦးလေး၊ ရှေ့နားမှာ ရပ်ပါ၊ ရပ်ပြီ ရပ် ရပ်'

ငွေယုန် ကားရပ်သွားသည်နှင့် တံခါးကို အလျင်အမြန်
ဖွင့်၍ဆင်းလိုက်သည်။ လင်းရဲ့ ကားလေးက မလှမ်းမကမ်းမှာ
ရပ်ထားပြီး လင်းကိုတော့ မတွေ့ပေ၊ ဟူး တော်ပါသေးရဲ့ သက်
ပြင်းမောကြီးကို မသိမသာ မှုတ်ထုတ်ပစ်လိုက်၏။ ဦးမိုးသခင်
က သင်တန်းဆင်းချိန် ဖုန်းလှမ်းဆက် ကိုပုကို လာကြိုခိုင်းမယ်
ပြောတာကို ငွေယုန် လှည့်မကြည့်ဘဲ ဟုတ်ဟု ပြောပြီး သင်တန်း
ခန်းမဆီ ပြေးတက်လာခဲ့သည်။

'ဟိတ်'

'အမေ့'

သင်တန်းခန်းမဆီ တက်လာတဲ့ ငွေယုန်၊ အမေ့ဟု လန့်
အော်မိပြီး မော့ကြည့်လိုက်တော့ လင်းဖြစ်နေသည်။

'ငွေယုန်ကို စောင့်နေတာ၊ နောက်ကျနေလို့ လင်းက
သင်တန်းခန်းမဆီ ရောက်နေပြီလားလို့ တက်ကြည့်တာပါ'

'ဟူး'



www.burmeseclassic.com

www.burmeseclassic.com


'ဘာဖြစ်လို့လဲ ငွေယုန်၊ သင်တန်းချိန်က စောပါသေး တယ်။ မင်းအမေတကော တက်လာတာ လင်းကို ရှာဖို့လား'

'ဟာ မဟုတ်တာ၊ ငွေယုန်က လင်းကို ဘာဖြစ်လို့ လာရှ ရမှာလဲ သင်တန်းချိန်မှားပြီး ပြေးတက်လာမိလို့လေ'

ငွေယုန်ရဲ့ ကိုယ်ရေးကိုယ်တာတွေ ဖြစ်၍ လင်းသိစရာ လည်း မလိုပါဘူးဟု တွေးကာ ငွေယုန်ဘဝအမှန်ကို ထုတ်ဖော် ပြောမနေတော့၊ သူမ အဆောင်တစ်ခုမှာ နေထိုင်သည်ဟု ပြောပြခဲ့သည်။

'သင်တန်းချိန်က လိုသေးတယ် ငွေယုန် အောက်ဆင်း အောင်'

'ဟင့်အင်း၊ ငွေယုန်အောက်ကို မဆင်းချင်တော့ဘူးနော်'

ငွေယုန်အောက်ကို ဆင်းလို့ မဖြစ်တော့။ ဦးမိုးသခ အထင်လွဲမည့် အလုပ်တွေ ရှောင်ချင်သည်။ အပြင်မှာ စော ကြည့်ချင် စောင့်ကြည့်နေမှာပါ။ ငွေယုန်အား မယုံသင်္ကာဖြစ် ၏။ ငွေယုန်သင်တန်းခန်းမထဲ ဝင်ထိုင်၍ စာအုပ်တွေကိုပဲ လှ လှောကြည့်နေသည်။

'ငွေယုန်'

'ဟင်'

'လင်းကို မိတ်ဆွေ မဖြစ်ချင်ဘူးလား'

လင်းကတော့ ငွေယုန်အား ချစ်မိသွားပြီ ဖြစ်သည်။ လင်း



တ်မခံနိုင်တော့ဘူး။ ငွေယုန့်မျက်နှာ ဖူးဖူးစင်စင်လေးနှင့် နှာတံ ချွန်လေး ဆံပင်ရှည်ရှည်လေးက သူမကျောပေါ်မှာ ဖြောင့်စင်း မိမ်းနွဲ့ကျနေတာကပင် ရင်ခုန်လှုပ်ခတ်စေသည်။ လင်း မိန်းမ ချာလေး အများကြီးနှင့် တွေ့ဆုံခဲ့ဘူး၏။ ငွေယုန့်လို အချစ်နှင့် တ်သက်မှု မရှိခဲ့။ ငွေယုန်ကိုတော့ သေသေချာချာ စူးစိုက် ကြည့်လေ ပွေ့ဖက်နမ်းရှိုက်ချင်လေ ဖြစ်နေသည်။ အပြင်ကို ဘယ်လိုခေါ်ထုတ်ရမလဲ။ ငွေယုန် နယ်ကနေ တက်လာတော့ ရက်တွေ ကြီးနေတာဖြစ်၏။ မင်းလိုကောင်မလေး အစိမ်းသက် က်လေးလောက်ကို လင်းဆိုတဲ့ကောင်က အသာလေး လှည့် တ် မွှေနှောက်နိုင်ပါတယ် ငွေယုန်ဖြူဖြူ။

'လင်းကို မယုံကြည်တာလား ငွေယုန်... မကြာခင် င်း အမေရိကား သွားတော့မယ်၊ ပညာသင်ပါ။ ငွေယုန်က ရှမ်းပဲ လုပယဉ်ကျေးပြီး ဖြူစင်လို့ လင်း မိတ်ဆွေဖွဲ့တာပါ'

'အို... ငွေယုန် ဘယ်သူ့ကိုမှ မယုံကြည်တာ မရှိပါဘူး င်းရယ်၊ ပညာရေးကိုပဲ အာရုံစိုက်ထားချင်လို့ပါ။ နယ်ကနေ က်လာတော့ နည်းနည်းလေးတော့ ရှိန်နေပါတယ်။ တောင်းပန် ပါတယ်နော်'

လင်းကိုလည်း ငွေယုန် ပြတ်ပြတ်သားသား မိတ်ဆွေ ဖြစ်ချင်ပါဘူးလို့လည်း မပြောရဲသေးပေ။ ငွေယုန်မှာ လော သာဆယ် အားကိုးအားထားရာ တစ်ယောက်ယောက် ရှိသင့် သည်ဟု တွေးမိနေ၍ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးသခင်သာ ကျွန်မအပေါ် သံယောဇဉ်တွယ်ပြီး ကြ
ကြင်နာနာ ဂရုစိုက်ခဲ့ရင် လင်းနဲ့ကျွန်မ ပတ်သက်စရာ အကြော
မရှိဘူး... ဟွန်း...

အန့်တီလေးကြောင့် ငွေယုန့်အပေါ် မလွဲသာ မရှောင်သ
ပတ်သက်ကြည့်ရှုပေးနေသည်တဲ့။ အလကားနေရင်း ဒရိုင်ဘ
ကိုပုနှင့် သွားလာနိုင်းနေ၏။ ငွေယုန် မကျေမနပ်ဖြစ်ရတ
ဦးမိုးသခင်ရဲ့ ဥပက္ခာပြုမှုတွေကြောင့်ပါ။

'ငွေယုန်ကို ကြည့်ရတာ မပံ့မရဲနဲ့ အရမ်းကြီး သတိထ
နေလိုပဲ၊ လင်းကို ယုံကြည်စမ်းပါ၊ ငွေယုန် လိုအပ်တာေ
အားလုံး လင်းဖြည့်စွမ်းပေးနိုင်ပါတယ် ငွေယုန်ရာ'

လင်းမျက်ဝန်းတွေက ညှုတုတု၊ ငွေယုန်မျက်ဝန်းလေးေ
ကို တည့်တည့်မတ်မတ်၊ စူးစိုက်ထိုးဝင်နေသည်။ ငွေယုန့်ကိုေ
လင်း အစထဲက ချစ်တာပါ။ မင်းအရမ်းဖြူစင်တယ် ငွေယု
လင်းက ငွေကြေးမချမ်းသာပေမယ့် လင်းကတော့ ကား စီးနိုင်ေ
၏။ အဲ့ဒါကလည်း မမကြွေကြောင့်သာ လင်း ကားစီးနိုင်တ
ပါ...။ တကယ်တော့ လင်း သင်တန်းတက်ချင်၍ မဟုတ
ငွေယုန်ဖြူဖြူဆိုတဲ့ ကောင်မချောချောနုနုလေးအား ခင်ချင်
သင်တန်းအပ်လိုက်ခြင်း ဖြစ်သည်။

'သင်တန်းဇေတာ့မယ် လင်း၊ ကိုယ့်နေရာကိုယ်ထိုင်ပ
'ငွေယုန့်ဘေးမှာက ဂမ်းနေရာပဲလေ'





'ဒါ မိန်းကလေးတွေထိုင်တဲ့ နေရာလေ'

'ရတယ် ငွေယုန်၊ ဘယ်မှာပဲ ထိုင်ထိုင်လေ၊ အကန့်
အသတ်မရှိဘူး၊ ဟိုမှာတွေ့လား အတွဲတွေထိုင်နေတာလေ'

ဟုတ်သားပဲ၊ ငွေယုန် သိသိကြီးနှင့် လင်းရှိနေတာ သူမ
စိတ်တွေ မလုံမလဲနှင့် မသိမသာလေး နှင်ပြစ်ခြင်း ဖြစ်သည်။
လင်းက တွယ်ကပ်နေ၏။ လင်းအကြည့်တွေက မရိုးသားတာ
ငွေယုန်သိသည်။ ဦးမိုးသခင် သိသွားလို့ မဖြစ်ဘူး။ လင်းနှင့်
သူငယ်ချင်းအဖြစ် နေထိုင်သွားချင်ပေမယ့် ဦးမိုးသခင်တွေ့ မှာ
ကြောက်သည်။ သင်တန်းဆရာရောက်လာပြီး သင်တန်းပို့ချ
ချိန်တွင် လင်းက ငွေယုန့်အသားနှင့် ထိကပ်ထိုင်နေသဖြင့်
ရှက်ရှက်နှင့် ထူပူနေရကာ သင်တန်းပို့ချမှုတွေပင် နားထဲဝင်တစ်
ချက် မဝင်တစ်ချက် ဖြစ်နေရ၏...။

'ဦးမိုးသခင်ရယ်၊ ငွေယုန်ကို့ အထင်မသေးပါနဲ့၊ အခု
အချိန်ထိ ငွေယုန် ဘယ်ယောကျာ်းနဲ့မှ မိတ်ဆွေသူငယ်ချင်းတောင်
ဖြစ်ခဲ့ရပါဘူးနော်'

သူမစိတ်တွေထဲမှာ နာကျင်စွာ ဦးမိုးသခင် သံယောဇဉ်
တွယ်တာမယ့် အချစ်ဆုံး မိန်းကလေးတစ်ယောက်အဖြစ် တမ်းတ
ချင်၊ တပ်မက်ချင်လာခဲ့သည်။ လင်းကို သူငယ်ချင်းအဖြစ်ပဲ
ငွေယုန် ခင်မင်လိုခဲ့၏။ သူမစိတ်တွေအား တဖြေးဖြေး လွှမ်းမိုး
ခဲ့သူက ဦးမိုးသခင် ဖြစ်မှန်းမသိ ဖြစ်လာရသည်။ သင်တန်း
ပြီးတော့ လင်းက ငွေယုန်အနားမှာ ကပ်ပါလာ၏။ ငွေယုန်



www.burmeseclassic.com

www.burmeseclassic.com


ဘယ်လိုဖယ်ထုတ်ရမလဲ... ဦးမိုးသခင် လာမကြိုပါစေနဲ့ဟု သူ့အမောတကော ဆုတောင်းရသည်။

'ဟိတ်... ကောင်မလေး'

'အမေ့ လန့်လိုက်တာ လင်းရယ်၊ ဘာဖြစ်လို့ အော်နေတာလဲ'

'မင်းခြေလှမ်းတွေ သွက်နေလို့ အောက်ကို ဘာဖြစ်လို့များ အလောတကြီး ဆင်းနေရတာလဲ၊ လင်းကြောင့်လား'

'မဟုတ်ပါဘူး လင်း၊ ကျွန်မချိန်းထားတာလေး တစ်ခုလို့ပါ သွားပြီနော်'

ငွေယုန်ကိုကား လာကြိုနေတာကိုလည်း လင်းမသိစေချင်ပေ။ လင်းက ရှေ့မှသွားနေတဲ့ သူ့မလက်လေးကို လှမ်းဆွဲသည်

'ငွေယုန်နေပါဦး၊ အတူတူ သွားမယ်လေ'

သူ့မလက်လေးကို ရုန်းဖယ်ပစ်ပြီး အတူတူသွားနေတာလေဟု ပြောရင် အပြေးအလွှား ဆင်းလာခဲ့သည်။ လှေခါးအဆုံးတွင် ပတ်ဝန်းကျင်ကို ခေါင်းလေးပြူ၍ ကြည့်လိုက်တော့ ဦးမိုးသခင် လာကြိုနေတာ တွေ့လိုက်သဖြင့် ငွေယုန် မထွက်ရဲတော့ပဲ ခန္ဓာကိုယ်လေး ကျုံ့ကာ ခြေလှမ်းတွေ ရပ်သွားသည်။

'ဟင် ဘာဖြစ်လို့လဲ ငွေယုန်၊ စောစောကတော့ အပြေးအလွှား ဆင်းနေပြီးတော့'

'သြော် အခုမှသတိရတယ်၊ လင်းသွားနှင့်တော့နော်၊ ငွေယုန် သူငယ်ချင်း နယ်ကလာမယ်ဆိုလို့ပါ၊ စောင့်ရဦးမယ်လေ'



'ဘာလဲ ယောကျ်ားလေးလား'

'မဟုတ်ပါဘူး မိန်းကလေးပါ၊ လင်းသိပ်ပြီး စပ်စုမနေပါနဲ့နော်၊ သွားနှင့်ပါ'

'ငွေယုန်'

'ပြော'

'လင်းကို မယုံတာလား... လင်းက ကိုက်စားပစ်မှာကြောက်နေတာလား... ပြော'

'မဟုတ်ပါဘူး... ငွေယုန် နယ်ကတက်လာပေမယ့် သတ္တိတော့ အပြည့်ပဲနော်၊ အခုမှ နယ်ကတက်လာပြီး၊ ယောကျ်ားလေးတွေနဲ့ တွဲနေတာ ဝေဖန်ခံရမှာကြောက်လို့ သိပြီလား'

'ကောင်းပါပြီဗျာ၊ သွားဆိုလည်း သွားပါ့မယ်၊ မနက်ဖြန်မှ တွေ့မယ်နော် ok'

လင်း ကားမောင်းထွက်သွားမှ ငွေယုန်အသက်ကို ရဲရဲရှူလာရသည်။ ဦးမိုးသခင် တွေ့သွားလို့ မဖြစ်ပါဘူး။ ငွေယုန့်ကိုယ်ကျင့်သိက္ခာတွေ တစ်စက်လေးမှ အထိမခံနိုင်လို့ပါ။ လင်းရှိတော့မှပဲ ငွေယုန် ထွက်လာခဲ့သည်။

'ကိုပုက နေမကောင်းဘူးတဲ့လေ ငွေယုန်ဖြူဖြူ ကိုယ်ပဲလာကြိုလိုက်တယ်၊ ကိုယ့်မှာ အလုပ်တွေနဲ့ ကုမ္ပဏီကို ပြန်သွားရမယ်၊ ကားပေါ်တက်လေ'

စကားပြောတဲ့လေသံကိုက အထက်စီးက...။ ငွေယုန်ကား နောက်ခန်းမှ ဝင်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မကြိုရင်လည်း မကြိုပါနဲ့လား၊ သူ့ကိုဘယ်သူက အတင်း အကြပ် ကြိုခိုင်းနေလို့လဲ၊ လင်းနဲ့တော့ လုံးဝတခြားစီပဲ။ ခြံထဲ ရောက်တော့ ကိုပုက ပန်းပင်တွေ ရေလောင်းနေသည်။

'မမလေးရေ၊ စောစောက ဗိုက်တွေအရမ်းအောင့်နေလို့ပါ၊ ဆရာ့ဆီလှမ်းပြီး အကူအညီတောင်းတယ်၊ အခုသက်သာသွားပါ ပြီ'

ငွေယုန် တိုက်ကြီးထဲဝင်လာပြီး အပေါ်ထပ်သို့ တက် လာချိန်တွင် ဦးမိုးသခင်ကားလေး မောင်းထွက်သွားသံ ကြား သည်။ သူမှ နှုတ်ခမ်းသားလေးတွေ စူထော် သွားရ၏။ ကိုယ် နဲ့ လက်ထပ်ရမယ့် မိန်းကလေးအပေါ် နူးညံ့ နွေးထွေးမှု မ လိုက်တာနော်။ သူမအိပ်ခန်းထဲရောက်တဲ့အထိ ဒေါသက မ ချင်။ လင်းက သူမဆီ ဖုန်းဆက်သည်။

'ငွေယုန် မင်းကို လူတစ်ယောက် လာကြိုတာ မဟုတ် လား၊ လင်းတွေ့တယ်၊ အဲ့ဒါ ဘယ်သူလဲ၊ ငွေယုန်ပြောတော မိန်းကလေးသူငယ်ချင်းဆို၊ လင်းကို အရမ်းကြီး လှို့ဝှက်မထား နဲ့ကွာ၊ အမှန်တွေကို ပြောပြပါလား'

'လင်း သူများအကြောင်းတွေ ဘာဖြစ်လို့များ လိုက် စပ်စုနေရတာလဲ၊ ငွေယုန်မကြိုက်ပါဘူး'

'ဖုန်း မပိတ်လိုက်နဲ့ဦးနော်၊ လင်းမှာ ပြောစရာတွေ တယ်'





'ပြော... ပြော'

'ငွေယုန့်ကို လင်းချစ်နေပြီ'

'ဘာပြောတယ်'

'လင်း အချိန်တွေ ဆွဲမထားချင်လို့ပါကွာ၊ ငွေယုန်ကို အရမ်းချစ်မိနေတယ်၊ စောစောက အဲ့ဒီလူ့ရဲ့ကားနဲ့ ပါသွားတာ တွေ့လိုက်တော့ လင်း ရူးမတတ်ခံစားလိုက်ရတယ် ငွေယုန်ရယ်'

ယောကျ်ားလေးတစ်ယောက်ရဲ့ ချစ်စကား ကြိုက်စကား တွေ တစ်ကြိမ်တစ်ခါမျှ အပြောမခံရဘူး။ ငွေယုန် အထိတ် တလန့်နှင့် ခြေဖျား လက်ဖျားတွေပင် အေးစက်တုန်ရင် လာချင် သည်။ ငွေယုန့်ဘဝမှာ ရည်းစားစကား အပြောခံရတာ လင်းက ထမပါ။ ဦးမိုးသခင်ကသာ ရည်းစားစကားပြောလျှင် ဘယ် လောက်ကောင်းမလဲဟု မဆီမဆိုင် တွေးမိနေသေးသည်။

'ငွေယုန်... ဟော့... ငွေယုန်လေး'

'ဟင်... လင်း ဘာတွေပြောနေတာလဲ၊ ငွေယုန်တို့က ခုမှ တွေ့ဘူးကြတာပါနော်၊ အဲ့ဒီလောက်အထိတော့ ငွေယုန် က်မခံနိုင်သေးပါဘူး။ sorry ပဲ'

'ငွေယုန်... ငွေယုန်'

လင်း စိတ်မောမွန်းကြပ်၍ ငွေယုန့် ငြင်းပယ်မှုအတွက် ဒေါသထွက်ချင်လာသည်။ ငွေယုန်ဖြူဖြူ မင်းကဘာလဲ၊ နယ်က တက်လာတယ်လည်း ပြောသေးတယ်။ မင်းကို လာကြိုသွား



www.burmeseclassic.com

www.burmeseclassic.com



တဲ့ နေ့ကြီးက ဘာလဲ။ လင်း မခံစားနိုင်၊ ငွေယုန်ဖြူဖြူ အပေါ် လင်းကြွေတာမှ အကြွေကြီး ကြွေသွားရတာပါ။ အချစ်တွေက လင်း နှလုံးသားတွေထဲ အစိုင်လိုက် အခဲလိုက် စုပြုံတိုးဝင်လာ သလို ရှူးရှူးနင့်နင့် နာကျင်လာရသည်။

'ငွေယုန်ဖြူဖြူ မင်းကို ချစ်သွားပြီကွာ၊ ဘယ်လိုလုပ်ရ မလဲ၊ မင်းကို လုံးဝမစွန့်လွှတ်နိုင်တော့ဘူး ထင်တယ်'

ငွေယုန်၏ အမူအယာလေးတွေ ပျက်နေလို့ လင်း စောင့် ကြည့်နေခဲ့တာ၊ ငွေယုန်ဖြူ့အား လူရည်သန့်သန့် ချောချောခန့်ခန့် တစ်ယောက် လာကြိုသွားတာ မြင်ထဲက လင်း ပေါက်ကွဲနေခဲ့ရ သည်။

'လင်းမောင် ဘာတွေ ဖြစ်နေတာလဲ၊ တစ်ယောက်ထဲ ဘာတွေများ မကျေမနပ်ဖြစ်နေရတာလဲလို့...'

သူ့အခန်းထဲ ဝင်လာသူက လင်းကို ထောက်ပံ့ထားတဲ့ မမကြွေပါ။ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဘူးသော စိတ်ပျက် ခြင်းနှင့်အတူတူ သူ့ကိုယ်သူလည်း ရွံရှာမုန်းတီးလာခဲ့ရသည်။ မမကြွေက လင်းအတွက် လိုလေသေးမရှိစေရန် အပြည့်အ ထောက်ပံ့ပေးထား၍ လင်း ငြိမ်နေခဲ့ရပေမယ့် ငွေယုန်ဖြူဖြူ တွေ့ပြီးတဲ့နောက်မှာ သန့်ရှင်းစင်ကြယ်စွာဖြင့် ငွေယုန်ဖြူ အထင်ကြီးစေမည့် အရည်အချင်းတွေ ရှိစေချင် လာခဲ့ရသည်

'မောင်...'





'လင်း သွားစရာတစ်ခု အရေးတကြီး ရှိနေတယ်။ မမ ကြွေ၊ ဒီနေ့တော့ sorry နော်'

မမကြွေက လှည့်ထွက်သွားတော့မယ့် လင်းလက်ကို တင်းတင်းကြပ်ကြပ် ဆုတ်ကိုင်လိုက်သည်။

'လင်း ဘာအချိုးပြောင်းသွားတာလဲ၊ မမကြွေ ဆန္ဒတွေကို လင်း ဘယ်တုန်းကများ ငြင်းဆန်သွားတတ်နေရတာလဲ၊ မင်း ဘယ်မှသွားလို့မရဘူး၊ မမကြွေအနားမှာပဲ နေပါကွယ်'

လင်းက မိဘမဲ့လမ်းပေါ်က ကောင်လေးပါ။ မမကြွေနှင့် တွေ့ဆုံပြီး တော်ကောက် ချီးမြှောက်ခြင်း ခံရကာ တခြားမိန်း ကလေးတွေနှင့်ပါ ရှုပ်ထွေးပွေလီ တက်လာခဲ့သည်။

'မမကြွေက လင်းကို ခွင့်ပြုပြီးသားနော်။ မမကြွေကလွဲ ပြီး တခြားကောင်မလေးတွေကို တွဲခွင့်ရှိပေမယ့် ချစ်ခွင့်တော့ မရှိဘူး မောင်သိပါတယ်'

လင်း... မင်းလောက်တော့ မမကြွေက ပြုတ်စားပစ် လိုက်လို့ ရတယ်နော်။ မင်းအမှန်အကန် ကောင်မလေးတစ် ယောက်နဲ့ တွေ့နေပြီဆိုတာ မမကြွေ သိထားပြီးသားပဲ၊ လင်းဆိုတဲ့ ကောင်လေးကို ကြွေ့အမိန့်တွေ နာခံတတ်အောင် လေ့ကျင့်သင် ကြားပေးထားရတာပါ။ လင်းကို ကြွေ စွဲလန်းချစ်မြတ်နိုးနေလည်း တစ်နေ့နေ့မှာ အတည်လက်ထပ်ဖို့အထိ စိတ်ကူးထားခဲ့သည်။

'လင်းရယ်... မမကြွေ ရင်ခွင်ထဲမှာ နေစမ်းပါကွာ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းဘဝမှာ မခံစားဘူးတဲ့ စည်းစိမ်တွေ အပြည့်အဝ ခံစားနေစေ ချင်လို့လေ’

မမကြွေပြောနေတဲ့ စည်းစိမ်တွေ အားလုံးကို လင်း စွန့် လွှတ်ချင်သည်။ ရိုးသားတဲ့ စင်းလုံးချော အလှရှင်မလေး ငွေ ယုန်ဖြူဖြူကို ပိုင်ဆိုင်လိုလာခဲ့၏။

ငွေယုန်ဖြူဖြူနှင့် လင်းတို့ ဖြူစင်သန့်ရှင်းတဲ့ ဘဝလေး မှာ ဆုံတွေ့ခွင့်ရချင်သည်။

✿



(၁၀)

ငွေယုန်ဖြူဖြူ၊ ငွေယုန်ဖြူဖြူ မင်းလေးအပေါ် တဖြေး ဖြေး သံယောဇဉ် တွယ်မှန်းမသိ တွယ်တာလာရတာ၊ ကိုယ့် အသက်အရွယ်နဲ့ကိုယ် ဖော်ထုတ်ပြသဖို့ ခက်ခဲနေလိုက်တာကွာ။ ကောင်မလေးကို စိတ်မချ...။ ရောက်ရောက်ခြင်းပဲ လက်ထပ် လိုက်ရမှာကို မိုးသခင် တွေတွေဝေဝေနဲ့ ငွေယုန်ဖြူဖြူ အလိုဆန္ဒ အတိုင်း လက်ခံလိုက်မိတယ်။ မင်းကို ချုပ်ကိုင်နိုင်ဖို့က ကိုယ် တရားဝင် လက်ထပ်ရမှာပဲ။ ငွေယုန်ဖြူဖြူကြောင့် သူ့အရှက် ကွဲ ဖြစ်ရမှာလည်း ကြောက်ရွံ့မိနေသည်။

‘ဆရာက ကျွန်တော့်ကို မိုက်အောင့်နေတယ်လို့ ပြောစေ ချင် ပြောလို့ရပါတယ်။ ဒါပေမဲ့ ဆရာ့ရင်ထဲက စေတနာ၊ မေတ္တာတွေကို ငွေယုန်လေး ဘယ်လိုလုပ်သိနိုင်တော့မလဲ။ ဆရာ လုပ်ပေးနေတာတွေက မလွဲသာမရှောင်သာလို့ လုပ်ပေးသလို ဖြစ်နေပြီလေ’



www.burmeseclassic.com

www.burmeseclassic.com



ကိုပုပြောတာလည်း မှန်တာပဲ။ အန်တီလေးကြောင့် အ
ဘာ နေမကောင်းလို့နဲ့ အကြောင်းပြချက်တွေက ငွေယုန်ဖြူဖြူ
သူ့ကြားမှာ ဝေးကွာသထက် ဝေးကွာသွားစေသည်။

'ကိုယ် မင်းနဲ့ သက်တူရွယ်တူ ကောင်လေးတစ်ယော
ဖြစ်လိုက်ချင်တယ်။ ကိုယ့် မိန်းကလေးတစ်ယောက်ကို အခ
တဝင်နဲ့ တယုတယ မလုပ်တတ်ဘူးကွာ၊ ကိုယ် ဘယ်လိုလုပ်
တော့မလဲ'

ငယ်ငယ်လေးထဲကပဲဖြစ်ဖြစ်၊ ရောက်ရောက်ခြင်းပဲဖြ
ဖြစ် မင်းကို ကြင်ကြင်နာနာနဲ့ သံယောဇဉ်တွေ ပြခဲ့ရမှာ
ငယ်ငယ်တုန်းကတော့ ဆိုးသွမ်းသောင်းကြမ်းတတ်တဲ့ အက
စရိုက်တွေကို အမြင်ကတ်မိတာကတော့ အမှန်ပဲ ဖြစ်သည်။

'ငွေယုန်ဖြူဖြူ မင်းနဲ့တွေ့ဆုံပြီးတဲ့နေ့ကစပြီး မထင်မှတ်
ကိုယ် ချစ်မိသွားတာလားပဲ'

မိုးသခင် အတွေးထဲမှာ ငွေယုန်ဖြူဖြူရဲ့ အကြောင်းတွေ
ပဲ လွှမ်းမိုးနေရသည်...။ သူမရဲ့ လုပချော့မော့ပြီး ကလေးဆ
စွာ ပြောဆိုပြုမူနေတာတွေကို အပြစ်မမြင်မိ။ ချစ်စရာ စွဲမက်ဖွ
အမူအယာလေးတွေပဲဟု ချစ်ခင်နှစ်သက်လာလေသည်။ မိ
သခင် လန့်နေတာက ငွေယုန်ဖြူဖြူ လှောင်ပြောင်ရယ်မော
ပေါ့ပျက်ပျက် လုပ်ပစ်မှာပင်။

စရောက်ရောက်ခြင်းပဲ ငွေယုန်ဖြူဖြူကို အတင်းအ
သိမ်းပိုက်ထားလိုက်ရမှာပါ။





အသက်အရွယ် မတူတာကြီးက ငွေယုန်ဖြူဖြူနှင့် အသား
တို့ ဟန့်တားမှုကြီးတစ်ခု ဖြစ်နေသည်။ မေမေက သားရယ်...
ငွေယုန်လေး စိတ်ညစ်အောင် စည်းကမ်းတွေနဲ့ ဘောင်မခတ်ပါနဲ့
ကွယ်၊ မိတ်ဆိုးလေးပါဟု ပြောခဲ့သည်။

'မေမေရေ၊ အခုတော့ ကျွန်တော်ပဲ ခံနေရတာဗျ၊ ငွေယုန်
ဖြူဖြူက သူလုပ်ချင်တာတွေ လုပ်နေတာ၊ ငွေယုန်ခတ်တော့မယ့်
ဘောင်ထဲ မိုးသခင် ဝင်မှန်းမသိ ဝင်သွားပြီ မေမေ'

ငွေယုန်ဖြူဖြူက သူချမှတ်မယ့် စည်းကမ်းတွေကို ဘယ်
လိုအလဲလဲ အပြိုပြိုဖြစ်အောင် ရိုက်ချိုးဖျက်စီးပစ်ရမလဲဆိုတဲ့
နည်းပရိယာယ်တွေ ကြွယ်ဝလွန်းသည် လျှော့တွက်ထားလို့ မရ
တဲ့ ကောင်မလေး၊ ဒီကောင်မလေးရှေ့ရောက်တိုင်း ဘာတွေလုပ်
ရမလဲ၊ ပြောဆိုမလဲဆိုတာပဲ အရိပ်အခြေ ကြည့်နေရ၏။ တစ်ခါ
တစ်လေ အကွက်ဝင်လာလို့ ဟောက်ပစ်ရင်တောင် အလွန်အကျွံ
အရှည်တလျား မဆူရဲပေ။ ငွေယုန်မိဘတွေနဲ့ အန်တီလေးတို့လို
သူလည်း ငွေယုန်ဖြူဖြူအပေါ် အလိုလိုက်ထားချင်နေခဲ့သည်။

'MD'

'ဟင်'

'ဘာတွေ စဉ်းစားနေတာလဲဗျာ၊ ကျွန်တော်ရောက်နေတာ
ကြာပြီ၊ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေလို့ အနှောက်
အယှက် မပေးဘဲ ရပ်နေတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ... သော်ကရာ... မင်းကလည်း ပြော... ဘာကိစ္စလဲ'

'သွားပြီ... သွားပြီ MD အတွေးတွေ အနက်ရှိုင်းဆုံး ချောက်ကမ္ဘားကြီးထဲ ထိုးကျသွားပြီ ထင်တယ်။ ဒီနေ့ မနက် သန့်ရှင်းရေးဝန်ထမ်းတွေ အင်တာဗျူး ရှိတယ်လေ။ MD စော စောလေးကပဲ ပြောခဲ့တာ။ ဒါကြောင့် အထဲကို ခေါ်လိုက်ရတော့ မလားလို့ပါ...'

'သြော် ဟုတ်သားပဲ မနေ့ထဲက ချိန်းထားတာပဲ sorry ကွာ၊ မေစန္ဒီရော အဆင်သင့်ဖြစ်ဖြစ်ပြီလား၊ ဘာဖြစ်လို့ မလာတာ လဲ... မိန်းကလေးတွေ မေးမြန်းရမှာဆိုတော့ မေစန္ဒီရှိသင့်တယ်'

'ခေါ်လိုက်ပါ့မယ် MD မှ မပြောလို့ပါ'

'ခေါ်လိုက်ပါ'မ

မိုးသခင်လည်း ငွေယုန်ဖြူဖြူကြောင့် စိတ်တွေတောင် ပုံမှန်မဖြစ်ချင်တော့ဘူး။ လုပ်ငန်းစဉ်တွေတောင် မေ့လျော့ချင် သည်။

မိန်းကလေး သန့်ရှင်းရေးဝန်ထမ်းတွေ ခန့်မယ့်ကိစ္စ သူ့ လက်ထောက်မေစန္ဒီ ရှိသင့်ပါလျက် သူခေါ်ထားဖို့ မေ့သွား၏ ခဏကြာတော့ သူ့ရုံးခန်းထဲ မေစန္ဒီရောက်လာသည်။

'MD က စန္ဒီ့ကို ဘာဖြစ်လို့ မခေါ်ပါလိမ့်လို့ စဉ်းစား နေတာ။ သန့်ရှင်းရေးဝန်ထမ်းတွေက မိန်းကလေးတွေလေ'





'ဟုတ်တယ်၊ ကိုယ်အလုပ်တွေ ရှုပ်သွားလို့ပါ စန္ဒီ'

'ဘာတွေ အလုပ်ရှုပ်နေလဲ MD အကူအညီ လိုရင်ပြော ပါနော်၊ အားမနာပါနဲ့'

'မရှိပါဘူး၊ ကဲ သော်ကကို အချက်ပြလိုက်တော့'

မေစန္ဒီက မိုးသခင်ရဲ့ သူငယ်ချင်း ညီမလေးပါ။ ပညာ တော်ပြီး ထက်ထက်မြက်မြက် သွက်သွက်လေးပါ။ မိုးသခင် သခင် အားအကိုးရဆုံး ဝန်ထမ်းဖြစ်၍ သူ့လက်ထောက်အဖြစ် ခန့်ထားခဲ့သည်။

'ကလင်'

မေစန္ဒီအချက်ပြလိုက်သဖြင့် သန့်ရှင်းရေး လာလျှောက် ကဲ့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြ သည်။ ဝန်ထမ်းက ငါးယောက်ပဲ ခန့်မှာ၊ လာလျှောက်တာက ငါးဆယ်ကျော်နေ၏။ ငွေယုန်ဖြူဖြူ မင်းအရွယ် ကောင်မလေး တွေ သန့်ရှင်းရေး အလုပ်တောင် ဝင်တိုးရတာ မလွယ်ဘူးကွ၊ မင်းဘဝမှာ ဘာကိုမှ အလေးအနက်မရှိဘူး၊ ပညာရေးကလည်း ညံ့ဖျင်းသေးတယ်။ တက္ကသိုလ်ဝင်တန်းအောင်တော့ အမှတ် (?) တွေနှင့်ပဲ ကပ်အောင်ခဲ့သည်။

'ညံ့ဖျင်းလွန်းတယ်ကွာ'

'ဟင် MD ဘယ်သူ့ကိုပြောတာလဲ သန့်ရှင်းရေးတွေ ...'



www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ဘာမှမဟုတ်ပါဘူး၊ နောက်ဆုံး တစ်ယော
ပဲ ကျန်တော့တယ် ထင်တယ်၊ ခေါ်လိုက်ပါ။

ငွေယုန်ဖြူဖြူအကြောင်းတွေက သူ့ကုမ္ပဏီကိစ္စတွေ
ပင် ဝင်ဝင် ရှုပ်ချင်သည်။

'နောက်ဆုံးတစ်ယောက် ဝင်လာပါ၊ ငွေယုန်ဖြူဖြူ

'ဘာ'

'ဘာဖြစ်လို့လဲ MD နာမည်လေးကတော့ ဆန်းတ
နော်၊ အပြင်မှာတွေ့ခဲ့တာ ရုပ်လည်းချောတယ်။ သန့်ရှင်းေ
ဝန်ထမ်းအလုပ်နဲ့ ဘယ်လိုမှ မအပ်စပ်ဘူး MD ဒီကောင်မေ
ဘဝက ဆိုးလွန်းတယ်ထင်တယ်။ ဒီမှာပါ သူ့ကိုယ်ရေး
ဝင်... ဟင်... သူ့မိဘနှစ်ပါးလုံး သူငါးနှစ် အရွယ်လောက်
က ကွယ်လွန်သွားကြတာပဲ'

မေစန္ဒီကမ်းပေးတဲ့ ငွေယုန်ဖြူဖြူရဲ့ ကိုယ်ရေးရာဇဝင်
ကြည့်လိုက်တော့ သူ့ငွေယုန်ဖြူဖြူအစစ်ပဲ၊ မိုးသခင် ဘာ
လို့ လုဂ်ရမှန်းပင်မသိ လုပ်ချလိုက်ပြီလား ငွေယုန်ဖြူဖြူ

'ထိုင်ပါ၊ ငွေယုန်ဖြူဖြူနော်'

အမလေး သေလိုက်တော့၊ ဦးမိုးသခင်ရဲ့ ကုမ္ပဏီ
ငွေယုန်လုံးဝမသိဘူး၊ စိတ်လည်း မဝင်စား၍ မစပ်စုထား
ဦးမိုးသခင်ကရော အဖက်လုပ်ပြီး ပြောပြလို့လား၊ ငွေယုန်
ပြုံးတူးပြဲတဲ ကြည့်နေ၍ ရယ်ပစ်ချင်သွားရသည်။ ဟွန်း၊ ဘေ





းမချောတစ်ယောက်နဲ့ ရှင်က သိပ်ဟုတ်နေတယ်ပေါ့လေ၊
ကြောင့် ငွေယုန်နဲ့ လက်မထပ်ချင်တာပဲနေမယ်။ ဦးမိုးသခင်
ားမှာ အရမ်းချောမောတဲ့ မိန်းမတစ်ယောက် ထိုင်နေတာ မြင်
က်ရသဖြင့် ငွေယုန်မနာလို ဝန်တိုမှုတွေနှင့် ငိုကျွေးပစ်ချင်
သည်။

'ညီမလေး ငွေယုန်ဖြူဖြူ၊ မင်းက နာမည်လေးလှသလို
တလည်း နဖတ်ချောမောနေတာပဲ၊ မင်းလာလျှောက်တဲ့ အလုပ်
ဘာအလုပ်လဲဆိုတာ မင်းသိပါတယ်နော်'

'ဟုတ်ကဲ့ သိပါတယ် မမ၊ သန့်ရှင်းရေးဝန်ထမ်းပါ'

'မင်း လုပ်နိုင်ပါ့မလားလို့၊ မမစိတ်ပူတယ်၊ သန့်ရှင်းရေး
တာ ညစ်ညစ်ပတ်ပတ်တွေလည်း ကိုင်ရမှာနော်'

ဟုတ်တော့ ဟုတ်တယ်၊ ငွေယုန်လည်း အလုပ်ရရင်ပြီး
ဆိုပြီး ဝင်လျှောက်တာပါ။ ငွေယုန် အင်တာဗျူး သုံးခု
ာက် ဖြေပြီးသွားပြီ တစ်ခုမှအဆင်မပြေလို့ ငွေယုန်သင်တန်း
ည်း ဆက်မတက်ချင်တော့တာနဲ့ အလုပ်လျှောက်မယ့်ဘက်
ည့်မိတာ။ ဦးမိုးသခင်ကုမဏီကိုမှ လာလျှောက်မိနေသည်။

'ညီမလေး အိမ်မှာတော့ သန့်ရှင်းရေးတွေ လုပ်ဖူးမှာပေါ့
ာ်'

'ရှင် ဟင့်အင်း မလုပ်ဖူးဘူး' ဟာ... လုပ်ဖူးပါတယ်၊
ပ်ဖူးပါတယ်၊ ညီမက အဒေါ်နဲ့နေလာရတာပါ။ တစ်အိမ်လုံး



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းရေးအလုပ် ကျွန်မပဲ လုပ်ရတာလေ။ ပြီးတော့ ညီမ... ... ကိုယ်တိုင်လည်း သန့်ရှင်း ပြောင်ရောင်ေ သဘောကျတာ'

မိုးသခင် ဒေါသတွေ ထွက်နေသည်၊ ဒီကောင်မေ ဘယ်လိုလုပ်လိုက်တာလဲ၊ သူနှင့်လက်ထပ်မည့် မိန်းကလေးတ ယောက် သန့်ရှင်းရေး ဝန်ထမ်းလာလျှောက်တာ ကုမ္ပဏီဝန်ထ တွေ သိသွားရင် သူ့ဂုဏ်သိက္ခာတွေ တပြားသားမှ ရှိမှာမဟု တော့။ မိုးသခင် ဘာတစ်ခွန်းမှ မမေးနိုင် မေစန္ဒီပဲ မေးမြန်း သည်။

'ဟုတ်ပါပြီကွယ်၊ တစ်ရက် နှစ်ရက်ကြာရင် အ ထွက်မှာပါ။ ငွေယုန်မြူးမြူး လာကြည့်နော်'

'ဟုတ်၊ ဩော်-မမ ကျေးဇူးပြုပြီ ငွေယုန့်ကို အလုပ် ပေးပါနော်၊ ငွေယုန့်မှာ မိဘတွေလည်း မရှိတော့ဘူး။ ပြီးေ လေ လူကြီးမိဘတွေ မကွယ်လွန်ခင်က စီစဉ်ပေးခဲ့တဲ့ ခင် လောင်းကလည်း ငွေယုန်မှာ အမွေတွေကုန်သွားပြီဆိုတာလ သိရော လက်ထပ်ဖို့ ငြင်းဆန်ပါတယ်၊ အခု ငွေယုန် မျက် ငယ် နားသူငယ်နဲ့ မိုခိုအားထားရာ ကင်းမဲ့ရတော့မယ်၊ သောင် လွှတ်တဲ့ ရွှေဟသာလေး ဖြစ်ရပါတော့မယ်ရှင်'

ဟော့... ဟော့ မင်းဘာတွေလျှောက်ပြောနေတာလ ထအော်ပြောတော့မိမလို ဖြစ်သွားရသဖြင့် ဒေါသတွေကို သ နှင့် ပြန်ထိန်းလိုက်ရသည်။





'ကောင်းပါပြီ၊ စဉ်းစားပေးမယ်နော်၊ ဒီမှာ MD ဆန္ဒက လည်း ရှိပါသေးတယ် ညီမလေးရယ် သွားနိုင်ပါပြီ'

'ကျေးဇူးတင်ပါတယ် မမ'

ငွေယုန်ကျေနပ်ပီတိတွေ အပြည့်နှင့် ရင်ကော့ခေါင်းမော့ ၍ ပြန်ထွက်လာခဲ့သည်။ ဟုတ်တယ်လေ ဦးမိုးသခင်ပဲ လူကြီး တွေကို ကတိတွေပေး ငွေယုန်နဲ့ လက်ထပ်ပါ့မယ်ပြောပြီး အခု အန်တီလေးဆီကနေ ငွေယုန့်မှာ အမွေပစ္စည်းတွေ မရှိတော့ဘူး သိရမှ၊ နောက်ဆုတ်တာ...။ အင်တင်တင်နဲ့ ငွေယုန်သုံးလ အတွင်း ကိုယ့်စရိုက်နဲ့ကိုယ် ရှောင်ဖယ်သွားအောင် အချိန်ပေးတာ၊ မိုးသခင်နှင့် အဲ့မမတို့က အသက်အရွယ် ကွာခြားပုံမရ။ ဒါ ကြောင့် ငွေယုန့်ကို အတင်းအကြပ် လက်မထပ်တော့တာ မဟုတ် သား၊ ပေါ်တင်ပဲ စိန်ခေါ်လိုက်ရ၍ ကျေနပ်မိသည်။ ဒါပေမယ့် လည်း ငွေယုန်ရင်ထဲမှာ ဝမ်းနည်းကြေကွဲရသလိုလို စို့နစ်နာကျင် သလိုလို ခံစားချက်ေတွက တုန့်နှေးနှေး...။ ကုမ္ပဏီကြီးရဲ့ အပြင်ရောက်တော့ ပြန်လှည့်ကြည့်ပြီး မျက်ရည်ကဝေ့ဝဲချင် သည်။

'ဟွန်း... ရှင်အပေါ် ငွေယုန်ကတော့ သစ္စာရှိလိုက် ရတာ၊ လင်းနဲ့တောင် မတွေ့တော့ဘူး ဆုံးဖြတ်ပြီး သင်တန်း သွားမတက်တော့ဘူး၊ ဦးလေး အထင်လွဲမှာ ကြောက်လို့ပါနော်'

လင်းက ငွေယုန်ကို ချစ်တယ်ဟု ပြောလိုက်ထဲက လင်း နှင့် ထပ်မပတ်သက်ဖို့ ငွေယုန်ဆုံးဖြတ်ချက်ချလိုက်သည်။ ငွေ



www.burmeseclassic.com

www.burmeseclassic.com



ယုန့်အပေါ် အစထဲက အထင်သေးလွန်းနေတဲ့ ဦးမိုးသခင် ဘက်ကလက်ထပ်ဖို့ ကိစ္စရှောင်ဖယ်ရန် အထောက်အထား တစ်ခုခု ရသွားမှာစိတ်ပူသည်။

'ငွေယုန် အလုပ်လိုက်ရှာတာကလဲ၊ ဦးလေးအပေါ် မျှော်လင့်လာခဲ့တဲ့ ငွေယုန်စိတ်တွေ ထည်ငြိမ်မှုရှိလာအောင် ထိန်းချုပ်နိုင်ဖို့ တစ်ခုထဲပါ။ ဦးလေးဘက်ကနေ ငွေယုန့်ကို လက်ထပ်ချင်မှာ မဟုတ်ဘူးဆိုတာ သိပါတယ်။ ဦးမိုးသခင် စွန့်ပစ်လိုက်ခဲ့ရင် ငွေယုန် ရပ်တည်နိုင်အောင်ပါ'

ဦးမိုးသခင် သိအောင် ပြောချလိုက်ရသဖြင့် ပျော်ရွှင်ကျေနပ်မှုတွေအဖြစ် ပြောင်းလဲသွားသည်။ သူက စီးပွားရေးလုပ်ငန်းတွေ အလွန်အမင်း အောင်မြင်နေတာပဲဟု တွေးမိပြီး ခြောက်ခြားသိမ်ငယ်သွားရ၏။ ထင်ထားတဲ့အတိုင်းပင် ဦးမိုးသခင် ဖုန်းလှမ်းဆက်သည်။

'ငွေယုန်ဖြူဖြူ မင်းအခု ဘယ်မှာလဲ အမှန်အတိုင်းပြောနော်'

'ဘာဖြစ်လို့လဲ ဦးလေး၊ အခုလမ်းမှာပဲ ရှိပါသေးတယ် အိမ်ကို ပြန်တော့မလို့ပါ'

'ပြန်... မင်းအမြန်ဆုံး ပြန်ပါ ကိုယ်မလာမချင်း အိမ်မှာပဲ စောင့်နေ... ဒီတစ်ခါ မင်းကိုယ့်အမိန့်ကို မနာခံလို့ကတော့ ကိုယ်ခွင့်မလွှတ်ဘူး'





ငွေယုန် ဖုန်းပိတ်ပစ်လိုက်သည်။ ပြစ်မှုကျူးလွန်တာက ဦးမိုးသခင်ပါ။ ငွေယုန့်ကွယ်ရာမှာ မိန်းမတစ်ယောက်နှင့် တွဲနေပြီး သူမကိုများ ဟိန်းလား ဟောက်လားနဲ့ ဒေါသထွက်ထွက်နှင့် ပက်ခနဲ ပြန်ပြောပစ်လိုက်ချင်ပေမယ့် ဦးမိုးသခင်နှင့် ပြဿနာ အရှည်အရှည် မဖြစ်ချင်၍ အလျှော့ပေးပစ်လိုက်သည်။

'ငွေယုန်ဖြူဖြူ၊ ငွေယုန်ဖြူဖြူ ဒီမှာ မင်းကိုယ်ပြောနေ တာကို ကြားရဲ့လားဟေ့... ဟေ့'

ဖုန်းကို ပိတ်ပစ်လိုက်ရုံမက ပါဝါတုံးပါ ဖြုတ်ပစ်လိုက်သည်။ အသံကြီးက ကြောက်စရာ လန့်စရာ နွေခေါင်ခေါင် မိုးကြိုးပစ်လိုက်တဲ့အတိုင်းပဲ။ ကိုယ့်ဟာကိုယ် ဝင်ငွေရချင်လို့ အလုပ်လိုက်လျှောက်နေတာ အပြစ်လားလို့...။ အရွဲ့တိုက်ပြီး အပြင်လျှောက်သွားဖို့ စဉ်းစားမိပြီးမှ ဦးမိုးသခင် စကားနားထောင် လိုက်တာပဲ ကောင်းပါတယ်လေဟု ငွေယုန့်ကိုယ်ငွေယုန် ဆုံးမ၍ အိမ်ပဲပြန်လာခဲ့သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

'မင်း မင်း ဘာအချိုးချိုးတာလဲ ငွေယုန်ဖြူဖြူ၊ ကြေ
မကောင်း ကြားမကောင်း ကိုယ်နဲ့ လက်ထပ်မယ့် ဓနီးလောင်
က ဘာဖြစ်လို့ သန့်ရှင်းရေးအလုပ် လာလျှောက်ရတာလဲကွ
ပြီးတော့လည်း ကိုယ့်ကုမ္ပဏီမှာ'

'မသိလို့ပေါ့ ဦးလေးရ'

'ဟုတ်တယ်၊ မင်းက ကိုယ့်ကို လုံးဝစိတ်မဝင်စားထား
မိန်းကလေးတစ်ယောက်ပဲ။ ကိုယ်နဲ့လက်ထပ်ရမယ့် ခင်ပွ
လောင်း ဘာအလုပ်လုပ်တယ်ဆိုတာတောင် မင်းမသိဘူး မဟုတ်
လား ငွေယုန်ဖြူဖြူ'

'ဒီမှာ ဦးလေးက ငွေယုန်ကို လက်ထပ်မှာမို့လား၊ ဘာဖြ
လို့ ပိုင်စိုးပိုင်နင့်တွေ ပြောနေရတာလဲ ဦးလေးကရော ငွေယု
အကြောင်း စိတ်ဝင်စားလို့လား၊ ဥပက္ခာပြုထားတာပဲလေ'

'ဘာပြောတယ်'

'တကယ်ဆို ဦးလေးက ငွေယုန့်အပေါ် သစ္စာမဲ့တာ
မိန်းမတစ်ယောက်နဲ့ တွဲနေတာလေ'





'ဘာ ဘယ်သူနဲ့လဲ၊ ဘယ်မိန်းမနဲ့ တွဲနေတာလဲ၊ မင်း
ရမ်းစွပ်စွဲ ပုတ်ခတ်မနေနဲ့'

'ရုံးခန်းထဲမှာလေ'

'ဟာ ဒီကောင်မလေးတော့ ခက်တာပဲ၊ အဲ့ဒါက ကိုယ့်
ထမ်း... ကုမ္ပဏီမှာ လက်ထောက်မန်နေဂျာကွ၊ အလုပ်နဲ့ပဲ
တ် သက်တယ်'

ဦးမိုးသခင်စကားနှင့် အမူအယာ တထပ်ထဲကျရဲ့လားလို့
မျက်ဝန်းတွေထဲကို စေ့စေ့စပ်စပ် လိုက်ကြည့်ရသည်။

'ဟေ့ ဘာကြည့်တာလဲ၊ ဒုက္ခပါပဲကွာ၊ မင်းအသက်နှစ်
ယ်နော်၊ မင်းအမူအကျင့်တွေက လွန်ခဲ့တဲ့ငါးနှစ်အရွယ်ကနဲ့
ဖြစ်လို့ မပြောင်းလဲရတာလဲ ငွေယုန်ဖြူဖြူ'

'ငွေယုန့်ဘက်က မပြောင်းလဲတာက ဦးလေးဘက်က
ည်း မပြောင်းလဲလို့လေ။ ငွေယုန် ငါးနှစ်အရွယ်က တွေ့ဆုံခဲ့
ဦးလေးအတိုင်းပဲ။ နောက်ကွယ်မှာ ခြေပုန်းခုတ်ချင် ခုတ်နေ
လေ၊ ဒါကြောင့် ဦးလေးမျက်နှာတွေထဲ ကြည့်တာ'

'တောက်'

ငွေယုန်ဖြူဖြူကို မိုးသခင် ဘယ်လိုထိန်းချုပ်ကိုင်တွယ်
ပင် မသိတော့၊ ကြည့်လေ မိုးသခင်ရဲ့စကားလုံးတိုင်း
ခြင်း အလျှင်းမရှိဘဲ ခွန်းတုန့်ပြန်နေလေသည်။ သူဆုံးမသွန်
ဖို့ နေနေသာသာ သူ့ဘက်ကိုပင် ပြန်လှည့်လာမလားဟု



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်နေရကာ သူပြောမယ့်စကားလုံးတွေကို အရမ်းမပြော[illegible] ရဲဘဲ စီစစ်နေရသေး၏။ ငွေယုန်ဖြူဖြူ စိတ်ဓာတ်ပျော့သွား[illegible] လားလို့ မင်းက ဆင်းရဲမွဲတေနေပြီး ကိုယ့်ကိုမှီခိုရလိမ့်မယ်[illegible] ပြောမိတာ မှားသွားပြီထင်သည်။ ငွေယုန်ဖြူဖြူ မျက်နှာလေး[illegible] မာန်တွေတက်၍ ထပြီး ခွပ်တော့မည့် တိုက်ကြက်မလေးအလ[illegible] သူ့ကို မထေမဲ့မြင် ကြည့်နေသေးသည်။

'ငွေယုန့်ကို အလုပ်ခန့်ပေးပါ ဦးလေးရယ်နော်၊ ငွေယုန်[illegible] ဦးလေးက လက်ထပ်ကြမှာမှ မဟုတ်တာပဲ၊ ဦးလေးအိမ်[illegible] နယ်ကနေ လာနေတဲ့ မိတ်ဆွေရဲ့သမီးလေးလို့ ပြောပါ'

'မင်းအဓိပ္ပာယ်မရှိတဲ့စကားတွေကို မပြောစမ်းနဲ့ ငွေယု[illegible] ဖြူဖြူ မင်းသင်တန်းရော ဘာလို့မတက်တာလဲ၊ မင်းပညာရေ[illegible] ထပ်ပြီး သင်ကြားလေ့ကျင့်ဖို့ လိုသေးတယ်ကွ၊ မင်းအားလုံ[illegible] ပြည့်စုံ ထူးချွန်လာရင် ကိုယ့်ကုမ္ပဏီမှာ ရာထူးနဲ့ခန့်မယ် ဘာ[illegible] လိုလဲ'

'အဲဒါက ပိုပြီး မဖြစ်နိုင်သေးတယ်'

ဦးမိုးသခင် ညစ်ပတ်တာပဲ၊ စကားအရလည်း ငွေယုန်[illegible] အား နှိမ့်ချဆက်ဆံပြောလိုက်တာပါ။ ငွေယုန်က ညံ့ဖျင်းတ[illegible] ဆိုတာ သိသိကြီးနဲ့...။ ကျွန်မက လင်းနဲ့ ထပ်မတွေ့ချင်[illegible] ဦးမင်းသခင်ကွယ်ရာမှာ မဟုတ်တာတွေ လုပ်မိသွားမှာစိုး[illegible] သင်တန်းမတက်ဘဲနေတာကို ဦးမိုးသခင်က သူမရဲ့ သံယော[illegible]





[illegible]တွေကို မသိကျေးကျွန် ပြုထားရက်သည်။ လက်ထောက် မန်နေ[illegible]ဘမမနှင့် ဦးလေးတွဲထိုင်နေမှ ငွေယုန် မနာလို ဝန်တိုမှုတွေနှင့် [illegible]ဦးလေးက အရမ်းတော်တဲ့ လုပ်ငန်းရှင်ကြီးပါလားဟု အထင်ကြီး [illegible]လေးစားသွားရတာတွေ ဖြစ်ပေါ်နေခဲ့ပေမယ့် ထုတ်ဖော်မပြသ[illegible]ချင်ပါဘူး...။ ငွေယုန်ကလည်း မာနတွေ ချမ်းသာပါတယ်နော်။

'ငွေယုန်ဖြူဖြူ'

'ပြောပါ ဦးလေး'

ဦးလေး... ဦးလေးနှင့် သူ့ရင်ကို တဒိန်းဒိန်း ဝင်ဆောင့်နေ[illegible]သလို တားဆီးပိတ်ပင်ဖို့လည်း မိုးသခင်မှာ သတ္တိမရှိခဲ့ ကလေး[illegible]ဆိုးလေးအဖြစ် ခွင့်လွှတ်နေသည်။

'မင်းအလုပ်လုပ်စရာ မလိုဘူး။ ကိုယ်တို့ သဘောတူညီ[illegible]ထားတဲ့အတိုင်း သုံးလအတွင်း မင်းသင်တန်းတက်ချင်လည်း [illegible]တက်၊ တခြား ဘာလုပ်ချင်လဲ လုပ်ပါ'

ဦးမိုးသခင်စကားတွေက ဝေ့လည်ကြောင်ပတ်နှင့် ငွေ[illegible]ယုန်စိတ်မရှည်။ အတိအကျ မေးပစ်ဖို့ကလည်း သူ့ဘက်က [illegible]ငြင်းကွက်ရသွားမှာ စိတ်က ပူပင်နေသေးသည်။ ငွေယုန်က [illegible]သိတဲ့သူပဲ၊ ဘာဖြစ်လဲ...။ အရှက်သိက္ခာတွေကို ရေမြောင်းထဲ [illegible]ပစ်လိုက်ပြီး ကျွန်မကို လက်ထပ်ပါဦးရယ်ဟု ခပ်ညညလေး [illegible]ပြောလိုက်ရင် ကောင်းမလားပဲ။ ဟွန်း အရမ်းအောက်သွားလိမ့် [illegible]၊ ရှင်က ငြင်းပစ်လိုက်မှာလေ၊ ဦးမိုးသခင်ရဲ့ လက်ထောက်



www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာမမက စကားအပြောအဆို ညက်ပြီး ပညာကလည်
တက်ပုံပါ။ ဒီလို မိန်းကလေးမျိုးကိုမှ စိတ်မဝင်စားဘူးဆိုရ
ငါးကြော်မကြိုက်ရင် ကြောင်မိုက်ပဲ ဖြစ်ရမယ်။

'ဟော့ ကောင်မလေး ကိုယ်ပြောနေတာ မင်းနားထဲ ဝ
ရဲ့လား'

'ရှင်...။ တကယ်တော့ ဦးလေးက ကြောင်မိုက်ပဲ'

'ဘာ... ဘာပြောတယ်'

'အား... မဟုတ်ပါဘူး၊ ငွေယုန် ယောင်သွားလို့ပါ...
အိမ်မှာ ပစ်ထားခဲ့ရတဲ့ ကြောင်လေးတွေအကြောင်း တွေးမိသွား
ပါနော်'

ငွေယုန်ကတော့လေ လွှတ်ခနဲ လွှတ်ခနဲ ပြောပြောထွ
သွားတာ...။ ဦးမိုးသခင်က တည်တည်ထန်ထန်ကြီး ကြ
သည်။

'မင်း အေးအေးချမ်းချမ်းနေပါ ငွေယုန်ဖြူဖြူ၊ ပြော
တာတွေ ပြော၊ လုပ်ချင်တာတွေ လုပ်နေတာ ရပ်ပစ်လိုက်
ပါကွာ၊ ကိုယ်တောင်းပန်ပါတယ်'

'ငွေယုန် သင်တန်းမတက်ချင်တော့ဘူး ဦးလေး'

'ဘာဖြစ်လို့လဲ မင်းစိတ်က အမျိုးမျိုးပါပဲလား၊ သင်တ
က တက်ရမယ် လိုအပ်တယ်ကွ'

လင်းနဲ့ ငွေယုန် ထပ်မတွေ့ချင်တော့လို့ပါ။ ငွေယု





စ်တယ်တဲ့။ ပထမတော့ ငွေယုန် စိတ်ယိုင်ချင်သွားရပေမယ့်
သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ငွေယုန့် နှလုံးသားထဲမှာ
စ်နေရတာက ဦးမိုးသခင်ပါ...။ ဘယ်လိုလုပ်ရမလဲဟင်။
ငွေယုန်ရှင့်ကို ချစ်တယ်၊ မစွန့်လွှတ်နိုင်တော့ဘူး ထင်တယ်၊
ငွေယုန့်ကို ဥပက္ခာ မပြုလိုက်ပါနဲ့၊ ဦးမိုးသခင် သဘောကျ
ခံသက်မယ့် အမူအကျင့်တွေအတိုင်း ပြုမူနေထိုင်ဖို့ အချိန်ပေး
လား...။

'ဟော့'

'အမေ့ လန့်လိုက်တာ'

'မင်းကို ကြည့်နေရတာလေ ကိုယ်တောင် ခေါင်းတွေ
နောက်ချင်လာပြီ။ ကလေးမဆန်နေပါနဲ့ ငွေယုန်ဖြူဖြူ။ မင်း
ဂတ်အတွက် ကိုယ်အရမ်းစိတ်ပူတယ်၊ မင်း ဒီမှာပဲနေစမ်း
...။ ပျောင်းမလေး ပေါ့ပျက်ပျက်အလုပ်တွေပဲ မင်းလုပ်နေချင်
ယ်။ ကိုယ့်မှာ တာဝန်ရှိလို့ ပြောနေတာနော် ငွေယုန်ဖြူဖြူ'

ငွေယုန်ဖြူဖြူ၏ မျက်ဝန်းလေးတွေထဲမှာ အားငယ်ဖျော့
တော့ နွမ်းဖတ်လာကာ မျက်ရည်လဲ့လဲ့လေ တချို့ စိုစွတ်ပြည့်
းလာတာ မြင်လိုက်သဖြင့် မိုးသခင်စိတ်တွေက မခိုင်။
းသွားပြီး ဆက်မပြောနေတော့ဘဲ လှည့်ထွက်လာခဲ့သည်။
မောရလွန်းတဲ့ ကောင်မလေး၊ မဟုတ်တာတွေ လုပ်ရမယ်
င် အတွေးအခေါ်မရှိ၊ မိုးသခင် စိတ်ပူပင်နေခဲ့သည်။ သူ့
န်းထဲ ပြန်ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟူး… စိတ်မောတယ်ကွာ၊ မင်းကြောင့်ပဲကွ၊ ကလေး
ဆန်လွန်းတယ် ငွေယုန်ဖြူဖြူ'

မိုးသခင် အဝတ်အစားတွေလဲပြီး မောမောပမ်းပမ်းနှင့် သူ့အိပ်ခန်းထဲမှာရှိနေတဲ့ အလုပ်စားပွဲမှာ ဝင်ထိုင်သည်။

'ကိုယ့်မှာက အလုပ်တွေ အရမ်းများတယ် ကလေးရယ် မင်းက မကူညီဘဲ ကိုယ့်စိတ်တွေ မွှန်းကြပ်ပိတ်လှောင်သွား အောင် မင်းလုပ်နေတာပဲကွာ'

အရေးထဲ မေစန္ဒီက ဖုန်းဆက်နေသေးသည်။ မိုးသခင် အသံအကျယ်ကြီး မပြောရဲ…။ ငွေယုန်ဖြူဖြူက ပြောလို့ရတာ မဟုတ်ဘူး၊ သူ့အခန်းထဲ ဝင်လာရင် ဝင်လာနိုင်တယ်။ ငါးနှစ် အရွယ်လောက်က သူအလွန်အမင်း အမြင်ကတ်မုန်းတီးလာ တဲ့ ကောင်မလေးအား အသက်နှစ်ဆယ်အရွယ်မှာ ထူးဆန်းစွာ မိုးသခင်ရဲ့ နှလုံးသားတွေကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ ကောင်မ လေး ငွေယုန်ဖြူဖြူ ဖြစ်နေသည်။

'ဟယ်လို… မေစန္ဒီလား ပြော'

'MD အသံက ဘာဖြစ်လို့လဲ အရမ်းတိုးနေတယ်၊ MD နေမကောင်းဘူးလားဟင်'

'ဟုတ်တယ် ကိုယ်နည်းနည်းလေး ဖျားချင်နေတယ်။ အရေး မှတော့ မဖြစ်ပါဘူး ပြော'

'မနေ့က ဝန်ထမ်းရွေးချယ်ဖို့ ကိစ္စပါဆရာ၊ စန္ဒီတော့ ငွေယုန်ဖြူဖြူ့ကို မျက်စိထဲမှာ စွဲနေတယ်၊ ဘယ့်လို ထုတ်ပြန် မလဲ MD'





'ငွေယုန်ဖြူဖြူ့ကို မခန့်နဲ့၊ ဒီကောင်မလေး ဘယ်လိုလုပ် နိုင်မှာလဲ အပျော်လာလျှောက်တဲ့ပုံပါ'

'ရှင်… ဘယ်လို MD ပြောတာတွေက လုံးဝမကြားရ ဘူး အရမ်းတိုးနေတယ်၊ ဖုန်းလိုင်းမမိဘူးထင်တယ်၊ ဟယ်လို… ဘယ်လို MD ကြားလား'

မေစန္ဒီနဲ့တော့ ခက်နေပါပြီ၊ မိုးသခင်အသံကျယ်ကျယ် မပြောရဲ၍ မေစန္ဒီကို ဘယ်လိုရှင်းပြရမှန်းသင် မသိ၊ မနက်မှပြော မယ်ဟု ကျယ်ကျယ်လေးပြောပြီး ဖုန်းကိုပိတ်ထားလိုက်သည်။ အရေးထဲကွာ ငွေယုန်ဖြူဖြူရောက်လာမှ သူ့စီးပွားရေးတွေပင် ပစ်ဟင်းနေရသည်။

'ခေါင်းတွေ ကိုက်တယ်ကွာ၊ မင်းနဲ့အဆင်ပြေချင်ပါတယ် ငွေယုန်ဖြူဖြူရာ၊ ဘယ်လိုလုပ်ရမလဲ၊ မင်းဘက်ကတော့ လုံးဝ လျှော့ပေးမယ့် အရိပ်အယောင် မတွေ့ရဘူး၊ ငါ့ဘက်က လျှော့ မယ်ဆိုတော့လည်း ငါ့အသက်အရွယ်နဲ့ကွာ'

စိတ်တွေ တင်းကြပ်ပူလောင်နေသည်။ ဖျားတောင် ဖျားချင် သည်၊ အိပ်လို့လည်း မရ၊ ငွေယုန်ဖြူဖြူ့ကို အလုပ်ခန့်ဖို့ကိစ္စက စန္ဒီ အတော်လေး စိတ်ဝင်စားနေဟန်ပင်။ မိုးသခင် ပြတင်း ပေါက်တံခါးကို ဖွင့်ပြီး အကြာကြီး ထိုင်နေမိတာ၊ Air con



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖွင့်ထားလျက်နှင့်ဆိုတော့ အအေးပတ်သွားလာပဲ နှာခေ မွန်၍ ဖျားတော့သည်။

‘ဦးမိုးသခင် ဦးလေး ထပါဗျူ၊ စာကြည့်ခန်းမှာ မန်နေ မမရောက်နေတယ်၊ ဦးလေးဖျားလို့ဆို’

‘ဒုန်း... ဒုန်း’

‘ဟင်’

မိုးသခင် အိပ်ယာကနေ လူလဲထပြီး တံခါးဖွင့်ပေးလို သည်။

‘ဟတ်ချိုး... ဟတ်ချိုး... ဟတ်ချိုး ဘာ မင်းဘာ တာလဲ၊ ဘယ်သူရောက်လာတယ်’

‘အခုမှ ဘာမသိချင်ယောင် ဆောင်နေရတာလဲ၊ ညထဲ အချိန်းအချက် လုပ်ထားပြီးတော့များ ငွေယုန်နဲ့တွေ့တုန် အလတ်ကြီးပါ။ ညကမှ အဖျားတွေ တက်သွားပဲဖြစ်မယ်။ M ဖျားနေတယ်ပြောလို့ ကုမ္ပဏီကိုလည်း မရောက်သေးလို့လာ တဲ့’

‘ဟော့ ကောင်မလေး မင်းကိုတွေ့သွားပြီလား၊ ဟာ ဖြ နာပဲ၊ မင်းပုန်းနေသင့်တယ် ငွေယုန်ဖြူဖြူ’

‘အဲဒီလောက်ကြီးလည်း အဖြစ်သည်းမနေပါနဲ့၊ ဘ ဦးလေးအဆက်ကြီးက ငွေယုန်ကို တွေ့သွားမှာ အရမ်းကြော တယ်ပေါ့’





‘မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုယ်နဲ့ ဘာမှ ဆိုင်ပါဘူး၊ တော်ကြာ တွေ့သွား’

‘မတွေ့ဘူး... မတွေ့ဘူး၊ ငွေယုန်လည်း ဒီလောက်တော့ ထူအပါး နားလည်ပါတယ်နော်၊ အောက်ကိုဆင်းမလို့ လုပ်ပြီး အပေါ်ပြန်ပြေးတက်လာခဲ့တာ၊ အောက်ဆင်းပြီး သွားတွေ့ တ်ပါဦး၊ ငွေယုန်ကတော့ ပြန်ဝင်ပုန်နေပေးရမှာပေါ့လေ၊ မြန် နော်၊ ငွေယုန်အပြင်သွားစရာရှိတယ်’

‘အေးပါ... ဟတ်ချိုး ကျေးဇူးပြုပြီး ထွက်မလာပါနဲ့ ော်၊ တောင်းပန်ပါတယ်’

သူမျက်နှာတွေ ထူမြန်းပြီး ငွေယုန်ဖြူဖြူကို မေစန္ဒီ ့သွားမှာ ထိတ်ထိတ်လန့်လန့်ကြီး ဖြစ်ရကာ နှာကလည်း အဖျားဒီဂရီတွေက ပိုပြီး တိုးတိုးလာပြီ ထင်သည်။ ညဝတ် ျှအမြန်လဲ၍ အောက်ထပ်ဆင်းလာခဲ့ရ၏။ ဧည့်ခန်းမှာ မေစန္ဒီ ဖိုင်တွေတပွေ့တပိုက်နှင့် ထိုင်စောင့်နေသည်။ မေစန္ဒီက ုပ်ကို စိတ်ဝင်တစားရှုပြီး တာဝန်ကျေသည်။

‘MD တော်တော်လေး ဖျားနေတာလား ဟင် စန္ဒီ စိတ်ပူ လိုက်လာတာပါ။ လက်မှတ်ထိုးဖို့ ကိစ္စတွေကလည်း အရေး ြီးရှိနေလို့ စန္ဒီလာခဲ့တာပါ’

‘ကျေးဇူးပဲ မေစန္ဒီ၊ ကိုယ်နည်းနည်းတော့ ဖျားနေတယ်၊ က်မှ အိပ်ပျော်သွားလို့ပါ၊ ကိုယ် လက်မှတ်ထိုးရမယ့်ဟာ ထားခဲ့ပါ၊ ဆရာဝန် ဖုန်းဆက်ခေါ်ရမယ်။ ဒီနေ့တော့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နားလိုက်သင့်တယ် ထင်တယ်၊ ကုမ္ပဏီကို မေစန္ဒီပဲ တာဝ
ယူထားပါ'

'စိတ်ချမ်း MD ရယ်၊ ကုမ္ပဏီကိစ္စတွေက စန္ဒီပဲ အ
တမ်း တာဝန်ယူခဲ့တာပဲဟာ၊ MD နားပါ၊ ဪ ဒါနဲ့ ဝန်ထမ်
ခန့်ရမယ့်ကိစ္စလေ၊ မနက်ဖြန် အလုပ်ခန့်မယ့် သန့်ရှင်းရေးဝန်ထမ်
တွေရဲ့ စာရင်းကပ်ရမှာလေ'

'မေစန္ဒီပဲ ရွေးချယ်လိုက်ပါ၊ မင်းက ကိုယ့်ထက်တော
နေ့စပ်တယ်လေ၊ ယုံကြည်တယ်'

'ဟို ငွေယုန်ဖြူဖြူကိုရော'

'မခန့်နဲ့'

'သနားစရာ ဘဝလေးနဲ့ MD ရယ်၊ ခန့်လိုက်ပါ'

'မဖြစ်ဘူး မေစန္ဒီ၊ သူ့ကလွဲပြီး တခြားသူ မင်းခန့်ချင်
သူကို ခန့်လိုက်ပါ'

'MD ချွေးသီးတွေ ပြန်နေပါလား၊ ကိုယ်ရော အရ
နေလား'

မေစန္ဒီက နေ့စပ်သေချာသွင်ပီ သူ့နဖူးကိုလာပြီး
နေသဖြင့် မိုးသခင် လန့်သွားရသည်။ ငွေယုန်ဖြူဖြူ တွေ့
ရင် ပြဿနာ...။ ပတ်ပန်းကျင်အား ပြူးတူးပြဲတဲ့နှင့် ဝေ့
ကြည့်မိသွားသလို ငွေယုန်ဖြူဖြူ အရိပ်အယောင် မတွေ့
စိတ်အေးသွားရသည်။

✿



(၁၂)

'ဘာပြောတယ် မိသီ၊ လက်ထောက်မန်နေဂျာမမက
ဦးလေးနဖူးကို တယုတယ စမ်းနေတယ် ဟုတ်လား'

'ဟုတ်ပါတယ် မမလေး'

'တောက် ဒါသထွက်လိုက်တာနော်၊ တော်တော် သစ္စာ
ရှိတဲ့လူ ငွေယုန့်ရှေ့မှာတောင် ပေါ်တင်ကြီး ဖောက်ပြန်နေကြ
တယ်'

'မမလေး'

'ပြော'

'ဆရာကို ဦးလေးလို့ ခေါ်နေတာကြီးက ဆရာက ဘယ်
လိုလုပ်ပြီး ခံစားလို့ရမလဲ၊ ဦးလို့ပြောင်းခေါ်လိုက်ပါလား၊ အဟိ
မှ မမလေးအပေါ် ကြွေမှာလေ'

မိသီရယ်၊ နင်ပဲ အပြောကောင်းတယ်၊ သူ့ကို မမလေး
စိမ်သွားပြီထင်တယ်၊ ဦးလို့ခေါ်ချင်နေတယ်၊ ဦးထက် ကိုကိုလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခေါ်ချင်နေတာပါ၊ ငွေယုန်ရှက်လို့ သူ့ဘက်က ငွေယုန့်ကို…
မှ မေတ္တာမရှိတာ ပြောင်းခေါ်လိုက်ရင်လည်း ဘာအကျိုးခံစား…
မလဲ။ ငွေယုန့်မာနကို တစ်စက်လေးတောင် အထိမခံနိုင်ပါဘူး
နော်၊

'ဟွန်း'

'မမလေး ဘာတွေစဉ်းစားနေတာလဲ၊ ဆရာ့အပေါ် လုံး…
မချစ်နိုင်လို့လား ဟင်၊ ဆရာက မမလေးထက် အသက်ရှစ်
နှစ်ကြီးတယ်သာဆိုတယ်၊ အရွယ်က နုဖတ်နေတာပဲ'

'တော်စမ်းပါ မိသီရာ၊ နင်ကလည်း ကိုယ့်ချဉ် ကိုယ်
ချဉ်နေပြန်ပြီ၊ အသက်အရွယ်ထက် အခုနင့်အမြင်ပဲ သူ့ဖော…
ပြန်နေတာလေ၊ ဒီလိုလူကို လက်ထပ်ဖို့ မိန်းကလေးတစ်ယော…
အနေနဲ့ အများကြီးစဉ်းစားဆုံးဖြတ်ရမယ် ဟဲ့'

မိသီ မျက်နှာငယ်လေးနှင့် ဘာဆက်ပြောရမှန်း မသိတ…
ဖြစ်သွားရသည်။ မမလေးငွေယုန်က ဆရာ့အပေါ် မနာလို အ…
မလားလို့ မိသီ နည်းနည်းကို များများ လုပ်ပြောမိတာ ဖောက်ပြ…
နေသည်ဟု အပြစ်ထပ် စွပ်စွဲနေ၍ ခက်နေ၏။ မမလေးငွေယု…
က ဆရာ့အပေါ် အနိုင်ယူလွှမ်းနေသည်ဟုလည်း မိသီထင်နေ…
သည်။ တော်ပြီ မပြောတော့ဘူး လက်ထောက်မန်နေဂျာမက…
ဆရာ့ကို ကြင်နာသေး၏။ ဒေါသထွက်လာသည်။

'ဆရာ့ကို လက်မထပ်ချင်လည်း မမလေး သဘောပါ…





လေ၊ ကောင်းပါတယ်၊ လက်ထောက်မန်နေဂျာမကလည်း
ဆရာ့ကို ကြင်နာယုယတယ်၊ လိုက်ဖက်ပါတယ်'

'ဘာ... ဘာပြောတယ်'

မိသီပြန်ထွက်သွားသည်။ ငွေယုန်တစ်ယောက်ထဲ ဒေါသ
ဆွေ ပေါက်ကွဲတုန်ခါလျက်၊ နှလုံးသားတွေ နာကျင်လာတာလား၊
မနာလို ဝန်တိုမှုတွေကြောင့်လား ရင်ထဲမှာ မခံစားနိုင်တော့
ထိုင်လို့မရ၊ ထနေလို့လည်း မရ။ ထွက်ပြီး ရန်တွေပစ်ချင်လိုက်
တာ၊ ဦးမိုးသခင် ဒါဘာသဘောလဲ၊ လူကြီးမိဘတွေကိုပါ
လှည့်ဖြားစော်ကားလိုက်တာပဲ၊ ဒေါသဖြစ်လိုက်တာ၊ ကျွန်မက
ဦးမိုးသခင်အရိပ်မှာ မှီခိုနေရတယ်ဆိုပြီး မထေမဲ့မြင် လုပ်နေ
တာပေါ့လေ၊ ခြံထဲကနေ ကားတစ်စီး မောင်းထွက်သွားသည်။

'ပြန်ပြီ ထင်တယ်၊ အမလေး စိတ်တွေ မွန်းကြပ်လို့
သေတော့မယ် ထင်တယ်'

ပြတင်းပေါက် လိုက်ကာလေးကို ဖွင့်ကြည့်တာတောင်
ငွေယုန့်မှာ မရဲတရဲ ကားပြန်ထွက်သွားတာ တွေ့လိုက်ရမှ စိတ်
အေးသွားရသည်။

'ဦးမိုးသခင်ကတော့ ပီတိတွေ ဖြာနေမှာပေါ့လေ၊ ညက
သူတို့ ဖုန်းဆက်ပြီး အချိန်းအဆက် လုပ်ထားကြတာပဲ ဖြစ်မှာ
ဟွန်း၊ သိမယ်'

ငွေယုန် အလှအပတွေ ချယ်သပစ်သည်။ သင်တန်း…



www.burmeseclassic.com

www.burmeseclassic.com



သွားမယ်၊ လင်းနဲ့တွေ့မယ်...။ ရှင်ကို တန်ပြန် ထိုးစစ်ဆင်ပြမယ်၊ ငွေယုန်ဖြူဖြူပဲဟာ အဝတ်အစားတွေကအစ စိတ်ကြိုက်ပြင်ဆင်ထားပြီးမှ မှန်ရှေ့ထိုင်ပြီး ငွေယုန့်စိတ်တွေက ပျော့ရွှေယိုင်နဲ့ သွားချင်သည်။

'လုပ်လို့ဖြစ်ပါ့မလား ငွေယုန်က မိန်းကလေး၊ ဦးမိုးသခင် အထင်လွဲအောင် လုပ်လို့မဖြစ်သေးဘူးထင်တယ်'

ဦးမိုးသခင်နဲ့ အမုန်းတွေကိုလည်း ငွေယုန်မခံယူနိုင်တာမျိုး ဖြစ်နေသည်။ တစ်ခါတစ်လေ ဦးမိုးသခင် သဘောကျနှစ်သက်မည့် အပြုအမူတွေကို ငွေယုန်လုပ်ဆောင်ပြချင်လာရ၏အောက်ကျချင်ကျပါစေ၊ ဒါပေမဲ့လည်း ဦးမိုးသခင်ကမှ ငွေယုန်ကို မချစ်တာ၊ ဘာထူးခြားလာမှာမို့လို့လဲ၊ မလုပ်တော့ဘူး၊ အပြင်ထွက်မယ်၊ ဖေမစန္ဒီနဲ့က သူတို့နှစ်ယောက် နေ့တိုင်းတွေ့နေကြတာပဲ။

'သွားမယ်၊ သင်တန်းသွားတက်ရမယ်၊ ငါ ပညာတတ်ထားမှ၊ ငါ့လိုကောင်မလေးမျိုးကို ဘယ်သူကအထင်ကြီးမှာလဲ ကြိုးစားရမယ်'

သူမ ထလာခဲ့သည် မမမေစန္ဒီကို နှုတ်ဆက်ပြီး ခြံထဲကနေ ပြန်ဝင်လာတဲ့ ဦးမိုးသခင်နှင့် ဆုံမိသည်။ ခြံထဲအဘများ နှုတ်ဆက်ပို့ဆောင်နေသေးတယ်။ ငွေယုန် နှုတ်မဆက်ဦးမိုးသခင်ကလည်း အကြောင်းကြောင်းကြည့်ရင်း တိုက်ကြီး ထဲပြန်ဝင်သွားသဖြင့် ငွေယုန်ဒေါသဖြစ်ရသည်။





'ဦးလေး'

'ဟင်'

'နေမကောင်းဘူးဆို၊ အအေးတွေမိပြီး ချောင်းဆိုးနှာချေနေတဲ့သူက ခြံထဲအထိတောင် ပို့ဆောင်နှုတ်ဆက်စရာ လိုလို့လား'

ငွေယုန်ဖြူဖြူက ဒေါသတကြီး ရန်တွေ့နေပေမယ့် မိုးသခင် မျက်နှာချင်းဆိုင် ဖြေရှင်းရမှာပင် မျက်စိက ရှက်ရသည်။ ဝတ်စားထားတာက ကြည့်ဦးလေ၊ သူလုံးဝကို ကြည့်မရတဲ့ ဘူးပေါ် ပေါင်ပေါ် ဘောင်းဘီတိုကို ဝတ်ထား၏။ မိုးသခင်ကြည့်ရဲ၍ ငွေယုန်ဖြူဖြူအား တားဆီးမလို့ဟာ ရှက်ပြီး တိုက်ထဲ ပြန်ဝင်လာခဲ့ခြင်းဖြစ်သည်။

'အဲ့ဒါက ဘာသဘောလဲ ဦးလေး'

'မင်းဘာတွေလာပြောနေတာလဲ ငွေယုန်ဖြူဖြူ၊ လုပ်ငန်းကိစ္စအတွက် ရောက်လာတာလေ၊ ကိုယ်တကယ် ဖျားနေတယ်၊ မင်းစမ်းကြည့်လေ၊ ကိုယ်တွေလည်း ပူနေတယ်ကွ၊ နှာကလည်း ချေမိမွှန်နေလို့ မင်းမမြင်ဘူးလား'

'ကျွန်မက ဘာဖြစ်လို့ စမ်းသပ်ကြည့်ရမှာလဲ မသိချင်ပါဘူး၊ မေစန္ဒီဆိုတဲ့ မိန်းမကိုပဲ စမ်းသပ်ခိုင်း၊ အဖြစ်တွေ သည်းနေလိုက်ကြတာ၊ ပိုင်စိုးပိုင်နင့်တွေ လုပ်နေကြတာလေ၊ ဦးလေးလက်အောက်ဝန်ထမ်းကများ MD ရဲ့ နဖူးကို စမ်းကြည့်ရသလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင် မင်းချောင်းကြည့်နေတာလား၊ အိပ်ခန်းထဲကနေ ဘယ်လိုလုပ်သိနေရတာလဲ'

'မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးလေ၊ သိတာပေါ့ ချစ်သူတွေလား၊ ပွင့်ပွင့်လင်းလင်းပြောပါ၊ ကျွန်မနဲ့ လက်ထပ်ဖို့ကိစ္စကို သုံးလအထိ အချိန်ဆွဲနေစရာ မလိုပါဘူး၊ သဘောတူညီမှုကို အခုပဲ ဖျက်သိမ်းလိုက်ပါ'

'ဟော့ မင်း... မင်း ဘာတွေလျှောက်ပြောနေတာလဲကွ မဟုတ်တာတွေ ကိုယ်နဲ့ မေစန္ဒီက ဘာအကန့်မှမရှိဘူး၊ သူက ကိုယ့်ဝန်ထမ်းပဲ အားကိုးရတယ်၊ လုပ်ငန်းကျွမ်းကျင်တယ်၊ ကိုယ် လုံးဝမျက်နှာလွှဲရတဲ့ ဝန်ထမ်းပဲ၊ ဟတ်ချိုး... ဟတ်ချိုး... အား... ဖျားနေရတဲ့အထဲကွာ'

ငွေယုန်ဖြူဖြူ တကယ့်ကို ပြဿနာ ကောင်မလေးပါလား၊ သူ့ကို လက်မထပ်ချင်တိုင်း အပြစ်ရှာပြီး စွပ်စွဲပုတ်ခတ်နေတာပဲ ထင်သည်။ မေစန္ဒီ ထပ်လာမှာစိုးလို့ အသေအချာမှာနေရတာပါ။ သူက လက်အောက်ငယ်သား ဝန်ထမ်းမိန်းကလေးကို ကြိုက်စရာလား၊ မေစန္ဒီက ဇေ့စပ်သေချာတယ်၊ စကားနည်းနည်းလေး များလွန်းတာပဲ ရှိသည်။

'နေပါဦး မင်းက ဒီလိုဝတ်စားပြင်ဆင်ပြီ၊ ဘယ်သွားမို့လဲ'

'ကျွန်မ သင်တန်းသွားတက်မှာပါ။ ကိုယ့်ဆီမှာ အရည်





အချင်းတွေ ပြည့်ဝအောင်တော့ အသေအချာ လုပ်ရမယ်လေ၊ ျင်းနေလို့ မရဘူး'

'ငါလိုက်ပို့ပေးမယ်၊ အဲ... အဲ ငါကနေမကောင်းဘူး ကိုပုကိုခေါ်သွား'

'ကိုပုနဲ့ပဲ သွားမှာပါ၊ ဦးလေးကတော့ မေစန္ဒီနဲ့ ကိစ္စ ျှင်းရမယ်၊ ဦးလေးနဲ့လည်း လက်မထပ်တော့ဘူး၊ အဲ့ဒါ အသိ အလင်း ကြေငြာထားခဲ့မယ် ဒါပဲ'

'ဟော့... ဟော့ နေဦးလေ'

ငွေယုန်ပြေးထွက်လာခဲ့ပြီး ကိုပုကားနှင့် မသွားတော့ဘဲ Taxi ပေါ် ပြေးတက်လာခဲ့သည်။

'ကလေးမဘယ်လဲ၊ ဘာဖြစ်လာလို့လဲ၊ သူဌေးတွေက ခင်းကိုခေါ်ပြီး ဘာလုပ်လိုက်လို့လဲ၊ ရဲစခန်းမောင်းပေးရမလား'

'ဟာ ဘာတွေလာပြောနေတာလဲ၊ ဘာမှမဖြစ်ဘူး၊ ကျွန်မ ဘာ ကျွန်မအိမ်နဲ့ရန်ဖြစ်ပြီး သူတို့လိုက်ပို့တာ မခံချင်လို့ ပြေး ထွက်လာတာပါ'

'မသိပါဘူးကွာ၊ မင်းက ဈေးစကားလည်း မပြောဘဲ၊ ပြောမဆိုနဲ့ ဦးလေးကားပေါ် ပြေးတက်လာပြီး မောင်း မောင်း အော်နေလို့'

'ကျွန်မက ဘားလမ်းကို သွားမှာပါ၊ သင်တန်းတက်မလို့ နောက်ကျနေလို့'



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ကူညီပါရစေဆိုကဲ့လူနဲ့ လာတွေ့နေပြန်ပါပြီ ဦးမိုးသခင်ရှေ့မှာ ကြာကြာ ဆက်နေလျှင် မျက်ရည်တွေ လိမ့် ဆင်းကျလာပြီး ငိုပစ်မိတော့မှာမို့ လှည့်ထွက်လာခဲ့တာပါ။ ငွေယုန် စကားတွေ အရမ်းလွန်သွားပြီထင်တယ်။ နောင်တက ဘာဖြစ်လို့ နောက်ကျကျပြီးမှပဲ ရနေရတာလဲ၊ ဦးမိုးသခင်နှင့် အဆင်ပြေ အောင် နေပါတော့မယ်ဆိုမှ အဆင်မပြေစရာအကြောင်းတွေ ဖြစ်ဖြစ်လာသည်။

'ဦးလေးရယ်၊ ငွေယုန်က အညတြ၊ အစွမ်းအစမရှိတဲ့ ကောင်မလေးပါ။ မမမေစန္ဒီကို ဘယ်လိုယှဉ်နိုင်မလဲ၊ ငိုချင်တယ် ငွေယုန့်ရင်ထဲမှာ အရမ်းနာကျင်နေတယ်၊ မျက်ရည်တွေ ကျချင် လာပါပြီ'

သင်တန်းကို သွားရင်လည်း လင်းရဲ့ရန်က ရှိနေသေး သည်။ ဦးမိုးသခင်ကို အရွဲ့တိုက်ပစ်မယ်၊ လင်းက ငွေယုန့်ကို ချစ်တယ်၊ ဂရုတစိုက်နဲ့ ကြင်နာတတ်တယ်၊ ရှင်နဲ့တော့ လုံးဝ ဆန့်ကျင်ဘက်ပဲ၊ သက်သက်မဲ့ သူ့ရည်းစားကို ခေါ်လာပြီး ပြတာ ပါ။

'ဟော့... ဟော့ ကလေးမ ဒီမှာ... ဒီမှာ...'

'ဟင်'

'မင်းပြောတဲ့နေရာကို ရောက်ပြီလေ၊ ပြဿနာပဲကွာ'

'ဩော် ဟုတ်ကဲ့ ဟုတ်'





သူမ ကဗျာကယာ ကားတံခါးဖွင့်ဆင်းမည်ပြုစဉ် ဒရိုင် ဘာက ကားခလုတ်မောင်းနေသဖြင့် သတိရကာ ပိုက်ဆံရှင်း ယ်လုပ်တော့ ပိုက်ဆံအိတ်က ပါမလာပေ။ လွယ်လာတဲ့ အိတ် ဲ ရှာဖွေမွှေနှောက်ကြည့်တော့လည်း မရှိ။

'ဟော့ ကလေးမ မင်းဘာဖြစ်ပြန်ပြီလဲ၊ ဘာတွေရှာနေ ာလဲ'

'အဟဲ... ပိုက်ဆံအိတ် ယူမလာမိဘူး အစ်ကိုကြီး'

'ဘာ'

'အဲ ဦးလေး၊ ဟိုလေ ကျွန်မအိမ်မှာ စိတ်ဆိုးပြီး ထွက်လာ ာ၊ ပိုက်ဆံအိတ်ယူမလာမိဘူး၊ တောင်းပန်ပါတယ်နော်၊ မနက် ဒီကို လာခဲ့ပါလား'

'မရဘူး၊ မင်းတို့တွေ ဒီလိုလာလုပ်လို့ မရဘူး၊ ငါကလည်း နောက်နေ့ ဒီဘက်ကို တကူးတက လာလို့မရဘူး၊ ဒါဆိုလည်း င်းရဲ့ မှတ်ပုံတင်ပေးလိုက်၊ နောက်နေ့ ငါကလာရမှာ ကားခ ်ဆရှင်းပေး ဘယ်လိုလဲ'

'ပိုက်ဆံအိတ်တောင် မပါတာ မှတ်ပုံတင်က ပိုက်ဆံအိတ် ဲမှာ ထည့်ထားတာပါ။ ဒုက္ခပါပဲ သေချင်လိုက်တာ'

သူမသင်တန်းပတ်ဝန်းကျင်မှာ အသိများရှိနေမလားလို့ ပြူ းပြဲတဲ့နှင့် ရှာဖွေလိုက်ရာ လင်းက သူမဘက်သို့ လျှောက်လာ သည်။ လင်းကို တွေ့ပေမယ့် ငွေယုန်မပျော်နိုင်။ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံလိုခြင်းမရှိ။ လင်း အပြုံးချိုချိုတွေက ငွေယုန့်မျက်နှ
လေးပေါ်သို့ အပွင့်တွေအဖြစ် လာရောက်ထိသလိုပင်။

'ငွေယုန် ဘာဖြစ်လို့လဲ'

'ငွေယုန် ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့ပါ လင်းရယ်၊ ပြဿ
နာဖြစ်နေလို့လေ'

'ကိုယ်ရှင်းပေးလိုက်ပါ့မယ်၊ ဘယ်လောက်ကျလဲ ဦးလေး

'သုံးထောင်ပါ၊ တကယ့်ကို ပြဿနာခတ်နေတဲ့ ကောင်
လေးပဲ ပေါ့ပျက်ပျက်နဲ့'

'ဘာရှင့်'

'တော်ပါတော့ ဦးလေး၊ လာ ငွေယုန်သွားကြမယ်'

လင်းက ပိုင်စိုးပိုင်နင့်နှင့် ငွေယုန့်လက်လေးကို ဆွဲကို
ခေါ်သဖြင့် ငွေယုန် ဒေါသတကြီး ရှန်းဖယ်ထွက်သွားခဲ့ချင်သေ
လည်း ဦးမိုးသခင်ရဲ့ ဥပက္ခာတွေနှင့် နှိုင်းယှဉ်ပြီး လင်းက
ကြင်နာယုယတတ်သေးတယ်ဟု တွေး၍ အသာတကြည် လိုက်
လာခဲ့သည်။

'မနေ့က ဘာဖြစ်လို့ သင်တန်းလာမတက်တာလဲ ငွေယု
အရမ်းသတိရနေတာ၊ ကိုယ်လည်း သင်တန်းမတက်ဘဲ ငွေယု
အလာကို ဒီမှာပဲ စောင့်နေတယ်'

'ငွေယုန် အလုပ်တစ်ခု အင်တာဗျူး သွားနေရလို့ပါ'

လှေခါးပေါ်အတက်တွင် ငွေယုန်ကပဲ သူ့မလက်လေး





ဖယ်၍ ရှေ့မှ ခပ်သွက်သွက်လေး တက်လာခဲ့သည်။ လင်း
လည်း အရောတဝင်နှင့် အဲ့ဒီလိုကြီး အညာခပ်လွယ်လွယ်
ယုန့်မာနတွေကို တန်ဖိုးမဲ့အောင် မနေထိုင်လိုပေ။ ဦးမိုးသခင်
ပဲ ငွေယုန်နှလုံးသားတွေက သံယောဇဉ် ငြိတွယ်စပြုလာပြီ
စ်၏။ ငွေယုန့်ဖက်ကနေ မှားယွင်းလို့ မဖြစ်ပါဘူး။

'ငွေယုန်. . . .ဘာဖြစ်လို့ ခြေလှမ်းတွေက အရမ်းသွက်
တာလဲကွာ၊ ကျားလိုက်လာလို့လား ခဏလေး'

လင်းစကားတွေကို တုန့်ပြန်ပြောဆိုမနေတော့ဘဲ သင်တန်း
မထဲ အပြေးအလွှား ဝင်လာခဲ့လေသည်။ ဦးမိုးသခင် ဘယ်
လောက်ပဲ သစ္စာမဲ့နေပါစေ၊ ငွေယုန် သစ္စာရှိပြချင်ပါတယ်။
ဒေါသအလျောက်ပဲ လင်းနဲ့ တွဲပစ်မည်ဟု ပေါက်ကွဲစွာ ထွက်
လာခဲ့ပေမယ့် တကယ်တမ်းကျတော့လည်း ဦးမိုးသခင့်အမုန်း
တွေ သံကွန်ယက်တစ်ခုကို ငွေယုန့်ဆီ အုပ်မိုး ကျရောက်လာမှာ
ကြောက်ရွံ့တုန်လှုပ်နေခဲ့သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

# (၁၃)

'ဆရာ ဘယ်သွားမလို့လဲ၊ နေမကောင်းဘူးလေ၊ အဖျား တွေ တက်နေတယ်လေ'

'မတတ်နိုင်ဘူးကွာ ငွေယုန်ဖြူဖြူကို ကိုယ်တိုင်ပဲ သွား ကြိုမယ်၊ ဒီကျောင်းမလေးက အမြဲတမ်း လူတွေနဲ့ ဆန့်ကျင်ဘ လုပ်တတ်တယ်လေ။ စိတ်ပူရတယ်၊ ကိုယ်ကိုယ်တိုင် ဂရုစိ မှ ဖြစ်မယ်'

'ကျွန်တော် လိုက်ပြီး ကားမောင်းပေးပါ့မယ် ဆရာ'

'နေ နေပါ'

မိုးသခင် ကားလေးပေါ်တက်ပြီး တစ်ယောက်ထဲ မောင်း ထွက်လာခဲ့သည်။ ငွေယုန်ဖြူဖြူ မမှားပါဘူး၊ ကလေး ဆန် တာလေးပဲရှိတာပါ၊ သူက လူကြီးပဲ သည်းခံချော့မော့ နှစ်သိမ့် ရမှာ။ သူကလည်း မာနတကြီးနှင့် ငွေယုန်ဖြူဖြူကို ဩဇာ ထာပြနေချင်ခဲ့၏။ ကိုယ့်ဘက်ကပဲ ငွေယုန့်လေးကို အလျှော့ ပါတော့မယ်ကွာ၊ ငွေယုန်နဲ့ ကိုယ်က မလွဲမသွေ လက်ထပ်





ယ်၊ ကိုယ်အခံမှန်အတိုင်း ဝန်ခံပါရစေ၊ ငွေယုန်လေးကို ချစ်တယ်။ သခင်ဘက်မှ အလျှော့ပေးလိုက်ဖို့ပဲ ဆုံးဖြတ်ထားလိုက်သည်။ သင်တန်းနဲ့ ခပ်လှမ်းလှမ်းမှာ ကားရပ်ပြီး ကြည့်လိုက်မိသည်။ းသခင်မျက်လုံးတွေ ပြာဝေမှောင် မိုက်သွားရသလို။ အဖျား ကြောင့် မူးယစ်နောက်ကျိနေတဲ့ သူ့ခေါင်းက အသိပင် ကင်းမဲ့ချင် သွားရ၏။ ငွေယုန်ဖြူဖြူနှင့် ရွယ်တူကောင်လေးတစ်ယောက် တွဲလျက် ထွက်လာလေသည်။

'ငွေယုန်ဖြူဖြူ မင်း မင်း ဒါကြောင့်ပဲ၊ ဒီသင်တန်းကို သွားတက်နေလားကွာ'

ကောင်လေးက ငယ်ငယ်ချော့ချော့ သားသားနားနား ငွေယုန့်လက်ကိုဆွဲ၍ ကားပေါ်တက်ရန် ခေါ်နေသည်။ မင်း သခင် ဘာလုပ်လို့ လုပ်ရမှန်းပင်မသိ။ ရည်းစားကို အလုခံလိုက် သလိုလို။ နှလုံးသားတွေ တဆတ်ဆတ် တုန်ရင်လှိုက်ခါသွား၍ ကောင်လေးကိုပြေးပြီး ဆွဲထိုးပစ်ချင်လာခဲ့၏။ မဖြစ်သေးပါဘူး။ ငွေယုန်ဖြူဖြူက သူ့ရည်းစားမှ မဟုတ်တာပဲ၊ မကြီးမငယ်နှင့် ကျော်မကောင်း ကြားမကောင်းဖြစ်နိုင်၍ ဒေါသတွေကို သတိနှင့် ချုပ်ပစ်လိုက်သည်။

'တောက်... ဟိုကောင့်ကားနဲ့ ပါသွားပြီ၊ ကိုယ်လာကြို မယ်ဆိုတာ မင်းသတိတောင် ရပုံ မပေါ်ပါလားကွာ ငွေယုန် ဖြူ၊ မင်းကတော့လေ'



www.burmeseclassic.com

www.burmeseclassic.com



ငုပ်သွားတဲ့ အဖျားတွေက အပူချိန် ဒီဂရီတိုးနှုန်း လျှ မြန်စွာ သူ့ခန္ဓာကိုယ်အနှံ့ လောင်မြိုက်သွားရပြီ ထင်သည် အာခေါင်တွေလည်း ပူလောင်ခြောက်သွေ့ သွားရကာ ငွေယု ဖြူဖြူ ပါသွားတဲ့ကားနောက် သွားရင်ကောင်းမလားဟု တွေး ပြီး စိတ်လျှော့လိုက်၍ အိမ်ပဲပြန်လာခဲ့သည်။

'တီ... တီ... တီ'

'တီ... တီ'

'တီ...'

ခြံရှေ့ရောက်တော့ ဒေါသတွေနှင့် ပေါက်ကွဲလာကာ ဟွ သံကို ကျယ်ကျယ် တီးပစ်လိုက်သဖြင့် ကိုပု တံခါးလာဖွင့် ရင် မမလေး ငွေယုန်ဖြူရောက်လာပြီဖြစ်ကြောင်း ပြောသည်

'မမလေးက ပြန်ရောက်နေပါပြီ၊ အသိကားနဲ့ ပြန် တာတဲ့ ဆရာမတွေ့ခဲ့ဘူးလား'

ကိုပုနှင့် စကားပြောမနေချင်တော့သဖြင့် တိုက် ဝင်လာပြီး သူ့အိပ်ခန်းထဲ တန်းဝင်လာခဲ့သည်။ ဒေါသ မပြေချင်... ငွေယုန်ဖြူဖြူ... မင်းမှာ သက်တူရွယ်တူ ချစ်သ နေရင်လည်း စောစောက ပြောပြသင့်တယ်။ အခုတော့ကွာ အိပ်ယာပေါ် ပစ်လှဲချပြီးမှ အိပ်လို့မရ။ ပြန်ထထိုင်လိုက် ငွေယုန်ဖြူဖြူကို သူလုံးဝမဖွန့်လွှတ်နိုင်ဘူးဆိုတာ တဖြေး သိလာရ သည်။





'ကြည့်လေ ငွေယုန်ဖြူဖြူ... မင်းကလဲ မှားနေသေး တယ်၊ နည်းနည်းလေးမှ အရေးတယူ မရှိဘူး၊ တစ်ခုခုတော့ ပြီး ရှင်းလင်းပြောပြသင့်တယ်၊ လူမှုရေးကို နည်းနည်းလေးမှ မလည်ဘူး၊ မင်းကို အမြင်ကတ်တာ အဲ့ဒါပဲ'

သူ့ကိုကျတော့ မဟုတ်မဟတ်တွေနှင့် ပုတ်ခတ်စွပ်စွဲ ပြောဆိုပြီး ပြဿနာရှာနေတာက၊ သူမအပြစ်ကို ဖုန်းကွယ်ဖို့ ကြိုးစားခဲ့တာပဲလား...။ မင်းကို ဒီလောက်အထိ ရှုပ်ထွေးနေမယ် တော့ ကိုယ် မထင်ခဲ့ဘူး။ အပြစ်ပဲပေးလိုက်ရမလား၊ ခွင့်လွှတ် က်ရမလား၊ မိုးသခင်ရဲ့ ပတ်ဝန်းကျင်မှာ မိန်းမချောလေးတွေ များကြီး ရှိနေပါလျှက်နှင့် ကံဆိုးစွာ ငွေယုန်ဖြူဖြူကိုမှ ချစ်မိ နေသည်။

'ဒေါက်... ဒေါက်'

'ဦးလေး... ကျွန်မပါ'

ငွေယုန်ဖြူဖြူပဲ၊ သူ့ကို ဘာတွေရှာပြောဦးမလဲ မသိပါ း ကျွန်မမှာ ချစ်သူရှိနေပါပြီးလို့ အတိအလင်း ဝန်ခံအသိပေး မယ်ထင်တယ်။ ဒုက္ခပါပဲကွာ၊ ငွေယုန်ဖြူဖြူနှင့် ရင်ဆိုင် မှာပင် ကြောက်နေသည်။

'ဦးလေး လာကြိုမယ်ဆိုတာ မသိလို့ပါ၊ သူငယ်ချင်းက ကောင်းခေါ်နေတာနဲ့ ငွေယုန်လိုက်သွားမိတာပါ'

ငွေယုန်ဖြူဖြူက သူငယ်ချင်းဟု ပြောလိုက်သဖြင့် မိုး င် နည်းနည်းလေး စိတ်အေးသွားရပြီး တံခါးဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဦးလေး နေမကောင်းဘူးဆိုတော့ ကျွန်မလာကြို့မ
မထင်ဘူး၊ ဒီမနက်သင်တန်းက စောစောလွှတ်ပါတယ်'

'မင်းကိုတွေ့တယ် ငွေယုန်ဖြူဖြူ'

'ရှင်'

သွားပြီ၊ ငွေယုန်တော့ ဒီတစ်ခါမှ မသေရင် ဘယ်တေ
သေမလဲ၊ လင်း အတင်းအကြပ် ခေါ်ဆောင်သွားတာပါ၊
တောင် ငွေယုန် ဘယ်မှဆက်မလိုက်ဘဲ အတင်းပြန်လာခဲ့သည်

'ငွေယုန်ဖြူဖြူ ဒီကောင်လေးနဲ့ မင်းက ချစ်သူတွေလာ
ကိုယ်မေးတာကို အမှန်အတိုင်းဖြေပါ၊ မင်းဆန္ဒတွေအတိုင်
ဖြစ်စေရမယ်'

'ဦးလေးက ဘယ်လိုအဖြေမျိုးကို ကြားချင်တာလဲ၊
လေးနဲ့ မေစန္ဒီတို့အတွက်ပဲ ငွေယုန် စဉ်းစားပြီး ဖြေပေးရမလာ

'ဘာပြောတယ်'

'ဟုတ်ပါတယ်၊ လင်းနဲ့ ငွေယုန် ချစ်သူတွေပါ၊ ဦး
လည်း ကျွန်မအကြောင်း သိပါတယ်လေ၊ ငွေယုန်ထက် အသ
ကြီးတဲ့ သူကို လက်ထပ်ဖို့ ဆန္ဒမရှိပါဘူး'

'ဘာ'

ဦးမိုးသခင်ရဲ့ အော်သံကြီးက အခန်းကို ကာရံထာ
အုတ်နံရံတွေ ပေါက်ကွဲလွင့်စင်သွားပြီလားလို့ ထင်ရလော
အောင် ပြင်းထန်တင်းမာပေမယ့် အရေးမစိုက်သလို ပုံး





ငွေယုန် အေးစက်မာကျောစွာ ရပ်နေခဲ့သည်။ အဲ့ဒီအဖြေကိုပဲ
ကြားချင်တာ မဟုတ်လား၊ ငွေယုန် အပြစ်ကျူးလွန်မိမယ့်
ချိန်အတိုင်းအတာအထိ စောင့်ပြီး ငွေယုန်နဲ့ လက်ထပ်ပွဲကို
တ်မှာလေ။ ဦးမိုးသခင်ဘက်ကသာ ငွေယုန်နဲ့ လက်ထပ်ချင်
ယ်ဆိုရင် အတင်းအကြပ် လက်ထပ်နိုင်တယ်လေ။

'ငွေယုန် ထွက်သွားပေးပါ့မယ်၊ ဦးလေး စိတ်တွေ
ချမ်းဆိုးမနေပါနဲ့၊ ဒီလောက် ဒေါသတွေ ပေါက်ကွဲစရာမှ
ဆိုတာ'

'ဟော့... ဟော့နေဦး... မင်းနဲ့ ကိုယ် အပြတ်ရှင်းရမယ်၊
သို့အနိုင်ပိုင်းလို့ မရဘူး၊ မင်းအန်တီလေးကို အသိပေးရဦး
ယ်၊ မင်းသဘောဆန္ဒတွေအတိုင်း ဘာမှမလုပ်နဲ့'

'ကောင်းပါပြီ အန်တီလေးဆီ ဖုန်းဆက်ပြောပြလိုက်ပါ
န်မရင်ဆိုင်မယ်၊ ကျွန်မတို့ နှစ်ယောက်ရဲ့ လက်ထပ်ပွဲက
ဝမဖြစ်နိုင်တော့ဘူး မဟုတ်လား၊ ဒါကြောင့် ဇာတ်လမ်းကို
ဆက်နေမယ့်အစား အဆုံးသတ်လိုက်ပါတော့'

'ငွေယုန်ဖြူဖြူ မင်း ကြီးကြီးကျယ်ကျယ် စကားတွေ
ာမသွားနဲ့၊ အပြစ်ကျူးလွန်နေတာက မင်း၊ နေပါဦး ငွေယုန်
ဖြူ ကိုစကားတွေကို ဆုံးအောင်နားထောင်စမ်းပါ ဟော့ကောင်
သား'

'မကြားချင်ဘူး၊ မကြားချင်ဘူး၊ ဆက်ပြောနေရင် ရန်မီး
ာက်တွေက မငြိမ်းသက်နိုင်အောင် လောင်မြိုက်သွားမယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ဘယ်လိုမှ ရပ်တည်ခံစားနိုင်စွမ်း မရှိတော့
ဦးမိုးသခင်အသံထက် ပိုမိုကျယ်လောင် ဟစ်ကြွေးပစ်လာရ
ခြေဦးတည်ရာသို့ ပြေးထွက်လာခဲ့သည်။

'မမလေး… မမလေး… ဘယ်သွားမလို့လဲ၊ ထပ်ပြ
ထွက်မသွားပါနဲ့ ဆရာက မမလေးထင်သလို မဟုတ်ပါဘူ
ရိုးသားပါတယ်၊ မမလေးကိုလည်း ချစ်နေပါတယ်'

ကိုပုတားဆီးနေပေမယ့် ငွေယုန်ဘယ်လိုမှ မခံစားနိုင်တော
သဖြင့် ဘာတွေပြောနေမှန်းလည်း ပီပီပြင်ပြင် မကြားခဲ့၊ အိ
ရောက်လာမှ လင်းဆီ ဖုန်းဆက်၍ အားကိုးတကြီး ခေါ်လိုက်
သည်။

'လင်း… ဘယ်မှာလဲ၊ ကျွန်မဆီ လာခဲ့ပါလား၊ ကျွ
ကို အမြန်ဆုံးလာခေါ်ပါနော်'

'ငွေယုန်လား၊ လင်းက မင်းတို့လမ်းထိပ်ကို ရောက်
တယ်၊ ငွေယုန်ဘယ်မှာနေလည်းဆိုတာ သိချင်လို့ပါ၊ လင်းအ
ပဲ လာခဲ့မယ်၊ လမ်းထိပ်ဘက် ထွက်လာခဲ့နော်'

'အင်း'

ငွေယုန် လုပ်ရပ်တွေ အမှန်တွေလား၊ အမှားတွေလာ
တာ မသိချင်တော့ဘူး။ ဦးမိုးသခင် စိတ်ချမ်းသာစေဖို့ ရှင်
နဲ့အတူ ရှေ့လက်တွဲနိုင်ဖို့ ကျွန်မကိုယ်တိုင် လမ်းကြောင်းရှင်း
လိုက်တာပါ။ အန်တီလေးဆီကို သူဖုန်းဆက်တော့မယ်။ အ





တွေ အားလုံး ငွေယုန်အပေါ် သွန်မှောက်ချပစ်လိမ့်မယ်၊ ကျွန်မ
ဘာတတ်နိုင်တော့မှာလဲ။

'မမလေး မသွားပါနဲ့၊ ပြန်ဝင်လာခဲ့ပါနော်၊ ဆရာကို
အထင်မလွဲပါနဲ့ ဗျာ'

ကိုပု ခြံဝအထိ လိုက်ခေါ်နေပေမယ့် လင်းရဲ့ကားလေးက
လည်း ငွေယုန့်အနားရောက်လာ၍ မထူးတော့မယ် အတူတူ၊
လင်းကလည်း ကားပေါ်မှ ဆင်းလာကာ သူမခန္ဓာကိုယ်လေး
အား ပွေ့ဖက်ထိန်းမက်ရင်း ကားထဲ ဝင်ထိုင်စေသည်။

'လင်း… ကျွန်မ သေပစ်ချင်တယ်၊ ကျွန်မ ဘယ်ကို
ထွက်ပြေးရမလဲ ဟင်'

'ငွေယုန် ဘာဖြစ်လာတာလဲ၊ မင်းရဲ့ အဲဒီလူ အရမ်းထော
တယ်ဆို။ ဦးမိုးသခင်တဲ့လား၊ မင်းကို ဘာစော်ကားလိုက်လဲ
ပြောပါ'

'လင်း ဘာတွေပြောနေတာလဲ သူက ကျွန်မနဲ့ လူကြီးတွေ
က လက်ထပ်ဖို့ သဘောတူထားကြတာပါ'

ငွေယုန်ရင်ထဲမှာ မွန်းကြပ်လွန်းလို့ ရင်ဖွင့်ပစ်လိုက်သည်။
ငွေ ယုန် ဘာမှမသိတော့ဘူး။ ဦးမိုးသခင် အရမ်းရက်စက်တယ်။
ငွေယုန်ဘဝကြီးတစ်ခုလုံးကို အညိုးကြီးကြီးနဲ့ ခြေမွဖျက်ဆီး
ပစ်လိုက်တာပဲ။ ရှင့်မှာ ချစ်သူရှိပါလျက်နဲ့

'ငွေယုန်… ပြောလေ… လင်း ဘာလုပ်ပေးရမလဲကွာ'



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန် ပခုံးလေးကို မသိမသာ သိုင်းဖက်ထားကြည့်ရာ ငွေယုန်က လက်ခံသလိုလို ရှန်းဖယ်မပစ်သဖြင့် လင်း အတင့်ရဲစွာ ခပ်ကြမ်းကြမ်းလေး ပွေ့ဖက်ထားသည်။

'ငွေယုန် ဘာလုပ်ချင်လဲ ပြော၊ ကားကို ကမ္ဘာ့အစွန်ဘက်အထိ မောင်းပေးရမလား'

'ဟုတ်တယ်၊ မောင်းပေးစမ်းပါ လင်းရာ၊ ဒီကမ္ဘာကြီးထဲကနေ အဝေးဆုံး ထွက်သွားချင်တယ်'

'ငွေယုန်ရယ်၊ မင်းဖြစ်စေချင်တာတွေ တာကယ်ပဲ လင်းဖြည့်စွမ်းပေးနိုင်ပါတယ်တဲ့၊ မောင်းပြီနော်'

'မောင်းတော့'

ငွေယုန်အသိစိတ်တွေက လူနှင့် ကပ်မနေတော့ဘူးလားမသိတော့ပါဘူး၊ အသက်ရှူလို့မရအောင် မွန်းကြပ်ကြပ်ကြီး လင်း ရင်ခွင်ထဲပဲ ပြေးဝင်မှီတွယ် ထားပစ်လိုက်ချင်သည်။

ဦးလေးကို ငွေယုန် ချစ်တယ်၊ ပြီးတော့ မုန်းလည်းမုန်းတယ်၊ ငွေယုန့်ကို အထင်မသေးပါနဲ့၊ ဥပက္ခာ မပြုထားပါနဲ့ မလွှဲသာ မရှောင်သာလို့ဆိုတဲ့ သဘောထားကြီးက ဦးလေးရင်ထဲမှာ ဘာဖြစ်လို့ အမြစ်တွယ်နေရတာလဲ

ငွေယုန် ဘာမှမသိတော့ဘူး၊ စဉ်းလည်း မစဉ်းစားချင်တော့ဘူး၊ ကျွန်မအနားမှာ လင်း ရှိနေလို့ တော်သေးတာပေါ့ ကျွန်မကို မလွှဲမသွေပဲ၊ အန်တီလေးက တူမအဖြစ်ကနေ စွန့်လွှတ်





တော့မှာလေ၊ ကျွန်မဆီ ပြန်လာပြီး ကျွန်မကို စောင့်ရှောက်ပေးမယ်လို့ ထင်နေတာလား၊ ဦးလေးချစ်သူနဲ့ လက်ထပ်ခွင့်ရှိဖို့ ဦးလေးဘဝကြီး တစ်ခုလုံး ပျော်ရွှင်အေးချမ်းဖို့ ငွေယုန်ဖြူဖြူက အခွင့်အလမ်းတွေ ဖန်တီးပေးတာပါ။ ငွေယုန်ဖြူဖြူပဲ ဘဝကို အပျက်စီးခံခဲ့တာ ဦးလေးသိရဲ့လား ဟင်...။

'လင်း'

'ပြောလေ ငွေယုန်'

'ကျွန်မ အော်ပစ်လို့ရလား'

'ရတာပေါ့၊ အော်ချင်သလောက် အော်ပါ၊ မကြာခင် ငွေယုန် အရမ်းပျော်ရွှင်စေရမယ့် နေရာလေးတစ်ခုဆီ လင်းခေါ်ဆောင်သွားပေးမှာပါ၊ အော်လေ... အော်'

'အား...'

ကားစက်သံတွေကို ထိုးဖောက်ပစ်သွားရလောက်အောင် အသံကုန် အော်ဟစ်ပစ်မိသည်။

'ငွေယုန်နေတဲ့တိုက်က လုပ်ငန်းရှင်ကြီး ဦးမိုးသခင်နဲ့ ခြံနဲ့တိုက်တဲ့၊ လင်းစုံစမ်းထားတာပါ ဦးမိုးသခင်က'

'တော်ပြီ၊ ဆက်မမေးပါနဲ့'

ဦးမိုးသခင်က ငွေယုန်ဖြူဖြူရဲ့ ငနဲကြီးလားပဲ၊ လင်းကတော့ ဘာမှ မစဉ်းစားချင်ဘူး၊ လင်းနဲ့မမ အကြောင်းလည်း မစဉ်းစားချင်ပါဘူး၊ လောလောဆယ်မှာ လင်းချစ်ရတဲ့ ငွေယုန်



www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူက သူ့ရင်ခွင်ထဲ ရောက်နေခဲ့သည်။ စားရက်ကြံ့လို့ မှတ် ဆိတ်ပျားစွဲတာပဲ၊ မမကိုလည်း ထားပစ်ခဲ့မယ်။ ဖြစ်ချင်တာတွေ ဖြစ်စေသတည်းပဲ၊ ငွေယုန်ဖြူဖြူက မျက်လုံးလေးကို မှိတ်ပြီး ငြိမ်သက်နေ၏။ အရမ်းကို ချစ်စရာကောင်းပြီ၊ ချော့မော့နေဖတ် နေသည်။ မင်းဟာမင်း သူဌေးကြီး ဦးမိုးသခင်ရဲ့ ဘာအကန့်အ ရှိရှိကွာ၊ ဒီတစ်ညလေးပဲဖြစ်ဖြစ် လင်းရင်ခွင်ထဲမှာ ငွေယုန်ဖြူ ဖြူ့ ခန္ဓာကိုယ်လေးကို ပွေ့ဖက်ပြီး အိပ်စက်ပစ်ချင်တယ်။

'ငွေယုန်ဖြူဖြူ... မင်းကို ပျော်ရွှင်စရာတွေ ပြည့်နှက်နေ တဲ့ နေရာလေးတစ်ခုကို လင်းခေါ်ဆောင် သွားပေးပါ့မယ် အချစ် ရယ်'

ငွေယုန်ဖြူဖြူ့ကို လင်းမသိမသာ လှည့်ကြည့်၍ အကဲ ခတ်တော့ ငြိမ်သက်နေဆဲပင် သူမပါးပြင်လေးတွေပေါ်မှာ မျက် ရည်စီးကြောင်းလေးနှစ်ခု ယှဉ်ပြိုင်စီးကျနေခဲ့သည်။

✿



(၁၄)

'ဟင်... လင်း... ဒါက ဘယ်နေရာလဲ၊ ကျွန်မ ဘယ်နေရာခေါ်လာတာလဲ'

'ကကြိုရအောင်'

'ရှင်'

'လာပါ ငွေယုန်၊ ဘာမှကြောက်စရာမရှိဘူး၊ ပျော်စရာ တွေအထိ ပြည့်နှက်နေတယ်၊ ငွေယုန် စိတ်ညစ်နေတယ် မဟုတ် လား၊ ဒီမှာကလို့ရတယ်'

'ဘာတွေလဲ၊ သီချင်းတွေဆိုလို့ရတဲ့ နေရာလား'

'ကလို့လည်း ရတယ်'

ငွေယုန် ခြေလှမ်းလေးတွေက ခန်းမကြီးထဲဝင်ဖို့ တုန့် ဆိုင်းဆိုင်း ဖြစ်နေသည်။ ဒါက ဘယ်လိုနေရာမျိုးလဲ၊ လင်းက ငွေယုန်မေးစေ့လေးကို ဆွဲမော့၍ လင်းကို မယုံလို့လားဟု ကြင် ကြင်နာနာ တယုတယ မေးနေ၏။ လင်းအကြည့် တွေက ငွေယုန့်ရင်ကို တထိတ်ထိတ် လှုပ်ခတ်စေလေသည်။ လောကော



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တော့ လင်းက ငွေယုန်အနားမှာ ရှိနေဖို့ အလိုအပ်ဆုံး လေ။ ဦးမိုးသခင်ဆီလည်း ပြန်မသွားချင်ဘူး။ အန်တီလေး ဒါသမျက်ဝန်းတွေနှင့်လည်း ရင်မဆိုင်ရဲပါဘူး။ လင်း လက်ေ က ငွေယုန်လက်ဖျားလေးကို ဖျစ်ညှစ်ဆုတ်ကိုင်လျက် ခန်းမကြ တစ်ခုထဲ ဝင်လာခဲ့သည်။

'လင်း... ဒါ ဒါက'

'ရှူး တိတ်တိတ်လေးနေပါ၊ မင်းမကချင်ရင်တော အအေးပဲသောက်နော်၊ ဟိုမှာကြည့်လေ လူယ်တွေ ဘယ်လော အထိ ပျော်ကြလဲ'

ငွေယုန် ကြည့်သည်။ ဘာတွေလဲ မပျော်ပါဘူး၊ ရင်ေ မီးတောက်မတတ်ဘဲ လင်းက အချိုရည်တဗူးဖောက်၍ ပေးနေ အေးစက်နေသည်။

'ငွေယုန့်စိတ်တွေ အေးချမ်းငြိမ်သက်သွားအောင် သော လိုက်လေ'

ရင်ထဲမှာ လောင်မြိုက်နေတဲ့ မီးတွေကို ငြိမ်သက်ဖို့ ဦး မိုးသခင်ရဲ့ အကြင်နာ ရေအေးလေး လိုအပ်နေတယ် ထင်တယ် သူ့ကို စွန့်လွှတ်ဖို့ သူမနှလုံးသားတွေ လက်မခံနိုင်ဘူး။ ဦးလေး အရမ်းချစ်တယ်လို့ လူတွေကြားထဲ တိုးဝင်အော်ဟစ် ပစ်ချင် သည်။

'ငွေယုန်သောက်လေ'





'အင်း'

ဖောက်ပြီးသား ဗူးကို သောက်ဖို့ပြင်ပြီးမှ ငွေယုန်မသောက် ချင်။ လင်းကရော ဘယ်လောက်အထိ ယုံကြည်ရမှာလဲ၊ ငွေ ယုန် ပြန်မှဖြစ်မယ်ထင်တယ်။ အမှန်တရားအတွက် သက်သေ သူသင့်တာပဲလေ။ သစ္စာမဲ့တာက ဦးမိုးသခင်၊ အမှန်တွေကို အန်တီလေးသိစေရန် ငွေယုန်ရှင်းပြရမည် ဖြစ်သည်။

'ကျွန်မ ပြန်တော့မယ်'

'ဘာဖြစ်လို့လဲ ငွေယုန်'

'ပျင်းလာလို့'

'လင်းကို မယုံကြည်တာလား'

'ဟင့်အင်း'

လင်းက ငွေယုန့်လက်လေးကို ဆုတ်ကိုင်၍ ပွေ့ဖက်ဖို့ ကြိုးစားလာသဖြင့် ရုတ်တရက်အသိတွေ ဝင်လာကာ အတင်းရုန်း ယ်ပစ်ကာ အပြင်ထွက်လာခဲ့သည်။

'ငွေယုန်... ခဏလေး၊ လင်းပြောတာကို နားထောင်ပေး ပါ ငွေယုန်'

သူမ ခြေလှမ်းတွေကိုပဲ သွက်သွက်လေးလှမ်း၍ ထွက် လာပြီး Taxi ငှားဖို့ တားနေစဉ်မှာပင် မိန်းမတစ်ယောက်က သူမရှေ့တွင် ပိတ်၍ရပ်နေသည်။

'ဖြန်း'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ရှင်... ရှင် ဘာလုပ်တာလဲ'

ထိုအမျိုးသမီး လက်နောက်တစ်ဖက် မြှောက်လာသဖြ ငွေယုန် ဒေါသတကြီး သူမလက်ကို ဖမ်းယူလိမ်ချိုးပစ်လိုက် လေသည်။

'အား... နင် နင်ဘာလုပ်တာလဲ၊ လွှတ်စမ်း၊ လင်းနိုး ကများ'

'ဘာ... ဘာရှင့်'

'အား... အား သေပါပြီ'

'ရှင်က ဘယ်သူလဲ၊ ကျွန်မကိုများ ရာရာစစ'

'အမလေး... လွှတ်စမ်း၊ လွှတ်'

'မလွှတ်ဘူး၊ ကျိုးအောင်ကို လိမ်ချိုးပစ်လိုက်မှာ'

နဂိုကမှ ငွေယုန့်ဒေါသတွေက ပေါက်ကွဲနေတာ၊ သူ ပါးပြင်လေးပေါ်မှာ စပ်ဖျင်းနာကျင်မှုထက် အဆပေါင်းများ ထိုးနှက်တိုက်ခိုက် ပစ်ချင်လာသည်။

'မမကြွေ ရပ်လိုက်ပါ၊ ဒီကိစ္စ ငွေယုန်နဲ့ ဘာမှမဆိုင် ဘူး၊ လင်းအပြစ်တွေပဲ'

လင်းက မမကြွေဆိုတဲ့ မိန်းမကို ဝင်ဆွဲ၍ ငွေယုန် အဝေးကို ဆွဲခေါ်သွားသည်။

'ဟဲ့ ကောင်မ မှတ်ထားစမ်း၊ လင်းဆိုတဲ့ကောင်က ယောကျ်ား မင်းသိရဲ့လား၊ ငါထောက်ပံ့ထားလို့ ကားတစ်စီးစီး





နနိုင်တာ၊ နင် အထင်မကြီးနဲ့၊ နောက်တစ်ခါ ထပ်တွဲတာ ငါ သိရင် နင့်ပါးရှစ်စိတ်ကွဲပြီသာမှတ်'

လင်းက ထိုမိန်းမအား အတင်းဆွဲခေါ်သွားပြီး ကားပေါ် တက်စေကာ မောင်းထွက်သွားသည်။ ငွေယုန် နင်သေလိုက် တော့၊ ရှက်စရာကောင်းတယ်။ မိန်းကလေးတစ်ယောက်က ထင် ရာ စိုင်းချင်ဦးလေ၊ လင်းမှာ မိန်းမနဲ့တဲ့။ ငွေယုန်မသိပေ၊ ကံ ကောင်းလို့ပါလား၊ လင်းတိုက်တဲ့ အချိုရည်ဗူးကို ငွေယုန် သောက်မိလိုက်လို့ပဲ၊ ဘဝမှာ အဖတ်ဆယ်လို့တောင် မရနိုင်တဲ့ အယွင်းမှုကြီးတစ်ခုကို ငွေယုန် ကျူးလွန်မိတော့မလို့ ဖြစ်သွား သည်။

'ကျွန်မ ဘာဖြစ်လို့များ ဒီလောက်အထိ ကံဆိုးနေရတာ လဲ၊ အဲဒါ ကျွန်မကြောင့်လား'

ဦးမိုးသခင်ရဲ့ အရိပ်ကပဲ လုံခြုံစိတ်ချရဆုံးဟု ငွေယုန့် အတွေးတွေထဲ ဝင်လာပြီး အိမ်ကိုပဲ ပြန်ချင်သည်။ ငွေယုန် ပါတယ်၊ အကြောင်းအရာတစ်ခုကို လေးလေးနက်နက် စဉ်း ဆုံးဖြတ်နိုင်စွမ်း ငွေယုန့်မှာ မရှိခဲ့ပေ။ အန်တီလေး စိတ်ပူ လည်း အဲဒါပဲ၊ ဘာပဲဖြစ်ဖြစ် ဦးမိုးသခင်ဆီပဲ ပြန်မယ်။ ယုန် အနူးအညွတ် ရှစ်ခိုးတောင်းပန်ရင်လည်း တောင်းပန်ရပါ ၊ လင်းလို ယောကျ်ားတစ်ယောက်နှင့် တွေ့ဆုံရတဲ့အပွက် ယုန် ဘယ်လောက်အထိ အန္တရာယ်များလဲ။ နက်ရှိုင်းလွန်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချောက်ကမ်းပါးကြီးရဲ့ အစွန်းမှာ ရပ်မိနေခဲ့တာပါလား၊

'ငါ... ငါ ချောက်ကမ်းပါးကြီးရဲ့ အောက်အနက်ဆုံး အထိ ပြုတ်မကျသွားတာ ကံကောင်းတယ်၊ ငွေယုန် မှားသွားတယ်'

သူမဆက်ပြီးပင် မတွေးရဲတော့၊ Taxi ကို အမြန်ဆုံးငှား တဲ့၊ ဦးမိုးသခင်ဆီပဲ ပြန်လာမိသည်။

'မမလေး ဘယ်တွေလျှောက်သွားနေတာလဲ၊ ကျွန်တော် လိုက်ရှာသေးတယ်။ စိတ်ပူလိုက်ရတာ၊ ညဥ့်တောင် နက်နေပြီ နော်'

ကိုပုနှင့်ပင် မျက်နှာချင်းဆိုင်ဖို့ ငွေယုန်ထိတ်လန့်နေသလို ငွေယုန့် ဒီအချိန်အထိ အပြင်မှာနေမိတာလည်း ဦးမိုးသခင် ယုံကြည်စေရန် ရှင်းပြဖို့ အကြောင်းအရာတွေ စဉ်းစားမရတော့ သူမအပေါ်ထပ်သို့ တက်လာခဲ့တဲ့ ခြေလှမ်းတွေက လေးလံနေ ကွေးတုံ့ဆိုင်းနေသည်။

'ဟင်'

'မင်း... မင်း ပြန်လာသေးတယ်နော် ငွေယုန်ဖြူဖြူ'

'ဦးလေး'

'ဘာဦးလေးလဲ၊ ဦးလို့ ပြန်ပြင်ခေါ်စမ်းပါ'

ဦးမိုးသခင် အရက်တွေ အလွန်အကျွံသောက်ထား မူးနေ ပုံပင်။ သူ့အိပ်ခန်းဝမှာရပ်လျက် ငွေယုန့်အား မူးယစ်ရီဝေနေ မျက်လုံးတွေနှင့် မှေးစင်းလျက် စူးစိုက်ကြည့်နေသည်။





'ကျွန်မ အိပ်တော့မယ်'

'နေဦး'

'မနက်မှပဲ စကားပြောကြတာ ကောင်းမယ်ထင်တယ် ဦးလေး'

'မရဘူး၊ ဦးက မင်းကို စောင့်နေတာပါ၊ မင်းလေး ပြန် လာရင် ပြောစရာ စကားတွေ ဦးရင်ထဲမှာ ပြည့်ကျပ်နေလို့ ဆက်ရှုသွင်းလို့တောင် မရတော့ဘူး ထင်တယ်ကွာ'

'ဟို... ဟို ဦးလေး'

ဦးမိုးသခင်နဲ့ ခြေလှမ်းတွေက ဒယိမ်းဒယိုင်နှင့် သူမထံ ကပ်လာသလို မထင်မှတ်ဘဲ သူမ လက်လေးအား ဆွဲယူ၍ ရင်ခွင်ဆီ ဆွဲယူပွေ့ဖက်လိုက်လေသည်။

'ဦးလေး... ဘာလုပ်တာလဲ၊ လွှတ်ပါ၊ အဲ့ဒီလို မလုပ်ပါနဲ့နော်'

'ငွေယုန် ဘာဖြစ်လို့ ရုန်းနေရတာလဲကွာ၊ ငွေယုန်နဲ့ ဦးက လူကြီးတွေ သဘောတူထားကြတယ်လေ၊ မကြာခင် လက်ထပ်ကြမှာပဲ'

'ဦးလေး အရမ်းမူးနေပြီ ထင်တယ်၊ ကိုယ့်အခန်းထဲကိုယ် ဝင်ပါတော့'

ဦးမိုးသခင် အရက်တွေ ဘယ်လောက်အထိများသောက် ထားလည်း မသိ၊ ခန္ဓာကိုယ်ပင် မထိန်းမတ်နိုင်တော့ဘူးပဲ၊ ရင်ခွင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ခွေယိုင်ကျတော့မလို ဖြစ်နေ၍ ငွေယုန် ထိန်းမတ်လိုက်ရ
ဦးမိုးသခင်အား အိပ်ခန်းအထိ တွဲပို့ပေးဖို့ ကြိုးစားရသည်။

'ငွေယုန် ဖြူဖြူ... ဘာဖြစ်လို့ သူစိမ်းဆန်နေရတာလဲ
ကိုယ့်ကို ဦးလေးလို့ ခေါ်နေမယ့်အစား ဦးလို့ ပြောင်းခေါ်

'အိပ်လိုက်ပါတော့နော်၊ ငွေယုန် မှားသွားပါတယ် ဦး
စိတ်အနှောက်အယှက်ဖြစ်အောင် လုပ်မိလို့ပါ'

ငွေယုန် တောင်းပန်ပါတယ် ဦးရယ်၊ အရက်ကို အ
တောင် မခံခဲ့တဲ့ ဦးမိုးသခင်၊ ဘယ်လောက်အထိ စိတ်ညစ်ေ
လဲဆိုတာပါ။ ဦးဟု ဦးမိုးသခင်ရဲ့ ဆန္ဒအတိုင်း ကြင်ကြင်နာ
လေး ခေါ်မိသွားရသည်။

'အသက်လေးရှစ်နှစ်ပဲကွာတာပါ ငွေယုန်ဖြူဖြူ၊ ကို
မင်း သတ်မှတ်ထားသလို အဖိုးကြီး မဖြစ်သေးပါဘူးနော်'

အရက်တွေ မူးနေတော့လည်း ငွေယုန့်အား မာနတွေ
မာမာထန်ထန် စိမ်းစိမ်းတောက်တောက် ပြောဆိုဆက်ဆံတာ
မရှိပဲ ရီရီဝေဝေအကြည့်တွေထဲမှာ ချစ်ခြင်းမေတ္တာတွေကို
ဖွေတွေ့ရှိနေရသည်။

'ငွေယုန်လေး... မသွားပါနဲ့ဦးကွာ၊ ဦးရင်ခွင့်ထဲမှာ ခ
လေးနေပေးပါ၊ မင်းအတွက် ပူပန်ရလွန်းလို့ပါ'

အိပ်ခန်းတံခါးကို ဝုန်းခနဲ ပိတ်ပစ်လိုက်သဖြင့် ငွေ
အ ထိတ်တလန့် သူ့ရင်ခွင်ထဲမှ ရုန်းဖယ်ထွက်ပြေးဖို့ ကြိုးစာ
မယ့် ဦးမိုးသခင်ရဲ့ လက်မောင်းတွေက ငွေယုန့်ခန္ဓာကိုယ်ေ





အား ရစ်ပတ်ပွေ့ဖက်လျက် နှစ်ယောက်သား အိပ်ယာပေါ် လုံး
သွားပြီးလဲသွားလေသည်။

'ချစ်တယ်...။ ဦးလေ ငွေယုန်လေးကို အရမ်းချစ်တယ်၊
သဲနှလုံးတွေထဲအထိ နက်နက်ရှိုင်းရှိုင်း မြတ်မြတ်နိုးနိုး ချစ်မိ
သွားတာပါ အချစ်ရယ်'

'မလုပ်ပါနဲ့ ဦးရယ်၊ အဲ့ဒီလို မလုပ်ပါနဲ့နော်၊ ငွေယုန်တို့က
အရားဝင်မှ လက်မထပ်ရသေးတာပဲ လွှတ်ပါနော်'

'မရုန်းပါနဲ့ ငွေယုန်လေးရယ်၊ ဦးရင်ခွင်ထဲမှာနေစမ်းပါ၊
င်းကို လက်လွှတ်ဆုံးရှုံးရမှာ ကြောက်လို့ ခဏလေးပဲ ခဏ
လေး'

ငွေယုန် ရုန်းဖယ်ဖို့ အင်အားတွေပင် မဲ့သွားရလေသည်။
ခါစောကလည်း လင်းလက်ထဲကနေ လွတ်မြောက်စေရန် ရုန်း
ယ်ပြေးထွက်ခဲ့ရသေး၏။ မောပမ်းနွမ်းနယ်ရလွန်းလို့ပါ၊ အရက်
တွေ အလွန်အကျွံ သောက်ထားပြီး အသိစိတ်တွေ ကင်းမဲ့နေတဲ့
ဦးမိုးသခင် နှုတ်ခမ်းတွေဆီက ထွက်ပေါ်လာတဲ့ အချစ်တွေကို
ငွေယုန် လက်ခံယုံကြည်နိုင်ဖို့ ခက်ခဲနေသည်။

'ငွေယုန်လေးကို ဦးအရမ်းချစ်တယ်၊ ယုံပေးစမ်းပါ၊ မင်း
သားနဲ့ ဝေးသွားမှာ အရမ်းကြောက်နေတယ်၊ ဦးအပေါ် မစိမ်းပါ
နဲ့တော့နော်'

ဦးရဲ့မျက်နှာတွေက ငွေယုန့်မျက်နှာလေးပေါ် ရစ်တရက်
ခိမိုးမိကျလာလေသည်။ ငွေယုန့်သတိတွေ လစ်မတတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ငွေယုန့်နှုတ်ခမ်းသားလေးတွေဆီ ဦးအနမ်းတွေက ... ကြမ်းကြမ်း ကျရောက်လာသောအခါ ငွေယုန့် ငြင်းဆန်ရုန်း ... ဖယ်ပစ်ရန် မေ့လျော့သွားရ၏။ ငွေယုန်လည်း ဦးကိုချစ်တ... အရမ်းချစ်တယ်၊ ယောက်ျားလေးတစ်ယောက်ရဲ့ အနမ်းချိုချို အ... တွေကို ပထမဆုံး ထိတွေ့ခံစားနေရတဲ့ အချိန်လေးမှာပဲ၊ အ... စိတ်တွေ ပျောက်ဆုံးသွားပြီ ထင်သည်။

'ငွေယုန်လေ၊ ဦးကို အရမ်းချစ်မိနေပါပြီ၊ အရူးအ... ချစ်တာပါ'

ငွေယုန် နှုတ်ခမ်းလေးတွေဆီမှ ဦးကိုချစ်ရတဲ့ အကြော... တွေ တဖွဖွလေး ရွတ်ဆိုညီးတွားမိနေရင်း ဦးရဲ့ ခန္ဓာကို... အား ကြောက်ကြောက်ရွံ့ရွံ့ အားကိုးတကြီး တုန့်ပြန်ပွေ့ဖက်သွ... မိသည်။

'ငွေယုန်လေးကို ဦးအရမ်းချစ်တယ်၊ မြတ်နိုးတယ်'

'ချစ်စရာကောင်းတဲ့ ငွေယုန်လေးရယ် . . . ဦးရင်ခွင်ထဲ... ပဲ ထာဝရနေပေးပါကွာနော်'

'ငွေယုန့်ကိုလည်း ဦးအပြစ်တွေရှာပြီး မစွန့်ပစ်လိုက်... နဲ့နော်၊ ဦး တခြားမိန်းကလေးတွေနဲ့ ဘယ်လောက်ပဲ ဖောက်ပြ... ဖောက်ပြန် ဦးကိုတော့ ငွေယုန်တစ်ယောက်ထဲ ပိုင်ဆိုင်ထား... စေ'

ဦးမိုးသခင် အရက်မူး အလွန်အကျွံ သောက်ထား သ... ...မူးရူးရူးနှင့် အသိတွေကင်းမဲ့စွာ ငွေယုန့်ကို ချစ်ပါတယ်ဟု ...တွတ်တွတ် ပြောစကားတွေအတွက် အမှားတွေလား၊ အမှန် ...တွေလား ငွေယုန် ပိုင်းခြားဝေဖန် ဆင်ခြင်နိုင်စွမ်းတွေ ပျောက်ဆုံး ...သွားရသလို။ ငွေယုန့်ခန္ဓာကိုယ်လေး အလွန်တရာ နက်ရှိုင်းတဲ့ ...ချောက်ကမ်းပါးကြီးအောက်သို့ ပြုတ်ကျသွားပြီ ထင်မှတ်မိနေ ...သည်။

ငွေယုန်အသိတွေ ပြန်ဝင်လာရတဲ့အချိန်တွင် ဦးမိုးသခင် ...အိပ်ပျော်သွားပြီ ဖြစ်၏။ ငွေယုန် အထိတ်တလန့်နှင့် ဦးရင်ခွင် ...ထဲမှ ရုန်းထွက်မတ်တပ် ရပ်မိသွားတာတောင် ဦးမိုးသခင် မသိ။ ...ဦးဟု လှုပ်နှိုးနေမိပေမယ့် ဦးမိုးသခင် လုံးဝ နိုးထလာ ခြင်းမရှိခဲ့။ ငွေယုန် ရူးသွပ်သွားပြီလားပဲ။

ငွေယုန်ဘဝတော့ စုတ်ပြတ်သတ်သွားပြီ ထင်တယ်။ ဦး...မိုးသခင်ရဲ့ ရင်ခွင်ထဲမှာ ငွေယုန်ဖြူဖြူရဲ့ အပျိုစင်ဘဝလေး ...ခြေကြွေကျသွားရပြီဖြစ်၏။ ငွေယုန် ဘာမှမတွေးချင်တော့ဘူး။ ...မျက်ဝန်းတွေ ပြာဝေမှောင်မိုက်စွာ မျက်ရည်စီးကြောင်းတွေ ...သိမ့်ဆင်းကျလာကာ ပြေးထွက်လာခဲ့မိလေသည်။

✿







www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

'အား... ကျွတ်... ကျွတ် ခေါင်းတွေအရမ်းကိုက်လိုက်တာကွာ၊ ကွဲထွက်မတတ်ပဲ၊ အား... ကျွတ်... ကျွတ် အမေလေး'

မိုးသခင် မျက်လုံးတွေက ရုတ်တရက် ဖွင့်မရ၊ ခေါင်းတွေ ကိုက်ခဲနေသလို ခေါင်းက ထူမရ။ ညက သူအလွန်အကျွံ သောက်မိသွားသည် ထင်သည်။ သူ့ခန္ဓာကိုယ်တစ်ခုလုံး နာကျင်လေးလံနေ၏။ အရက်ကို မိုးသခင် ဘယ်တုန်းကများ အလွန်အကျွံ သောက်ဖူးလို့လဲ၊ ဧည့်ခံပွဲတွေမှာ အာ·နာပါးနာနဲ့ မလွဲမရှောင်သာလို့ သောက်ရမယ်ဆိုရင်တောင် အချိုရည်က များများ၊ တစ်ခွက်လောက်တောင် မူးရစ်နေသည်။

'အမလေး၊ သေချင်တယ်ကွာ၊ ကိုက်လိုက်တာ ကျွတ်... ကျွတ်'

ညကသောက်တာ အလွန်အကျွံ ဖြစ်သွားရသည်။ ငွေယုန်ဖြူဖြူကြောင့်ပဲ ဒီကောင်မလေး အပြင်ထွက်သွားတာ ညဉ့်နက်





တဲ့အထိ ပြန်မလာ၍ စိတ်ပူနေခဲ့၏။ ရှာဖွေတာလည်း သတင်းရေ ငွေယုန်ဖြူဖြူနှင့် သူတို့ စေ့စပ်ညှိနှိုင်းဖြေရှင်း၍ မရနိုင်အောင် ပဋိပက္ခတွေ ကြီးထွားသွားသည်။

'လင်းနဲ့ကျွန်မက ချစ်သူတွေပါ ဦးလေးလည်း ကျွန်မအကြောင်း သိပါတယ်နော်၊ ကျွန်မထက် အသက်ကြီးတဲ့လူကို လက်မထပ်ချင်ဘူး ဆိုတာလေ'

'တောက်'

ငွေယုန်ဖြူဖြူ ပြောသွားတဲ့စကားတွေကို ပြန်ကြားယောင်ဘာမိသဖြင့် ဒေါသက ထွက်ရသည်။ ခေါင်းတွေက မထူနိုင်၊ ကျင်အုံခဲ၍ သူ့ခန္ဓာကိုယ်မှာ အားမရှိသလိုလို။ ထကြည့်၏။ ခေါင်းက ပြန်လဲကျသွားသည်။

'ဒီကောင်မလေးကို အပြစ်ပေးဖို့ ဘာဖြစ်လို့များ တွေဝေနေ့နေးနေရတာလဲ၊ အန်တီလေးကို တိုင်သင့်တယ်၊ သက်တူယ်တူကိုပဲ ချစ်တယ်တဲ့၊ တောက်... မင်းရက်စက်လွန်းတယ်ငွေယုန်ဖြူဖြူ၊ ရက်စရာကောင်းလိုက်တာ'

ငွေယုန်ဖြူဖြူ ချစ်တဲ့ကောင်လေးနှင့်ပဲ လက်ထပ်ပေးဖို့သခင် လူကြီးပီပီသသ သဘောထားကြီးပြဖို့ စဉ်းစားတာပင်စားနိုင်ခဲ့။ ငွေယုန်ဖြူဖြူလို ကောင်မလေးကိုမှ မိုးသခင်လုံးသားတွေက အချစ်ကြီး ချစ်မိသွားခဲ့တာ၊ ဆိုးဝါးတဲ့ ကံကြမာ အလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့လေသည်။

'အား... ကျွတ်... ကျွတ်'



www.burmeseclassic.com

www.burmeseclassic.com



သူထသည်။ ငွေယုန်ဖြူဖြူ ပြန်မှရောက်လာခဲ့လားဟု စိတ်က သိချင်သည်။ ရင်တွင်ပူ၍ ရေအေးအေးတစ်ခွက် သောက်ရ၏။ ဒီကောင်မလေးကြောင့် သူ့စိတ်တွေ ထိခိုက်နာကျင်ရသလို စီးပွားရေးလုပ်ငန်းတွေမှာပင် လစ်ဟာမှုတွေ ဖြစ်ရသည်။ သူ အောက်ထပ်ဆင်းလာဖို့ ခြေလှမ်းပြင်နေစဉ်မှာပင် ကိုပုတက်လာ၏။ သူ နိုးသင့်နေပြီ ဖြစ်ပေမယ့် မနိုးလို့တဲ့ ကုမ္ပဏီကလည်း ဖုန်းဆက်လှမ်းမေးနေသည်တဲ့။

'ဆရာ ညက အရမ်းမူးလို့ စိတ်ပူပြီး လာကြည့်တာပါ ကျွန်တော် တားတာမရဘူး၊ အခုသက်သာရဲ့လား၊ ကုမ္ပဏီကလည်း မေးနေတယ်၊ အစည်းအဝေး ရှိလို့ပါတဲ့'

'ထားလိုက်တော့ကွာ၊ ကိုယ်ခေါင်းတွေ အရမ်းကိုက်နေတယ်၊ ဒီနေ့ ကုမ္ပဏီကို မလာတော့ဘူးလို့ ဖုန်းလှမ်းဆက်လိုက် အား... ကျွတ်... ကျွတ်... ဆေးသောက်ရမယ်'

'ဆရာဝန်ဆီ ဖုန်းလှမ်းဆက်ပေးရမလား ဆရာ'

'မလိုဘူး ဆေးပဲသောက်ဖို့ လုပ်ပေးပါ၊ ညကအဖြစ်အပျက်တွေ၊ ကိုယ်ဘာမှမမှတ်မိတော့ဘူး၊ ဒါနဲ့ ဟိုကောင်မလေး ပြန်ရောက်လာရဲ့လာ'

'ပြန်လာပါတယ် ဆရာ'

'ဘယ်အချိန်လဲကွ'

'တစ်နာရီလောက်ကပါ၊ အရမ်းကြီး ညဉ့်မနက်ပါဘူး ခုထိအိပ်နေသေးတယ်၊ ငွေယုန်ဖြူဖြူက အရမ်းကလေးဆန်ပါ





တယ်၊ ဆရာ သည်းခံပေးလိုက်ပါ၊ စိတ်လည်း အရမ်းမပူပါနဲ့ဦး၊ အသိပညာမဲ့လွန်းတဲ့ ကောင်မလေးတော့ မဟုတ်ပါဘူး ဆရာ'

'တော်... တော်ပြီ၊ ငွေယုန်ဖြူဖြူအကြောင်း မပြောနဲ့တော့၊ ကိုယ်တစ်ခုခုစားချင်တယ်၊ ဆေးသောက်ရမယ်...။ ကုမ္ပဏီက လူတွေရောက်မလာဖို့ ကိုပုပြောလိုက်ပါ၊ ကိုယ်ဘာအလုပ်မှ မလုပ်နိုင်ဘူး'

'စိတ်ချပါ ဆရာ'

ငွေယုန်ဖြူဖြူ ပြန်ရောက်လာသဖြင့် မိုးသခင် စိတ်သက်သာရသွားလေသည်။ ကိုပုတစားစရာတွေ စီစဉ်နေတုန်း သူရေချိုးခန်းထဲ ဝင်လာခဲ့၏။ ငွေယုန်ဖြူဖြူရောက်လာမှ သူ့စိတ်တွေ မောပမ်းရသလို လူလည်း နွမ်းလျနေရသည်။

'မင်းကို အချိန်တွေ ပေးခဲ့မိတာ ငါ့အမှားပဲ ငွေယုန်ဖြူဖြူ၊ မင်းနဲ့ အတင်းအကြပ် လက်ထပ်လိုက်ရမှာ'

သူကိုယ်တိုင်ပင် ငွေယုန်ဖြူဖြူအပေါ် ဒီလောက်အထိ ချစ်မြတ်နိုးမိသွားလိမ့်မည်ဟု မထင်မိ

'အချစ်ဆိုတာ ဘာလဲကွာ၊ မိုးသခင်ရဲ့ နှလုံးသားတွေထဲအထိ မင်းဘာဖြစ်လို့ ထိုးစစ်ဆင်နေခဲ့ရတာလဲ'

ရေပန်းအောက်မှာ အချိန်ကြာမြင့်စွာ တွေဝေမှိန်းမောနေမိသည်အထိပင်။ တကယ်တမ်းကျတော့ ငွေယုန်ဖြူဖြူအား သူ



www.burmeseclassic.com

www.burmeseclassic.com



လုံးဝမစွန့်လွှတ်နိုင်။ သူ့ဘက်က အလျှော့ပေးလိုက်သင့်တယ် ထင်တာပဲ။

'မလုပ်နဲ့ မိုးသခင်၊ မင်းပဲ အရှက်တကွဲ ဖြစ်ရမှာ ငွေယုန်ဖြူဖြူဆီက အချစ်တွေရဖို့ လုံးဝမျှော်လင့်မနေစမ်းပါနဲ့ ကွာ၊ ဒီကောင်မလေးက မင်းအတွက် ဒုက္ခတွေပဲ သယ်ဆောင် လာပေးမှာပါ'

မိုးသခင်စိတ်တွေကို လျှော့ပစ်လိုက်သည်။ ရေချိုးခန်း ထဲမှာ အကြာကြီး ရေစိမ်မိ၍လား မသိ။ နှာတွေက ချီချင်လာ သည်။

'ဟတ်ချိုး... ဟတ်ချိုး...'

'ဆရာ အအေးပတ်နေပြီထင်တယ်၊ ရေမြန်မြန်သုတ်ပါ'

ကိုပုက ရေ ဝိုင်းသုတ်ပေးရင် အဝတ်အစားတွေ ပြန်ဝတ် ပေးနေသည်။

'ဆရာ အိမ်ထောင်ပြုသင့်နေပြီနော်၊ အရမ်းဆိုးသွမ်းတဲ့ ကောင်မလေးတွေက အိမ်ထောင်ကျရင် လိမ္မာသွားတတ်ပါတယ် ငွေယုန်ဖြူဖြူ့ကိုလည်း ဆရာငြင်းပစ်လို့မှ မရတာပဲ'

ငွေယုန်ဖြူဖြူ့မှာ ချစ်သူရှိနေတယ်ဆိုတာ မပြောပြချင် ပေ။ ကောင်လေးတစ်ယောက်နဲ့ တွဲနေတာတော့ ကိုပုသိနေ မယ့် သူငယ်ချင်းဟုပဲ ထင်မှတ်နေသည်။

'အရင်စီစဉ်ထားတဲ့အတိုင်းပဲ ငွေယုန်ဖြူဖြူ့ကို မိတ တွေ ချဲ့မနေတော့ဘဲ လက်မှတ်ပဲ ထိုးလိုက်ပါ'





'မဖြစ်ဘူး... လုံးဝမဖြစ်နိုင်ဘူး၊ ကောင်မလေးဘက်က နေ ဆန္ဒမရှိပဲ ကိုယ်လက်မထပ်ဘူး၊ ငွေယုန်ဖြူဖြူက လိမ္မာ သွားမယ့် ကောင်မလေး မဟုတ်ပါဘူးကွ၊ ပိုပြီး မိုက်မဲပြတော့ မှာ၊ ကိုယ့်ကို လုံးဝချစ်လာမှာလည်း မဟုတ်ဘူး'

မိုးသခင် လက်မခံနိုင်ပေ။ ငွေယုန်ဖြူဖြူမှာ ချစ်သူ ကောင်လေးရှိနေပြီပဲ။ ဒီကောင်မလေးကို ပျော်ရွှင်စေချင်သည်။ မင်းချစ်သူနဲ့ပဲ လက်ထပ်ပါ ငွေယုန်လေးရယ်၊ ကိုယ်စီစဉ် ဆောင် ရွက်ပေးပါ့မယ်ကွာ၊ မင်းကို ဥပက္ခာပြုလိုက်ရင် မင်းဘဝလေး ပြီးပျက်စီးယိုယွင်းသွားလိမ့်မယ်ကွ၊ ကိုယ်က အကြီးပဲ၊ အလျှော့ ပေးဖို့ပဲ စဉ်းစားထားသည်။

'ဆေးပဲပေးပါ ကိုပုရာ၊ ကိုယ်အနားယူမှဖြစ်မယ်၊ ဪ ကိုပု ကုမ္ပဏီက လူတွေ မလာစေနဲ့နော်၊ သေသေချာချာ ပြော ထားလိုက်'

'ဟုတ်ကဲ့ပါ ဆရာ'

ကိုပု ပြန်ထွက်သွားသည်။ မေစန္ဒီ ထပ်ရောက်လာရင် ငွေယုန်ဖြူဖြူနှင့် ပြဿနာက မအေးချမ်းနိုင်ဘဲ ဖြစ်ဦးမည်။ အဆင်ပြေပြေပဲ နေထိုင်ချင်လာ၏။ လက်ထပ်ခွင့် မရှိရင်တောင် ညီမလေးတစ်ယောက်ကဲ့သို့တော့ လူကြီးဆန္ဒအတိုင်း စောင့် ရှောက် ပေးရမည် ဖြစ်လေသည်။ ဆေးသောက်ပြီး ပြန်အိပ် ပျော်သွားတော့ အိပ်မက်ထဲမှာ ငွေယုန်ဖြူဖြူက သူ့ကိုချစ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟု ကလေးဆန်ဆန် မျက်ဝန်းလေးတွေ ရီဝေစိုစွတ်စွာ စိုက်ကြည့် ကာ ပြောနေ၏။ ထိန်းချုပ်နိုင်စွမ်းတွေ သူ့ဆီမှာ ပျောက်ကွယ် သွားရပြီဖြစ်သည်။

'ငွေယုန်လေးကိုလည်း ဦးချစ်တယ်၊ ဦးနှလုံးသားတွေထဲ အထိ တဆတ်ဆတ် တုန်ယင်နေအောင် ချစ်မြတ်နိုးရတာပါ'

ငွေယုန်ဖြူဖြူကလည်း သူ့ရင်ခွင်ထဲ အသာတကြည် တိုး ဝင်လာကာ နှစ်ယောက်ယှဉ်တွဲ အိပ်စက်ကာ အနမ်းတွေ ပေးခဲ့ ကြသည်။ သူလန့်နိုးလာတဲ့အထိ အိပ်မက်လား၊ တကယ်လား ဟု ဇဝေဇဝါ ဖြစ်နေခဲ့သေး၏။ သေသေချာချာ နိုးထလာတော့ မှ အိပ်မက်တွေ ဖြစ်နေခဲ့သည်။

'အရေးထဲ အိပ်မက်ကလဲကွာ ဝင်ရှုပ်နေသေးတယ်'

ငွေယုန်ဖြူဖြူကို အလျှော့ပေး ဆက်ဆံဖို့ မိုးသခင် ဆုံးဖြတ်ထားလိုက်သည်။ ငွေယုန်ဖြူဖြူကို တွေ့ချင်လာမိနေ၏။ ခေါင်းကိုက်တာလည်း သက်သာသွား၍ အောက်ထပ်သို့ ဆင်း လာခဲ့သည်။

'မသီ'

'ရှင်ဆရာ'

'ဆရာခြံထဲမှာ ရှိနေမယ်၊ ငွေယုန်ဖြူဖြူကို ဆင်းလာခဲ့ လို့ သွားပြောပေးပါ'

'ဟုတ်ကဲ့ပါ ဆရာ'





ကိုပုအား ခြံထဲမှာ ထိုင်ခုံတွေ ပြင်ဆင်ပေးဖို့ ခိုင်းလိုက် သည်။ စားစရာတွေပါ မှာလိုက်၏။ ငွေယုန်ဖြူဖြူနဲ့ အဆင်ပြေ အောင်နေရမယ်။ သူ့ဘက်ကပဲ အလျှော့ပေးပြီး ငွေယုန်ဖြူဖြူ ဖြစ်စေချင်တဲ့ ဆန္ဒတွေ ဖြည့်စွမ်းပေးရမယ်၊ ခြံထဲမှာ ထိုင်မိတော့ အိပ်မက်လေးကို သတိရသွားရကား ပြုံးမိနေသည်။

'မမလေးက ဆင်းလာပါ့မယ်တဲ့ ဆရာ၊ ခဏလေး စောင့် ေးပါတဲ့'

ငွေယုန်ဖြူဖြူက လာမယ်ဆိုတဲ့ မိုးသခင် စိတ်အေးသွား သည်။ သူ့အပြစ်တွေပါ ငွေယုန်ဖြူဖြူကို ဘယ်တော့မှ အလျှော့ ေး ဆက်ဆံခဲ့တာမျိုး မရှိခဲ့။ အန္တရာယ်ကောင်မလေးအမြင်ပဲ ဆတ်မှတ်ထားခဲ့၏။ ကိုယ် မှားခဲ့တာပါ။ ကိုယ်ပြုပြင်ပါ့မယ် ငွေယုန်ဖြူဖြူ၊ ခဏကြာတော့ တိုက်ကြီးထဲကနေ ငွေယုန်ဖြူဖြူ ထွက်လာသည်။

'အရမ်းကို ရိုးသားနေတာပါလား၊ လုံလုံခြုံခြုံ ဝတ်စုံလေး

'

မြန်မာဆန်ဆန် ဝတ်စုံလေးနှင့် ငွေယုန်ဖြူဖြူက သူ့ရှေ့ ရောက်လာသည်။ ချောမောလှပပြီး ချစ်စရာ ငွေယုန်ဖြူဖြူ။

'ဦးလေး ခေါ်တယ်ဆိုလို့ပါ'

ငွေယုန့်ရင်တွေ တဆတ်ဆတ် တုန်ယင်နေလေသည်။ မိုးသခင်ကို ကြည့်ရတာ ညက အဖြစ်အပျက်တွေကို မှတ်မိ



www.burmeseclassic.com

www.burmeseclassic.com



ပုံမရပေ။ သူ့မျက်နှာပေါ်မှာ ပကတိ တည်ငြိမ်ရင့်ကျက်
သည်။ ဦးမိုးသခင်က အလွန်အကျွံသောက်ထားသဖြင့် အ
စိတ် လွတ်ကင်းနေတယ်ဆိုတာ ငွေယုန်သိနေသည်။

'ထိုင်ပါ'

'ဟုတ်'

ငွေယုန် ရှက်စိတ်တွေနှင့် မျက်နှာတွေ ပူနွေးလျက် ဦးမို
သခင်ကို ရဲရဲတင်းတင်း မကြည့်ရဲ။ ညက တစ်ညလုံး ငွေယု
ရှုံးသွပ်မတတ် တုန်ယင်လှိုက်ဖို နာကျင်နေခဲ့တာတွေ ဦးလုံး
မသိတာလား။ မသိချင်ယောင် ဆောင်နေတာလား ဟင်၊ ငွေယ
ဘယ်လိုလုပ်ရမလဲ၊ ထိုအဖြစ်အပျက်တွေ ဦးသိစေရန် ထုတ်
ပြောပြလည်း ဦးလက်ခံမှာ မဟုတ်ပေ။ ဦးရှေ့မှာ ငွေယုန်
ထိုင်မိသည်။

'ငွေယုန်ဖြူဖြူ'

'ရှင်'

'ကိုယ်ပြောမယ့်စကားတွေကို ငွေယုန်ဖြူဖြူ စိတ်အေ
အေးထားပြီး လက်ခံနားထောင်ပေးပါ။ မင်းနဲ့ကိုယ် ပြဿ
တွေ ထပ်မဖြစ်ချင်တော့လို့ပါ'

ညက တစ်ညလုံး ကိုယ်ဘယ်လောက်အထိ စိတ်ပူခဲ့ရ
မင်းသိရဲ့လားဟု ဆူပွက်ပစ်ချင်ပေမယ့် ငွေယုန်ဖြူဖြူ ထ
ပြဿနာရှာမှာ ကြောက်၍၊ လေသံပင် မမာရဲ၊ ငွေယုန်ဖြူ





သူ့ကိုမကြည့်။ မျက်နှာပြင်လေးပေါ်မှာ ပန်းသွေးရောင်ထနေကာ
ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေကာ မိုးသခင် သတိထား
လာရသလို ငွေယုန်ဖြူဖြူ့မျက်နှာပြင်လေးပေါ်မှာ လက်ချောင်း
ရာတွေ ထင်နေတာ သူတွေ့သွားရသည်။

'ငွေယုန်ဖြူဖြူ'

'ရှင်'

မိုးသခင်ရဲ့လေသံတွေက အထိတ်တလန့် ကျယ်လောင်
သွား၍လား မသိ။ ခေါင်းလေးငုံ့နေရာကနေ မျက်တောင်လေး
တွေ ဖြတ်ခနဲ ပင့်တင်သွားပြီး မော့ကြည့်သည်။

'မင်း... မင်းပါးပြင်ပေါ်မှာ ဒဏ်ရာတွေလား... ည
က မင်းဘာဖြစ်လာလဲ ပြောစမ်း၊ ဒါ... ဒါတွေက'

'ရှင်... ဟို... ဟို၊ ကျွန်မ... ကျွန်မ တခုခုနဲ့ ထိခိုက်မိ
တာ ထင်တယ်၊ ဘာမှ အရေးမကြီးပါဘူး'

လင်းရဲ့မိန်းမက ငွေယုန်အား ပါးရိုက်ပစ်လိုက်သဖြင့် သူမ
ပါးပြင်ပေါ်မှာ လက်ငါးချောင်းရာ ထင်နေခဲ့သည်။ ကျွန်မ ပါး
ပြင်ပေါ်က ဒဏ်ရာတွေက အရေးမကြီးပါဘူး ဦး၊ ရင်ထဲက
ဒဏ်ရာတွေ ဦးကြောင့် ငွေယုန့်နှလုံးသားထဲမှာ ဒဏ်ရာ၊ ဒဏ်
ရာတွေ ရနေပါတယ်။ ဦးမိုးသခင် မမှတ်မိတာ သေချာနေ
သည်။

'မင်းရန်ဖြစ်လာတာလား၊ ဘယ်အချိန်အထိ အပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



နေရလည်း ငွေယုန်ဖြူဖြူ ပြောစမ်းပါ၊ ကိုယ့်ကိုရွဲ့ပြီး မင်းထဲ ရာ ခိုင်းချင်နေတာလားကွာ...'

ငွေယုန်ဖြူဖြူကို မိုးသခင် သနားသွားသည်။ သူ့အမှာ တွေပါ။ အသက်အရွယ်နှင့် စီးပွားရေးလုပ်ငန်းတွေပင် ထူထော ထားနိုင်တဲ့ သူက ငွေယုန်ဖြူဖြူနှင့် တုဖက်ပြိုင် မာနတွေ ထောင်လွှားနေ၍ ဖြစ်သည်။

'မင်း... မင်းနဲ့ကိုယ် လုံးဝပဋိပက္ခတွေ မဖြစ်ချင်တော ဘူး ငွေယုန်ဖြူဖြူ ကိုယ့်ဘက်ကပဲ တောင်းပန်ပါတယ်နော် ကျေနပ်ပါ'

'ဟုတ်'

ဦးမိုးသခင်အသံတွေက နူးညံ့ပျော့ပြောင်း ညင်သာလွန် နေသည်။ ငွေယုန်လုံးဝ ထင်မထားမိ။ မျက်ရည်တွေက ငွေယု မျက်ဝန်းလေးတွေ ဆီဝေ့သီပြည့်စက်လာချင်နေသဖြင့် မျ တောင်ဖြားလေးတွေနှင့် ပုတ်ခတ်ထိန်းသိမ်းနေရ၏။ ညက ငွေ ယုန်နှင့် ဦးမိုးသခင်တို့ ဖြစ်ပျက်ခဲ့တာတွေကို လုံးဝမမှတ်မိတော တာပဲကိုး။ ငွေယုန့်ပါးပြင်ပေါ်မှ ဒဏ်ရာလေးကိုပဲ တယုတယ ကြည့်နေသေးသည်။ ငွေယုန်ငိုမိတော့မယ်။ စတွေ့ထဲကသာ ဦးနဲ့ကျွန်မ အဆင်ပြေချောမွေ့ခဲ့ရင် အရမ်းကောင်းမှာပဲနော် အခုတော့ ငွေယုန်ဘာ ဆက်လုပ်ရတော့မလဲ၊ တရားဝင် လက်ထပ်ခြင်း မရှိသေးဘဲနဲ့ ဦးနဲ့ကျွန်မတို့ကလေ။

✿



(၁၆)

'မမကြွေ တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော့်ကို နားလည် ်လွှတ်ပေးပါ၊ ငွေယုန်နဲ့ လက်ထပ်ပါရစေ'

'ငွေယုန်ဖြူဖြူဆိုတဲ့ ကောင်မလေးမှာ မိုးသူခင်ရှိနေတာ င်းသိတယ် မဟုတ်လား၊ အတူတူတောင်နေကြတာပါ၊ မင်းက ည်းကျိုးဝင်ထမ်းမလို့လား။ မင်းအပေါ် အကောင်းဆုံးက မမ ကြွေပါ လင်းရယ်၊ မမိုက်မဲချင်စမ်းပါနဲ့၊ ငွေယုန်ဖြူဖြူကို မေ့ လိုက်တော့နော်'

'ကျွန်တော် လုံးဝမမေ့နိုင်ဘူး... ငွေယုန်ဖြူဖြူကို ကျွန် တော့်နှလုံးသားကွေထဲအထိ စူးနစ်ချစ်မိသွားရတာပါ။ ကျွန်တော် အခုမမက်မောတော့ဘူး။ မမကြွေ ထောက်ပံ့ပေးကမ်းနေတာ ာလည်း လက်မခံချင်တော့ဘူးဗျာ'

'ဖြန်း'

'အား... ရိုက်ဗျာ၊ ရိုက် ခင်ဗျားကြိုး ကျေနပ်တဲ့အထိ ်ဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းက တော်တော်လေး ကျေးဇူးကန်းတဲ့ ကောင်လေး ပဲ လင်း၊ ငါ့အကြောင်း မင်းသိပါတယ်၊ သာသာယာယာလေး နေစမ်းပါကွာ၊ လီ...ိုမ်မာမာလေးနဲ့'

မမကြွေကို လင်း လုံးဝမဆန့်ကျင်နိုင်မှန်း လင်း အသိဆုံး ပင်... သူကိုယ်တိုင် ချဉ်းကပ် မြူဆွယ်မိခဲ့သည်ပဲ မဟုတ် လား...။

'မင်းကို ငွေယုန်ဖြူဖြူက လက်ခံမယ် ထင်နေလား တကယ်တော့ မင်းက အသုံးချခံရတာပါ၊ မင်းဘာဆက်လုပ် လဲ'

ငွေယုန်ဖြူဖြူကို လင်းမစွန့်လွှတ်နိုင်။ အရူးအမူး စွဲစွဲလမ်း ချစ်မိနေသည်။ လင်းဘဝတစ်သက်တာလုံး လက်တွဲဖော် ချစ်သူ က ငွေယုန်ဖြူဖြူကဲ့သို့ ရိုးသားဖြူစင်သူလေး ဖြစ်စေချင်မိသည်

'မင်းဆန္ဒရှိတယ်ဆိုရင်တော့ ငွေယုန်ဖြူဖြူနဲ့ သွားတွေ့ လိုက်လေ။ မင်းကို အတွေ့ခံမယ် ထင်နေလား၊ ငါ့အထောက်အ တွေ ရပ်ပစ်လိုက်ရင် မင်းလို လက်ကျောမတင်းတဲ့ကောင်... အရမ်းချစ်လုပါချည်ရဲ့ဆိုပြီး ငွေယုန်ဖြူဖြူက လက်ခံမယ်ထ... လို့လား၊ လုပ်ကြည့်လိုက်လေ'

မမကြွေ ပြန်ထွက်သွားသည်။ လင်းက အလုပ်တစ်ခု... မယ်မယ်ရရ မလုပ်ချင်တဲ့ လမ်းပေါ်ကကောင်လေးပါ။ ငွေယု... ဖြူဖြူနှင့် လက်ထပ်ပြီး အတူနေထိုင်ဖို့ဆိုတာ လင်းသတ္တိမရှိ... ဒါပေမယ့်လည်း ငွေယုန်ဖြူဖြူကို သူချစ်မိနေခဲ့သည်။





'ငွေယုန် မင်းဘယ်မှာလဲကွာ၊ မင်းနဲ့အတူတူနေတဲ့ အဲဒီ ...ိုးသခင်ဆိုတဲ့ လူကြီးက မင်းနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ ...သင်း ရူးချင်နေပြီကွ'

လင်း အရက်တွေသောက်မိသည်။ ငွေယုန်ဖြူဖြူဆီ ဖုန်း ...ဆက်တော့ ဖုန်းက ပိတ်ထား၏။ ငွေယုန်ဖြူဖြူကို တွေ့ချင်လာ ...၍ သူမနေထိုင်တဲ့ ရပ်ကွက်ထဲကို သွားတော့ တိုက်တိုက်ဆိုင်ဆိုင် ...ဲ ဦးမိုးသခင်နှင့် သွားဆုံသည်။

'ဒီမှာ... ခင်ဗျားကြီးက ဘာလဲ... ပြောစမ်းပါ။ ငွေယုန် ...ဖြူကို စပွန်ဆာ ပေးနေတာလား ခင်ဗျားလို လူကြီးလူကောင်း ...တစ်ယောက်က ခြေပုန်ခုတ်နေတာပေါ့'

'ဟေ့ မင်းက ဘယ်သူလဲ၊ လင်းဆိုတာလား'

'ဟာ... ခင်ဗျားကြီးက ကျုပ်နာမည်တောင်သိနေတာ ...ား၊ ဟုတ်တယ် လင်းပဲ၊ ငွေယုန်ဖြူဖြူရဲ့ချစ်သူ အရမ်းကို ...ချစ်ခဲ့ကြတာ၊ ချစ်သူအဆင့်ထက် ကျော်နေပြီဗျ၊ ခင်ဗျားကြီး ...ိရဲ့လား'

'ဘာပြောတယ်ကွ'

မိုးသခင် ခန္ဓာကိုယ်တစ်ခုလုံး တုဆက်ဆက်တုန်သွား ...သည်အထိ ဒေါသတွေပေါက်ကွဲလျက် လင်းရဲ့အင်္ကျီစကို နှဆွဲ ...ဆုပ်ကိုင်မိပြီး လက်သီးနှင့် ထိုးပစ်ဖို့ ရွယ်ထားပြီးမှ သူ့စိတ် ...ကို လျှော့ပစ်လိုက်သည်။ ငွေယုန်ဖြူဖြူနှင့် ဘာတွေဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြလဲ။ သူကိုယ်တိုင်လည်း မသိ။ လင်းက သူချစ်သူပါ
ငွေယုန်ဖြူဖြူ အတိအလင်း ဝန်ခံထားခဲ့လေသည်။

'ညီလေး... မင်းအရမ်းမူးနေတယ်။ မင်းဘာဖြစ်
တာလဲ၊ ကိုယ်တို့ အေးအေးဆေးဆေး ပြောကြတာပေါ့'

'ကျွန်တော် ငွေယုန်နဲ့ တွေ့ချင်တယ်။ ကျွန်တော် အရ
ချစ်မြတ်နိုးရတဲ့ ချစ်သူပါ။ ခင်ဗျား အတင်းအကြပ်ယူဖို့ ပြေ
စည်နဲ့ ခင်ဗျားက လူကြီးလူကောင်တစ်ယောက်ပါ။ အရ
သိက္ခာတွေ၊ ဂုဏ်ဒြပ်တွေ ပိုင်းရုံပြီး လူမသိအောင် ကြိတ်
ခုတ်နေတာ မဟုတ်လား'

'တောက် မင်းစော်ကားလွန်းနေပြီနော်၊ မင်းနဲ့ဆက် မ
ချင်တော့ဘူး၊ ဒီထက် ပိုလွန်လာရင် ငါ ရဲစခန်းကို အကြော
ကြားရလိမ့်မယ်'

သူက ရဲစခန်းကို ဖုန်းဆက်မယ်ဆိုတော့ ကောင်
တွန့်ဆုတ်သွားသည်။

'ကျုပ်ချစ်သူ ငွေယုန်ဖြူဖြူကို အပိုင်ချုပ်ဖို့ မကြိုး
နဲ့နော်၊ ခင်ဗျားကြီး ဘဝတစ်ခုလုံး စုတ်ပြတ်သတ်သွားအော
လုပ်ပြမယ် သွားပြီ'

ကောင်လေးက သူ့ကားကို ဒရကြမ်းမောင်း၍ မော
သွားသည်။

'ဟူး...'





မိုးသခင် သက်ပြင်းမောကြီးကို မှုတ်ထုတ်ပစ်ရင်း ကား
ပေါ်ပြန်တက်ထိုင်ပေမယ့် ကားစက်နှိုးဖို့ အသိတွေ ကင်းမဲ့နေ
သလို ငွေယုန်ဖြူဖြူရဲ့ ဆိုးသွမ်းမိုက်မဲမှုတွေကြောင့် နာကျင်ကြေ
ကွဲရသည်။ ချစ်သူနှင့် အလွန်အကျွံတွေ ဖြစ်ရတဲ့အထိ ကိုယ်
ကျင့်တရား ပျက်ပြားမှုတွေအတွက်လည်း ခွင့်မလွှတ်နိုင်။ သူ့
လက်ထဲ စိတ်ချလက်ချ အပ်လိုက်တဲ့ အန်တီလေးသာ သိသွား
ရင် မိုးသခင် တော်တော်လေး အသုံးမကျတဲ့ကောင် ဖြစ်သွားရ
မည်။ ငွေယုန်ဖြူဖြူကို ဘယ်လိုကိုင်တွယ်ရမလဲ၊ လင်းနှင့်ပဲ
လက်ထပ်ပေးလိုက်ရင်ရော။ လူကြီးမိဘတွေအပေါ် တာဝန်ပျက်
ကွက်တဲ့လူဖြစ်တာထက် မူးရူးသောက်စားနေတဲ့ကောင်ရဲ့ လက်
ထဲ ငွေယုန်ဖြူဖြူအား မအပ်နိုင်ဘဲ စိုးရိမ်ပူပင်နေသည်။

'တောက်... မင်းကို ခွင့်လွှတ်ထားတဲ့စိတ်တွေတောင်
ပျောက်သွားပြီကွာ၊ ဒီအခြေအထိ ဖြစ်စရာလား၊ မင်းကြောင့်
ငါ့ဘဝကြီးတစ်ခုလုံး မုန်တိုင်းတွေ ထန်၊ လှိုင်းဂယက်တွေ ထကုန်
ပြီကွ...'

ငွေယုန်ဖြူဖြူ ဖြစ်ချင်တဲ့ ဆန္ဒတွေကို မေးမြန်း၍ သူလူ
ကြီးပီသစွာ သူမချစ်သူနှင့်ပဲ လက်ထပ်ပေးတာက ငွေယုန်ဖြူဖြူ
ဘဝကို ကယ်တင်စောင့်ရှောက်ရာ ရောက်မလားပဲ။ ကောင်မ
လေးကိုလည်း မိုးသခင် သံယောဇဉ်တွေ တွယ်ညိနေကာ စွန့်
လွှတ်လိုက်ရမှာ ကြောက်လန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့အမှားတွေပဲ ငွေယုန်ဖြူဖြူ၊ မင်းကို လွှတ်မထားသ ဘူး၊ ငါ လက်ထပ်သင့်တာပါ'

ငွေယုန်ဖြူဖြူ ဘယ်လောက်အထိ ဆိုးပေသောင်းကြ တတ်မှန်း သူသိထားပြီးသားကို လက်ထပ်ဖို့ အချိန်ဆွဲလိုက် သည်။ မင်းကြောင့်ပဲ၊ ငါ့ရဲ့ ဂုဏ်သိက္ခာတွေကို မင်းချိုးဖဲ့ပစ် ကြံစည်တော့ ငါကြောက်ရွံ့တုန်လှုပ်မိသွားလို့ပဲ။ သူ အကော ဆုံးလမ်းတစ်ခုခု ရွေးချယ်လျှောက်လှမ်းနိုင်ဖို့ ဒေါသတွေကို ထိ ချုပ်နိုင်မှ ဖြစ်မည်။ ကားစက်ကို နှိုး၍ ပြန်မောင်းလာခဲ့လေသည်

'တီ... တီ'

'တီ...'

ခြံဝင်းတံခါးကြီး ပွင့်လာမှာကို မိုးသခင် ကြောက် နေသလိုလိုပဲ၊ သူပိုင်တဲ့ ခြံကြီး နေ့စဉ်ဝင်ထွက်နေခဲ့ပေမ ငွေယုန်ဖြူဖြူနှင့် ရင်ဆိုင်ဖို့ သူ့ခြံကြီးထဲ ဝင်ရန်ပင် ကြောက် ခဲ့သည်။ ကိုပုက တံခါးလာဖွင့်ပေး၏။ မမလေး ငွေယုန်ဖြူ အပြင်လည်း မထွက်ဘူး။ အရမ်းငြိမ်သက်နေတယ်။ မီသီ အိမ်သန့်ရှင်းရေးတွေကောင်းကောင်း ကူလုပ်ပေးနေသေးတယ်တဲ့၊ ကို က သတင်းကောင်းအဖြစ် ဝမ်းသာအားရ ပြောပြနေသည်။

မင်း ဟန်ဆောင်နေတာပဲ ငွေယုန်ဖြူဖြူ၊ ဘာလဲကွ မင်း လင်းသိတဲ့ ကောင်လေးနဲ့ ဖြစ်ချင်တိုင်းတွေ ဖြစ်ခဲ့ပြီးမှ ငါ့ ခွားဖားကြီး ထိုးမလို့လား...။





အလုပ်သမားတွေရှေ့မှာတော့ သူ့ဂုဏ်သိက္ခာအတွက် တ်ဆိတ်နေခဲ့ပေမယ့် ရင်ထဲမှာ ဒေါသတွေက ပေါက်ကွဲဆူပွက် တတ်...။ ငွေယုန်ဖြူဖြူက သူနှင့် လက်ထပ်ရမယ့် မိန်း ကလေးအဖြစ် သူ့အလုပ်သမားတွေအားလုံး သိထား၍လည်း ဟန်မပျက်စေချင်။ အိပ်ချိန်တောင် နောက်ကျနေပြီပဲ၊ ငွေယုန်ဖြူ ဖြူနှင့် စာရင်းရှင်းဖို့အတွက် သူမအိပ်ခန်းဝမှာ သူ့ခြေလှမ်းတွေက ရပ်တန့်သွားသည်။

'ငွေယုန်ဖြူဖြူ... မင်းအခန်းတံခါးကို ကျေးဇူးပြုပြီး ဖွင့်ပေးပါ... မင်းနဲ့ငါ ဆွေးနွေးစရာတွေရှိလို့ပါ'

ဦးမိုးသခင်ရဲ့အသံက မထင်မှတ်ပဲ သူမအိပ်ခန်းဝတွင် ထွက်ပေါ်လာ၍ ငွေယုန် ကြောက်လန့်သွားရကာ ရင်တွေ တဒိန်း ဒိန်းလှုပ်ခက် မြည်ဟီးသွားရသည်။ ဘုရားရေ ဦးအရက်တွေ သောက်လာပြန်ပြီလား။ မူးယစ်တဲ့အသံတော့ မဟုတ်။ အသံကို ထိန်း၍ တိုးတိုးလေး တံခါးဖွင့်ခိုင်းနေတာကလည်း ထူးဆန်းနေ၏။ ဦးမိုးသခင် ဘာလုပ်မလို့လဲ၊ မိသီတို့ မသိအောင် ငွေယုန်နဲ့ အတူတူ အိပ်စက်မလို့လား။ ငွေယုန့်အိပ်ခန်းက ဦးနှင့်သူမတို့ရဲ့ ဂေါ်လာအိပ်ခန်းကြီး ဖြစ်နေသည်။

'ဟော့... ငွေယုန်ဖြူဖြူ... မင်းမအိပ်သေးပါဘူး၊ တံခါး ဖွင့်ပါ'

သူမအလျင်အမြန်ပဲ ထပြီး တံခါးဖွင့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ဦး'

မိုးသခင် ဘာမှပြောမနေတော့ဘဲ၊ အိပ်ခန်းထဲဝင်ခဲ့ပြီ တံခါးကိုပိတ်ပစ်လိုက်သည်။

'ဦး… ဦး ဘာလုပ်မလို့လဲ ဟင် ထွက်ပါ'

'မင်းကို ငါဘာမှမလုပ်ဘူး ငွေယုန်ဖြူဖြူ၊ ငါ့အလု သမားတွေကို မကြားစေချင်လို့ကွ အဖြစ်သည်းမနေနဲ့'

'ရှင်'

'နေပါဦး မင်းအခုတလော အခေါ်အပြောတွေ အရ ယဉ်ကျေးသိမ်မွေ့နေပါလား၊ ဦးတဲ့လား၊ မင်းမျက်ဝန်းတွေထဲ လှောင်ပြောင်သရော်မှုတွေ၊ မုန်းတီးရန်ထောင်မှုတွေ မရှိတော ပါလား'

ဟုတ်တယ်လေ။ ငွေယုန့်အခေါ်အဝေါ် ပြောင်းသွားရတာ က ဦးကြောင့်ပဲလေ။ ကျွန်မ နှလုံးသားတွေထဲမှာ အမုန်းတွေ မရှိတော့ဘူး။ အချစ်တွေပဲ ရှိနေတယ်။ ဦးကို ချစ်နေတယ် ကျွန်မတို့နှစ်ယောက်ကလေ။ ဆက်မတွေးချင်။ ဦးမျက်ဝန်းတွေ က ရဲတောက်မာထန်နေသည်။ ကျွန်မကို အပြစ်မရှိ အပြစ်ရှ ပြီး ဒေါသထွက်ချင်ပြန်ပြီလား။

'ငါ စောစောက လမ်းထိပ်မှာ လင်းနဲ့တွေ့ခဲ့တယ်။ မင်း ကို တွေ့ချင်လို့တဲ့လေ'

'ဘာပြောတယ် ဦး'





'အရမ်းကြီး ရိုးသားချင်ယောင် ဆောင်မနေစမ်းပါနဲ့ ငွေယုန်ဖြူဖြူ၊ မင်း တော်တော် ဦးနှောက်မရှိတာပဲ'

သူ့အသံကျယ်ကျယ်နှင့်လည်း မဆူရဲပေ။ ငွေယုန်ဖြူဖြူ ခေါင်းကို လက်သီးနှင့် ရွယ်ပစ်လိုက်သည်။

'လင်းကပြောတယ်။ ငွေယုန်နဲ့ သူတို့က ချစ်သူရည်းစား ဘဝ အဆင့်ကျော်လွန်သွားပြီးပြီတဲ့'

'ဟင် အဓိပ္ပာယ်မရှိလိုက်တာ။ ကျွန်မနဲ့လင်း ဘာမှမဖြစ်ဘူး။ ချစ်သူအဆင့်တောင် မရောက်သေးပါဘူး။

ဦးမိုးသခင်ရဲ့ စွပ်စွဲပြောဆိုချက်တွေကို ငွေယုန်ချက်ချင်းကြီးပဲ ငြင်းဆန်လိုက်ပေမယ်…။ ဦးမိုးသခင် ပြန်ကြည့်နေတဲ့ အကြည့်တွေက လုံးဝလက်မခံပဲ။ မင်း ငယ်ပါသေးတယ်ဟု အထင်သေးလွန်းတဲ့ အကြည့်တွေ ဖြစ်နေသည်။

'လင်းက သေသေချာချာ ပြောလိုက်တာပဲ ငွေယုန်ဖြူဖြူ ဒီပြဿနာက မသေးဘူးဆိုတာရော မင်းစဉ်းစားမိရဲ့လား၊ ဉာဏ်ရှည် ဉာဏ်သွေးရှိစမ်းပါ'

'မဟုတ်ပါဘူး ဦး၊ လုံးဝမဟုတ်ပါဘူး၊ ငွေယုန်ကို အထင်မလွဲပါနဲ့နော်၊ ဦးကို အရွဲ့တိုက်တိုက်ပြီး လင်းနဲ့ ခင်မင်သယောင် လောက်ပဲ ရှိတာပါ၊ အဲ့ဒါအမှန်ပါ'

'ငါ့ကို အခေါ်အဝေါ်တွေ မပြောင်းပစ်စမ်းပါနဲ့ ငွေယုန်ဖြူဖြူရာ၊ ဦးလေးပဲ ခေါ်စမ်းပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဦးရယ်၊ ငွေယုန်မှားသွားပါတယ်။ တကယ်ပဲ လင်း က သူငယ်ချင်းတွေပါ။ သူ့မှာလည်း မိန်းမရှိနေပါတယ်'

'ဟင်... မင်း... မင်း ဘာတွေလျှောက်လုပ်နေတာ ငွေယုန်ဖြူဖြူ... တောက်... မလွတ်မလပ်နဲ့မှကွာ၊ မင်း သက်တူရွယ်တူကိုပဲ ချစ်နိုင်မယ်ဆိုတာ။ အဲ့ဒါမျိုးလား၊ ဘယ် လိုလုပ်မလဲ၊ ဒီကောင်က မင်းကို ပြဿနာ အကြီးအကျယ် ရှာလိမ့်မယ်။ ငါ့ရဲ့ ဂုဏ်သိက္ခာတွေရော အားလုံးသွားပြီ။ မင်း ရူးနေလား၊ ဘာဖြစ်လို့ ဒီခြံလိပ်စာကိုပါ ပေးလိုက်ရတာလဲ'

ငွေယုန် ဘာပဲပြောပြော၊ ဦးမိုးသခင်က ယုံကြည် လက်ခံပေးမှာ မဟုတ်။ လင်းယုတ်မာ ပက်စက်လွန်းသည်။

'မင်းမျက်နှာပေါ်က လက်ငါးချောင်းရာ ထင်နေတာ လင် ရဲ့ မိန်းမကရိုက်လိုက်တာ မဟုတ်လား၊ မင်းမငြင်းနဲ့တော့၊ ငါ မျက်နှာလေးတော့ နည်းနည်းလေး ထောက်သင့်တယ်။ ငွေယု ဖြူဖြူ တော်သေးတာပေါ့ကွာ၊ မင်းနဲ့လက်မထပ်ရသေးလို့၊ ငါ နွားဖားကြီးထိုးခံရမှာပဲ လှည်းကျိုးပဲ ဝင်ထမ်းရမလား'

'တော်ပါတော့ ဦးရယ်၊ ဆက်မပြောပါနဲ့၊ ကျွန်မအနေ အညွတ် တောင်းပန်ပါတယ်။ ငွေယုန်အခန်းထဲကနေ ထွက် သွားပေးပါ'

ကျွန်မနဲ့ ဦးက အချစ်နယ်ကျော်လွန်ပြီး သွားကြတာပါ ငွေယုန်ပြောလည်း ဦးက ယုံမှာမဟုတ်။ ဆက်၍ ရှင်းလည်း





ငြင်းဆန်နေမယ့်အစား ခေါင်းငုံ့လက်ခံနေလိုက်ဖို့ပဲ ငွေယုန်ဆုံးဖြတ်ထားသည်။

'မင်းနဲ့လင်း လက်ထပ်လို့လည်း မဖြစ်ဘူး။ လင်းက အိမ်ထောင်ရှိနေတယ်။ ပြဿနာတွေကို ဘယ်လိုရှင်းမလဲ ပြော လေ'

ငွေယုန့်မျက်ဝန်းတွေထဲမှ မျက်ရည်ပေါက်တွေက တလိမ့်လိမ့် တပေါက်ပေါက်နှင့် ကြမ်းပြင်ပေါ်အထိ စီးဆင်းကျလာသည်။ ဦးမိုးသခင် ယုံကြည်ဖို့ ငွေယုန်သက်သေပြရန် ခက်ခဲနေပါ။

✿



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

လင်း... ကားအက်စီးဒင့်ဖြစ်ပြီး ကွယ်လွန်သွားပြီဆိုတဲ့ သတင်းက ငွေယုန်ဘဝကို ကယ်တင်လိုက်တာ ဖြစ်နေပေမယ့် လင်းအတွက်တော့ ငွေယုန်စိတ်ထိခိုက် ကြေကွဲရပါသည်။ သတင်းတွေထဲမှာ ငွေယုန်ဖတ်မိခဲ့၏။ ကျုန်ရစ်သူဇနီးကြွေကြွေတဲ့ လင်းက ငွေယုန့်ကို ချစ်ခဲ့၏။ ကြွေကြွေဆိုတဲ့မိန်းမ ဖိအားကြောင့် လင်းတစ်ခုခု လုပ်ပစ်လိုက်တာဟုပင် ငွေယုန်ထင်မိသည်။

'ငွေယုန်ဖြူဖြူ... မင်းကျန်ယ်ဖတ်ပြီးရောပေါ့။ ကိုယ်လည်း လင်းအတွက် စိတ်မကောင်းပါဘူး၊ မင်း ဘာဆက်လုပ်ချင်လဲ ငွေယုန်'

'ရှင်'

'ကိုယ့်အနေနဲ့ကတော့ အန်တီလေးဆီ အကြောင်းကြားတာထက်၊ မင်း ဘာဖြစ်ချင်နေတာလဲ၊ ဘာလုပ်ချင်လဲ၊ မင်း ဆန္ဒအမှန်တွေ သိချင်တယ်။ ဖြေရှင်းနိုင်မယ့် နည်းလမ်းရှာဖို့





သာ။ တကယ်လို့ မင်းမှာ ဟို... ကိုယ်ပြောမထွက်ဘူး။ ဒါပေမယ့် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးသင့်တယ်လို့ ထင်လို့ပါ။ ဒါက မင်းမှာ ကိုယ်ဝန်တွေ ဘာတွေရှိနေခဲ့ရင်'

'အို... ဘာတွေလာပြောနေတာလဲ ကျွန်မနဲ့ လင်း ဘာမှ မဖြစ်ဘူး၊ အဲ့ဒီလို ဖြစ်စရာအကြောင်းမှ မရှိတာပဲ။ ကျွန်မပြောတာကို ဦး ယုံပေးပါနော်...'

ဦးမိုးသခင်ပြောမှ ကိုယ်ဝန်ကိစ္စ ငွေယုန်စိတ်ပူပင် သွားသည်။ ဘုရားရေ... တကယ့်လိုသာ ငွေယုန်မှာ ကိုယ်ဝန်ရှိနေခဲ့ရင် ဦးမိုးသခင်နဲ့ ရခဲ့တာပါလို့ ငွေယုန်ဘယ်လိုဖြေရှင်းရမလဲ၊ ဒုက္ခပါပဲ အပူလုံးကြီးက ငွေယုန်ရင်ကို ဝင်စောင့်သွားသလိုပင် ဦးမိုးသခင်ရဲ့ အကြည့်စူးစူးမာမာတွေကို ငွေယုန်ရင်ဆိုင်နိုင်စွမ်းတွေ ပျောက်ဆုံးသွားပြီ ထင်သည်။

'ငွေယုန်ဖြူဖြူ... မင်း ဘာဖြစ်သွားတာလဲ၊ ကိုယ့်မျက်နှာ မော့ကြည့်စမ်းပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ်က မင်းကို စောင့်ရှောက်ရမယ့် ဝတ္တရားရှိသူပဲ။ အဖြစ်အပျက်တွေအားလုံး အမှန်သိထားသင့်တယ်။ ကိုယ် ဘာအကူအညီပေးရမလဲ'

ဦးမိုးသခင်ဆီက ဘယ်လိုအကူအညီတွေ ငွေယုန်ရယူသင့်လဲ၊ စိတ်တွေလေးလံကာ သူမခန္ဓာကိုယ်လေး နွမ်းဖတ်ပျော့ခွေချင်သွားရသည်။ နှုတ်ခမ်းတွေ စုံ့အသွားသလို စကားလုံးတွေ လည်ချောင်းဝမှာ တစ်ဆို့သွား၏။ ကျွန်မရဲ့အပျိုစင်ဘဝလေး ဦးမိုးသခင်ရဲ့ ရင်ခွင်ထဲမှာပဲ ကြွေကျ ဝပ်ဆင်းသွားခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ငွေယုန့်ကို အဲ့ဒီလောက်အထိ အထင်မသေးလိုက်ပါနဲ့ ဦးရယ် နော်၊ ကိုယ်ကျင့်တရား မပျက်ပြားပါဘူး။ သက်သေအထောက် အထား မနိုင်လုံဘဲ ယုံကြည်မှု ဘယ်လိုတည်ဆောက်နိုင်မလဲ။

'မင်းအရမ်းကို ပြောင်းလဲသွားတာပါလား ငွေယုန်ဖြူဖြူ မထင်ဘူးကွာ... အရမ်းနူးညံ့သိမ်မွေ့သွားတာပဲ၊ ကိုယ့်ကို အယုံ သွင်းဖို့ အစွယ်ဝှက်ထားလိုက်တာတော့ မဟုတ်ပါဘူးနော်'

ငွေယုန် ရုတ်တရက် ဒေါသတော့ ထွက်သွားရပေမယ့် ဦးမိုးသခင်ပြောတာတွေက အနုမြူလက်နက်တစ်ခုလို့ သူမ ခန္ဓာ ကိုယ်လေးတစ်ခုလုံး ပြာမှုန့်အဖြစ် ပြောင်းလဲသွားနိုင်မည်ကို ရင်တောင် သည်းခံလိုက်ဖို့ ဆုံးဖြတ်ထားသည်။ ကျွန်မ ချစ်မိသွား လို့ပါ။ ဦးမိုးသခင် ထားရာမှာနေပြီး စေရာကို သွားချင်ပါတယ်။ ဦးမိုးသခင်ရဲ့အမိန့်တွေကို အသွေမတိမ်း နာခံချင်နေခဲ့ပါတယ်။ အမှန်တရားတွေ ဖြစ်တည်လာမယ့် နေ့လေးတစ်နေ့ ရောက်ချင် တယ်။

'မင်း လိမ်လိမ်မာမာနေတာ ကောင်းပါတယ် ငွေယုန်ဖြူ ဖြူ၊ တကယ်လို့သာ လင်းနဲ့မင်း ညိစွန်းခဲ့တယ်ပဲ ထားလိုက်ပါဦး ကိုယ်ဝန်တွေ ဘာတွေ မရှိခဲ့ရင် မင်းကို ကိုယ်လက်ထပ်မယ်'

ငွေယုန်ဖြူဖြူ ငြိမ်ငြိမ်သက်သက်လေး လိမ်မာပြနေတာ ကိုပဲ မိုးသခင် စိတ်ချမ်းသာမိနေသည်။ သူ့အမှားတွေလည်း ပါနေ၏။ ငွေယုန်ဖြူဖြူနှင့် မာနတွေ ပြိုင်ဆိုင်နေမိခဲ့တဲ့ အပြစ်





တွေပါ။ တကယ်ဆို သူက အသက်ကြီးသူပဲ၊ စိတ်ထဲက ဒေါသ ထွက်ချင်နေပေမယ့် ငွေယုန်ဖြူဖြူကို မိုးသခင် ချစ်မိသွား၏။ နှုတ်လွှတ်ဖို့လည်း သူ့နှလုံးသားတွေက လက်မခံ။ သူမအား ပိုင် ဆိုင်ထားချင်မိသည်။

'ငွေယုန်ဖြူဖြူ မင်းဘယ်လိုသဘောရလဲ၊ မင်းဆန္ဒပဲလေ ကိုယ်ကလူကြီးမိဘတွေကို ကတိပေးထားခဲ့တယ်။ ကိုယ်တာဝန် ယူတာပါ'

'ငွေယုန် စဉ်းစားပါ့မယ် ငွေယုန်ကြောင့် ဦးဘဝကိုလည်း အနှိုက်နစ်နာမှုတွေ မရှိစေချင်တာပါ။ ငွေယုန် လက်ထပ်မယ့် သူက ငွေယုန်ကို ချစ်မြတ်နိုးမယ့်သူပဲ ဖြစ်စေချင်ပါတယ်လေ'

ခုထိ ကြီးကြီးကျယ်ကျယ်တွေ ပြောနေတုန်းပဲ၊ မင်းကို ကိုယ်ချစ်ပါတယ်ဟုလည်း ထုတ်ဖော်ပြောဆိုဖို့ သူ့ဘက်က ဝန် လေးနေသည်။ လူကြီးဖြစ်နေလို့ပါ။ အသက်လေးရှစ်နှစ်လောက် ကွာတာကို ဒီကောင်မလေးကြောင့် သူ့ကိုယ်သူ အဖိုးကြီးအဖြစ် ချက်တွေ ကြီးနေရ၏။ မင်းက လင်းကို ချစ်နေတာလား၊ မင်း လက်ထပ်ချင်တာက လင်းလား၊ သူ့ဒေါသတွေကို ထိန်းချုပ် ခံလိုက်ရသည်။

'မင်းထပ်ပြီး ပြဿနာတွေကို မရှာပါနဲ့ ငွေယုန်ဖြူဖြူ မင်းကို နောက်ဆုံးအကြိမ် ခွင့်လွှတ်ပေးချင်ပဲ။ ကိုယ့်ကို မလိမ် ညာပါနဲ့၊ ကိုယ်က ရိုးသားမှုကို နှစ်သက်တယ်'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



သူမ အခန်းထဲကနေ သူထွက်လာခဲ့သည်။ ဒီအခန်း
က သူနှင့်ငွေယုန်လက်ထပ်ပြီးလျှင် အတူတူ အိပ်စက်နေထို
ပြင်ဆင် ထားခဲ့တာပါ။ သူ့စိတ်တွေထဲကသာ အတင်းအ
ကောင်မလေးအား လက်ထပ်မယ်ဟု ကြံစည်ထားခဲ့ပေ
ငွေယုန်ဖြူဖြူကိုကြောက်ပြီး မအောင်မြင်ခဲ့ပေ။ သူ့အခန်း
ပြန်ဝင်လာခဲ့သည်။

'မင်းသခင် ဘာတွေများ စဉ်းစားတုန့်နှေးနေရတာလဲ
ကွာ၊ ငွေယုန်ဖြူဖြူကို မင်းချစ်နေပြီပဲ၊ လက်ထပ်လိုက်
ငယ်ရွယ်သူလေးရဲ့ အမှားကို ခွင့်လွှတ်ပေးသင့်ပါတယ်'

သူ့စိတ်တွေက ငွေယုန်ဖြူဖြူအား ချစ်တယ်ဟု ပြော
သူမကို သူရင်ခွင်ထဲမှာ ပွေ့ဖက်ထားပစ်ချင်နေခဲ့သည်။ နှုတ်
လေးကိုလည်း နမ်းပစ်ချင်တယ်။ နည်းနည်းလေးမှ အောက်
ဘဲ ဒီလိုအခြေအနေထိတောင် အင်တင်တင်လုပ်ပြနေသ
အရမ်းကြီး စွတ်မလုပ်ရဲသေးပဲ ကြောက်နေမိသေး၏။ သူအ
အစားတွေလဲပြီး ကုမ္ပဏီသွားဖို့ ပြင်ဆင်နေစဉ်မှာပင် ငွေ
ဖြူဖြူ စိတ်အားတွေငယ်နေမလားဟု တွေးမိလာပြီး သူ့ကို
စန္ဒီနှင့် အထင်လွဲနေမှာလည်း စိတ်ပူကာ ကုမ္ပဏီကို ခေါ်သွာ
စိတ်ကူးရသဖြင့် ငွေယုန်ဖြူဖြူအား သွားခေါ်ခဲ့သည်။

'ငွေယုန် မလိုက်တော့ပါဘူး ဦး၊ စီးပွားရေးလုပ်
ဦးကိုလည်း အနှောင့်အယှက် မပေးချင်ပါဘူး၊ ညနေကျရင်
ငွေယုန်နဲ့ ညစာအတူတူစားကြမယ်နော် ဦး'





'ok... သဘော ရတယ်၊ ကိုယ်ပြန်လာခဲ့ပါမယ်။ မင်း
ို မှာခဲ့ချင်တာကတော့ အရင်ကလိုပဲ ပျော်ပျော်ရွှင်ရွှင် သွက်
ွက်လက်လက်နေပါ'

'ဟုတ်'

ဦးမိုးသခင် ပြန်ထွက်သွားသည်။ ချောမောခန့်ညားပြီး
ယောကျ်ားပီသစွာ နဖတ်နေတဲ့ ယောကျ်ားအဖြစ် ငွေယုန်လေး
ကြည့်မိသွားရ၏။ ငွေယုန်မှားတယ်။ လုပ်ချင်တာတွေ စွတ်
ုပ်တတ်တဲ့ အကျင့်ကြောင့်ပဲ ဦးမိုးသခင်လို ယောကျ်ားတစ်
ယောက်ကို လက်လွှတ်ဆုံးရှုံးရတော့မလို့ပါ။ ဦးမိုးသခင်နှင့်
ဆင်ပြေချင်နေပါတယ်။ အခက်အခဲတစ်ခုက ဦးမိုးသခင်က
ငွေယုန်တို့ ညီစွန်းသွားခဲ့တာကို မသိခြင်းပင်။ ဘယ်လိုရှင်းပြ
လဲနော်။ ငွေယုန့်အပေါ် ချစ်သူအဖြစ် မချစ်နိုင်လည်း ငွေယုန့်
အား လက်ထပ်ယူဖို့ ကတိတွေပေးခဲ့တာ၊ ဦးမိုးသခင်ရဲ့ လူကြီးလူ
ကောင်း ပီသမှုနဲ့ တာဝန်ယူရဲတာကိုပဲ ငွေယုန်အထင်ကြီး
လေးစားမိသည်။

'ကျွန်မ အရမ်းပဲ ကြောက်နေမိပါတယ် ဦးရယ်၊ ကျွန်မမှာ
ကိုယ်ဝန်ရှိလာရင်ရော'

ငွေယုန် မစဉ်းစားရဲတော့ပေ၊ ဦးမိုးသခင်ရဲ့ ကိုယ်ဝန်ဖြစ်
လို့ ငွေယုန်မွေးရဲခဲ့ပေမယ့် ဦးမိုးသခင်နှင့် အဝေးဆုံးသို့ ရောက်
ားနိုင်တာ သိနေသဖြင့် ငွေယုန်ထိတ်လန့်ကြောက်ရွံ့နေသည်။
မိုးသခင်အား ချစ်မိသွားလို့ ဦးမိုးသခင် ဆန္ဒတွေအတိုင်း အိပ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေလည်း သင်ယူနေခဲ့၏။ ငွေယုန်တို့ မိန်းကလေး သဘာ ရာသီသွေးက တစ်လကျော်တဲ့အထိ ပွင့်မလာသေး၍လည ငွေယုန် ဘာဆက်လုပ်ရမှန်း မသိတော့။ ငွေယုန့်မှာ ကိုယ်ဝ လာပါစေနဲ့၊ အစထဲကသာ ငွေယုန်မိန်းမ ပီပီသသ ဆင်း ခြင်ခြင် နေထိုင်တတ်ခဲ့ရင် အရှက်သိက္ခာမဲ့စေတဲ့ ဖြစ်ရပ် ဖြစ်လာစရာ အကြောင်းမရှိနိုင်။ သူမတွေးမိနေပြီး မျက်ရည် က ကျလာရပြန်သည်။

'အန်တီမလေးရယ်၊ ငွေယုန်ဘယ်လိုလုပ်ရမလဲ ဟ ငွေယုန် အကျင့်စရိုက်ဆိုးကြီးကို မုန်းလိုက်တာ၊ နောင်တရ ပေမယ့် ပြင်လို့မရတဲ့ အမှားတွေ ကျူးလွန်ခဲ့မိသွားပြီ'

အန်တီလေးကို ရင်ဖွင့်ပြောပြလည်း လက်ခံမှာ မဟု လင်းနဲ့ချစ်သူရည်းစားအဆင့်တောင် မရှိခဲ့ပါဘူးလို့ ငွေယုန် ဘ လိုသက်သေပြရမလဲဟင်၊ ဒီသံသယကြီးနဲ့တော့ ဦးမိုးသ လက်မထပ်ချင်ပါဘူး။ သူ့ဂုဏ်သိက္ခာအတွက်ရော၊ သူ့စိတ်ထဲ ဒဏ်ရာအနာတရတွေနဲ့ ထိခိုက်ပွန်းပဲ့ရာလေးတောင် မဖြစ်ပေ ချင်တာပါနော်။

'ငွေယုန် ထွက်သွားရင် ကောင်းမလားပဲ...။ ကြေ လိုက်တာ၊ ဦးမိုးသခင်ကိုလည်း ငွေယုန့်ချစ်တယ်၊ မစွန့်လွှတ် ပါဘူး'

အခန်းထဲမှာ ငုတ်တုတ်လေးထိုင်နေရင် သူမမျက်ဝန်း





ထဲက မျက်ရည်ပေါက်တွေ တားမရ၊ ဆီးမရ ဒလဟော မ့်ဆင်းကျလာပြန်သည်။ ဦးမိုးသခင်နှင့် မျက်နှာချင်းဆိုင်ရ ထက် ခြောက်ခြားသိမ်ငယ်စိတ်တွေနှင့် အဝေးဆုံးကိုပဲ ထွက် ပြီး လိုက်ချင်နေခဲ့၏။ စတင်တွေ့ဆုံစဉ်ထဲက ရန်လိုစိတ်တွေနဲ့ မိုးသခင်အပေါ် မထေမဲ့မြင်တွေ လုပ်ခဲ့မိတာ ငွေယုန်ပဲဖြစ် သည်။

'ကိုယ်ဝန်မရှိပါစေနဲ့ ငွေယုန်ကို ကယ်တင်ပေးတော်မူပါ၊ ငွေယုန်နောက်ထပ် အမှားအယွင်းတွေ လုံးဝကို မလုပ်တော့ပါ ဘူး၊ သစ္စာဆိုပါတယ်'

သူမစိတ်တွေ ကယောင်ခြောက်ခြားနှင့် လက်အုပ်လေး ချီး၍ သစ္စာဆို ဆုတောင်းနေမိသည်။

'မမလေး... နေမကောင်းဘူးလား ဟင်... အဒေါ်ကြီး စိတ်ပူလို့ လာကြည့်နိုင်းတာပါ။

မိသီအသံပဲ၊ သူမပါးပြင်လေးပေါ်က မျက်ရည်တွေ သုတ် လိုက်သည်။

'မမလေး ဘာမှမဖြစ်ပါဘူး မိသီ... ဆင်းလာခဲ့မယ်'

'ဟုတ်ကဲ့'

ငွေယုန် အခန်းတံခါးဖွင့်မပေးဘဲ အထဲကပဲ အော်ပြော လိုက်သည်။ အိမ်မှာရှိကြတဲ့ အလုပ်သမားတွေကလည်း ငွေယုန် အား ဂရုတစိုက်ရှိကြ၏။ ငွေယုန်ပြဿနာတွေ အဆုံးသတ်စေ င်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'သေပစ်လိုက်ချင်တာပဲ၊ ပြဿနာတွေ အဆုံးသတ်ပ တော့ ငွေယုန်ကြောက်လို့ပါ'

ငွေယုန့်အား ချစ်ခင်ကြင်နာကြတဲ့ အလုပ်သမားတွေရဲ့ အထင်သေး ရွံမုန်းမှုတွေကိုလည်း ရင်မဆိုင်ရဲပေ။ အလုပ်သမား တစ်မျိုးထင်မှာလည်း စိုးရိမ်၍ မျက်နှာသစ် အဝတ်အစားလဲ ပြီး အောက်ထပ်ဆင်းလာခဲ့သည်။

'ငွေယုန်လေးကို ကြည့်ရတာ အားမရဘူး၊ နေရောကောင်း ရဲ့လားကွယ်'

ထမင်းချက်အဒေါ်ကြီးက မေးနေသဖြင့် ငွေယုန်ဝမ်းနည်း လာရပြန်သည်။ မျက်ရည်ကျရင်လည်း လင်းကြောင့်ဟု ထင်မှာ လည်း ကြောက်နေ၏။ အဒေါ်ကြီး ကြက်သားဟင်းချက်တာ သွားလို့ ဦးအတွက် ကိုယ်တိုင်ချက်မယ်ဟု စကားလမ်းကြောင်း ပြောင်းပစ်သည်။

'ချက်ပါ... ချက်ပါ... ငွေယုန်လေးလက်ရာပဲ ဆရာ က စားချင်မှာနော်၊ နောက်ဆို ဆရာကတော်ပဲ စီမံခန့်ခွဲရမယ် လေ'

အလုပ်သမားတွေကနေ ငွေယုန်နှင့် လင်းအကြောင်း သိ ထားကြပေမယ့် စပ်စပ်စုစုနှင့် မေးမြန်းပြောဆိုကြခြင်း မရှိ၍ ငွေယုန့်စိတ်ကို အနှောက်အယှက်မဖြစ်စေလိုကြ၍ ဖြစ်နိုင်သည်။ ဦးမိုးသခင်ကိုယ်တိုင်လည်း တားဆီးပိတ်ပင်ထား၍ ဖြစ်ပေ ငွေယုန်ဟင်းချက်ဖို့အတွက် မိသီလာကူညီနေသည်။





'အား... ခေါင်းတွေမူးလိုက်တာ'

'ဟင်... မမလေး ဘာဖြစ်တာလဲ ခေါင်းမူးလို့လားဟင်'

'အင်း'

ငွေယုန့်ခေါင်းတွေ ချာချာလည်း မူးလာကာ ရင်ထဲမှာ လည်း စို့တက်နေရင်း လဲပြိုကျမတတ်ဖြစ်နေ၍ ထမင်းချက် အဒေါ်ကြီးနှင့် မိသီတို့ ပြာယာခတ်ပြီး ငွေယုန့်အား ဖေးမ မှီ တွယ်စေ၍ သူမအိပ်ခန်းထဲ ပြန်ပို့ပေးကြသည်။

'မမလေး လှဲနေပါ ဆရာဝန်ဆီ ဖုန်းဆက်ပေးပါ့မယ်၊ ဆရာ့ဆီလည်း အကြောင်းကြားမယ်'

'မလုပ်ပါနဲ့ ဆရာဝန်လည်း မပင့်ပါနဲ့ မိသီ၊ မမလေး ဘာမှမဖြစ်ပါဘူး၊ မိသီသွားတော့ မမလေး ညကမအိပ်ရသေးလို့ ထင်တယ်။ အိပ်လိုက်မယ်နော်'

'ဖြစ်ပါ့မလား မမလေးရယ်၊ ကြည့်ရတာ အားအရမ်းနည်း နေသလိုပဲ မိသီစောင့်နေပေးမယ်၊ အိပ်လိုက်'

'ရတယ် မိသီ မမလေးက လူရှိရင် မအိပ်တတ်ဘူး။ စိတ်မပူနဲ့ ဘာမှမဖြစ်ဘူး ဦးဆီလည်း ဖုန်းဆက်မနေနဲ့နော် အလ ကားနေရင်း စိတ်ပူရမယ်'

'မမလေး'

'ဟင်'

'ခုထိ ဆရာ့ကို မချစ်နိုင်သေးဘူးလား... ဦးလို့ခေါ်မယ်



www.burmeseclassic.com

www.burmeseclassic.com



အစား ကိုကိုလို့ ပြောင်းခေါ်လိုက်ပါလား... ဆရာက အသက်ကြီးနေတော့ သူ့ဂုဏ်သိက္ခာကို စောင့်ထိန်းနေရလို့ပါ။ မမလေးကို ချစ်နေပါပြီ'

ငွေယုန် ဘာမှမပြောတော့ စောင်လေးခြုံလိုက်တော့ မိသီပြန်ထွက်သွားသည်။

'မိသီရယ်၊ ဦးမိုးသခင်က ငွေယုန်ကို ချစ်နေပြီဆိုတာယုံကြည်လက်ခံမယ်ဆိုရင်တောင်လေ၊ ကံဆိုးခြင်းလက်ဆောင်တွေပဲ ငွေယုန်ဆီ ရောက်လာရမှာပါ'

ငွေယုန်နေမကောင်းလည်း မဖြစ်ရဲဘူး၊ ဆရာဝန်နှင့် စမ်းသပ်မှာလည်း အကြောက်ရွံ့ အထိတ်လန့်ဆုံး ဖြစ်နေသည်။ မိန်းမမွေ့တာ ရာသီမလာတာလည်း တစ်လကျော် နှစ်လထဲတောင် ရောက်နေပြီ ငွေယုန့်မှာကိုယ်ဝန်ရှိနေခဲ့ရင် ဘယ်လိုလုပ်ရမလဲ၊ လင်းကိုယ်တိုင်က ငွေယုန်နှင့် ချစ်သူအဆင့်ထက် လွန်ကျူးမိသွားပြီဟု မဟုတ်မတရား ပြောဆိုသွားခဲ့၍ အမှန်တရားအတွက် သက်သေအထောက်အထား ပြသူမရှိ...။ ငွေယုန်ဆက်မတွေးရဲ။ ရင်တွေ တလှပ်လှပ် တုန်ရင်လျက်။ ရပ်တည်နိုင်စွမ်းမရှိတော့သလို။ စောင်ကိုပဲ ခေါင်းအထိ ဆွဲခြုံကာ မျက်ရည်တွေပဲ ငွေယုန့် အဖော်ဖြစ်နေရသည်။

✿



(၁၈)

'ဝေါ့... ဝေါ့... အမလေး သေချင်တယ်၊ အန်ချင်လိုက်တာ၊ ဝေါ့ ဝေါ့'

'မမလေး ဘာဖြစ်လို့လဲ ဟင်၊ နေမကောင်းဘူးထင်တယ်၊ နာသွားလိုက်တာ သိသာတယ်'

'မမလေး ဘာမှမဖြစ်ပါဘူး အစာမကြေလို့ပါ၊ ရင်ပြည့်နေတယ် ဝေါ့ ဝေါ့'

ငွေယုန်တော့ သေပြီပဲ၊ ရာသီမလာတာလည်း နှစ်လရှိနေသည်။ အခုတလောအနံ့စူးစူးတွေ မခံနိုင်ဘဲ အန်ချင်နေ၏။ ဟင်းနံ့တွေ၊ ဆပ်ပြာနံ့တွေ မခံချင်...။ သေချာတာက ငွေယုန့်မှာ ကိုယ်ဝန်ရှိနေပါပြီ၊ အမလေး ငွေယုန့်ကို ကယ်ကြပါဦး၊ ဦးမိုးသခင် သိသွားရင် လင်းနဲ့ပဲဟု ထင်နေမှာပါ။ ဦးမိုးသခင်နဲ့ လွန်ကျူးမိ၍ ဦးမိုးသခင်ရဲ့ သွေးပါပြောရင် လုံးဝလက်ခံယုံကြည်မှာမဟုတ်။ မိသီက ကျောကို နှိပ်နယ်ပေးသည်။

'ရပြီ မိသီ၊ မမလေး ဘာမှမဖြစ်ပါဘူးနော်၊ ဦးကိုလည်း မပြောနဲ့နော်၊ အလကားနေရင် စိတ်ပူနေမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့ ဒါပေမယ့် မိသီစိတ်ထဲမှာ တစ်မျိုးကြီးပဲ ဆေးခန်းပြလိုက်ပါ။ မိသားစုဆရာဝန်လည်း ရှိနေတာပဲ'

'အလုပ်ရှုပ်ပါတယ်ဟာ မလေးသိတယ်။ အစောမကြေတာပဲ မိသီသွားတော့ မမလေးအိပ်မလို့'

'ဟုတ်ကဲ့'

ငွေယုန်မှာ ကိုယ်ဝန်ရှိနေတယ်ဆိုရင်တော့ ပြဿနာကရှုပ်ထွေးသွားနိုင်သည်။ ဦးမိုးသခင်နဲ့ အဆင်ပြေနေကာမှငွေယုန်ကံက စိုးပါတယ်။ အန်ချင်လာလျှင်လည်း တစ်ယောက်ထဲ ကြိတ်၍ ရေချိုးခန်းထဲပြေးဝင်၍ အန်ပစ်ရသည်။

'အမလေး... မောလိုက်တာ အစားတွေလည်း ပျက်ပြီးအားမရှိတော့ဘူး။ အန်တီလေးရယ် ငွေယုန်ဘာမှ မလုပ်တတ်တော့ဘူး၊ ကယ်ပါဦး အဟင့်... ဟင့်... ဟီး'

'အဟင့်... ဟင့်'

တစ်ယောက်ထဲ စောင်လေးကို ခေါင်းအထိ ဆွဲခြုံလိုက်ပြီး ငိုပစ်မိသည်။

'ဦးရယ် တကယ်ပါ။ ယုံကြည်ပေးပါ။ ကျွန်မဘဝမှာ တရင်းတနှီးနဲ့ အနီးကပ်နေထိုင်ဖူးတာ ဦးတစ်ယောက်ထဲ ရှိခဲ့တာပါ။ ဦးနဲ့ပဲ ညီစွန်းလွန်ကျူးသွားခဲ့ရတယ်။ အခုတော့ ဦးရင်သွေးလေးကို ငွေယုန်လွယ်ထားရပါတယ်'

ငွေယုန် ကြောက်တယ်။ ကလေးကို ဘယ်လိုမွေးရမလဲ။ အန်တီလေးကို ဖွင့်ဟတိုင်ပင်ဖို့ကျတော့လည်း ဦးမိုးသခင်နဲ့





သက်မထပ်ဖြစ်ဘဲ တခြားတစ်ယောက်နဲ့ ကိုယ်ဝန်ရခဲ့တယ်လို့အထင်မှားသွားရင် အန်တီလေး ကိုယ့်ကိုယ်ကို သတ်သေပစ်လောဘဲ အန်တီလေးက အရှက်ကြီးသည်။

'ငွေယုန်လေး လိမ်လိမ်မာမာနေပါ။ မောင်မိုးသခင် စီစဉ်တာတွေကို အသာတကြည် လက်ခံပါ။ မောင်မိုးသခင်နဲ့ လက်ထပ်ပြီးမှ ကွယ်လွန်သွားကြသူတွေရော အန်တီလေးရော စိတ်အေးကြရမယ်'

ဒီလို အမှားအယွင်း အဖြစ်အပျက်တွေ အားလုံးက ငွေယုန့်အပေါ်ပဲ စုပြုံကျရောက်လာနိုင်သလို သူမကိုချစ်ခင် သံယောဇဉ်ကြီးရှာတဲ့ အန်တီလေးနှင့် ဦးမိုးသခင်တို့ရဲ့ ရှုံ့ရှာစက်ဆုပ်မှုတွေလည်း ခံရနိုင်သည်။ ငွေယုန်ကြောက်တယ်။ ခေါင်းတွေအရမ်းမူးနောက်နေ၏။ ရင်တွေ ပြည့်ကြပ်တစ်ဆို့နေသည်။

'ငွေယုန်မှားပါတယ်၊ ဦးမိုးသခင်ကို အရွဲ့တိုက်ဖို့ ကြံစည်ခဲ့မိလို့ အမှားအယွင်းတွေ တစ်ခုပြီးတစ်ခု မဆုံနိုင်အောင်ရင်ဆိုင်ရတော့မယ်ထင်တယ်။ အဟင့်... ဟင့်... အီး'

အပေါ်ထပ်အိပ်ခန်းထဲမှာ ငွေယုန်တစ်ယောက်ထဲရှိနေတုန်း ကြိတ်ငိုပစ်မိသည်။ စိတ်တွေခြောက်ခြားလွန်းနေ၏။ ရင်ဖွင့်တိုင်ပင်ရမယ့်သူလည်း မရှိ။ တကယ်လို့များ ငွေယုန့်မှာကိုယ်ဝန်ရှိခဲ့ရင် ပျက်ကျသွားစေမယ့် နည်းလမ်းတွေ ရှာဖွေစဉ်းစားတော့လည်း ဦးမိုးသခင်ရဲ့ ရင်သွေးဖြစ်၍ ငွေယုန် မရက်



www.burmeseclassic.com

www.burmeseclassic.com



စက်နိုင်။ ဦးမိုးသခင်နဲ့ လက်ထပ်ရမယ့် အခွင့်အရေး ဆုံးရှုံးရမယ်ဆိုရင်တောင် ကျွန်မနဲ့ ဦးတို့ရဲ့ ရင်သွေးလေးကို ကျွန်မပိုင်ဆိုင်ထားချင်ပါတယ်။

'ဖြစ်ချင်တာဖြစ် ဦးမိုးသခင် ပြန်လာရင် အမှန်တရားတွေကို ပြောပြမယ်။ ဦးမိုးသခင်ရဲ့သွေးပဲဟာ'

ငွေယုန် သတ္တိတွေကို မွေးသည်။ အမြဲတမ်း ရဲရဲဝံ့ဝံ့နှင့် မဟုတ်မခံ ဆတ်ဆတ်ကြဲမလေး ငွေယုန်ဖြူဖြူ၊ ဒယ်ဒီနဲ့ မာမီကိုရော အန်တီလေးကိုရော ဆတ်ဆတ်ထိမခံ။ မဟုတ်တာတော့ မပြောနဲ့ ပြဿနာရှာပစ်တတ်တဲ့ အကျင့်စရိုက်ဆိုးဆိုး ကောင်မလေးတစ်ယောက် ဘယ်ကနေ ဘယ်လိုရောက်လာမှန်းမသိဘဲ ကြောက်ရွံ့အားငယ်စိတ်တွေနှင့် သတ္တိကြောင်နေသည်။

'မပြောပြနေတော့ပါဘူး၊ ဘာထူးမှာလဲ ဦးမိုးသခင် ယုံကြည်မှာလည်း မဟုတ်ဘူး'

နောက်ဆုံးတစ်နေ့ ဦးမိုးသခင်အနားကနေ ငွေယုန် ထွက်သွားဖို့လည်း စဉ်းစားထားသည်။

'ဦးရယ် ဒီကိစ္စကို ဖွင့်ပြောပြဖို့ လုံးဝသတ္တိမရှိပါဘူး။ ဦးအမုန်းတွေလည်း ငွေယုန်မခံယူချင်တော့ပါဘူး။ ရင်သွေးလေး မွေးပြီးမှ ဦးရဲ့သွေးအစစဆိုတာ D.N.A စစ်ဆေးပြီး သက်သေထူပြပါတော့မယ်'

ရင်သွေးလေး မွေးဖွားပြီးမှ သက်သေပြနိုင်မည် မဟုတ်လား၊ ဦး ပြန်လာတော့မယ်။ ငွေယုန်လူမမာကြီးတစ်ယောက်





ကဲ့သို့ အိပ်ယာထဲ လဲနေလို့ မဖြစ်သေးပါဘူး။ ဆရာဝန်လည်း ပြေရဲဘူး ဦးတို့မိသားစုဆရာဝန်က မိန်းကလေးဆရာဝန်ပါ။ ဟင့်အင်း ငွေယုန်လုံးဝအစစ်ဆေး မခံနိုင်ဘူး။ စိတ်တွေကို တင်းပစ်ရင် အိပ်ယာပေါ်မှ လူးလဲထလိုက်၍ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။

'အမလေး... မူးလိုက်တာ၊ ရပ်တည်ဖို့တောင် မရတော့ဘူးပေါ့... ပေါ့၊ ဒီလောက်တောင် အန်ချင်နေတာ၊ အန်စမ်းရေချိုးခန်းထဲမှာပဲ အန်ချင်သလောက် အန်၊ ဦးရှေ့မှာတော့ မအန်ပါနဲ့ ငွေယုန်၊ တောင်းပန်ပါတယ်။ အနချင်စိတ်တွေကို ရပ်တန့်ထားပေးပါ။

ရေပန်းအောက်ဝင်လိုက်ပေမယ့် အားနည်းနေလို့လား မသိဘူး။ ချမ်းတုန်တက်လာသည်။

'ဝေါ့... ဝေါ့ သေချင်တယ်၊ ဦးရှေ့မှာ အရှက်တကွဲဖြစ်ရတာထက် ကျွန်မသေပစ်ချင်လိုက်တာ'

ရေပန်းအောက်မှာ ခဏလေးနေပြီး ပြန်ထွက်လာကာ အဝတ်အစား ထူထူကို ကပျာကယာထုတ်၍ လဲပစ်လိုက်ရသည်။ မဖြစ်ဘူး။ ငွေယုန်သတ္တိရှိမှပါ။ ဦးအနားကနေပဲ အမြန်ဆုံး ထွက်သွားရမယ်။ ငွေယုန်သက်သေပြနိုင်တဲ့ တနေ့နေ့အထိပေါ့။ ဝတ်စားပြင်ဆင်၍ ငွေယုန်အောက်သို့ဆင်းလာခဲ့သည်။

'ငွေယုန်ဖြူဖြူ မင်းနေမကောင်းဘူးဆို အန်လည်း အန်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ပြောလို့ ကိုယ်စောစော ပြန်လာခဲ့တာ ဆေးခန်းပြ
အောင်'

'ဟင့်အင်း ငွေယုန် ဘာမှမဖြစ်ပါဘူး၊ နည်းနည်းလေး
ရင်ပြည့်တာ'

ငွေယုန်ဖြူဖြူ့ကို သူစေ့စေ့ကြည့်မိရင်းယောကျ်ားလေး
ဖြစ်နေ၍ မေးရန်အားနာမိသည်။ သူ့စိတ်ထဲမှာ စိုးရိမ်ပူပင်မှုက
မြင့်တက်သွားရ၏ လင်းနဲ့မျှား၊ ကောင်မလေးကတော့ နည်းနည်း
လေး ပိန်ကျသွားပေမယ့် လှလှပပ ပြင်ဆင်ဝတ်စား၍ တက်ကြ
လန်းဆန်းနေသည်။

'မင်းအခန်းထဲကို ပြန်ဝင်ဦး ငွေယုန်ဖြူဖြူ လာ'

'ဟင် ဦး ဘာလုပ်မလို့လဲ ငွေယုန်အောက်ခန်းမှာ ဝိုင်း
ကူပေးချင်လို့ပါ'

'မကူနဲ့၊ အဲ့ဒါက အရေးမကြီးပါဘူး။ လာစမ်း'

'ရှင်... ဦး ဟို'

ဦးမိုးသခင်က သူမလက်လေးကို ဆွဲ၍ အပေါ်ထပ်သို့
ခေါ်လာထဲက သူမအား တစ်စုံတစ်ခု မသင်္ကာတော့ဘူးဆိုတာ
ငွေယုန်သိလိုက်ရ၍ ထိတ်လန့်တုန်လှုပ်ကာ ဦးမိုးသခင် ကျေ
နပ်နိုင်မည့် အဖြေကိုပေးဖို့ စဉ်းစားရသည်။

'လွှတ်ပါဦး၊ ဘာဖြစ်လို့လဲ ကျွန်မကို အဲ့ဒီလို မလုပ်ပါနဲ့
ပြောစရာရှိတာ ပြောပါတော့'





ဦးမိုးသခင်လက်တွေထဲကနေ ငွေယုန်လက်တွေ လွှတ်
ထွက်သွားစေရန် စောင့်ခနဲ ရုန်းဖယ်ပစ်သည်။ မသင်္ကာတဲ့ မျက်
ဝန်းအကြည့်ရူတည်တည် မျက်နှာပေးနှင့် ခေါသအိုးက ပေါက်ကွဲ
တော့မည် ထင်၏။ အခန်းတံခါးကိုလည်း သေသေချာချာ ပိတ်
ပစ်သေးသည်။

'မငွေယုန်ဖြူဖြူ မင်း မင်းမှာ ကိုယ်စိတ်ပူနေတဲ့ ကိစ္စတွေ
ဖြစ်နေပြီလား၊ မင်းလိမ်ညာဟန်ဆောင်ဖို့ မကြိုးစားပါနဲ့၊ မှန်မှန်
ဖြေ မင်းနဲ့လင်း'

ငွေယုန်ရှက်လည်း ရှက်...။ ဝမ်းနည်းကြေကွဲမှုတွေ
လိုက် တက်လာသည်။ ငွေယုန် မငိုဘူး။ အမှန်တရားတွေပဲ၊
ဘာဖြစ်လို့ ရင်မဆိုင်နိုင်ရမှာလဲ၊

'ဖြေလေ ငါအရမ်းတုန်လှုပ်နေတယ်။ ပတ်ဝန်းကျင်က
လူတွေ သိသွားမှာလည်း ကြောက်တယ်။ ငါ မင်းနဲ့လက်ထပ်ဖို့
အရမ်းခက်သွားပြီကွာ၊ ငါကလူကြီး လူကောင်းတစ်ယောက်ကွ၊
ပတ်ဝန်းကျင်အမြင်မှာ လှည်းကျိုးထမ်းတဲ့ ကောင်အဖြစ် ဘယ်လို
မျက်နှာမျိုးနဲ့ ဟန်ဆောင်နေရမလဲ ရှက်တယ်ကွာ'

ငါထင်ထားတဲ့အတိုင်းဖြစ်နေပြီ၊ ငွေယုန် ဘာဖြစ်တာ
လည်းဆိုတာ အသေအချာ မစစ်ဆေးရသေးဘဲနဲ့တောင် မျက်နှာ
ပြင်နီမြန်းစွေးတောက် ရဲတွတ်နေသည်။ ငွေယုန်လည်း ဘာတွေ
ပြန်ပြောရမှန်းမသိတော့ တုန်တုန်လှုပ်လှုပ်နှင့် မျက်ဝန်းတွေသြ



www.burmeseclassic.com

www.burmeseclassic.com



မှာ မျက်ရည်တွေ ပြည့်နက်လာ၏။ ကျွန်မကို အထင်သေး
မစွပ်စွဲပါနဲ့နော် ဦး...

'မင်း မငိုနဲ့နော် ငွေယုန်ဖြူဖြူ၊ ဒီကိစ္စက လူသိလို့မ
ဘူးနော်၊မင်း အပြုအမူတွေက နေရာတကာ ကလေးဆန်လွ
တယ်။ မင်းလူဖြစ်လာထဲက အများတွေ ကျူးလွန်နေတာပါလာ
ဦးနောက်ပါမလာဘူးလား ပြော'

ငွေယုန်ဖြူဖြူ ခေါင်းလေးငုံ့လျက် မျက်ရည်ပေါက်
ကြမ်းပြင်ပေါ် တပေါက်ပေါက် ကျဆင်လျက်· ငိုရှိုက်သံ
ထွက်လာမှာ ကြောက်ပြီး ကောင်မလေးအနား ရောက်သွားသည

'ငိုမနေနဲ့ ရှိုက်သံလုံးမဝထွက်နဲ့နော်၊ ဘယ်အရာမဆို အ
တမ်း ပေါ့ပျက်ပျက်နဲ့ မင်းလုပ်ခဲ့ပြီးမှ စိတ်ကို အေးအေးထား
အမှန်အတိုင်းပြော'

ကောင်မလေး ရှိုက်သံကျယ်လာလျှင် သူပါးစပ်ပိတ်
အသင့်အနေအထား ပြင်ဆင်ထားပေမဲ့ယ်လည်း ငွေယုန်ဖြူ
မျက်ရည်ကျနေတော မြင်နေရသဖြင့်ပွေ့ဖက် ချော့မြူပစ်
နေခဲ့သည်။ ဒီကောင်မလေး မဟုတ်တာတွေ လုပ်ခဲ့သ
ဒေါသလည်း ထွက်ရ၏။ ခေါင်းငုံ့ထားသဖြင့် မေးစေ့ကို
ကြမ်းကြမ်း ဆွဲမော့ဖို့ စိတ်ကူးကနေ ညင်ညင်သာသာလေး
မော့မိသွားလေသည်။

'မင်း ဘယ်တုန်းကများ ဝမ်းနည်းကြေကွဲ တတ်သွား





တာလဲ ငွေယုန်ဖြူဖြူ၊ ပေါ့ဆောင်မနေစမ်းပါနဲ့ကွာ၊ အဓာတာသတ်
လေးရဲ့'

'ဘာပြောတယ်'

သူမ ဒေါသတွေက ဦးမိုးသခင်ရဲ့စကားတွေကြောင်း
နှန်းခနဲ ပေါက်ကွဲသွားစေကာ မတ်တပ်ထအရပ်တွင် ခေါင်းတွေ
မူးဝေနောက်ကျိပြီး လဲပြိုကျသွားသည့်။

'ငွေယုန်ဖြူဖြူ ဘာဖြစ်တာလဲ ဒုက္ခပါပဲကွာ၊ စိတ်ပျက်
တယ်၊ ဝုန်းဒိုင်းထကြွတတ်တဲ့ အကျင့်စရိုက်ကြီးက မကောင်း
တာ'

ငွေယုန်ဖြူဖြူအား ထိလည်း မထိရဲ၊ မျက်ရည်တွေ ကျနေ
လို့ သနားကြင်နာမိတဲ့ စိတ်တွေတောင် ဘယ်ရောက်သွားမှန်း
မသိတော့

'ကျွန်မ ဘာပဲဖြစ်နေဖြစ်နေ ဦးမိုးသခင်ကို လုံးဝ မထိ
ခိုက်စေရပါဘူး။ ဒီကနေ ထွက်သွားမယ်'

'ဘာ... ဘာပြောတယ်'

'ဦးမိုးသခင်နဲ့ လက်ထပ်ဖို့ကိစ္စက ဦးမိုးသခင်ရဲ့ ဆန္ဒ
အတိုင်းပဲလေ။ ဒါပေမယ့် အမှန်တရားတစ်ခုတော့ ကျွန်မသစ္စာ
ပြီးပြောခဲ့မယ်။ လင်းနဲ့ ကျွန်မ လုံးဝချစ်သူအဆင့်တောင်
မရောက်ခဲ့ပါဘူး။'

'ဒါ... ဒါဆို မင်း မင်းရင်ပြည့်ရင်ကယ်ဖြစ်တာလား၊
အစာမကြေတာ ထင်တယ်၊ ဟူး... တော်ပါသေးရဲ့ကွာ၊ ဆေး



www.burmeseclassic.com

www.burmeseclassic.com



ခန်းပြရမယ်၊ ပေတော့မနေနဲ့လေ၊ တစ်ပတ်အတွင်း မင်းနဲ့လက် ထပ်မယ်၊ ကျန်းမာရေး ဂရုစိုက်ပါ'

ဦးမိုးသခင်ရဲ့ အပြုံးတွေက သူ့မျက်နှာအပေါ်မှာ ဖြ လည် ဝင်းတောက်သွားသည်။ ရိုးသားလွန်းနေတဲ့ လူပျိုကြီးတ ယောက်အား ငွေယုန်အမှန်တွေ ပြောလိုက်လျှင် သေများ သွား မလားပဲ။ ငွေယုန်လည်းခေါင်းတွေ မူးလာ၏။ သူ့လက်တွေ ကနေ ရုန်းထွက်၍ မတ်တပ်ရပ်နိုင်ဖို့ ကြိုးစားတာ မအောင်မြင် ပေ။ ပြန်၍ လဲကျပြန်သဖြင့် ဦးမိုးသခင် လက်မောင်းတွေက ထိန်းဆုပဖေးမပေးလိုက်သည်။

'ငွေယုန်ဖြူဖြူ မင်းအရမ်းအားနည်းနေတယ်။ အနားယူ မှ ဖြစ်မယ်။ ဘာမှမစဉ်းစားနဲ့တော့။ ငွေယုန်လေး ဘာတွေ ဖြစ်ခဲ့ ဖြစ်ခဲ့ပါ။ ကိုယ်ခွင့်လွှတ်နိုင်ပါတယ်။ လူကြီးတွေ ဆ အတိုင်း လက်ထပ်မယ်။ လင်းနဲ့မင်း ဘာမှလွန်ကျူးခဲ့ခြင်းမ ဘူးဆိုတာ အမှန်ပဲနော်'

ငွေယုန်ခေါင်းလေးကိုပင် အနိုင်နိုင် ငြိမ့်ပြနေရတဲ့ အခြေ အနေပါ။ သတိရတာချက် မေ့တာချက်နှင့် အိပ်ချင်တဲ့ စိတ်တွေ တအားဖြစ်ပေါ်နေခဲ့သည်။

'ငွေယုန်ဖြူဖြူ ဆိုးဝါးလွန်းတဲ့ ကောင်မလေးပဲ။ သတိ ထားပါဦး၊ မဖြစ်ဘူး ဆရာဝန်ဆီ ဖုန်းဆက်ရမယ်။ မင်းအခြေ အနေက ဟန်မှ မဟန်နိုင်တော့တာပဲ'





ဦးမိုးသခင်ပြောနေတဲ့ စကားတွေကလည်း ကြားတစ် ချက်၊ မကြားတစ်ချက် ဆရာဝန် ခေါ်ရမယ်ဆိုတဲ့ အသံသဲ့သဲ့ ကြားလိုက်၍ မခေါ်ဖို့ တားဆီးနေတာ၊ စိတ်ဆန္ဒတွေပဲ ဖြစ်ပေါ် ာပြီး ခန္ဓာကိုယ်လေးက ငြိမ်သက်သွားသည်။

'ကျွန်မ ဘာမှမဖြစ်ပါဘူး ဆရာဝန်မခေါ်ပါနဲ့နော်၊ ကောင်းပန်ပါတယ်၊ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီထင်တယ်။ ဦး ရဲ့ သွေးပါ၊ ကျွန်မနဲ့ဦးတို့'

အသိကင်းမဲ့ကာ မျက်ဝန်းတွေထဲမှာ အမှောင်အတိကျသွား သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

'မိုးသခင် ဘာမှစိတ်မပူနဲ့တော့၊ မင်းဇနီးလေး
ကိုယ်ဝန်နှစ်လလောက်ရှိနေပြီ'

'ဗျာ'

'မင်းကလေ အမြဲတမ်း သိုသိုသိပ်သိပ်နဲ့ မိန်းမယူတ
တောင် လျှို့ဝှက်နေသေးတယ်။ အရှက်လည်းကြီးပါ့။ ကော
မလေးက ချစ်စရာကောင်းလိုက်တာ ငယ်တဲ့ပုံပဲ'

မိသားစုဆရာဝန်ဖြစ်၍လည်း သူ့ကို တရင်းတနှီး
နောက်ပြောင်ပြောဆိုနေတာကို မိုးသခင်မဟုတ်ပါဘူးဟုပြော
လည်း ခက်နေသည်။ ကျွန်တော်တို့ လက်မထပ်ရသေးပါဘူး
လည်း ပြောမထွက်။ ပတ်ဝန်းကျင်မှာ ကဲ့ရဲ့စရာကြီး ဖြစ်နိုင်သ
ထိုကိစ္စအား သိုသိုသိပ်သိပ် ဖြေရှင်းဖို့ပဲ ဆုံးဖြတ်ထား၏။ ငွေယ
ဖြူဖြူ မင်းကတော့ကွာ။ ငါထင်ထားတဲ့အတိုင်း ကွက်တိဖြစ်
နဲ့တာပဲ။ လင်းဆိုတဲ့ကောင်က သောပြီ။ ဒါကြောင့်လည်း သူ့





ည်းကျိုးထမ်းခိုင်းဖို့အတွက် ငွေယုန်ဖြူဖြူ ကြံစည်နေတာလည်း
ဖြစ်နိုင်သည်။

'ရှက်မနေစမ်းပါနဲ့ မိုးသခင်... မကြာခင် ကလေးအဖေ
ဖြစ်တော့မယ်လေ။ ကောင်မလေးကိုလည်း ဂရုစိုက်ဦး။ မင်းက
မိန်းမယူတာတောင် ပတ်ဝန်းကျင် မသိစေရဘူး။ ဘာလေးလိုချင်
တာလဲ၊ သမီးလေးလား၊ သားလေးလား'

'ဗျာ... ဪ... ဘာလေးပဲ ဖြစ်ဖြစ်ပါ။ သားလေးဆို
ကောင်းတာပေါ့'

ငွေယုန်ဖြူဖြူ မင်းကိုလေ ငါလည်ပင်းညှစ်ချင်တယ်။
တတ်နိုင်တော့ဘူး။ ပတ်ဝန်းကျင်မှာ သူ့ဂုဏ်သိက္ခာတွေ မကျ
ရန် ရောယောင်ပြောရလေသည်။ ဆရာဝန် ပြန်သွားမှ စိတ်
အသက်သာသွားရကာ သက်ပြင်းမောကြီးကို ဟူးခနဲ မှုတ်ထုတ်
ပစ်လိုက်ရ၏။ ငွေယုန်ဖြူဖြူကတော့ အိပ်ပျော်နေသည်။

'ဒေါက်တာက ငါ့ဇနီးလို့ ထင်မှာပေါ့။ နှစ်ယောက်အိပ်
ကုတင်ကြီးနဲ့ ဇနီးမောင်နှံ အိပ်ခန်းအတိုင်း ပြင်ဆင်ထားတာကိုး။
သလိုက်တော့ မိုးသခင်၊ ဒေါသဖြစ်လိုက်တာ'

အပြစ်မရှိသလိုလို မျက်တောင်ကော့လေးတွေ ထိကပ်
လျက် နည်းနည်းလေး ချောင်ကျသွားတာကလွဲပြီး လှပချော
မှုတွေက ငွေယုန်ဖြူဖြူ့မျက်နှာလေးပေါ်မှာ စွန့်ပစ်ရက်စရာ
မရှိအောင် ချစ်ခင်နှစ်သက်ဖွယ်ရှိနေသည်။ သူ ဘာဆက်လုပ်
ရမလဲ။ ငွေယုန်ဖြူဖြူ့ အိုတာ ပျို့တာထက် တခြားသူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ ရင်သွေးကိုတော့ သူ့ရင်သွေးအဖြစ် ဟာန့်ဆော လက်ခံထားရမှာ မလုပ်ချင်ပေ။ ဒီကိစ္စလက်မခံနိုင်ဘူး။ ဒီကော မလေးနဲ့ ခပ်ပြက်ပြက် ရှင်းရမယ်။ မိုးသခင် ဒါမျိုးတေ မှန်း‌သည်။

'တောက်... ရုပ်ကလေးက သနားကမားနဲ့ မဟုတ်တ တွေ လုပ်မယ်ဆိုရင် နှစ်ယောက်မရှိဘူး။ အန်တီလေး စိတ်ဆင် မှာစိုးလို့ ငါသည်းခံနေတာကွ'

ငွေယုန်ဖြူဖြူကို သေသေချာချာ ကြည့်ပြီး၊ ဒီကောင် လေး အိပ်ပျော်နေတာမှ ဟုတ်ရဲ့လား၊ အသက်ရှူရော ရပ်သွ ပြီလားဟု စိတ်ကပူပူနှင့် အသေအချာကြည့်မိတော့မှ ရင်အစုံ အသက်ရှူနေကြောင်း လှုပ်ရှားမှုလေးတွေ့မှ စိတ်အေးသွာ သည်။

'ဒီကောင်မလေးကို သံယောဇဉ် တွယ်မိနေတာ မှားတယ် လူတွေကို ဒုက္ခလိုက်ပေးနေတာပဲ'

ငွေယုန်ဖြူဖြူရဲ့ အိပ်ခန်းကဲကနေ သူထွက်လာကာ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ စိတ်မောလိုက်တာ။ ငွေယုန်ဖြူဖြူ တခြားတစ်ယောက် အပျော်ယွန်ကျူးပြီး ကိုယ်ဝန်ပါရသွားတာ ပတ်ဝန်းကျင်မှာ အသိမပေးရဲသလို သူနှင့်ဥည်း တရားဝ လက်ထပ်ရသေးတာ မဟုတ်ဘဲ ကိုပုတို့ မိသိတို့ကိုပင် အသိပေ ဖို့ ရှက်နေမိသည်။





'မင်းနဲ့ နောက်ဆုံးထိုးနှက်ချက်တွေက ကြောက်စရာ ကောင်းလောက်အောင် ပြင်းထန်တယ် ငွေယုန်ဖြူဖြူ ငါ့ကို ဘယ်လောက်ပဲ မုန်းမုန်း လက်ထပ်ဖို့ဆန္ဒတွေ လုံးဝမရှိခဲ့ရင် တောင် ငါ့ဘဝကြီး တစ်ခုလုံးကို စုတ်ပြတ်သတ်သွားအောင် လုပ်သင့်ပါဘူး'

ငွေယုန်ဖြူဖြူ သူ့ကို အရှက်ခွဲဖို့ ကြံစည်အားထုတ်ဖို့ မောင်းတင်ပြီး သူ့အနားရောက်လာခဲ့တာတော့ သေချာသည်။ တွေ့တွေ့ခြင်းမှာပဲ သူ့ကိုရစရာမရှိအောင် စကားလုံးကြမ်းကြမ်း တွေနှင့် ထိုးနှက်ခဲ့၏။ မင်းငါနဲ့ တုဖက်ယှဉ်ပြိုင် မာန်မာနတွေ ထောင်လွှားမောက်မားခဲ့တာပဲ... တွေးမိလေ ငွေယုန်ဖြူဖြူ လုပ် ရပ်တွေအတွက် ခွင့်မလွှတ်နိုင်ဘဲ ဒေါသတွေ ပေါက်ကွဲချင် သည်။

'မင်းကို ငါလုံးဝ ခွင့်မလွှတ်နိုင်ဘူး ငွေယုန်ဖြူဖြူ ငါ့ကို နလန်မထူနိုင်တဲ့အထိ လုပ်ကြံတာပဲ'

လင်းကို လက်ထပ်ဖို့ သူပြောခဲ့တုန်းကလည်း ငွေယုန်ဖြူ ဖြူက အင်တင်တင်၊ မိတ်ဆွေသူငယ်ချင်းအဆင့်ပါဟုတောင် စွန်းကွယ် ငြင်းခဲ့သေးသည်။ လင်းသေဆုံးမှုက မိုးသခင်အတွက် ဘဝကံဆိုးမှုဖြစ်လာမှာ သေချာနေ၏။ ရင်ဆိုင်ဖြေရှင်းဖို့ ခက် သည်။

'ငါရဲ့ စီးပွားရေးလုပ်ငန်းတွေ ပတ်ဝန်းကျင် လူ့အသိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဝိုင်းကိုပါ ထိပါးတိုက်ခိုက်ဖြစ်တာပဲ ငွေယုန်ဖြူဖြူရယ်၊ မင်း အငြိုးတွေ ကြီးလှချည်လားကွာ'

သူခေါင်းကို ငိုက်စိုက်ချပြီး လက်တွေနှင့် ဆံပင်တွေထဲ ထိုးသပ်လျက် စိတ်သောကတွေလည်း အကြီးအကျယ် ရောက်နေ ရသည်။ သူနှင့်လက်ထပ်ရမယ့် ဇနီးက ငယ်ရွယ်နေလို့ ရှက်နေတဲ့ အထဲ တရားမဝင် လက်မထပ်ရသေးပဲ ကိုယ်ဝန်က ရှိနေသေး။ ထိုးနှက်ချက်က ပြင်းထန်လွန်းသည်။

'ဆရာ... မမလေး နိုးနေပါပြီ ဘာဖြစ်လို့လည်း မသိ ဘူး၊ ရှိုက်ကြီးတငင် ငိုနေတယ်။ ဘာမှလည်း မေးလို့မရဘူး'

'ဘာပြောတယ်'

'သူသေတာပဲ ကောင်းတယ်၊ သူ့ကိုယ်သူသတ်သေ ပစ်မယ်လို့ ပြောနေတယ်'

'ဘာ'

မိသီစကားကြောင့် မိုးသခင်ရင်ထဲမှာ ဖြောင်းဆန်သွား အောင် စိတ်ပူလောင် သောကတွေ ဝင်ရောက်လာကာ စိုးရိမ် တကြီးမိပြီးမှ သတိတွေ လက်လွှတ်မသွားစေရန် ပြန်၍ ထိန်းချုပ် လိုက်ရသည်။ ငွေယုန်ဖြူဖြူ မင်းထပ်ပြီး ဉာဏ်များပြန်ပြီလား ကွ၊ လူတွေရှေ့မှာ မင်းကို အရမ်းကြီး သနားကြင်နာသွားစေ ဖို့ လုပ်ကြံမှုကြီးတစ်ခု လုပ်ပြလိုက်တာပဲ၊ တကယ်ကျတော့ မင်း ပျော်ရွှင် ကျေနပ်နေမှာပါ။ ငါအရှက်တကွဲနဲ့ သူများ တံတွေးခွက် မှာ ပက်လက်မျောရတော့မှာမို့လေ။





'မမလေး အားငယ်နေမယ် ထင်တယ်။ ဆရာသွားပါ၊ အားပေးပါနော်။ မိသီတို့ အားပေးဂရုစိုက်တာနဲ့ ဘယ်တူပါ့မလဲ'

မိသီ သေတော့မယ်။ ဘာမှ သေသေချာချာ ရေရေရာရာ သိဘဲနှင့် ငွေယုန်ဖြူဖြူဘက်က လိုက်နေသေးသည်။ ဒေါ်သ ည်း ဖြစ်မပြရဲ၊

'အေးပါ ငါသွားမယ်။ အခုပဲ ပြန်လာတာပါ။ ဘာမှ စိတ်မပူကြနဲ့ ငွေယုန်ဖြူဖြူက အစားအသောက်တွေ သောင်း ကြမ်းတယ်လေ။ ဒေါက်တာပြောသွားတယ်။ အစာအိမ်ရောဂါ ဖြစ်တာတဲ့'

'ဟုတ်တယ်နော်၊ မမလေးက အခုတလော အိပ်အစား နေ်ဘူး။ မိသီတော့လေ မမလေးစိတ်ကို သိနေသလိုပဲ'

'ဘာသိတာလဲ'

'ဆရာ့ကို ကြိတ်ပြီး ချစ်နေတယ်လို့ပေါ့။ မာနကလည်း နေတော့ အုံပုန်းအချစ်လေး မမလေးကို ဆရာအမြန်ဆုံး လက် ထပ်လိုက်ပါ အဟီ'

'သွားစမ်း... ဒီမှာ ငွေယုန်ဖြူဖြူ နေမကောင်းတာ အစာအိမ်ရောဂါ ဖြစ်တာနော် မှတ်ထား'

'ရှင်'

'သွားတော့'

'ဟုတ်'



www.burmeseclassic.com

www.burmeseclassic.com



'တောက်'

'ရှင် ဆရာ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ဘူး၊ ငွေယုန်မှာမှ အစာအိမ်ရောဂါ လာဖြစ် လားလို့ ဒေါသဖြစ်တာ ရောဂါကို'

'ဩော်... ဟုတ်ကဲ့'

သူကိုယ်တိုင်ပင် ဘယ်အရာကို ဒေါသဖြစ်နေမှန်းမသိ ရင်တွေက ပူလောင်မွန်းကျပ် နာကျင်နေသလိုလို။ မျက်နှာပေါ်မှ အပူငွေ့တွေ ပက်ဖြန်းထားသလားပဲ။ မိသီကိုပင် မျက်နှာချင် ဆိုင်ရတာ ရှက်နေခဲ့သည်။ တွေ့မြင်ရသမျှ အရာဝတ္ထုတွေက ဆွဲယူပစ်ပေါက်လိုက်ချင်နေပေမယ့်လည်း သူ့ဒေါသကို ထုတ် ဖော်ပြသဖို့ ကြောက်ရွံ့နေသည်။

'ငွေယုန်ဖြူဖြူ့ကိုယ်ဝန်ကို ဘယ်လိုရှင်းပစ်ရမလဲ။ တာ ကျွမ်းတဲ့သူတွေရှာပြီး ဖျက်ချခိုင်းလိုက်ရင်ရော ဟာမဖြစ်သေး ဘူး၊ ဒါ လူသတ်တာပဲ၊ အဲ့ဒီလောက်အထိ မရက်စက်နိုင်ဘူး ဒုက္ခပါပဲကွာ'

ငွေယုန်ဖြူဖြူ့မှာ အသက်အန္တရာယ်နှင့် ရင်ဆိုင်ရမှာလည်း စိတ်က ပူပန်သောကရောက်သွားရပြန်သည်။ သူ့နှလုံးသားတွေ က မမာကျောနိုင်ခဲ့။ ငွေယုန်ဖြူဖြူ့ကိုပဲ မောင်းထုတ်လိုက် မလား။

'ငါ့နှလုံးသားတွေ ဘာဖြစ်လို့များ မမာကျောနိုင်ရတာ ငွေယုန်ဖြူဖြူ၊ မင်းလောက် အကြံမပက်စက်နိုင်ခဲ့ဘူးကွ၊ မင်း





ချစ်နေမိတယ်။ မင်းလို ကောင်မလေးမျိုးကိုမှ သံယောဇဉ်တွယ် ငြိ သွားခဲ့တာ။ ငါကံဆိုးတာပဲလေ'

လောလောဆယ်မှာတော့ ပတ်ဝန်းကျင်ကလူတွေ မရိပ်စား မိစေရန် အလိုက်အထိုက် နေထိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်။ ဟန် မပျက် လက်ထပ်လိုက်ဖို့ကလွဲပြီး တခြားနည်းလမ်း မရှိတော့ ပေ။ လူတွေအသိခံလို့ မဖြစ်ကြောင်း သူ့စိတ်တွေကို သတိပေး ထိန်းချုပ်နေရ၏။ မင်းကိုငါ ကြောက်လာပြီ ငွေယုန်ဖြူဖြူ၊ သူ့စိတ်တွေက မတည်မငြိမ် ငွေယုန်ဖြူဖြူ့အခန်းထဲဝင်ဖို့ သတ္တိ တွေ မွေးနေရင်း အရှက်တွေနှင့် ရပ်တည်နိုင်စွမ်းတွေက မရှိ ဘာပဲဖြစ်ဖြစ် ငွေယုန်ဖြူဖြူနှင့် တွေ့ဆုံမှဖြစ်မည်ဆိုတာလည်း သူ့ကိုယ်သူ အသိပေးနိုးဆော်နေရသည်။

'သားရယ် ငွေယုန်လေးကလေ အရမ်းသနားစရာ ကောင်း ပါတယ်၊ မိဘတွေရဲ့ အလွန်အမင်းချစ်ပြီး အလိုလိုက်ထားခြင်း ခံရတာကပဲ အပြစ်ပါကွယ်၊ မင်းက ခွင့်လွှတ်သည်းခံစိတ်တွေ နဲ့ ငွေယုန်လေး ဘဝဖြောင့်ဖြူး အေးချမ်းစေဖို့ တာဝန်ယူပေး ပါလို့ မေမေ တောင်းပန်ပါတယ်နော်'

ငွေယုန်ဖြူဖြူ့အကြောင်း မကောင်းတာ ပြောမိတိုင်း အကာအကွယ်တွေ ထုခြေလွှာအမျိုးမျိုးနှင့် အနူးအညွတ် တောင်း ပန်တတ်ခဲ့သော မိုးသခင်ရဲ့မိဘတွေဆန္ဒ ဘယ်လောက်အထိ ကြီးမားခဲ့ရလည်း ဆိုတာ သူအသိဆုံး ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငွေယုန်လေး မိဘတွေနဲ့ မေမေတို့က ငယ်ပေါင်းကြီး ဖော် ကျောင်းနေဘက်သူငယ်ချင်းတွေပဲ။ မေမေလည်း ငွေယုန် လေးကို ချစ်တယ်၊ သားလည်း ချစ်ပေးပါ၊ မမုန်းလိုက်ပါနဲ့'

မိဘနှစ်ပါးလုံးက ငွေယုန်ဖြူဖြူအား သူ့လက်ထဲအပ် ထားခဲ့ကြသည်။ သူကိုယ်တိုင်က ငွေယုန်ဖြူဖြူ့အပေါ် သံယော ဇဉ်တွေ ဌိတွယ်လာစေဖို့ အစွမ်းကုန် ကြိုးစားနေခဲ့တာပါပဲ။

'ဒီကိစ္စက သေးသေးလေး မဟုတ်ဘူး။ ဘဝတစ်ခုလုံး ကံဆိုးမိုးမှောင် ကျသွားနိုင်တယ်။ ငါ့ဘဝကြီးတစ်ခုလုံးကို ဆုတ် ပြတ်သတ်အောင် ဖွဲ့ခြေပြီး မြောင်းထဲလွှင့်ပစ်ဖို့ မင်းကြံစည် လိုက်တာပဲ ငွေယုန်ဖြူဖြူ'

ငွေယုန်ဖြူဖြူ့ မိဘတွေက သူမရဲ့ ပယောဂနှင့် အသေ ဆိုးနှင့် သေဆုံးခဲ့ရသည်။ အခုလည်း မိုးသခင်အနှစ်နှစ်အလလ ကြိုးစားတည်ဆောက်ထားခဲ့ရသော ဂုဏ်သိက္ခာတွေနှင့် ပြည့်စုံ လျက်။ ထွန်းတောက်နေတဲ့ ကံကြမ္မာက မကြာခင် မိုးသက် မုန်တိုင်းတွေ ပြင်းပြင်းထန်ထန် ကံဆိုးမိုးမှောင် ကျရောက်စေ ရန် ငွေယုန်ဖြူဖြူကပဲ ကြံစည်လုပ်ဆောင်ပစ်လိုက်ကြောင်း သူသိ နေလေသည်။

✿



(၂၀)

'ငွေယုန်ဖြူဖြူ... မင်းအရမ်းကြီး ဝမ်းနည်းကြေကွဲပြ မနေစမ်းပါနဲ့ကွာ၊ မျက်ရည်တွေ အရမ်းပေါ်နေလို့လား၊ တိတ် စမ်း'

တသိမ့်သိမ့် ရှိုက်ငိုနေသော ငွေယုန်ဖြူဖြူ့ကို တွေ့တွေ့ ခြင်း သူ့ဒေါသတွေ ဝုန်းခနဲ ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ပေါက်ကွဲ သွားခဲ့ရပေမယ့် ဖြတ်ခနဲ ပင့်တက်လာသည့် မျက်တောင် ကော့ကော့တွေအောက်မှ မျက်ရည်တွေ ပြည့်နှက်စိုလက်နေတဲ့ ငွေယုန်ဖြူဖြူရဲ့ မျက်ဝန်းတာအစုံနှင့် ရင်ဆိုင်တွေ့လိုက်သောအခါ ဆွံ့ရက်တော့။ မိုးသခင်နှလုံးသားတွေ ကြေကွဲထိခိုက်ရလွန်း သွားသည်။

ချော့မြှူနှစ်သိမ့်ပေးလိုတဲ့ စိတ်ဆန္ဒတွေ ဘယ်ကနေ ဘယ်လိုကို ဝင်ရောက်လာမှန်း မသိ။ သက်ပြင်းရှည်ကြီးချကာ ငွေယုန်ဖြူဖြူ့ရှေ့မှာ ဝင်ထိုင်မိ၏။ မျက်ရည်စတွေနှင့် မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နက်နက်လေးတွေထဲမှာ သူ့ကို အသနားခံ ဝန်ချတောင်းပန်ရိုင်
တွေ လွှမ်းခြုံနေလေသည်။

'စောစောက မင်းအိပ်ချင်ယောင် ဆောင်နေတာ မဟုတ်
လား ငွေယုန်ဖြူဖြူ၊ ဒေါက်တာ ဘာပြောသွားလည်းဆိုတာ မင်း
ကြားတယ်နော်'

ငွေယုန်ကြားပါတယ် ဦးရယ်၊ မင်း ဖုန်းလေးမှာ ကိုယ်ဝန်
ရှိနေပြီလို့ ပြောလိုက်တာ ငွေယုန်သေသေချာချာ ကြားလိုက်ပါ
တယ်။ ငွေယုန် မဖြစ်ချင်ဆုံး အခြေအနေတစ်ခုက ဖြစ်လာခဲ့
ပြီလေ။ ငွေယုန်ဘဝကို ထိုးနှက်ခြေဖျက်ဖို့ ကံကြမ္မာက စိုးဝါး
လွှန်းစွာ ကျရောက်လာခဲ့တာပါ။ အရှက်သိက္ခာကို ထိန်းထိန်းသိမ်း
သိမ်း လုပ်နေရတဲ့ ဦးရဲ့ အခက်အခဲတွေကို ငွေယုန်အားနာစွာနဲ့
တောင်းပန်စကားတွေ ပြောချင်ပါတယ်။ အမှန်တရားတွေကို
တော့ ပြောပြနေလည်း ဦးဘယ်လိုမှ ယုံကြည်စရာအကြောင်း
မရှိလို့ မပြောပြတော့ပါဘူး။

'ဦးဘက်က ဘာဖြစ်စေချင်လဲဆိုတာပဲ ပြောပါနော်'

'ငါက ဘာလုပ်ချင်ရမှာလဲ၊ မင်း ဘာလုပ်ချင်တာလဲ
ဆိုတာပဲ ပြောစမ်းပါ၊ မင်းလေသံတွေက အပြစ်ကို ဝန်ခံပြီး
အရမ်းပျော့ပြောင်းနူးညံ့သိမ်မွေ့နေတာပါလား၊ အရမ်းလိမ္မာ
ပြမနေစမ်းပါနဲ့ကွာ'

ဦးမိုးသခင်က ဘယ်လောက်ပဲ ဒေါသတွေ ပေါက်ကွဲ
လျှက်၊ ငွေယုန်လဲကျသေဆုံးသွားစေနိုင်တဲ့ စကားလုံး အကြီးကြီး





တွေနဲ့ နစ်နစ်နဲ့နဲ့ ပြောဆိုပစ်ပေါက်လိုက်ပါစေ။ ငွေယုန်ဆန္ဒနဲ့
ဖြစ်ချင်ဆုံးက ငွေယုန့်အနာဂတ်တွေအားလုံး ဦးမိုးသခင်ရဲ့
ရင်ခွင်ထဲမှာ အသေခံပြီး အဆုံးသတ်ချင်နေပါတယ်။ ငွေယုန့်ရင်
တွေ တဒိတ်ဒိတ် ခုန်နေပါတယ်။ ဦးမိုးသခင်ကို ချစ်တယ်၊
ဦးကိုချစ်တယ်၊ ဖြစ်နိုင်မယ်ဆိုရင်လေ ဦးရဲ့ ခြေသုတ်ပုဆိုး
လို ငွေယုန် အနိမ့်ကျဆုံး ဘဝလေးပဲ ပိုင်ဆိုင်ခွင့်ရပါစေ ကြေ
ကြေနပ်နပ် နေထိုင်ချင်ပါတယ်။ ဦးမိုးသခင် ဘာပဲပြောပြော
အမိန့်တွေကို နာခံချင်သည်။

'ငွေယုန် အဖြစ်ချင်ဆုံးဆန္ဒကလေ၊ ဒီမှာပဲဆက်ပြီး နေထိုင်
ခွင့် ရချင်ပါတယ်'

'ဘာကွ... ဒီလိုအဖြစ်တွေနဲ့လားကွာ၊ ငါက ဘာဆက်
လုပ်ရမှာလဲ၊ မင်းကိုယ်ဝန်ကြီးက ဟာကွာ... တောက်... ငါက
မင်းဆိုတဲ့ကောင်ရဲ့ ကိုယ်ဝန်ကို ပိုက်သောဖမ်းရမှာလား...
မင်း... မင်းက လှည်းကျိုးထမ်းခိုင်းနေတာလား ငွေယုန်ဖြူဖြူ'

'တော်ပါတော့ ဦးရယ်၊ ဆက်မပြောပါနဲ့တော့ ဒါမှ ဦးက
လက်မခံနိုင်ဘူးဆိုရင်လည်း ငွေယုန် ဒီကနေ ထွက်သွားပေးပါ့
မယ်၊ ဦးအမိန့်အတိုင်း နာခံပါမယ်နော်'

'ဟာ... ဟာကွာ မင်းတော်တော်ဆိုးတဲ့ ကောင်မလေး
ဘာ... ဦးဟုတ်လား... အရင်ကလို ငါ့ကို အမြင်ကတ်
အောင်တီးပြီး ဦးလေးလို့ ခေါ်စမ်းပါကွ၊ အင်းလေ မင်းက ဘဝတစ်
ခုလုံး နင်းခြေဖျက်ဆီးပစ်လိုက်ရလို့...'



www.burmeseclassic.com

www.burmeseclassic.com



'ဆက်မပြောပါနဲ့တော့ ဦး၊ ငွေယုန် တောင်းပန်ပါတယ် ဦးပဲ ဆုံးဖြတ်ပါ၊ ငွေယုန်အခု ချက်ချင်း ထွက်သွားဆိုလည်း သွားပါ့မယ်'

ဦးရဲ့ ခံစားပေါက်ကွဲနေမှုတွေကို ငွေယုန် အရမ်းနာကျ ခံစားရလွန်း၍ ထပ်ပြောလာမယ့် စကားတွေကို ဆက်နားထော နိုင်စွမ်း မရှိတော့။ အအိပ်ပျက် အစားပျက်နှင့် ငွေယုန်အင်အာ တွေ နည်းနေ၏။ ခေါင်းတွေက မထူနိုင်။ မူးမိုက် အော့အ ချင်နေလေသည်။ အရွယ်နှင့် မမျှအောင်ကို ကံကြမ္မာဆိုးဆိုး က ငွေယုန့် ဘဝတစ်လျှောက်လုံး မုန်တိုင်းလေပွေတွေလို အပြ ထန်ဆုံး ရိုက်ခတ်ကျရောက်နေခဲ့၏။ ငွေယုန်ငါးနှစ် သမီးအရွ ကထဲက စတင်ခဲ့သည်။ ကျွန်မ အဲ့ဒီတုန်းထဲက လောကကြီး မကျေနပ်ခဲ့တာပါ။ ဦးမိုးသခင်ရဲ့ အကြည့်စိမ်းစိမ်းတွေကို မေ့ မဆုံးနဲ့၊ အမုန်းတီးဆုံး ဖြစ်နေခဲ့ရပါတယ်။ ဘယ်သူမှ မသိ ဘူး။ ကျွန်မစိတ်တွေ ဘယ်လောက်လေလွင့် ပျက်စီးနေခဲ့ရ သူမထွက်သွားဖို့ပဲ ဆုံးဖြတ်လိုက်သည်။ နယ်ကိုပဲ ပြန်မယ် အန်တီလေးနဲ့လည်း မဆက်သွယ်တော့ဘူး။ ကျွန်မကိုတစ်ယော ထဲ ရပ်တည်နေထိုင်နိုင်အောင် အန်တီလေးက လေ့ကျင့်ပေး နေတာလေ။ သူမထပြီး အဝတ်အစားတွေ ထည့်သည်။

'ဟော့... ဟော့ နေဦး၊ မင်းအဲ့ဒီလို မလုပ်နဲ့လေ၊ ငါပို အရှက်ကွဲမှာပေါ့ကွ၊ ဆရာဝန်က မင်းမှာ ကိုယ်ဝန်ရှိနေတ သိနေပြီ၊ မင်းထွက်သွားရင် ငါက တာဝန်မယူရဲတဲ့ကောင် ဖြ





သွားလိမ့်မယ်၊ မင်းပျောက်သွားလို့ မဖြစ်ဘူးနော်၊ ငွေယုန် ဖြူဖြူ ငါတစ်ရက်ကနေ နှစ်ရက်ရလိမ့်မယ်ကွ'

'ဒါဆို ဦးမိုးသခင်အတွက် စိတ်အနှောက်အယှက် မဖြစ် စေဖို့ ကျွန်မ သေပေးရမလား'

'ဘာ အဓိပ္ပာယ်မရှိလိုက်တာ ငါက လူသတ်တရားခံဖြစ် ဦးမယ်။ အခန့်မသင့်ရင် ထောင်ထဲပါ ရောက်ဦးမယ်၊ မင်း လုပ်တာတွေက ငါအတွက် တစ်ခုအကောင်းမရှိပါလား'

ငွေယုန်ဖြူဖြူ ထွက်သွားမယ်ဆိုတော့လည်း မိုးသခင် စိတ်ထိတ်ပြာပြာဖြင့် အကြောင်းအရင်းတွေ အမျိုးမျိုးဖြင့် တား ဆီးမိသည်။ ခေါင်းကျော့မာလွန်းတဲ့ ကောင်မလေး၊ မင်းက ဘယ်ကိုသွားမှာလဲ၊ ဘယ်သူ့ကိုများ အားကိုးနေရပြန်ပြီလဲ။ သင့်မကျိုးလိုက်တာ... ဖြူဖြူဖျော့ဖျော့လေးနှင့်လေ ဝှေ့လိုက် ဘာနဲ့ လဲပြိုကျိုးကျသွားမယ့် ကျူရိုးလေးတစ်ချောင်းလို ဖြစ်နေ တာတောင် မာနက ကြီးပြနေသေး၏။ တကယ်ဆို မင်း တောင်း ပန်သင့်တယ်။ အောက်ကျနောက်ကျခံပြီး အကူအညီ တောင်းခံ သင့်တာ...။ သူ့အနားကနေ ထွက်သွားမယ်ဆိုတဲ့ စိတ်ကူးကြီးကို စိတ်သက်မိ။ သူ့ဆီမှာ ငွေယုန်ဖြူဖြူ့ မိဘတွေချန်ထားတဲ့ မှုတွေ ရှိနေသေးသည်။

'မင်းကို ပေးလိုက်ရင်လည်း မင်းအတိုင်းအဆ မရှိ သုံး ဖြုန်းပစ်လိမ့်မယ်။ မင်းမှာ ရင့်ကျက်မှု လုံးဝမရှိသေးဘူးဆိုတာ သိနေတယ် ငွေယုန်ဖြူဖြူ...။



www.burmeseclassic.com

www.burmeseclassic.com



အမွေတွေပေးပြီး ငွေယုန်ဖြူဖြူအား ချမ်းသာပျော်ရွှင်စေ ရန် သူဖန်တီးပေးလိုက်ချင်ပေမယ့် စိတ်က မချနိုင်။ ကော မလေးအတွက် အမြဲတမ်း ပူပန်သောက ရောက်ရတာ မိုးသ အသိဆုံးဖြစ်သည်။ ငွေယုန်ဖြူဖြူကို စောင့်ရှောက်ပေးချင် ၏။ ပြီးတော့ ချစ်သည်။

'လောလောဆယ်တော့ မင်းအနားယူလိုက်ဦး ငွေယုန် ဖြူ၊ ဘာပဲဖြစ်ဖြစ် မင်းချစ်သူ လင်းမှမရှိတော့တာပဲ၊ ငါ တာ ယူရမယ်။ မင်းကို ငါလက်ထပ်မှ ဖြစ်မယ်ထင်တယ်၊ ဘာ လို့လည်းဆိုတော့ ငါ့ဂုဏ်သိက္ခာအတွက်ပဲ၊ ငါ့ကလေး မဟု လည်း ငါ့ကလေးအဖြစ် တာဝန်ယူရတော့မှာပဲ'

'ကျွန်မ အဲ့ဒါကို လက်မခံဘူး'

'ဘာ'

ကျွန်မနဲ့လင်း ဘာမှမငြိစွန်းခဲ့ကြပါဘူး ဦးမိုးသခင်၊ ရှင့် သွေးပါ။ ဘယ်လောက်ပဲ အရက်တွေ မူးနေပါစေ၊ ကိုယ် ကျူးခဲ့တဲ့ ပြစ်မှုအတွက် ရေးရေးလေးပဲဖြစ်ဖြစ် မှတ်မိသင့် တယ်။ အခုတော့ လုံးဝမမှတ်မိတဲ့အပြင် မဆီမဆိုင် သူများ စွပ်စွဲပြီး သူ့ဂုဏ်သိက္ခာအတွက် တာဝန်ယူရတာမျိုး ပြောဆို တာ ငွေယုန် သည်းမခံနိုင် ဖြစ်ရသည်။

'မင်းကို ငါလက်ထပ်မယ်ဆိုရင်တောင် မင်းနဲ့ငါ တစ် ထဲ လူမြင်ကောင်းအောင် အိပ်ချင်အိပ်မယ်။ ဒါပေမယ့် မင်း





င်မယား အရာမမြောက်စေရဘူး၊ မင်းကို လက်ဖျားနဲ့တောင် ထိဘူး စိတ်ချ'

တကယ်ပါပဲ၊ ကြည့်လေ ငွေယုန်ကို ပြောနေတာတွေက းလား နင်းလားနှင့် အရင်စိတ်နှင့်သာဆို ငွေယုန် ပြဿနာ ကြီးအကျယ် ရှာပစ်လိုက်ချင်သည်။ ဦးမိုးသခင်က လက်ဖျား တောင် မထိဘူးဆိုတော့ ငွေယုန်လွယ်ထားရတဲ့ ကိုယ်ဝန်က းရဲ့ သွေးသားဟု ဘယ်လိုလုပ်ဖွင့်ပြောပြလို့ ယုံကြည်မလဲ၊ ငွေယုန်လည်း ရှက်သည်။

'ကျွန်မ လွယ်ထားရတဲ့ ကိုယ်ဝန်က ရှင့်သွေးပါလို့ တစ် နေ့နေ့မှာတော့ သက်သေပြမှာပါ။ ကျွန်မကလေးကို အဖေမဲ့ ဘဝနဲ့ ဘယ်တော့မှ မကြီးပြင်းစေရဘူး'

ငွေယုန်ပြောချင်တဲ့ စကားတွေကို စိတ်ထဲကပဲ ပြောပစ် သည်။ စကားလုံးတွေက တစ်ဆို့နေကြ၏။ ပြောမထွက် . . .။ ငွေယုန် ခန္ဓာကိုယ်လေးပင် မလှုပ်ရှားနိုင်။ အမှားအယွင်းတွေ ည်း ထပ်မံမဖြစ်ပွားလိုတော့သဖြင့် မျက်လုံးတွေကို မှိတ်ထား ိုက်သည်။

'မင်း ကျန်းမာအောင်နေပါ၊ အိပ်ယာထဲမှာတော့ ခွေခွေ ုပ်မနေနဲ့၊ ငါက အစာအိမ်ရောဂါလို့ ပြောသွားတာ ကြားလား'

ငွေယုန်ဖြူဖြူ မျက်ဝန်းလေးတွေ ဖိကပ်မှိတ်ထားသဖြင့် သခင်အပေါ်စီးကနေ သေသေချာချာ စူးစိုက်ကြည့်မိသွားပြီ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်စွာ ချောမောလှပသူလေးဟု တွေးမိသွားရကာ နဖူးပေါ်မှာ ဝဲပျံ့ကျနေတဲ့ ဆံနွယ်လေးတွေကို သပ်တင်ပေးချင်နေ ခဲ့သည်။ စွာဝေ.းလန်နေတဲ့ ပြဿနာမလေး ငြိမ်သက်နေတော့ လည်း သူ ကြင်နာမိသွားရပြန်သလို မဆူမပြောတော့တာ သူမ စိတ်ချမ်းသာသလို နေပါစေဟု စဉ်းစားနေမိသည်။

'မင်းအမှားတွေကို မင်းသေသေချာချာ စဉ်းစားသုံးသ သင့်တယ် ငွေယုန်ဖြူဖြူ၊ ပြီးတော့ ငါက အစာအိမ်လို့ ပြော ထားတာ၊ အစာအိမ်ရောဂါပဲပြော၊ ယောကျ်ားတစ်ယောက် တရားဝင်လက်မထပ်ရသေးဘဲနဲ့ ကိုယ်ဝန်ရှိတာ ဂုဏ်ယူမနေ ရှက်တတ်ရင် သေပစ်ဖို့ကောင်းတယ်'

ငွေယုန် ပြောမနေချင်တော့ပေ၊ ရင်ထဲမှာ အော်ဂလီ ဆ လာပြီး အန်ချင်သည်။ နားတွေထဲက လေတွေ ထွက်လာသလို မျက်ရည်တွေလည်း ပြည့်နှက်လေးရပြန်၏။ ဦးမိုးသခင် ထွ သွားပါတော့ . . . မလွဲသာ မရှောင်သာလို့ ကျွန်မကို လက်ထပ် တာ စိမ်းကားရက်စက်လွန်းတဲ့ အပြုအမူတွေပါနော်။

'ကောင်မလေး . . . ပြောစကားကို နားထောင်ပါ၊ တကယ် လို့ မင်းကလေးမွေးပြီးရင် ငါကွာရှင်းပေးမယ်။ ငါက မင်း ကလေးအတွက် အဖေခေါ်ပေးတာ၊ ကျေးဇူးတင်စမ်းပါကွာ၊ မင်း ဘဝတစ်သက်တာလုံး မဖော်နိုင်အောင် အရှက်ရစေမှာမို့ ငါ အကာအကွယ်လုပ်ပေးတာပဲ'





ငွေယုန်နှုတ်ခမ်းသာလေးတွေ တဆတ်ဆတ် တုန်ရင်နေ သလို ပေါက်ကွဲခုန်ပေါက် ထွက်လာတော့မယ်။ ကျွန်မ အပျိုစင် ဘဝကို ရှင် ဖျက်ဆီးခဲ့တာပါဆိုတဲ့ စကားလုံးတွေအား သူမ နှုတ်ခမ်းသားခြင်း ထိကပ်ပိတ်စို့ ကာကွယ်ထားလိုက်ရသည်။

'ဦးရယ်၊ ပြောချင်တာတွေသာ ပြောပါတော့၊ ငွေယုန် ဆိုးချင်တော့ဘူး၊ လိမ်မှာပြချင်ပါတယ် ဦးကို ငွေယုန်ချစ်တယ်၊ ဦးကို ချစ်တယ်၊ ဦးကို ချစ်ပါတယ်'

ငွေယုန် အော်ဟစ်၍ နှလုံးသားတွေ ပွင့်ထွက်သွားအောင် အကြိမ်ပေါင်းများစွာ ပြောဆိုချစ်နေသည်။ ဦးမိုးသခင်ရယ် ကျွန်မအနားကနေ ထွက်သွားပေးပါ။ ငွေယုန် တစ်ယောက်ထဲပဲ နေပါရစေ။ မောယန်းနွမ်းနယ်လွန်း၍ အသက်ရှူရတာ မွန်းကြပ် သာ၏။ ငွေယုန့်အပေါ် ဦးမိုးသခင်ဆန္ဒအတိုင်းသာ ပြုမူနိုင် ပါတယ်။ ငွေယုန်မှားပါတယ်။ လူတွေကို မကျေမနပ် ဖြစ်နေ ရတဲ့ ကောင်မလေးတစ်ယောက်ရဲ့ စိတ်အရိုင်းတွေကို ခွင့်လွှတ် ပေးပါနော်။

'ကောင်မလေး အိပ်တော့ ညနေစာကို အပြင်ထွက်စား မယ်၊ လူမြင်ကွင်းမှာ မင်းအပေါ် ကြင်နာပြမှ ဖြစ်မယ်လေ။ ချစ်တာက နည်းနည်းလေး . . .။ မင်းအလွှမ်းအကျွဲတွေ သည်းပြ နေနဲ့ ငါသွားပြီ'

ဦးမိုးသခင် ပြန်ထွက်သွားတဲ့ လှုပ်ရှားမှုအဆုံးတွင် သူမ မျက်ဝန်းတွေ ဖွင့်ဟကြည့်မိသွားသည်။ ချောမောတောင့်တင်း



www.burmeseclassic.com

www.burmeseclassic.com



ပြီး အရုပ်မြင့်မြင့်နှင့် ဦးမိုးသခင်ရဲ့ နောက်ကျောပြင်ကိုပဲ သူ
တွေ့မြင်လိုက်ရ၏။ ဦးရယ် ရှေ့လျှောက် ဦးနဲ့ငွေယုန် အဆင်ပြေ
ပြေ ချစ်ချစ်ခင်ခင်နဲ့ ငွေယုန်နေထိုင်သွားချင်ပါတယ်။ ဘာပဲ
ဖြစ်ဖြစ် ဦးမိုးသခင်က သဘောထားကြီးတဲ့ ယောကျ်ားကောင်း
တစ်ယောက်ပါ။

'မဖြစ်သေးဘူး၊ ဦးပြောတာ အမှန်တွေပဲ နှစ်ယောက်လုံး
ရဲ့ ဂုဏ်သိက္ခာအတွက် ငွေယုန်ထူမတ်ရမယ်။ ဦးနဲ့ ပြဿနာ
ထပ်မတက်အောင် ငွေယုန်နေထိုင်ပြရမယ်'

အမှန်တရားတွေကို သမာဓေ နတ်ပြတ်နတ်ကောင်းတွေ
စောင့်ရှောက်ပါစေဟု ဆုတောင်းနေရတာ အကြိမ်ကြိမ်ပါ။ မျက်
ရည်တွေလည်း လိမ့်ဆင်းကျလာသည်။

အန်တီလေး ငွေယုန်ကြောက်တယ်။ အားလည်း ငယ်
တယ်။ အရင်က ငွေယုန်သတ္တိတွေက ဘယ်ပျောက်ကုန်လည်း
မသိတော့ဘူး။ ငွေယုန့်အနားမှာ အန်တီလေးကို ရှိစေချင်လိုက်
တာ။

ငွေယုန် တမ်းတမိလာတာက အန်တီလေးပါ။ ငွေယုန်
စိတ်တွေ ပျော့ညံ့သွားရတာ ရုပ်တည်နိုင်စွမ်းပင် မရှိတော့
ခေါင်းဂွတွေကလည်း မထူချင်၊ အားငယ်စွမ်းလျော့သည်။ ဒါပေ
မယ့်လည်း ဦးမိုးသခင် စိတ်အေးချမ်းရွှင်စေချင်ပါတယ်။ ငွေယုန်
ကြိုးစားလမိသည်။





'အား . . . ကျွတ် . . . ကျွတ် မူးလိုက်တာ သေတော့မယ်
ထင်တယ်'

အလုပ်သမားတွေ ရှေ့မှာပင် ဟန်ဆောင်ရန် လွန်စွာ
ခက်ခဲ ပင်ပန်းလျက် ငွေယုန်ပြန်လှဲချ ပစ်လိုက်ရသည်။

'ငွေယုန် အဖြစ်သည်းနေတာ မဟုတ်ပါဘူး ဦးမိုးသခင်
ရယ် သေပစ်ချင်လောက်အောင် ဝေဒနာတွေ အပြင်းအထန်
ခံစားနေရတာပါ'

ဒါပေမယ်လည်း ငွေယုန် ကြိုးစားပမ်းစား ပြန်ထ၍ စားပွဲ
ပေါ်မှာတင်ထားတဲ့ နွားနို့ခွက်ကို လှမ်းယူ၍ မော့သောက်ပစ်
လိုက်သည်။ အားရှိမှ ဖြစ်မှာပါ။ ဘာဖြစ်လို့များ ဒီလောက်အထိ
ပျော့ညံ့သွားရတာလဲ၊ ငွေယုန်ဖြူဖြူရယ် သတ္တိရှိရှိ ရင်ဆိုင်ဖြတ်
သန်း ပစ်လိုက်စမ်းပါ။ ဆရာဝန်က ဆေးတိုက်ထားသဖြင့် အန်
ငင်စိတ်က သက်သာနေသည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

ငွေယုန်ဖြူဖြူနှင့် လက်ထပ်ဖို့ မိုးသခင် တွေဝေတုန့်ဆိုင်းနေတာတော့ အမှန်ပဲဖြစ်သည်။ ကုမ္ပဏီမှာလည်း ထုတ်ဖော်ပြောဆိုဖို့ ဝန်လေးနေ၏။ ဘာဖြစ်လို့လည်းဆိုတော့ ကောင်မလေးက ငယ်ရွယ်တဲ့အပြင် ကိုယ်ဝန်ပါရှိနေ၏။ သူ့ဂုဏ်သိက္ခာဖြစ်သည်။

'ဒီကိစ္စက ငါ့ပဲ တာဝန်ယူရမှာ မဟုတ်လား ငွေယုန်ဖြူဖြူ၊ အရမ်းကို ခက်ခဲတယ်။ ငါ့ကို ဒုက္ခပေးဖို့ မင်းရောက်လာတာပဲ'

ငွေယုန်ဖြူဖြူ နေမှကောင်းရဲ့လား၊ စားသမျှ အန်နေသည်။ ဖြူဖျော့နွမ်းဖတ်နေတဲ့ ကောင်မလေးကိုလည်း မကြည့်ရက်။ အမှားအယွင်းတွေ လုပ်ဘတ်တဲ့ အကျင့်ဇရိုက်တွေထငွေယုန်ဖြူဖြူ၊ ငယ်ငယ်လေးထဲက လုပ်တတ်သည်။

'ဘာပဲဖြစ်ဖြစ် မင်းကိုတော့ ဦးခွင့်လွှတ်နိုင်ပါတယ်'

သူ့ကိုယ် သူ့ကောင်မလေးခေါ်သလို ဦးဟု သုံးနှုန်းမိပြီး





မှ သူက ဦးအရွယ်လည်း မဟုတ်ဘူး၊ အစ်ကိုကြီးအရွယ်ပဲ ရှိသေးတာ၊ ဘာဦးလဲ တမင်သက်သက် အရွဲ့တိုက်ခေါ်နေတာဟု တွေးမိပြီး ဒေါသက ထွက်ချင်လာသည်။

'MD အထဲကို ဝင်ခွင့်ပြုပါ'

'ဟင်'

အပြင်ကနေ အသံပြုလိုက်တဲ့ မေစန္ဒီအသံကြောင့် မိုးသခင် ထိတ်ထိတ်ပြာပြာနှင့် အပြုံးပြုံး အပျက်ပျက် ဖြစ်နေတဲ့ သူ့မျက်နှာ အမူအယာကို ချက်ချင်းပဲ အပြုံးအရယ်နှင့် ပေါ့ပေါ့ပါးပါး အသွင်ပြောင်းပစ်လိုက်ရသည်။

'MD ဘာတွေသဘောကျပြီး ပြုံးနေရတာလဲ၊ အရမ်းစိတ်ချမ်းသာနေပုံပဲ'

'ဟင်... ဩော်... မေစန္ဒီ ရောက်လာတာနဲ့ အတော်ပဲ။ ဒီညနေ အစီအစဉ်တွေရှိနေရင် ဖျက်သိမ်းပေးပါ။ ကိုယ် အလုပ်ရှိတယ်။ မိဘတွေ သဘောတူထားတဲ့ မိန်းကလေးနဲ့ သွားတွေ့ဖို့လေ'

'ဟယ် ဟုတ်လား... တို့ MD လူပျိုကြီး စွံတော့မယ်ပေါ့၊ စန္ဒီအားလုံး အခန်းနားဆုံးဖြစ်အောင် တာဝန်စီစဉ် ပေးရမလား'

'မလိုဘူး၊ ကိုယ်တို့က ရုံးတက်ပြီး လက်ထပ်မှာ ကိုယ်ဆုံးဝအခန်းအနားတွေ လုပ်တာ မကြိုက်ဘူး မေစန္ဒီ'



www.burmeseclassic.com

www.burmeseclassic.com



'MD က မကြိုက်ပေမယ့် မိန်းကလေးက တစ်သက်မှာ တစ်ခါထဲ မင်္ဂလာပွဲ ကျင်းပခွင့်ရတာလေ'

'ရတယ်၊ သူကလည်း မလုပ်ချင်ဘူးတဲ့'

'သတို့သမီးလောင်း နှာမည်ကရော'

ငွေယုန်ဖြူဖြူဟု မပြောရဲပေ၊ သူ့ကုမ္ပဏီမှ သန့်ရှင်းရေး ဝန်ထမ်းလာလျှောက်တုန်းက ငွေယုန်ဖြူဖြူ့နာမည်က ကုမ္ပဏီ တစ်ခုလုံး ဟိုးလေးတကျော်ကျော် ဖြစ်သွားသည်။ မေစန္ဒီက သဘောအကျဆုံးပဲ၊ အမှတ်တရ ပြောဆိုနေတတ်သည်။ မင်းဟာ လေ ငါ့ကို အခက်အခဲဖြစ်အောင် အမြဲတမ်းလုပ်တယ်၊ သူ ဘာပြေရမှန်း မသိ။

'ကဲပါ လူပျိုကြီးရယ်၊ ရှက်မနေပါနဲ့၊ တစ်သက်လုံး ဂေါ မစွံ လူပျိုကြီးဘဝနဲ့ အဆုံးမသတ်တာ ဝမ်းသာပါတယ်။ ညနေ ညှိခံပွဲတွေရှိတယ်။ မေစန္ဒီပဲ သွားလိုက်ပါ့မယ်'

'Thank You'

မေစန္ဒီထွက်သွားမှ မိုးသခင် စိတ်လက်ပေါ့ပါးသွားသလို ဟန်ဆောင်အပြုံးတွေလည်း ပျောက်သွားသည်။ ငွေယုန်ဖြူဖြူကို စိတ်မချဖြစ်နေပြီး ပြန်ချင်နေ၏။ လက်ထပ်မယ့်ကိစ္စကိုတော့ ဖြေးဖြေးချင်း ပတ်ဝန်းကျင်က လူတွေကို အသိပေးရမယ်။ ငွေ ယုန်ဖြူဖြူနဲ့ တောင်းဆိုမှုကြောင့် အချိန်တွေ နောက်ဆုတ်ပေး လိုက်မိတာ သူ့အမှားပါ။ ညနေ ကုမ္ပဏီကနေ စောစော ပြန်





လာခဲ့သည်။ ခြံထဲဝင်လိုက်သည်နှင့် ကောင်မလေးက ခြံထဲ မှာ ဒါန်းလေးပေါ်မှာ ထိုင်လျက်စောင့်နေသည်။

'မင်း ငါ့ကို စောင့်နေတာလား'

'ဟုတ်'

သူစိတ်အေးချမ်းသွားရသလို ငွေယုန်ဖြူဖြူ့ဘေးနားမှာ ဝင်ထိုင်လိုက်ရင် မျက်နှာလှလှလေး ချောင်ကျနေလိုက်တာဟု တွေးမိသွားကာ ပခုံးလေးကို ကြင်ကြင်နာနာလေး သိုင်းဖက် လိုက်သည်။

'ဟင်... ဦးမိုးသခင်'

'ခဏလေး ငြိမ်နေပါ'

ဟိုမှာ ကိုပုတို့ ကြည့်နေတယ်၊ ကုမ္ပဏီမှာလည်း ကိုယ် လက်ထပ်မယ့်အကြောင်း ပြောပြထားတယ်၊ မင်းနာမည်ကိုတော့ မပြောပြရဲဘူး၊ မင်းလိုကောင်မလေးမျိုးနဲ့သာ လက်ထပ်မယ်ဆို တာ သိရင် ဝိုင်းပြီးဝေဖန်ကဲ့ရဲ့ကြလိမ့်မယ် ထင်တယ်'

'ဒါဆိုလည်း ဦး ကျွန်မကို လက်မထပ်ပါနဲ့တော့'

'မဖြစ်ဘူး... မဖြစ်ဘူး၊ ငါ့အသိုင်းအဝိုင်းမှာ အရှက် ကွဲ အဖြစ်မခံနိုင်ဘူးကွ'

'ကျွန်မကို ဘာဖြစ်လို့ ဖက်ထားရတာလဲ ဖယ်ပါ'

ကိုပုတို့ကလည်း မသိမသာ.အကဲခတ်နေတာ အကြောင်း ပြီး ငွေယုန်ဖြူဖြူကို ဖက်ထားမိ၍ အားပေးနှစ်သိမ့်မှု ငွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးနေမိသည်။ ဒီကောင်မလေး မသိစေချင်လို့ တမင်ကိုပဲ ကြည့်နေသည် ငြိမ်ငြိမ်လေးနေဟု ပြောရင် ခပ်တင်းတင်း ဖက်ထားလိုက်၏။ သူ့ဘက်က မာနတွေလည်း မချချင်။

'အရမ်းကြီး ဟန်ဆောင်ချစ်ပြမနေပါနဲ့ ဦးရယ်၊ ကျွန်မက ရပါတယ်'

'စကားမများစမ်းနဲ့ ကောင်မလေး ငြိမ်ငြိမ်လေးနေပါ'

ဖြူဖျော့နွမ်းလျနေတဲ့ ကောင်မလေးကို ဖေးမလျက် ကားထဲထိုင်စေသည်။ တစ်ခါတရံ မိုးသခင်ဟန်ဆောင်ပြီး သူ့ဂုဏ်သိက္ခာတွေအတွက် ကောင်မလေးနှင့် ဆက်ဆံရာမှာ မာနတွေမပြချင်တော့။ ချစ်သူလေးအဖြစ် ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်တဲ့ဆန္ဒတွေ ပြင်းပြနေခဲ့သည်။ ငွေယုန်ဖြူဖြူက အလိုလိုက်၍မရ။ ပြတ်ပြတ်သားသား မာမာထန်ထန် ဆက်ဆံကားမှ ပေါ်ကာကျ၏။ ငွေယုန်ဖြူဖြူ ခံစားနေရတဲ့ ဝေဒနာတွေ သက်သာပျောက်ကင်းစေချင်နေသည်။

'ကန်တော်ကြီးစောင်းမှာ လေညှင်းခံမယ်၊ ပြီးတော့ မင်းအားရှိတာ တစ်ခုခုစား'

'ဟုတ်'

'တကဲ့ကို မခုတ်တတ်တဲ့ ကြောင်မလေးပါလား၊ အရမ်းလိမ္မာယဉ်ကျေးနေခဲ့တာပဲ၊ အရင်ထဲကသာ အဲ့ဒီလို ငါ့အပေါ်တွေကို နာခံတတ်ရင် အရမ်းကောင်းမယ်'





ငွေယုန် နဖူးပြင်လေးကို လက်နှင့် တို့လိုက်သဖြင့် သူမခန္ဓာကိုယ်လေး ယိုင်နဲ့သွားတော့လည်း ဦးမိုးသခင်က ပြာပြာသလဲ စိုးရိမ်တကြီးနှင့် ပြန်ပွေ့ဖက် ထိန်းမတ်ပေးသည်။

'ဦးကရော ဟန်ဆောင်ကောင်းလိုက်တာ၊ ဘယ်တုန်းကများ ကျွန်မအပေါ် ကြင်နာယုယတတ်သွားရတာလဲ၊ အရင်ထဲကသာ ဒီလိုဆက်ဆံခဲ့ရင် ဘယ်လောက်ကောင်းမလဲ'

'ငွေယုန်ဖြူဖြူ'

'ရှင်'

'မင်းကို ပြောပြစရာရှိတယ်၊ ဘာပဲဖြစ်ဖြစ်လေ၊ ငါနဲ့က ဟန်ဆောင်လက်ထပ်ကြမှာ မဟုတ်လား၊ ကလေးမွေးပြီးတာနဲ့ ကွာရှင်းကြရမှာပါဆိုတော့ မင်းမိဘတွေပိုင်တဲ့ နယ်က ခြံမှာသွားနေနိုင်အောင် ငါစီစဉ်ပေးမယ်လေ'

'ကျွန်မအတွက် မပူပါနဲ့ ဦးမိုးသခင်၊ ကလေးမွေးပြီးတာနဲ့ ကျွန်မဒီကနေ ထွက်သွားမှာပါ။ ဦးမိုးသခင်ရဲ့ အကူအညီ လုံးဝမလိုအပ်ပါဘူးနော်'

ဒီလောက်အထိ ဘဝပျက်ရတော့မည့် အခြေအနေမှာ သူက ကယ်တင်လိုက်တာတောင် နည်းနည်းလေးမှ အောက်ကျခံပေ။ အမွေတွေရှိတယ်ဆိုရင် ပိုပြီးတောင် မောက်မာထောင်လွှားနေဦးမယ်။ အမြင်ကတ်ယာ၍ မပြောတော့။ ဦးမိုးသခင်တဲ့ ဦးလေးဆိုတာကြီး မသုံးတော့သဖြင့် သက်သာရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ ထားလိုက်ပါတော့ကွာ၊ မနက်ဖြန်ပဲ တရားရုံ မှာ လက်ထပ်ကြမယ်၊ ဘယ်လိုလဲ'

'ဟုတ်'

အေးအေးစက်စက်ကြီး ခန္ဓာကိုယ်လေးကို ဆွဲယူလှုပ်ခါ မင်း ဒီလောက်အထိပဲ လင်းမှ လင်းဖြစ်နေလား၊ မိုးသခင်အပေ အေးစက်ပြီး အသုံးချဖို့လောက်ပဲ စဉ်းစားထားတာလားဟု မေး ချင်သည်။

'မင်း နို့ကြက်ဥပေါင်း သောက်ရမယ်၊ အားရှိအောင်လို ငါက အစာအိမ်လို့ ပြောထားတာလေ။ ထူထူမတ်မတ် နေထိုင် စမ်းပါကွ၊ over လုပ်ပြမနေနဲ့'

ပြောချင်တာတွေ ပြော စွပ်စွဲပုတ်ခတ်ချင်တိုင်း ပုတ်ခ နေတာ၊ ငွေယုန်ရှင်းလင်း ပြောပြလို့လည်း အကျိုးထူးနိုင်မည် မဟုတ်သဖြင့် ငြိမ်ငြိမ်သက်သက်လေးပဲ ထိုင်နေမိသည်။

'ရော့ စားနော်၊ ကုန်အောင် စား အိပ်ယာထဲမှာ ခွေနေ မဖြစ်ဘူး၊ မင်းမှာ ကိုယ်ဝန်ရှိနေတာ ဘယ်သူမှ သိသွား မဖြစ်ဘူး'

'ဦးမိုးသခင်ရယ်၊ ဘာဖြစ်လို့များ ဒီလောက်အထိ ရှ ကြောက်နေရတာလဲ၊ over ဖြစ်လွန်းနေတယ်'

မင်းပြောချင်တာ ပြောခွင့်ပေးထားတယ် ငွေယုန်ဖြူဖြ ရင်ထဲမှာ တွယ်ငြိလာခဲ့တဲ့ သံယောဇဉ်ကြောင့်ပဲ ထင်တယ်





မင်းကို သနားနေတယ်၊ ကိုယ်က အသက်အရွယ်အရ မင်းနဲ့ မယှဉ်ပြိုင်သင့်တာ ယှဉ်ပြိုင်ခဲ့မိတယ်။ မင်းလမ်းမှပေါ်ရောက် သွားအောင် တွန်းပို့လိုက်မိလားပဲ။ သူ့ကိုယ်သူ တရားခံလိုလို ခံစားမိတော့လည်း ငွေယုန်ဖြူဖြူ့အပေါ် သည်းခံနားလည်ပေးမိ နေခဲ့သည်။

'စား... အပိုစကားတွေ လျှောက်ပြောမနေနဲ့ စားလေ'

'ဦးမိုးသခင်ရော'

'စားမယ်လေ၊ ငါမှာတာမှ မရောက်သေးတာ'

'မှာမှ မမှာရသေးဘဲနဲ့'

'ဟာ ဟုတ်သားပဲ'

'ကြက်ပေါင်းခေါက်ဆွဲတစ်ပွဲ'

'မင်း မင်းက ငါ့အကြိုက်သိနေတာပါလား'

ငွေယုန် စိတ်တွေသက်သာရာရသွားသည်။ ဦးမိုးသခင် ကို ကျေးဇူးအများကြီး တင်ပါတယ်။ ငွေယုန့်အပေါ် မရက်စက် လိုပါ။ မျက်နှာထားကြီး တည်နေပေမယ့် ငွေယုန်နှင့်တွေ့လျှင် ကလေးတစ်ယောက်ကဲ့သို့ ကယောင်ခြောက်ခြားနှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်သွားတတ်တဲ့ ဦးမိုးသခင်အား ငွေယုန် အရှက်ခွဲဖို့သာ ကြံစည်လုပ်ဆောင်ခဲ့သည်။ ကျွန်မ မှားပါတယ်၊ ကျွန်မ မှားမှန်းလည်း သိနေပါတယ်ဟု ပြောဖို့ ငွေယုန်ဝန်လေး နေမိတာလည်း မှားနေမှန်း သိနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်းကို ငါက အလိုက်အထိုက် ဆက်ဆံပေးနေတာ လူကြီးတွေ မျက်နှာကြောင့်နော်၊ ငါ့ကို အပ်ထားခဲ့တာ မဟုတ်လား။ ငါ့မှာ တာဝန်ရှိတယ်၊ ဒါပေမယ့် ငါကလေးမဟုတ်ဘဲနဲ့တော့'

'ကျွန်မ သိပါတယ် ဦးမိုးသခင် ထပ်ခါထပ်ခါ ပြောပြနေစရာ မလိုပါဘူး၊ ဒါပေမယ့် ဦးမိုးသခင် သိထားဖို့က လင်းနဲ့ ကျွန်မ လုံးဝမငြိစွန်းခဲ့ဘူးဆိုတာပဲ'

'ဟော့... ဒါဆို... ဒါဆို ဒီကိုယ်ဝန်က ဘယ်ကောင်နဲ့လဲကွ၊ မင်းတော်တော် ရှုပ်တာပဲ၊ ထင်တောင် မထင်ရဘူးကွာ'

ဦးမိုးသခင်ပါဟု ပြောဖို့ မယုံကြည်မဲ့အတူတူ မပြောဖို့ပဲ ဆုံးဖြတ်လိုက်ကာ သူမစိတ်တွေကို ထိန်းချုပ်ထားလိုက်သည်။ အပြင်ထွက်လာတော့လည်း သူမစိတ်တွေ လန်းဆန်းလျက် အားအင်တွေ ပြည့်ဝလာသလိုလိုပင် ပြီးတော့ ဦးမိုးသခင်ရဲ့ အစ်ကိုတစ်ယောက်ကဲ့သို့ ပြုစုယုယစောင့်ရှောက်ပေးနေတာကိုလည်း ပီတိတွေ ဖြစ်နေရပေ။ ကျွန်မလွယ်ထားရတဲ့ ကိုယ်ဝန်က ဦးမိုးသခင်နဲ့ မှားယွင်းခဲ့တာပါလို့ ပြောလိုက်လျှင် ဒေါသတကြီး ပေါက်ကွဲ ငြင်းဆန်မှာ သိနေသည်။

'ဦးမိုးသခင်ရဲ့ အမုန်းတွေကို ငွေယုန်မခံယူချင်တော့ဘူး ဒီအတိုင်းလေးပဲ ချစ်ခင်ကြင်နာနေပေးပါ၊ တောင်းဆိုပါတယ်'

ကြက်ပေါင်းခေါက်ဆွဲပန်းကန်မှာ အာရုံနစ်ပြီး နှစ်နှစ်ခြိုက်ခြိုက် စားသောက်နေတဲ့ ဦးမိုးသခင်အား တိတ်တခိုးလေး မသိ





သော ငေးမော်ကြည့်နေမိသည်။ အရမ်းချောလိုက်တာ...။ ငွေယုန် ဘာဖြစ်လို့များ ပြီးပြည့်စုံလွန်းနေတဲ့ ဦးမိုးသခင်အား ထေ မဲ့မြင်ရန်လို ပြောဆိုဆက်ဆံလိုက်မိမှန်း မသိပါဘူး။ တရားဝင် လက်ထပ်ရတော့မယ်။ ခင်ပွန်းလောင်းကို ခိုးခိုးကြည့်ရင်း ငွေယုန်ရင်တွေ တဒိန်းဒိန်းခုန်လျက် အပျော်တွေကြောင့် ထင်တယ်။ အစားမဝင်တဲ့ ငွေယုန် နို့ကြက်ဥတစ်ပန်းကန် ကုန်သွားသည်။

'ငွေယုန်ဖြူဖြူ'

'ရှင်'

'မင်း ဘယ်သွားချင်သေးလဲ၊ ဝယ်စရာရှိသေးလား၊ ကလေးပစ္စည်းတွေ ဝယ်မလား'

'ဟင့်အင်း... ပြန်ချင်တယ်'

'ok... နားသင့်တယ်၊ မနက်ဖြန်အတွက် အားမွေးရမယ်လေ။ မင်းနဲ့အမြန်ဆုံး လက်ထပ်ရမယ်။ အချိန်က စကားပြောတယ်လေ။ မတတ်နိုင်ဘူး ရှက်နေလို့လည်း ဖြစ်မယ့်ကိစ္စတွေမှ မဟုတ်တာ'

ငွေယုန် ထရပ်လိုက်တော့ အားကသိပ်မပြည့်သေးသဖြင့် ခေါင်းထဲ မိုက်ခနဲဖြစ်ပြီး ယိုင်သွားသဖြင့် ဦးမိုးသခင်က စိုးရိမ်တကြီး သူ့လက်မောင်းသန်သန်တွေပင် အလျှင်အမြန် ထွေးပေးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်မလေးတော့ ခက်တာပဲ၊ လဲပြိုကျသွားမယ့် သတိနဲ့ ထိန်းလေ'

ဦးမိုးသခင်က တာဝန်အရပဲ ငွေယုန်အား ထိန်းမ စောင့်ရှောက်ပေးနေပေမယ့်လည်း ငွေယုန်စိတ်ချမ်းသာ ပျော်ရွှ ရသည်။

'ဦးရယ်၊ ကျွန်မကလေးမွေးပြီးရင်လည်း ဦးနဲ့ ငွေယု ကို ပိုပြီးတောင် နီးစပ်သွားကြမှာပါ။ ရင်သွေးလေးက ပေါင်းကူ တံတားလေးအဖြစ် ကျွန်မနဲ့ ဦး မခွဲခွာစေဖို့ လုပ်ဆောင်ပေးမှ ပါနော်'

ငွေယုန်ကတော့ ဦးနှင့်ဘယ်လိုအကြောင်းတွေပဲရှိရှိ မ မခွာ နေထိုင်ဖို့ပဲ ဆုံးဖြတ်ထားသည်။ သူမတို့ ပြန်ရောက်လာ တော့ အလုပ်သမားတွေကိုခေါ်၍ လက်ထပ်တော့မယ့်အကြောင် အသိပေးလိုက်သည်။

'မနက်ဖြန်ပဲ တရားရုံးမှာ လက်မှတ်သွားထိုးမယ်။ ကိုယ် တို့နှစ်ယောက်က အရမ်းချစ်ပြီး မခွဲနိုင်ကြတော့ဘူး။ အချိန်မ ဘဲ စီစဉ်တာပါ'

'ဟယ် ဆရာကလည်း မမလေး အစာအိမ်ရောဂါဖြစ် တယ်လေ၊ ကျန်းမာရေးမကောင်းဘဲနဲ့'

'ဟဲ့ မိသီ နင်ဝင်ပါရမယ့် အလုပ် မဟုတ်ဘူးလေ'

ထမင်းချက်အဒေါ်ကြီးက မိသီအား လက်ဆွဲခေါ်သွာ





သည်။ မျက်နှာပူပေမယ့်လည်း မထူတော့သဖြင့် ငွေယုန်မြူးမြူး ပန်းလေးအား တယုတယဖက်လျှင် တိုက်ထဲဝင်လာခဲ့၏။ ကောင် မလေးအိပ်ခန်းထဲရောက်မှ လူရှေ့သူရှေ့မှာ မင်းကိုချစ်ဟန်ဆောင် ရတာ စိတ်မောတယ်ကွာ၊ အိပ်တော့. . . မနက်ဖြန် ထူထူထောင် ထောင် နေမှဖြစ်မယ်ပြောပြီး ပြန်ထွက်လာခဲ့သည်။

✿



www.burmeseclassic.com

www.burmeseclassic.com

(၂၂)

မိန်းကလေးတစ်ယောက်ရဲ့ ဘဝတစ်သက်တာမှာ တ
ကြိမ်သာ လုပ်ခွင့်ရှိတဲ့ မင်္ဂလာပွဲ အခမ်းအနားက ငွေယုန်ဖြူဖြူ
အတွက် အေးစက်နာကျင်လျက် ခမ်းနားခြင်း ကင်းမဲ့နေတဲ့အပြ
သက်သေက တရားရုံးရှေ့မှာ ဖွင့်ထားတဲ့ စာချုပ်စာတမ်း ရိုက်
တဲ့ ဆိုင်က လူတစ်ယောက်၊ ဦးမိုးသခင် မလွှဲသာ မရှောင်သာ
သဖြင့် ငွေယုန့်ဘဝကို ကယ်တင်ရှင်ကြီးတစ်ယောက် ပုံစံအပြည့်
ဖမ်းထားသည်။ ငွေယုန်ကိုယ်တိုင် ဘယ်အကြောင်းအရာကို
ပြောဆိုလိုတဲ့ ဆန္ဒမရှိ။ ကျောက်ရုပ်တရုပ်ထက် ငြိမ်သက်
လိုက်၏။ သူက နာမည်ဝင်ခံပေးတာပဲ ကျေးဇူးတင်ရမလို ဖြ
နေသည်။

'ငွေယုန်ဖြူဖြူ... ငါတာဝန်ကျေတယ်နော်၊ မင်းချစ်သ
လင်းရှိနေရင်တော့ ငါက တခမ်းတနား မင်္ဂလာပွဲကြီး ကျင်းပပေ
မှာပါ၊ မင်းရဲ့အုပ်ထိန်းသူအဖြစ်လေ'

မဆီမဆိုင် လင်းကို စွဲစွဲထည့်နေသေးသည်။ ငွေယု
လွယ်ထားတဲ့ ကိုယ်ဝန်က ရှင်နဲ့ရတဲ့ ရှင့်သွေးပဲ ပြောပင်





တဲ့ ဆန္ဒတွေကို နှုတ်ခမ်းသားတွေ စေ့ကပ်၍ ထိန်းချုပ်ထားရ
သည်။

'ကျွန်မကို နာမည်ခံပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်
ဦးမိုးသခင်'

'မင်း ကွာရှင်းစာချုပ်မှာလည်း လက်မှတ်ထိုးပေးထားရ
သိမ့်မယ် ထင်တယ်'

'ဟုတ်ကဲ့'

ငွေယုန်ဖြူဖြူရဲ့ အသက်မပါသလို စိတ်ဝင်စားဟန် နည်း
သေးလေးမှ မပြဘဲ သူပြောသမျှ ဟုတ်ကဲ့... ဟုတ်ကဲ့နှင့်
ခံနေတဲ့ ကျောက်ရုပ်မလေးအား မိုးသခင်အားမလို အားမရ
နှင့် ဒေါသက ပေါက်ကွဲချင်လာသည်။ သူမဘက်ကပဲ မှား
သေးတယ်။ ဝန်ချတောင်းပန်တာမျိုးလည်း မရှိ။ ကျွန်မ တောင်း
ပန်ပါတယ်၊ ဦးမိုးသခင်နဲ့ မခွဲနိုင်တော့ပါဘူး၊ ငွေယုန် လိမ်
လိမ်မာမာ နေပါမယ်။ မကွာရှင်းပါရစေနဲ့ဟု တစ်လုံးမှ မပြော
ဟုတ်ကဲ့တဲ့။

'တောက်'

'ဟင်'

'ဘာမှမဟုတ်ဘူး သွားမယ်'

ကားပေါ်တက်ခါနီးမှ အတွေးတွေကြောင့် ဒေါသထွက်
ရာ၍ တောက်ခေါက်လိုက်မိပြီးမှ ငွေယုန်ဖြူဖြူ စိတ်အားငယ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ စိတ်ပူလာသဖြင့် ဘာမှမဟုတ်ဘူးဟု ပြောလိုက်သည်။

'ငါ့ လှည်းကျူးဝင်ထမ်းလိုက်ရလို့ မင်းအရမ်းကျေနပ် ပျော်ရွှင်နေတာ မဟုတ်လား ငွေယုန်ဖြူဖြူ'

'ဟုတ်ကဲ့'

'ဘာ... ဘာပြောတယ်'

'ဟာ... ယောင်သွားလို့ပါ ဦးရယ်၊ အဲ့ဒီလို မဟုတ်ပါဘူး၊ ငွေယုန်ဘက်ကနေ ဦးဆန္ဒမှန်သမျှ လိုက်လျှောပေးနေတာပဲလေ၊ ဦးသဘောကျ ကျေနပ်သလိုလုပ်ပါ'

တကယ်တမ်း အနီးကပ်နေထိုင်ကြည့်တော့မှ ဦးမိုးသခင်ရဲ့ စိတ်သဘောထား ပြည့်ဝမှုတွေကို သိလာပေမယ့် သူ့ဂုဏ်သိက္ခာအတွက်လည်း အပွန်းအပဲ့အစွန်းအထင်လေး တစ်စက်မတောင် မခံနိုင်။ နည်းမျိုးစုံနှင့် အကာအကွယ်တွေ ယူနေရ၍လည်း ငွေယုန် မကျေမနပ်ဖြစ်ရသည်။

'မင်းနဲ့ငါ တရားဝင်လက်ထပ်ပြီးသွားပြီ၊ မင်းကို ကွာရှင်းပြတ်ဆဲဖို့ ခိုင်လုံတဲ့ အကြောင်းအရာတစ်ခုခု ရှာရဦးမယ်'

'အရမ်းကြီးလည်း စိတ်ပူပင်သောကတွေ ရောက်မနေပါနဲ့ ဦးမိုးသခင်ရယ်၊ ငွေယုန်ဘက်ကပဲ အပြစ်တွေ ခံပြီး ကျူးလွန်ပေးပါ့မယ်။ ဟုတ်ပြီလား၊ ယောကျ်ားပွေဆိုတာ ယနေ့ခေါ်သုံးထစ်ဆင်းရင်း လူမှုပြဿနာဖြစ်ပါတယ်'

အဲ့ဒီလို အရွဲ့တိုက်ပြီး ပြောပြောနေတတ်တဲ့ ငွေယုန်ဖြူ





ရဲ့ အကျင့်တွေကြောင့် မိုးသခင် အမြင်ကတ်ရသည်။ မင်းက ငယ်ပဲ၊ တစ်ခါတလေ အောက်ကျို့ပြီး ကျွန်မ နှလုံးသားတွေထဲမှာ ဦးမိုးသခင်ကို သံယောဇဉ် တွယ်ငြိနေပါတယ်။ ချစ်နေပါတယ်လို့ ပြောသင့်တယ် မဟုတ်လား၊ သူမကတောင် ကွာရှင်းနိုင်ဖို့ အပြစ်လုပ်ပါ့မယ်တဲ့၊ ငွေယုန်ဖြူဖြူ ချစ်နေတာ လင်းပဲ ဖြစ်နိုင်သည်။

'မင်းကို ပြန်ပို့ပေးမယ်'

'ဟုတ်'

'ဒုက္ခပါပဲကွာ'

'ဘာဖြစ်လို့လဲဟင်... ဦး၊ အလုပ်ကိစ္စပေါ်လာလို့လား၊ ရပါတယ် ငွေယုန် အငှားကားနဲ့ပဲ ပြန်မယ်လေ'

မိုးသခင်က အိုင်တင်တွေ ခံပြီး ပြောလိုက်ကာမှ သူမ တစ်ယောက်ထဲ ပြန်မယ်ဟုပင် ပြောနေလိုက်သေးသည်။ သူ့ရဲ့ ဝင်လာရက်က အဓိပ္ပာယ်မဲ့လွန်းနေ၏။ ငွေယုန်ဖြူဖြူကြောင့် ချစ်သူနှင့် လွန်လွန်ကျူးကျူး ဖြစ်တယ်ပဲ ထားပါဦး၊ ကိုယ် ရှိလာတဲ့အထိ ဖြစ်ပျက်နေရတာ သူ့ရင်ကို ပြင်းထန်စွာ ထိုးလိုက်သလိုပင်။ ငွေယုန်ဖြူဖြူကိုခေါ်ပြီး စားသောက်ဆိုင် အမှတ်တရ ကြည်ကြည်နူးနူး စားသောက်ချင်တဲ့ ဆန္ဒတွေ ပေါ်နေခဲ့ပေမယ့် ငွေယုန်ဖြူဖြူက အိမ်ပဲ ပြန်ချင်နေလိုပင်။ နှာလေးက မသာမယာ၊ သေဆုံးသွားတဲ့လင်းကိုများ သတိရ



www.burmeseclassic.com

www.burmeseclassic.com



နေတာလား၊ ထိုင်ခုံနောက်မှီမှာ ခေါင်းလေးတင်ထားပြီး မျက်ဝန်းတွေ ပိတ်ထားသည်။

'အိမ်ပဲ ပြန်ကြတာပေါ့ ငွေယုန်ဖြူဖြူ၊ မင်းကို ကြည့်ရတာ စိတ်မသက်သာလိုက်တာ၊ ကုတ်ချောင်းချောင်းနဲ့'

ငွေယုန်ငြိမ်သက်နေသည်။ အင်အားတွေ ဆုတ်ယုတ်နေတာထက် မျက်ရည်တွေက မျက်ဝန်းတွေထဲမှာ ပြည့်ချင်လာတော့ဘာအကြောင်းမှလည်း မတွေးချင် မပြောချင်တော့ဘူး။ ငွေယုန်မျက်ရည်ကျပြန်ရင် လင်းကို သတိရလွှမ်းဆွတ်တမ်းတနေတာဟု စွပ်စွဲပုတ်ခတ်ဦးမယ်။ ငွေယုန်ကို ဆက်မပြောတော့ဘဲ ကားစက်နှိုးပြီး မောင်းထွက်တာကလည်း ဝေါခနဲ စောင့်ထွက်သည်။

'အမလေး... အား'

'ဟင်... ဘာဖြစ်တာလဲ၊ ဘယ်နားနာသွားလို့လဲ'

သူမ စကားတွေ တုန်ပြန်ပြောနေဖို့ပင် နှုတ်ခမ်းသားတွေ လှုပ်ရှားမှု ကင်းမဲ့စွာ မျက်ရည်ပေါက်တွေ ပြုတ်မကျလာအောင်လည်း မျက်ခွံတွေကို အတင်းဖိကပ်ထားရသည်။ ဦးမိုးသခင်ရင်ငွေမှာ ကျွန်မအပေါ် မုန်းတီးစိတ်တွေနဲ့ မလွဲသာ မရှောင်သာလို့ သဘောကောင်းချင်ယောင်-ဆောင်ပြနေရပေမယ့် ဒေါသတွေ အစိုင်အခဲ ထုန့်ထည်နဲ့ ဖြစ်နေရတာပါ။ ငွေယုန် သိပါတယ်။ သေဆုံးသွားကြတဲ့ လူကြီးမိဘတွေအပေါ် တာဝန်ကြေချင်တာတစ်ခုတဲ့အတွက်နဲ့လေ၊ သူက ကားကို ခပ်ကြမ်းကြမ်း ဆက်မောင်းသည်။





'ခြံထဲရောက်လာပြီ ငွေယုန်ဖြူဖြူ၊ မင်းရဲ့ လွမ်းဆွတ်ကြေကွဲ နာကျင်နေတဲ့ မျက်နှာထားကြီးကို ပြင်လိုက်စမ်းပါကွ၊ အိမ်မှာ အလုပ်သမားတွေ အမြင်စောင်းသွားမယ်၊ ဟန်လေးဘာလေး ဆောင်ပါ။ ငါ့နေရာမှာ လင်းဆိုရင် မင်းအရမ်းပျော်ရွှင်တက်ကြွ လန်းဆန်းနေမှာ မဟုတ်လား'

လင်းနဲ့ ကျွန်မ ဘာမှမငြိစွန်းခဲ့ဖူးဘူး။ ရှင်နဲ့ရတဲ့ ကိုယ်ဝန်ဟု အော်ဟစ်ပြောဆိုဖို့ ခန္ဓာကိုယ်လေး ဆတ်ခနဲ မတ်ထောင်လွှားပြီးမှ စိတ်တွေ အလိုမလိုက်သင့်ဟု ပြန်၍ ထိန်းချုပ်တားဆီးလိုက်ရသည်။

'ငွေယုန်ဖြူဖြူ ငါပြောနေတာတွေ မင်းကြားရဲ့လား၊ ဘာလဲ ငါ့ကို ဒေါသတကြီးရန်တွေ့မလို့လား၊ မင်းရင်ထဲမှာ ဘာတွေ ကြေကွဲဝမ်းနည်းနေလဲ၊ မင်းချစ်သူ လင်းကို သတိရနေတာလဲ ဖြစ်မယ်'

မျက်နှာထား တင်းတင်းကြီးနှင့် သူ့ထင်ရာမြင်ရာတွေပြောပြီးမှ တိုက်ထဲကနေ မိသီတို့၊ အဒေါ်ကြီးတို့ ထွက်လာမှ ချက်နှာကျောကပြေလျှော့ကာ ငွေယုန် ပခုံးလေးကို ပွေ့ဖက်သည်။

'အဲဒီလောက်ကြီးလည်း ချစ်ခင်ပြမနေပါနဲ့၊ စိတ်ထဲကလည်း မပါဘဲနဲ့၊ အိုင်တင်ကောင်းတယ် အကယ်ဒမီရှော့ပဲ'

ဦးမိုးသခင် ဖြစ်ပျက်နေတာကိုကြည့်ပြီး ငွေယုန်ရှုံ



www.burmeseclassic.com

www.burmeseclassic.com



ချင်လာသည်။ ဟန်ဆောင်နေတာကလည်း အပီအပြင် ညားကာစ ချစ်ဇနီးလေးအား တယုတယ အမြတ်တနိုး ချစ်ပြနေသည်။

'စကားများမနေနဲ့ လူတွေရှေ့ရောက်ရင်တော့ ဒီလိုပဲ လုပ်ပြရမှာပဲလေ၊ ဆင်း'

မိသီတို့က လက်ခုတ်တွေ ဝိုင်းတီးကာ တပျော်တပါး ဂုဏ်ပြုနေကြသည်။ ဘာပဲဖြစ်ဖြစ် တခဏတော့ ငွေယုန်ပျော်ရ၏။ ဦးမိုးသခင်နဲ့ လက်ထပ်ရတာ ငွေယုန်အလိုချင် အတောင်းတဆုံး အရာတစ်ခုပဲလေ။ ငွေယုန့်ရင်သွေးလေးရဲ့ ဖခင်နှင့် တရားဝင် လက်ထပ်ခွင့်ရတာပဲ ကွာရှင်းရမှာလည်း ငွေယုန်မကြောက်ပါဘူး၊ ရှင်နဲ့ တထပ်တည်း တူလွန်းတဲ့ ရင်သွေးလေးတစ်ယောက် အဖြစ် ကျွန်မ မွေးပေးမှာလေ။

'ဆရာက မမလေးကို အရမ်းချစ်တာပဲ၊ ထင်တောင် မထင်ရဘူး၊ ကောင်းတယ် မိသီတို့တွေ အားလုံးဝမ်းသာတယ်၊ မမလေးကလည်း ဆရာ့ကို အရမ်းချစ်တယ်၊ မိသီအားလုံး သိတယ်'

'မိသီ... မင်းက ဘယ်လိုလုပ်သိနေတာလဲ ပြော'

မိုးသခင် စိတ်ထဲမှာ အသိချင်ဆုံးက ဒီကောင်မလေး နှလုံးသားတွေထဲမှာ သူ့ကို ချစ်နေဖို့ပင်။ မိသီဆီက အထောက် အထားလေးများရမလားလို့ အစ်အောက်မေးနေမိသည်။

'ဆရာ သဘောကျအောင် မမလေးက အိမ်ရှင်မ အလုပ်





တွေ သင်တယ်လေ၊ အပြင်လည်း မထွက်တော့ဘူး၊ ဆရာ့အမိန့် တွေကို နာခံတယ်၊ အဲ့ဒါအချစ်ပဲလေ၊ မဟုတ်ဘူးလား မမလေး'

'ဟုတ်တယ်'

ဘာဟုတ်တာလဲ ငွေယုန်ဖြူဖြူ၊ မင်း ဟန်ဆောင်ပြော နေတာပါ။ ငါ့ကို ချစ်တယ်ဆိုတာလည်း မင်းမှာ ချစ်သူနဲ့ မှား ယွင်းလို့ ကိုယ်ဝန်ရှိနေတာသိလို့ ငါ့ကို အချိုသတ်အသုံးချဖို့ ကြံစည်နေခဲ့တာပါ။ မင်းအကျင့်ဆိုးတွေ ငါသိတယ်၊ ငွေယုန်ဖြူ ဖြူ လက်မောင်းလေးအား ခပ်တင်းတင်း ဖျစ်ညစ်လိုက်သဖြင့် သူမ မော့ကြည့်သည်။

'အကယ်ဒမီရှော့တွေ သိပ်လုပ်ပြ မနေစမ်းပါနဲ့ကွာ လာ၊ အပေါ်ပဲ တက်ကြမယ်'

သူတိုးတိုးလေးကပ်ပြောရင်း အပေါ်ထပ်ကို တက်လာခဲ့ သည်။

'မင်းတို့ မမလေးမှာ အစာအိမ်ရောဂါရှိတယ်။ လုံးဝ အကင်းမသေသေးဘူးနော်၊ အနားယူပါစေ၊ ညကျရင် ပါတီပွဲ လေးလုပ်ဖို့ ကိုပု ပြင်ဆင်ပေးပါ၊ ကုမ္ပဏီက လူတွေလာလိမ့် မယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ စိတ်ချ အားလုံးပျော်ရွှင်စေရမယ်'

ငွေယုန်ဖြူဖြူလက်လေးကို ဆုတ်ကိုင်လျက် အပေါ်ထပ် အိပ်ခန်းအထိ ရောက်လာပြီးမှ သူ့လက်တွေ ဆတ်ခနဲ ဖြုတ်ချ လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း အိပ်တော့၊ ညနေကျရင် ကုမ္ပဏီဝန်ထမ်းတွေကို ဖိတ်ပြီး အသိပေးရမယ်။ ဒီတစ်ရက်ပါပဲ၊ မင်းအတွက် အလှပြင်မယ့် အဖွဲ့တွေ ခေါ်ထားတယ်။ မင်းနဲ့ငါတရားဝင် အကြင်လင်မယားအဖြစ် ထုတ်ဖော် ပြောပြရတော့မှာပဲလေ'

မင်္ဂလာနှစ်ယောက် အိပ်ခန်းကြီးက ကိုပုနဲ့ မိသီတို့ လှပခမ်းနားနေအောင် ပန်းနုရောင်တွေ လွှမ်းခြုံပြင်ဆင်ထားသည်။ အရင်ကတော့ ငွေယုန်တစ်ယောက်ထဲ မအူမလယ်နှင့် စိတ်တွေတုန်လှုပ်ခြောက်ခြား သိမ်ငယ်လျက် နေထိုင်ခဲ့ရသည်။

ဦးမိုးသခင် လုပ်ရပ်ကို ဒေါသထွက်ပြီး ငွေယုန် မဆောင်မခြင် တုန့်ပြန်ထိုးနှက်ခဲ့ပါလေသည်။

'မင်း ဘာတွေ စဉ်းစားနေရတာလဲ ငွေယုန်ဖြူဖြူ၊ မင်းလူတွေရှေ့ရောက်ရင် အပြုံးတွေက အတုတွေမှန်း သိသာနေတယ်။ မင်းမှာ အပျော်ဆိုတာ မရှိတော့ဘူးလား'

'ငွေယုန့်ကို အပြစ်တင် ဆူပူနေတာတွေ ရပ်တန်းကရပ်လိုက်ပါတော့ ဦးမိုးသခင်ရယ်၊ ငွေယုန့်ဘဝမှ ပျော်ရွှင်ရယ်မောနေရတဲ့ အခွင့်အရေး ရခဲ့လို့လား ဟင်၊ ငါးနှစ်သမီးအရွယ်ထဲကစပြီး စိတ်ဆင်းရဲသောကတွေနဲ့ အပြုံးတွေ အပျော်တွေကို လုပ်ကြံဖန်တီးပြီး နေထိုင်လာခဲ့ရတာပါ'

'တော်ပြီး စကားမရှည်နဲ့တော့ ငွေယုန်ဖြူဖြူ၊ အနားယူလိုက်၊ ငါ့စကားတွေကို နားထောင်ပါ၊ ငါ့အမိန့်တွေ နာခံ ဒါပဲ'





သူ့အိပ်ခန်းဘက်သို့ ပြန်၍ကူးလာခဲ့သည်။ ရင်တွေ တုန်နေတယ်။ တဆတ်ဆတ်ပဲ။ မင်္ဂလာအိပ်ခန်းကြီးထဲဝင်မိတာ ဖောချွေးတွေပင် ပျံ့ချင်လာရ၏။ ငွေယုန်ဖြူဖြူ ရောက်ကာစကမင်္ဂလာအိပ်ခန်းကြီးထဲ ပို့လိုက်တာ သူ့အမိန့်မဟုတ်။ မိသီ မှားပို့တာပါ။ သူ့ကို အရှက်ခွဲလိုက်သဖြင့် အမြင်ကတ်ပြီး ထားလိုက်သည်။

'ဟူး . . . မင်းရဲ့ မင်္ဂလာဦးညကလည်း အဓိပ္ပာယ်မရှိလိုက်တာ မိုးသခင်ရာ၊ စိတ်ပျက်စရာကြီး ငွေယုန်ဖြူဖြူလို ကောင်မဆိုးလေးနဲ့မှ ဖူးစာဆုံရလား'

အချစ်တွေကို စီစစ်သုံးသပ်တွေဝေနေခြင်းအတွက် သူ့ကံကြမ္မာတွေအား အဆိုးဆုံး အခြေအနေအဖြစ် ပြောင်းလဲခဲ့ရသည်။ သူ့နှလုံးသားတွေထဲမှာ ငွေယုန်ဖြူဖြူအား ချစ်မိနေတာရော၊ ငွေယုန်ဖြူဖြူ့ သစ္စာမဲ့လိုက်တာရော၊ ဒေါသတွေ ဖြစ်ရလွန်းနေသည်။ သူ့ဂုဏ်ဒြပ်တွေနှင့် စီးပွားရေးနယ်ပယ်မှာ အရှက်တကွဲဖြစ်ရမှာလည်း ကြောက်သလို ငွေယုန်ဖြူဖြူ အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ကြုံတွေ့ရမှာ စိတ်ပူပင်ရ၏။ ဒီကောင်မလေးအား အမွေတွေ ပြန်ပေးပြီး ပျော်သလို နေခိုင်းလိုက်ချင်သည်။

မဖြစ်သေးပါဘူး မင်းက သုံးဖြုန်းပစ်လိုက်မှာ သေချာတယ်၊ ကိုယ်ထိန်းသိမ်းပေးထားရမယ်၊ မင်းဘဝအတွက်နော် ကောင်မလေး . . .။



www.burmeseclassic.com

www.burmeseclassic.com



မိုးသခင် ရင်တွေ မီးတောက်အောင် ပူပြင်းလောင်မြိုက်နေသည်။ သူ့အိပ်ခန်းထဲမှာ တစ်ယောက်ထဲ အနားယူနေပေမယ့် ငွေယုန်ဖြူဖြူ ငိုနေမလား၊ ကောင်းကောင်းမွန်မွန် အနားမှယူနေရဲ့မလား၊ အသုံးမကျတဲ့ ရည်းစားထိန်ထိန်လင်းဆိုတဲ့ကောင်ကိုပဲ တမ်းတနေမလား၊ သူသွားပြီး ကြည့်ချင်လာသည်။ စိတ်ကမဖြောင့် ပြန်ထလာသည်။

'ငွေယုန်ဖြူဖြူ၊ မင်းအိပ်နေလား၊ ဘာလုပ်နေလဲ'

သူမ အခန်းတံခါးက ပိတ်မထား၍ သူအသာအယာလေးဖွင့်၍ ကြည့်လိုက်တော့ ငွေယုန်ဖြူဖြူ အိပ်မောကျနေသည်။ မျက်ရည်စတွေက သူမမျက်ဝန်းတွေမှ စီးကျလျက် ပါးပြင်လေးပေါ်မှာ စိုစွတ်နေဆဲပင်။ မင်းငိုနေတာလား၊ ငွေယုန်ဖြူဖြူ မျက်နှာလေးအား ပထမဆုံးအကြိမ်အဖြစ် အပေါ်စီးကနေ အသေအချာ ရှူးရှူးရှရှ ကြည့်မိသွား၏။ ကလေးတစ်ယောက်လို အပြစ်ကင်းနေတဲ့ မိန်းမလှလေးပါ။ ငွေယုန်ဖြူဖြူအား ဖွဖွလေး နမ်းရှိုက်လိုခဲ့သည်။

'မင်းက ကိုယ်ပိုင်ဆိုင်သွားတဲ့ ကောင်မလေးပဲ ငွေယုန်ဖြူဖြူ၊ ခက်တာက ကိုယ်ပိုင်ပိုင်နိုင်နိုင် ချစ်သူအဖြစ် နမ်းရှိုက်ခွင့်မရှိတာပဲ'

လင်းဆိုတဲ့ ကောင်လေးနှင့် ချစ်သူဖြစ်ခွင့်ရစေရန် အခွင့်တွေပေးလိုက်မိတာ နောင်တရနေခဲ့သည်။





'ငွေယုန်လေးကို အချိန်တွေ လုံးဝမပေးလိုက်ပါနဲ့ မောင်မိုးသခင်၊ ငွေယုန်ရောက်ရောက်ချင်ပဲ သူဘယ်လိုပဲ ကလန်ကဆန်လုပ်ပြနေပစေ။ မင်းအမိန့်နဲ့ လက်ထပ်လိုက်ပါကွယ်၊ ဒီကလေးက စိတ်ရင်းလေး ဖြူစင်ပါတယ်။ ခက်တာက မင်းကိုဆန့်ကျင်နေချင်တာပဲ ရှိနေတယ်၊ အန်တီလေး စိတ်ပူတာ အဲ့ဒီအချက်ပဲ'

ငွေယုန်ဖြူဖြူ ရောက်မလာခင်မှာပင် မိုးသခင်ထံ အန်တီလေးက ဖုန်းဆက်ပြောဆို တိုက်တွန်းခဲ့သည်။ မာဆတ်ဆတ်နှင့် သူ့ကို မထေမဲ့မြင် ဆင်ရိုင်းတစ်ကောင်လို အရွယ်ဖွေးဖွေးနှင့် ထိုးသတ်ဖို့ ပြင်ဆင်လာတာ တွေ့လိုက်ရသဖြင့် သူသတ္တိကြောင်သွားခဲ့တာပဲ ဖြစ်၏။ အင်းလေ ငွေယုန်ဖြူဖြူ အိပ်စက်အနားယူနေတာလည်း ကောင်းပါတယ်၊ မင်းချစ်ချင်တဲ့သူကို ချစ်ပါ၊ လွမ်းချင်တဲ့ သူကိုပဲ လွမ်းပါ ငွေယုန်ဖြူဖြူ၊ ကိုယ် ခွင့်လွှတ်ထားပါတယ်လေ။

✿



www.burmeseclassic.com

www.burmeseclassic.com

(၂၃)

ငွေယုန်ဖြူဖြူ… မင်း အရမ်းလှလိုက်တာ၊ ကောင်းကင်ကြီးပေါ်ကနေ နတ်သမီးလေးတစ်ပါး ပြုတ်ကျလာသလားပဲ မင်း ချစ်စရာကောင်းတယ်၊ ချောမောအိစက်နေတယ်ဆိုတာ ကိုယ် မင်းနဲ့စတင် တွေ့ဆုံခဲ့တဲ့ ငါးနှစ်သမီးအရွယ်လေးထဲက ကိုယ် စွဲလန်း သတ်မှတ်ထားခဲ့တာပဲ ငွေယုန်ဖြူဖြူ၊ သူက ဆယ့်သုံး နှစ်သား၊ ပြဿနာအကြီးကြီးတွေ ဖန်တီးတတ်သဖြင့် ငွေယုန် ဖြူဖြူနှင့် တရင်းတနှီး မနေထိုင်ခဲ့တာပဲ ဖြစ်ခဲ့သည်။

'MD သူ… သူက ဟိုသန့်ရှင်းရေး လာလျှောက်တဲ့ ငွေယုန်ဖြူဖြူ'

ငွေယုန်ဖြူဖြူ အလုပြင်နေတဲ့အခန်းထဲအထိ မေစန္ဒီ ဝင် လာပြီးကြည့်ရင်း ယင်းတအံ့တသြနှင့် ပြောလိုက်သည်။

'ဟုတ်တယ်လေ သူပဲ၊ ကိုယ်တို့နှစ်ယောက် လူကြီးမိဘ တွေ စီစဉ်ပေးကြလို့ လက်ထပ်ဖို့ သဘောတူထားကြပေမဲ့





တစ်ယောက်နဲ့တစ်ယောက်က စိမ်းကြတယ်၊ သူက ငယ်လို့ ကိုယ်သဘောမကျတာ၊ အဲ့ဒီထဲက ကိုယ်တို့ အတူတူနေကြတာ၊ ကိုယ့်ကိုရွံပြီး အလုပ်လာလျှောက်တယ် ဘယ်လောက်အမြင့် ကတ်စရာကောင်းလဲ'

'ဟယ် ဟုတ်လား၊ MDက အရမ်းလျှို့ဝှက်တယ်၊ စန္ဒီ တို့ လုံးဝမသိကြဘူး၊ ငယ်ပေမယ့် အရပ်မြင့်မြင့် ထွားထွားလေး ဖြစ်နေလို့ သိပ်မကွာပါဘူး၊ MD ကလည်း နုပျိုတယ်လေ'

'ဟုတ်လား… ကိုယ်က လက်မထပ်တော့ဘူးလို့တောင် ဆုံးဖြတ်ထားတာ။ ဒါပေမယ့် လူကြီးကျွဲဆန္ဒကြောင့် လက်ထပ် လိုက်ရတာ အရမ်းဆိုးတဲ့ ကောင်မလေး လုပ်ချင်တာ လုပ်တယ်၊ ထင်တိုင်းကြဲချင်တယ်၊ ကိုယ်တို့နှစ်ယောက်ကြားမှာ အချစ်မရှိ ကြဘူး၊ မလွဲမရှောင်သာလို့လေ'

'ဟယ် MD ကလည်း ကောင်မလေး ကြားသွားပါ့မယ်'

ငွေယုန်ဖြူဖြူ မကြားတောင် သူတိုးတိုးလေး ကပ်၍ မေစန္ဒီကို ကြိုတင်လမ်းခင်း ပြောပြထားရသည်။ သူနှင့် ငွေယုန် ဖြူဖြူတို့က မလွဲမသွေ ကွာရှင်းကြရမှာပဲဖြစ်၏။ စိတ်မထင်လျှင် မထင်သလို ငွေယုန်ဖြူဖြူက ကွာရှင်းခိုင်ချင်ခိုင်းမှာပါ။ နောက် တစ်ပတ် ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးကြဖို့ စီစဉ်ထားကြ သည်။ မင်းကြိုတင် စကားခံထားရတာပဲ ဖြစ်၏။ ငွေယုန်ဖြူဖြူ က စိတ်မထင်လျှင် မထင်သလို ကွာရှင်းခိုင်းမယ့် ကောင်မလေး ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကောင်မလေး အရမ်းပိန်ခြုံးသွားသလိုပဲ၊ နေမကောင်းတာလားဟင်'

'အစားဟ်မ်ပါ၊ ဒီကောင်မလေးက ခေါင်းမာတယ်၊ ဆိုးဆိုးပေပေနေတာ၊ ကိုယ်လုံးဝ သဘောမကျဘူး၊ လက်ထပ်ဖို့တောင် လုံးဝ ငြင်းမရလို့လေ'

'ဟုတ်တယ်နော်၊ ကောင်မလေးကို ကြည့်ရတာ ဆိုးသွမ်းမယ့်ပုံလေး၊ ချောတော့ချောတယ်၊ MD မချစ်ဘူးဆိုတာတော့ မယုံပါဘူး'

'ကိုယ့်ဆန္ဒအရဆိုရင် လက်ထပ်ပြီးတာနဲ့ ကွာရှင်းပစ်လိုက်ချင်တယ်၊ ကိုယ်တကယ် ပြောတာနော် စန္ဒီ'

ငွေယုန်ကတော့ အလှတွေ ပြင်နေရင် ဦးမိုးသခင်နှင့် မမေစန္ဒီတို့ ပူးပူးကပ်ကပ်နှင့် ပြောနေတာကို စိတ်ကောက်ပစ်ချင်ပေမယ့် အခွင့်အရေးက မရှိပေ။ ငွေယုန်တို့ရဲ့ လက်ထပ်ပွဲက အသက်မပါသလို ဦးမိုးသခင်က ခပ်စိမ်းစိမ်း၊ မနာလိုဝန်တိုမှုတွေနှင့် ငွေယုန် ငိုပစ်ချင်လာရပြန်သည်။ ပူးကပ်နေလိုက်တာ ဘာများရင်ဖွင့်ပြောဆိုစရာတွေ ရှိနေလို့လဲ၊ ငွေယုန်သည်းနေရပေမယ့် ဦးမိုးသခင်ကို မမေစန္ဒီအနားကနေ ဆွဲခေါ်ထုတ်ပစ်ချင်တဲ့ ဆန္ဒတွေ ပြင်းပြနေသည်။

'ပြီးတော့မယ်နော် ညီမလေး စိတ်အိုက်နေပြီ ထင်တယ် သူဌေးက အလှပဆုံး ပြင်ဆင်ပေးရမယ်ဆိုလို့ပါ'





အလှပြင်နေတာကို ငွေယုန်လုံးဝ စိတ်မဝင်စား။ မမေစန္ဒီနှင့် ဦးမိုးသခင်တို့ ဘာတွေ ညှိနှိုင်းပြောဆိုနေကြတာလဲဟု ပြောဆိုနေကြတာကို သိချင်လာသည်။ ဦးမိုးသခင်ကို မုန်းတယ်၊ မေစန္ဒီနှင့် အရောတဝင် ရင်းနှီးကျွမ်းဝင်တာ လွန်သည်ဟု ထင်လာ၏။ ကြည့်လေ ငွေယုန်ဆီ ဟန်ဆောင်နှုတ်ဆက် စကားလေးပင် လာပြောဖော်မရ။ အလှပြင်ဆင်လို့ပြီးသည်နှင့် ဦးမိုးသခင်လက်ကို ဆတ်ခနဲဆွဲ၍ ထွက်လာလိုက်၏။ သူမခန္ဓာကိုယ်နှင့် ဝင်တိုက်မိလိုက်သဖြင့် မေစန္ဒီ ယိုင်လဲကျသွားသည်။

'မင်း... မင်း ဘာလုပ်တာလဲ ငွေယုန်ဖြူဖြူ၊ လူတွေရှေ့မှာ အနေအထိုင် ယဉ်ကျေးပြစမ်းပါ'

'တမင်လုပ်တာလေ၊ ဦးမိုးသခင်နဲ့ ကွာရှင်းနိုင်ဖို့ ကျွန်မဘက်ကပဲ ပြစ်မှုတွေ လွန်ကျူးပြပါ့မယ်လို့ ပြောထားတာလေ'

ငွေယုန် သဝန်ကြောင်သွားမိလို့ပါ၊ ရုတ်တရက် ဒေါသတွေ မထိန်းသိမ်းနိုင် ဖြစ်သွားပေမယ့် ဦးမိုးသခင် စိတ်ဆိုးမုန်းတီးသွားမှာလည်း ကြောက်သည်။

'ဒီကောင်မလေး ဆိုးသွမ်းရိုင်းစိုင်းတယ်လို့ ပြောလို့ရသွားပြီလေ မဟုတ်ဘူးလား ဦး'

'တောက်'

မင်း တော်တော် ကွာရှင်းချင်နေလားဟု မေးပစ်ချင်သည်။ ယောက်အထိ အားအင်တွေးချိနဲ့နေတာတောင် စွာတေးလှ



www.burmeseclassic.com

www.burmeseclassic.com



ချင်နေသေး၏။ မေစန္ဒီ့ကိုလည်း အားနာတယ်။ ငွေယုန်ဖြူဖြူ
ဆက်ဆံရေးက ရိုင်းစိုင်းလွန်းသည်။

'ဟပဲ . . . တို့ MD အရမ်းလျှို့ဝှက်တာပဲ၊ သတို့သ
လေးက ချောလိုက်တာ၊ ငယ်ငယ်နုနုလေး၊ MD တို့ ချစ်
တွေဖြစ်တာတောင် မသိလိုက်ဘူး'

'လူကြီးတွေ သဘောတူတာပါ။ ကိုယ်တို့နှစ်ယောက်
ချစ်သူတွေ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ လူကြီးတွေ အတင်းအကြပ် ပေးစား
လို့ပါ၊ စိတ်မထင်ရင် ငွေယုန်က ကွာပစ်လိုက်မှာ'

ငွေယုန့်ဆီက ကွာရှင်းမယ့် စကားကို တွင်တွင်ပြော
တာကို မိုးသခင်လုံးဝမကြိုက် ကွာရှင်းဖို့ အပြစ်တွေ ငွေယ
စတင် လုပ်ပေးပါ့မယ်ဆိုပြီး ထင်တိုင်းကြဲနေသည်။ သူ့
ကိုယ်ဝန်ကို သူက တာဝန်ယူပေးထားတာတောင် ငွေယုန် ကျေ
မတင်ပေ။ ငွေယုန်ဖြူဖြူ့ကိုလည်း စကားတွေ သိပ်မပြော
သူ့ဝန်ထမ်းတွေကို တစ်ယောက်လက် တစ်ယောက်ချိတ်ပြီး
ခံနေရသည်။ မေစန္ဒီရောက်လာပြီး မျက်နှာလေး ရှုံ့မဲ့ကာ ခါ
သွားသည်ဟု ပြောနေ၏။ မိုးသခင် တောင်းပန်ရသည်။

'ကိုယ့်ဇနီးက ငယ်ရွယ်သူလေးဆိုတော့ နည်းနည်းကြ
တယ်၊ ကလေးတစ်ယောက်လိုပဲ မေစန္ဒီ တောင်းပန်ပါတ
ကွာနော်'





'ဟုတ်ကဲ့ ငွေယုန်လည်း တောင်းပန်ပါတယ်နော်'

'ရပါတယ်၊ ရပါတယ်၊ MD ရယ်၊ ဒီလင် ဒီမယား
ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ပေါင်းဖက်ရပါစေလို့ ဆု
တောင်းပေးပါတယ်'

ငွေယုန် ရုတ်တရက် ပျော့ရွှင်ကျေနပ်သွားရကာ ပေးတဲ့
နဲ့ ပြည့်ပါစေဟု တက်တက်ကြွကြွလေး ပြောလိုက်ပေမယ့်
မိုးသခင်ကတော့ နှုတ်ဆိတ်ငြိမ်သက်နေသည်။ တစ်ခါတ
သ ကျတော့လည်း ကျွန်မလွယ်ထားရတဲ့ ကိုယ်ဝန်က ဦးမိုး
ခင်နဲ့ ငြိစွန်းခဲ့တာပါဟု ပြောပစ်ချင်လာ၏။ မမေစန္ဒီနှင့် အဝေး
းသို့ သူမဆွဲခေါ်လာခဲ့သည်။

'အဲ့ဒီ မေစန္ဒီက ဦးနဲ့ဘာလဲ အရမ်းရင်းနှီးလွန်းနေတယ်
၊ ဒါကြောင့် ကျွန်မ လက်ထပ်ရလို့ စိတ်မသက်မသာကြီး
စ်နေတာ မဟုတ်လား'

'အဲ့ဒါ မင်းနဲ့ မဆိုင်ဘူးနော် ငွေယုန်ဖြူဖြူ၊ ပြဿနာရှာ
တော့ မစဉ်းစားနဲ့ မင်းလို ကောင်မလေးကများ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မက ဦးအတွက်
အရေးမပါတဲ့ ကောင်မလေးပါ၊ မလှသော မချောသာလို့
လက်ထပ်တာလည်း ကျွန်မသိပါတယ်၊ ကွာပေးမှာပါ ကွာ
မယ် စိတ်ချ'

ဦးမိုးသခင်ရဲ့လက်ကို တွဲနေရင်းကနေ ဆတ်ခနဲ ဖြုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်တော့ သူက ခပ်တင်းတင်း ပြန်ဆုတ်ကိုင်ထားသည်၊ ရှင့်ဂုဏ်သိက္ခာအတွက် မဟုတ်လား၊ ဦးမိုးသခင်ရဲ့ အချစ်ဒေ ကို ငွေယုန် မရနိုင်ပေ၊ မလွဲသာမရှောင်သာလို့ ရှင် တာဝန်ယူ တာပါ၊ ညှိခံပွဲပြီးတော့ မင်္ဂလာအိပ်ခန်းကြီးထဲ နှစ်ယောက် လုံးဝင်လာပြီးမှ ယောင်ချာချာ ဖြစ်နေကြလေသည်။

'မင်းအောက်မှာ အိပ်၊ ငါအပေါ်မှာ အိပ်မယ်၊ ဒီကုတင် ကြီးပေါ် နှစ်ယောက် အတူတူ မအိပ်နိုင်ဘူး၊ ငွေယုန်ဖြူဖြ ဂဟိအတိုင်း မင်းကို လက်ဖျားနဲ့တောင် မတို့ပါဘူး'

ငွေယုန်အိပ်ဖို့အတွက် စောင်နှင့် ခေါင်းအုံးအား ပစ်ချပေး သည်။ သူမအား ဒီလောက်အထိ နှိမ်ချဆက်ဆံနေတာ ငွေယု စိတ်ဆိုးဒေါသဖြစ်တာတွေ မဖြစ်မိ၊ ဦးမိုးသခင်ရဲ့အမိန့်ကို နာ တတ်အောင် ငွေယုန်လေ့ကျင့်နေခဲ့တာပါ။ သူပစ်ပေးတဲ့ စောင် ခင်းပြီး ကြမ်းပြင်မှာပဲ အိပ်ပစ်လိုက်သည်။

'မအိပ်ခင် နွားနို့တစ်ခွက် သောက်ရမယ်၊ မင်းဆေးဓ ရော သောက်ပြီးပြီလား၊ မင်းကို စေတနာရှိလွန်းလို့ သတိပေ နေတာတော့ မဟုတ်ဘူးနော်၊ မင်း ကျန်းမာမှ ငါမျက်နှာ သက်သာလိမ့်မယ် ထင်တယ်'

ငွေယုန်ဖြူဖြူကို သံယောဇဉ် တွယ်နေရသေးပေမဲ့ မိုးသ ထုတ်ဖော်ပြသဖို့ ဝန်လေးမိသည်။ သူ့စိတ်တွေက မသန့်၊ ကော မလေး ကြမ်းပြင်မှာ အိပ်နိုင်းပစ်လိုက်ရပေမယ့် သူ့စိတ်တွေ





မနိုင်။ သနားမိနေသည်။ ငွေယုန်ဖြူဖြူကို သူချစ်မိ နေတာလည်း ရင်ထဲမှာပဲ သိမ်းထားလိုက်ကာ တခြားယောကျ်ား တစ်ယောက်နဲ့ ကိုယ်ဝန်ရှိတဲ့အထိ လွန်ကျူးခဲ့တာကို ခွင့်မလွှတ် နိုင်သေးဘဲ ဖြစ်နေသည်။

'မင်းကလေးမွေးလာလို့ ကွာရှင်းပြီးရင် မင်းဘဝအတွက် ငါ အမွေကွေပေးမှာပါ'

အခုတော င် အန်တီလေးဆီ ဘယ်လိုအကြောင်းကြားရ မှန်း မိုးသခင် စဉ်းစားမရ၊ ငွေယုန် ဒီလောက်အထိ ဖြစ်သွား ရအောင် သူ့ရဲ့တာဝန်မဲ့မှုကို အပြစ်တင်မှာ သေချာသည်။ ငွေယုန့် ဘက်သို့ မသိမသာ ကြည့်လိုက်တော့ ငွေယုန် အိပ်စက်နေပြီ ဖြစ်၍ စိတ်အေးသွားရသည်။

'တကယ်တော့ မင်းလေးအပေါ် ကိုယ်သံယောဇဉ် တွယ် ပြီ မကွာရှင်းချင်ပါဘူးကွာ၊ ကလေးမွေးပြီးရင် မင်းက မင်းချစ်သူ လင်းကို ပိုပြီး သတိတရရှိနေမှာလေ၊ ကိုယ်မခံစားနိုင်ဘူး ငွေယုန် ဖြူဖြူ'

သူ့အိပ်စက်ဖို့အတွက် မျက်လုံးတွေကို မှိတ်ထားလိုက်ပေ မယ့်လည်း ငွေယုန်ဖြူဖြူ ကြမ်းပြင်မှာ အိပ်စက်နေရတာကို စိတ်မကောင်းဖြစ်နေသည်။ သူရက်စက်ရာ ရောက်သွားပြီလားပဲ၊ နေပစေ ဒီကောင်မလေး လွန်ကျူးခဲ့တဲ့ ပြစ်မှုအတွက် ခံယူသင့် တယ်။ ငွေယုန်ဖြူဖြူကလည်း လုံးဝ ဆန့်ကျင် တုန့်ပြန်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေ မပြုလုပ်ခဲ့၊ မင်းက ကိုယ်ကို တနုံ့နုံ့ ခံစားစေချင်တာ မဟုတ်လား၊ ကိုယ့်ဘဝတစ်ခုလုံးကို အကြီးအကျယ် ထိုးနှက် ရိုက်ချိုးပစ်ချင်တဲ့ ကောင်မလေးပဲ။ တွေးမိတိုင်း ဒေါသတွေ ထွက်လာရ၍ ဒီအတိုင်းပဲ ဥပက္ခာပြု ပစ်ထားလိုက်မိသည်။ မျက်လုံးတွေကို မှိတ်ပြီး အိပ်ပစ်လိုက်၏။ သူ့ရဲ့ မင်္ဂလာဦးညက စိတ်ပျက်စရာ ကောင်းလောက်အောင် အေးစက် ငြိမ်သက်နေခဲ့သည်။

'ဦး အိပ်ပြီလား မသိဘူး'

ငွေယုန်ကတော့ အိပ်ချင်ယောင် ဆောင်နေပေမယ့် အိပ်လို့ မရခဲ့။ မျက်တောင်ဖျားဖျားတွေပေါ်မှာ အိပ်စက်ခြင်းက အလျှင်းမရှိ ဦးမိုးသခင်က ရက်စက်လွန်းသည်ဟု ထင်မိသည်။ ငွေယုန် လွယ်ထားတဲ့ ကိုယ်ဝန်က ဦးနဲ့ လွန်ကျူးမိတာပါလို့ ပြောလိုက်ရင် ဦးရဲ့ တုန့်ပြန်မှု ဘယ်လိုရှိနိုင်မလဲဆိုတာ သိချင်နေ၏။ ငွေယုန်လေ ဦးမိုးသခင်နဲ့ ပျော်ရွှင်ချမ်းမြေ့တဲ့ သံယောဇဉ်တွေ အနှစ်တွေ ပြည့်နှက်နေတဲ့ မိသားစုဘဝလေးကို တည်ဆောက်ချင်ပါတယ် ဦးမိုးသခင်အား မသိမသာ ကြည့်လိုက်တော့ အိပ်စက်နေပြီဖြစ်သည်။

'ဦးရယ် နေနိုင်လိုက်တာ ငွေယုန့်ကို ဒီလောက်တောင်ပဲ အထင်သေးပြီး မချစ်နိုင်နေတာလား ဟင်၊ ဦးဆီကလေ ဝတ္တရားအရဆိုတဲ့ စကားလုံးကြီးကို ငွေယုန်အမုန်းဆုံးပဲ'





သူမ ဆက်အိပ်နေလို့ မရတဲ့အပြင် သည်းမခံနိုင်လောက်အောင် ဒေါသတွေ ပေါက်ကွဲလာကာ ဦးမိုးသခင်အနားသို့ စိတ်မထိန်းနိုင်စွာ ထသွားမိသည်။

ဦးမိုးသခင် ရှင်ဟာလေ၊ ငွေယုန်အပေါ် အရမ်းကို ရက်စက်လွန်းပါတယ်၊ ကျွန်မကို အထင်သေးနေတာလား ဟင် ဘာဖြစ်လို့များ ဥပက္ခာပြုထားနိုင်ရက်တာလဲ . . .

ယောကျ်ားပီသစွာ ခန့်ညားချောမောနေတဲ့ ဦးမိုးသခင် မျက်နှာပြင်ပေါ်မှာ ရိုးသားဖြူစင်မှုရှိနေသည်။ ငွေယုန့်ရင်သွေးလေးရဲ့အဖေအဖြစ် သံယောဇဉ် တွယ်ငြိနေခဲ့၏။ အိပ်ပျော်နေတဲ့ ဦးမိုးသခင်ရဲ့ မျက်နှာပေါ် အုပ်မိုးထား၍ ငွေယုန် တစိုက်စိတ်မတ် ကြည့်မိသွားသည်။

'ဟင် . . . မင်း . . . မင်း ငွေယုန်ဖြူဖြူ ဘာလုပ်တာလဲ၊ ယ်စမ်း၊ မင်းဒါဘာလုပ်တာလဲ ဖယ်လေ'

ရုတ်တရက် ဦးမိုးသခင် လန့်နိုးလာပြီး အိပ်ယာပေါ်က နေ အလူးအလဲ ရုန်းထကာ ငွေယုန့်အား ဘီလူးမကြီးတစ်ကောင်ကို တွေ့လိုက်ရသလို ကြောက်လန့်တကြား အော်ဟစ်နေသည်။

'မင်း . . . မင်း ငါ့ကို ဖြားယောင်း သွေးဆောင်ဖို့ ကြံ ည်တာလား ငွေယုန်ဖြူဖြူ၊ မင်းချစ်သူအပေါ် ဒီလောက်အထိ သစ္စာမဲ့ရလားကွ'

'ဒီမှာ ဦးမိုးသခင်အဖြစ်တွေ သည်းမနေစမ်းပါနဲ့နော်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင်က လူရှိးလူအ၊ သူတော်ကောင်းကြီးလား၊ ကျွန်မမှာ ချစ်သူလည်း မရှိဘူး။ လင်းနဲ့လည်း ဘာမှမငြိစွန်းခဲ့ဘူး၊ ကျွန်မအပေါ် အထင်သေးပြီး ဥပက္ခာမပြုချင်ပါနဲ့'

'ဘာ... ဘာပြောတယ်၊ မင်း မင်းမှာရှိနေတဲ့ ကိုယ်ဝန်က ဘယ်သူနဲ့ရတာလဲ၊ မင်းကို ငါမယုံဘူး၊ ပြောချင်တာ ပြော လုပ်ချင်တာ လုပ်တတ်တဲ့ မင်းလိုကောင်မလေးမျိုးကို ငါ လက်မခံနိုင်ဘူး ငွေယုန်ဖြူဖြူ'

သူမ ခန္ဓာကိုယ်လေးက ဦးမိုးသခင်ကိုယ်ပေါ် အုပ်မိုးထားရာမှ ဆတ်ခနဲ ပြန်ခွာပစ်လိုက်သည်။

'မင်းကိုယ်ဝန်က အဖေတောင် အမည်မဖော်နိုင်တော့ဘူးလား ငွေယုန်ဖြူဖြူ'

'ဦးမိုးသခင်နဲ့ပါ'

'ဘာ... ဘာပြောတယ် အမိပ္ပာယ် မရှိတာပဲ၊ မဟုတ်မဟတ်တွေ လာပြီး မစွတ်စွဲနဲ့နော် ငွေယုန်ဖြူဖြူ'

ငွေယုန်ဖြူဖြူရဲ့ မာယာထောင်ချောက်တစ်ခုအဖြစ် မိုးသခင်ကို စွပ်စွဲပုတ်ခတ်တာမျိုးကိုတော့ လုံးဝလက်မခံနိုင်ပေ။ သူနှင့် ငြိစွန်းခဲ့တဲ့ ကိုယ်ဝန်ပါတဲ့။ ငွေယုန်ဖြူဖြူအား ခွင့်လွှတ်နားလည်ထားမိတဲ့ သူ့သဘောထားကြီးမှုတွေ ပျောက်ဆုံးကုန်သည်။

'မင်းတော်တော် အကြံပက်စက်ယုတ်မာတာပဲ၊ ငါ့အပေ





အငြိုးကြီးကြီးနဲ့ကို လက်စားချေနေခဲ့တာပဲ၊ မင်း အပြုအမူတွေအတွက် ငါ ခွင့်မလွှတ်နိုင်တော့ဘူး၊ မင်းကို ငါ မုန်းတယ်၊ ရွံတယ်'

'ငွေယုန် အမှန်တွေ ပြောတာပါနော်။ ဦး အရမ်းအရက်တွေ မူးနေတဲ့တစ်ညမှာ ငွေယုန်အပြန်နောက်ကျလို့ ဦးကို လသာဆောင်မှာ လဲကျနေတာတွေ့လို့ ဦးအိပ်ခန်းထဲအထိ ငွေယုန် ပို့ပေးခဲ့တာပါ၊ အဲ့ဒီညမှာပဲ ဦးကငွေယုန်ကို'

'တော်စမ်း ဆက်မပြောနဲ့တော့၊ မဖြစ်နိုင်တာပဲ မင်း ငါ့ရဲ့ ကိုယ်ကျင့်တရားကိုပါ ပျက်ပြားစေအောင် ကြံစည်နေခဲ့တာ၊ လင်းကိုယ်တိုင်က မင်းနဲ့သူ လင်မယားအဖြစ် အတူတူနေထိုင်ခဲ့ပြီးပြီလို့ ပြောခဲ့တာပဲကွ'

'မဟုတ်ပါဘူး ဦးရယ်၊ ကျွန်မနဲ့လင်း မိတ်ဆွေသူငယ်ချင်းအဖြစ်နဲ့တောင် သိပ်ပြီး နီးနီးစပ်စပ် မနေထိုင်ခဲ့ဖူးပါဘူး။ ဦးကို အရွဲ့တိုက်ချင်တာပဲ ရှိခဲ့တာပါ၊ ငွေယုန့်ကို အထင်မသေးပါနဲ့၊ ငွေယုန်မှာ ကိုယ်ကျင့်တရားနဲ့ မာနကို ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်'

'မင်း လိမ်ညာနေတာ သူများနဲ့ရတဲ့ ကိုယ်ဝန်ကို ငါ့အပေါ် ပုံချပြီး ငါ့စိတ်တွေ တစ်သက်လုံး မလုံမခြုံနဲ့ သောကအပူမီးတွေ လောင်မြိုက်နေအောင် မင်းလုပ်တာ၊ မင်း အကျင့်စရိုက်တွေကို ငါ အရင်ထဲက မကြိုက်ဘူး၊ မိဘတွေအပေါ်မှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မညှာမတာနဲ့ သေအောင် လုပ်ရက်တယ်။ အဲ့ဒီအတွက် ဒီနေ့အထိ မင်းဘယ်လိုမခံစားရဘူး ဟုတ်လား၊ မင်းသာ မိဘတွေအတွက် နာကျင်ခံစားရတယ်ဆိုရင် လူကြီးဆန္ဒအရ ငါနဲ့ လက်ထပ်ဖို့ စီစဉ်ထားတဲ့ကိစ္စ မင်းဘက်ကနေ အလွယ်တကူ လက်ခံရမှာပေါ့'

ငွေယုန်ဖြူဖြူက သူထင်ထားတာထက်ပင် ယုတ်မာကောက်ကျစ်တဲ့ မိန်းကလေးဖြစ်နေသည်။

'မင်း... မင်း... မရိုးသားဘူး၊ အခုလည်း မင်း ဘာအကြံအစည်နဲ့ ငါ့ကုတင်ပေါ်တက်လာရတာလဲ၊ ငါသာ စိတ်မထိန်းနိုင်ခဲ့ရင် မင်း ထောင်ချောက်ထဲ ငါတိုးဝင်မိမှာပဲ၊ ငါ့ကလေးမဟုတ်တဲ့ ကလေးတစ်ယောက်ကို ငါတာဝန်မယူနိုင်ဘူး၊ ငါ့စိတ်တွေ ဘဝတစ်သက်တာလုံး ခြောက်ခြားသိမ်ငယ်နေအောင် မင်းလုပ်တာ မဟုတ်လား'

'ငွေယုန် အမှန်တွေကို ပြောပြတာပါ၊ ဦးနဲ့ မဝေးချင်လို့ပါနော်၊ ဦးကို ချစ်မိနေတယ်၊ ကွာရှင်းရမှာလည်း ငွေယုန်အရမ်းကြောက်လို့ပါ ငွေယုန်စကားတွေကို လက်ခံပေးပါ ဦးရယ်နော်'

'လက်မခံနိုင်ဘူး မင်းကို ငါကွာရှင်းမယ်၊ မင်းကို လိမ်ညာလှည့်ဖြားပြီး အငြိုးကြီးကြီးနဲ့ ငါ့ဘဝကို ထိုးနှက်ချေဖျက်တော့မယ်။ မင်းလို မိန်းမမျိုးကို ငါ့ဇနီးအဖြစ် မသတ်မှတ်နိုင်ဘူး။ အန်တီလေးဆီ ဖုန်းဆက်မယ်၊ မင်းနဲ့အပြတ်ရှင်းရမယ်'





'အန်တီလေးဆီတော့ အကြောင်းမကြားပါနဲ့နော်။ ငွေယုန်တောင်းပန်ပါတယ်၊ ဦးထားရာနေ စေရာသွားဖို့ ငွေယုန် သဘောတူပါတယ်။ ရင်သွေးလေးကို မွေးခွင့်ပေးပါ။ ကျွန်မ ကွာရှင်းစာချုပ်မှာလည်း လက်မှတ်ထိုးပေးထားပါ့မယ်။ ငွေယုန်အပေါ် မရက်စက်ပါနဲ့နော်'

'ဘာ... ဘာပြောတယ်၊ ငါက ရက်စက်တာ မဟုတ်ဘူး၊ ထင်ရာစိုင်းပြီး လုပ်ချင်တာတွေ လုပ်တာက မင်း၊ ငါ့အပေါ်ရှိသေလေးစားတာမျိုးလည်း မရှိဘူး၊ ငါ့အရှက်ရစေအောင် နည်းမျိုးစုံ လုပ်ဆောင်ဖန်တီးနေခဲ့တာ မင်းပဲ ငွေယုန်ဖြူဖြူ'

'အန်တီလေးကိုတော့ မတိုင်ပါနဲ့နော်၊ ကျွန်မအပေါ် အန်တီလေး စိတ်ဆိုးပြီး မုန်းတီးသွားလိမ့်မယ်။ အန်တီတစ်ခုခုဖြစ်သွားမှာ ကျွန်မအရမ်းစိုးရိမ်လို့ပါ'

လက်လေးနှစ်ဖက်ကို အုပ်မိုးလျက် မျက်ရည်တွေ တလိမ့်လိမ့် ကျဆင်းလျက် ရှိခိုးတောင်းပန်မိနေသည်။ အန်တီလေး အရှက်ကြီး ရှက်သွားမှာပါ။ အန်တီလေး အရှက်တွေနှင့် စိတ်ထိခိုက်ကြေကွဲစွာ သတ်သေသွားမှာလည်း ငွေယုန် ကြောက်လာ၏။ ဦးမျက်ဝန်းတွေထဲမှာ ဒေါသတွေက အလျှံတညီးညီး တောက်လောင်နေတဲ့ မီးတောက်ကြီးတွေကဲ့သို့ ရဲတောက်နေသည်။

'ကျွန်မ မှားသွားပါတယ်၊ ဦးကို အသိမပေးဖို့ ဆုံးဖြတ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပေမယ့် ဦးစွပ်စွဲ ပုတ်ခတ်နေတာကြောင့် မခံစားနိုင် ဖြစ်သွားလို့ ပြောပြလိုက်မိတာပါ ဦးရယ်၊ တောင်းပန်ပါတယ်နော်၊ ကလေးမွေးပြီးတာနဲ့ ကျွန်မဦးအနားကနေ အပြီးအပိုင် ထွက်သွားပေးမှာပါ ကတိပေးပါတယ်'

'တောက်... ကောင်းပြီလေ ငါသဘောတူတယ်၊ လူကြီးတွေရဲ့မျက်နှာကို ထောက်ထားပြီး လက်ခံလိုက်တာပဲ၊ မင်းနဲ့ တစ်ခန်းထဲ ငါမအိပ်တော့ဘူး၊ ကလေးမွေးပြီးရင်သာ မင်း ငါ့အနားကနေ ထွက်သွား ကွာရှင်းရတဲ့ အကြောင်းရင်းက မင်းကြောင့်ပဲ ဖြစ်ပါစေ၊ အဲ့ဒီအချိန်ကြရင် ငါ အန်တီလေးဆီ အကြောင်းကြားရလိမ့်မယ်'

'ဟုတ်ကဲ့၊ ဦးသဘောဆန္ဒအတိုင်းပါပဲ၊ ငွေယုန် နာခံပါ့မယ်၊ နောက်ထပ် ဦးနဲ့ဆန့်ကျင်ဘက်တွေ မလုပ်တော့ပါဘူးနော်'

ဒေါသတကြီးနှင့် ဦးမိုးသခင် အိပ်ခန်းထဲကနေ ထွက်သွားသည်။ ငွေယုန်စိတ်တွေကို မထိန်းသိမ်းနိုင်လိုက်တာကို နောင်တကြီးစွာ ရနေမိသည်။ ဦးမိုးသခင် ပြောတာတွေအားလုံး မုန်းတီးနာကျင်မှုတွေ မရှိတော့၊ ငွေယုန် ဘယ်လိုပဲ တောင်းပန်ရပါစေ တောင်းပန်လိုတဲ့ ဆန္ဒတွေပဲ ဖြစ်ပေါ်နေမိလေသည်။

'ငွေယုန်မွေးလာမယ့် ကလေးက ဦးနဲ့ ချွတ်စွတ်တူနေပါစေလို့ ငွေယုန် ဆုတောင်းပါတယ်'

မျက်ရည်ပေါက်တွေကသာ ငွေယုန့်ပါးပြင်လေးပေါ် လိမ့်





ဆင်းကျနေလျက် ကလေးဆန်စွာ အော်ဟစ်ငိုယိုတာမျိုးတွေလည်း မလုပ်လိုတော့။ ငွေယုန် အရာရာကလေးဆန်နေလို့ မဖြစ်တော့ပါဘူး။ ရင်သွေးလေးမွေးဖွားလာပြီးရင် ဦးမိုးသခင်ရဲ့ သွေးအစစ်ဖြစ်တယ်ဆိုတာ ငွေယုန် သက်သေပြမှာပါ။ အဲ့ဒီအချိန်ကျရင် ငွေယုန်ကို ဦးမိုးသခင် မချစ်မနှစ်သက်ဘူးဆိုရင်လည်း ငွေယုန် အဝေးကို ထွက်သွားပေးမှာပါနော်။ ဦးမိုးသခင်နှင့် ငွေယုန်တို့ရဲ့ မင်္ဂလာကုတင်ကြီးပေါ်သို့ အားအင်ချိနဲ့စွာ ခန္ဓာကိုယ်လေးက ပျော့ခွေကျသွားလေသည်။

✿



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

မိုးသခင် ဆောက်တည်ရာမရအောင် ဒေါသတွေနှ ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ် တုန်လာတဲ့အထိပင် ရင်ထဲ ထိခိုက်နာကျင်ကြေကွဲလျက် သူ့အိပ်ခန်းထဲ ပြန်ဝင်လာပြ ကယောင်ခြောက်ခြား ကူလာခေါက်ပြန် လမ်းလျှောက်လျ ငွေယုန်ဖြူဖြူ့ စွပ်စွဲချက်တွေကို လက်မခံနိုင်ဘဲ ပေါက်ကွဲနေ သည်။

'မဖြစ်နိုင်ဘူး၊ မင်းယုတ်မာတာပဲ၊ မင်း ငါ့ဘဝကြီး တ ခုလုံးကို နလံမထူအောင် အငြိုးကြီးကြီးနဲ့ ထိုးနှက်လိုက်တာ'

သူ အရက်တွေ အလွန်အကျွံ သောက်ခဲ့မိပြီး လူမှန်းမ အောင် မူးသွားတာတော့ အမှန်ပဲ၊ ဒါပေမယ့် ငွေယုန်ဖြူ ပြောတဲ့ကိစ္စမျိုးကို လုံးဝမစဉ်းစားလို့ မရခဲ့။ တကယ်လို့ အဖြ အပျက်မှန်နေရင်တောင် မင်းဘက်က ဖြားယောင်သွေးဆောင် ပဲ၊ လင်းနဲ့ ဖြစ်ချင်တိုင်းဖြစ်ပြီးမှ ငါ့ကို တရားခံရှာတာ ငွေယု





ဖြူဖြူရဲ့ သူ့အပေါ် လက်စားချေတန်ပြန်လိုမှုတွေက ပြင်းထန်နေ သည်။

'မင်းရဲ့ ကံကြမ္မာတွေက ဘာတွေလဲ မိုးသခင်... သောကတွေပဲ ရင်မှာပိုက်ထားနေရတယ်။ အဲ့ဒါမင်းကြောင့်ပဲ ငွေယုန်ဖြူဖြူ၊ မင်းဖန်တီးလိုက်တာ'

ငွေယုန်ဖြူဖြူကို မိုးသခင် လုံးဝခွင့်မလွှတ်နိုင်တော့ဘဲ ဖြစ်နေသည်။ အန်တီလေးဆီ တိုင်ပင်လိုက်ချင်ပေမယ့် တစ်ခါတလေ သူ့စိတ်က မပြတ်သား၊ တွယ်ငြိနေတဲ့ သံယောဇဉ်ကြောင့် မတိုင်ရက်ပြန်၊ ကလေးမွေးပြီးတဲ့အထိ စောင့်ရှောက်ထားမယ်ဟု အတွေးနှင့် ဒေါသတွေကို ထိန်းချုပ်မိလျက်သား ဖြစ်သွား၏။ မိုးသခင်... မင်းက နွားပဲ၊ လှည်းကျိုးမှ ထမ်းချင်တယ်။ လက်ထပ်ပြီး တစ်ပတ်အထိ ကုမ္ပဏီမှာ ခွင့်ယူထား၍ မေစန္ဒီနှင့်လွဲထားခဲ့သည်။

'ငါ မင်းနဲ့ ကွာရှင်းမယ်၊ ငါ့အနားမှာ မင်းရှိနေတာက ဘီးလူးသဘက်မတစ်ကောင် ပူးကပ်နေသလိုပဲ၊ မင်းကို ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ငါမောင်းထုတ်ပစ်ရမယ်'

လက်အုပ်ချီ တောင်းပန်နေတာက အပြစ်ကင်းစင်နေသလိုလို ကောက်ကျစ်တဲ့ မင်းအပြုအမူတွေက ဘယ်ပျောက်သွားပြီလဲကွ မင်းကို ငါမယုံဘူး။ စိတ်ပျက်ရှုပ်ထွေးခြင်းတွေနှင့် ခန္ဓာကိုယ် တစ်ခုလုံး ချုံးချုံးကျနေရလေသည်။ ငွေယုန်ဖြူဖြူနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံပြီးမှ မိုးသခင် စိတ်တွေ ပူလောင်နောက်ကျ နာကျင်နေခဲ့၏။ ဝေ္နန်းဆန်းတက်ကြွမှုတွေ အားလုံးပျောက်ဆုံးသွားခဲ့ရသည်။

'ငါ သေပစ်ချင်တယ်၊ ငါလုံးဝ ကျရှုံးသွားရပြီ၊ ငါ့မှာ ပျော်ရွှင်ချမ်းမြေ့မှုတွေ ပျောက်ဆုံးသွားပြီ ငွေယုန်ဖြူဖြူ'

လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်မှာ သူမျက်နှာပြဖို့ ဝန်လေးနေလျက် နိုင်ငံခြား တိုင်းပြည်တစ်ခုခုသို့ အပြီးအပိုင် သွားရောက်နေထိုင်ဖို့ပဲ ဆုံးဖြတ်ထားခဲ့သည်။ ငွေယုန်ဖြူဖြူနှင့် အဝေးဆုံးရောက်အောင် တိမ်းရှောက်ထွက်ပြေးလိုက်ချင်နေ၏။ ငါ မင်းကို မရက်စက်နိုင်ဘူး၊ မင်းကို စွန့်ပစ်လိုက်ဖို့ ငါ့မှာ သတ္တိမရှိဘူး။ ငါမင်းကို ချစ်နေတယ်၊ ငွေယုန်ဖြူဖြူက သူ့ကို ချစ်ပါတယ်ဆိုတာလည်း သူလက်မခံချင်၊ မာယာများလွန်းတဲ့ ကောင်မလေးပါ။ မင်းချစ်သူနဲ့ မှားယွင်းခဲ့တဲ့ ကိုယ်ဝန်ကိုတောင် ငါ့အပေါ်ပုံချတာဝန်ယူခိုင်းမလို့လား ငွေယုန်ဖြူဖြူ၊ အတွေးတွေနဲ့ တစ်ညလုံး အိပ်စက်နိုင်ခြင်း မရှိခဲ့။ နေမြင့်မှ အိပ်ယာက နိုးသွားပြီး ပတ်ဝန်းကျင်မှာ ဟန်မပျက် နေထိုင်ဖို့ စဉ်းစားမိရပြန်သည်။

'သေချင်တယ်ကွာ၊ မင်းနဲ့ငါ လုံးဝမျက်နှာချင်း မဆိုင်ချင်ဘူး၊ ဘယ်ကဘဝအကုသိုလ်တွေလဲကွာ၊ မင်းလို မိန်းကလေးမျိုးက ငါ့အိမ်ထောင်ဘက် ဖြစ်ရတာလဲ'

မိုးသခင် စိတ်တွေကို တည်ငြိမ်စေရန် ထိန်းချုပ်လို





ပြီး သူက အသက်အရွယ်ကြီးသူဖြစ်၍ ပတ်ဝန်းကျင်မှာ ဂုဏ်သိက္ခာမမဲ့အောင် အလိုက်အထိုက် ဆက်ဆံနေဖို့ပဲ ဖြစ်သည်။ သူ့ခေါင်းတွေ နာကျင်ကိုက်ခဲနေ၏။ ငွေယုန်ဖြူဖြူရှိနေတဲ့ မင်္ဂလာ အိပ်ခန်းကြီးထဲရောက်လာရာ အိပ်ယာပေါ်မှာ ဒူးနှစ်ချောင်းကို လက်တွေပိုက်၍ ငုတ်တုတ်လေး အိပ်နေသည်။ ကောင်မလေးမှာ ကိုယ်ဝန်ရှိနေတာဖြစ်၍ သူ့ရင်ထဲက နာကျည်းမုန်းတီးမှုတွေအားလုံး လျှော့ချပစ်လိုက်ရ၏။ အနားတိုးကပ်သွားသည်။ မျက်သံလေးတွေက သူမထံမှ ထွက်ပေါ်လျက် ရှိနေသေး၏။ တစ်ညလုံးထိုင်၍ ငိုရှိုက်နေသည် ထင်သည်။

'ငွေယုန်ဖြူဖြူ'

'ဟင်'

'ငါ... မင်းနဲ့ ဆွေးနွေးစရာရှိတယ်။ အများအမြင်မှာတော့ တို့နှစ်ယောက် အဆင်ပြေပြေ နေထိုင်ကြရလိမ့်မယ် ထင်တယ်။ မင်းကလေးမွေးပြီးသွားရင်တော့ ငါမေစန္ဒီနဲ့ လက်ထပ်ပြီး နိုင်ငံခြားကို အပြီးအပိုင် ထွက်သွားမယ်'

ငွေယုန် ကြောင်ငေးငေးလေးဖြင့် ဦးမိုးသခင်အား ငေးအကြည့်နေမိသည်။ ဟင်... ဦးမိုးသခင် ရက်စက်တယ်၊ မျက်ရည်တွေ သူ့ရှေ့မှာ ကျမပြချင်တော့၊ ဦးမိုးသခင် ချစ်တတ်နိုးတဲ့ မိန်းမတစ်ယောက်နဲ့ပဲ လက်ထပ်ပါ။ ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေကို စွန့်ပစ်မသွားစေချင်ပါဘူး၊ ဦးမိုးသခင်အနားကနေ ငွေယုန်ပဲ အဝေးဆုံးကို ထွက်သွားပေးပါမယ်နော်



www.burmeseclassic.com

www.burmeseclassic.com



'မင်းကျူးလွန်ခဲ့တဲ့ အပြစ်အတွက် မင်းခံရတာပဲလို့ မှတ် ပါ ငွေယုန်ဖြူဖြူ၊ မင်းမှာ မျက်ရည်တွေ အရမ်းပေါ်နေတယ် ထင်တယ်၊ မင်းစိတ်ကို ဖြူဖြူစင်စင် ထားစမ်းပါကွာ၊ နာမည် နဲ့ လူ့အကျင့်စရိုက်တွေနဲ့က တခြားစီပဲ'

ငွေယုန့်ခေါင်းတွေ ချာချာလည်မတတ် မူးလာသည်။ ဦး မိုးသခင်ပြောတာတွေအတွက် ငွေယုန် ဒေါသတွေ နာကျည် စရာတွေအဖြစ် မသတ်မှတ်တော့ဘူး။ အမှားတွေ အများကြီး စတင်ကျူးလွန်မိတာက ငွေယုန်ပါ။ ရင်တွေနာကျင် မွန်းကြပ် နေ၏။ မင်းမျက်နှာသစ် အဝတ်အစားလဲ အပြင်ထွက်မယ် ပြော ကော့ ငွေယုန်ခေါင်းကို ခါရမ်းပြလိုက်မိသည်။

'အတွင်းရေးမှာ ဘယ်လောက်ပဲ ပူလောင်မီးတောက်နေပ စေ၊ လူမြင်ကောင်းအောင်တော့ ခဏလေးတော့ နေထိုင်ပြရမယ် ငွေယုန်ဖြူဖြူ၊ ရေ့တစ်ပတ်ထဲမှာ ကွာရှင်းစာချုပ်မှာ လက်မှ ထိုးမယ်၊ မင်းအားမွေးထားပါ'

'ဟုတ်ကဲ့ပါ၊ အခုတော့ ကျွန်မထလို့ မရသေးဘူး၊ ခေါ် တွေ အရမ်းမူးလို့ပါ၊ ကျွန်မ လိမ်ညာပြောနေတာ မဟုတ်ပါဘူ နော် ဦး'

'စိတ်ပျက်လိုက်တာကွာ၊ မင်းကြောင့်ပဲ ငွေယုန်ဖြူ ငါ့စိတ်တွေ ကြေကွဲနောက်ကျိနေတယ်။ မင်းနဲ့ တွေ့ဆုံလိုက် တာ ငါ့ဘဝမှာ ကြီးမားတဲ့ ကံဆိုးမိုးမှောင်ကျမှုကြီးတစ်ခုပဲ





ဦးမိုးသခင်ရဲ့ အမုန်းငွေ့နှင့် ရက်စက်စိမ်းတောက်နေတဲ့ အကြည့်တွေအောက်မှာ ငွေယုန်သေပစ်ချင်စိတ်တွေ အပြင်းထန် ဆုံး ဖြစ်ပေါ်နေရပေမယ့် တုန့်ပြန်နိုင်တဲ့ အင်အားလည်း မရှိ မျက်ဝန်းလေးကို မှိတ်ထားပစ်လိုက်သည်။ ပြောပါ ဦးစိတ်တိုင်း ကျ ပြောပစ်လိုက်စမ်းပါ၊ ဒီလိုစကားမျိုးတွေကို လွန်ခဲ့တဲ့ ၈စ် ပေါင်းများစွာထဲက ဦးမိုးသခင် ပြောချင်နေခဲ့တာ မဟုတ်လား၊ ငွေယုန်ကို ဘယ်လောက်အထိ ပြောရမှာ ဦးကျေနပ်နိုင်မှာလဲ ဟင်... ဦးမိုးသခင်ပြောဆိုသမျှ ငွေယုန်စိတ်ဆိုး၍ မရခဲ့။ ဘယ် လောက်ပဲ မချစ်နိုင်ပါဘူး ပြောပြော၊ ငွေယုန့်ဘက်ကပဲ ချစ်ပြ ချင်နေခဲ့သည်။

'မင်း ငါ့ကို တမင်အရွဲ့တိုက်ပြနေတာ မဟုတ်လား ငွေ ယုန်ဖြူဖြူ မင်းက ဗိုက်ကြီးနာစွဲနေတဲ့ ပုံစံလုပ်ပြနေတော့ ငါ့ကို တတ်ဝန်းကျင်က ဘာထင်မလဲ၊ လက်မထပ်ရသေးဘဲနဲ့ မိန်း ကလေးကို ကြိတ်ပုန်းခုတ်တယ်လို့ ထင်အောင်လား'

ငွေယုန် ရင်ဘက်ထဲမှာ တစ်စုံတစ်ခုနှင့် ဆုတ်ဖြဲဖျစ်ညစ် ထားခြင်း ခံရသလို လေးလံစူးနင့် နာကျင့်နေသည်။ ဦးမိုးသခင်ရဲ့ စကားလုံးပြုတ်တူတွေနဲ့ ဆွဲညှပ်ထားခြင်း ခံလိုက်ရတာပဲ ဖြစ် သည်။ တော်ပါတော့ ဦးရယ်၊ ဆက်မပြောပါနဲ့တော့။ သူမ ားတွေကို လက်ဝါးလေးတွေနှင့် တင်းတင်းလေး ပိတ်ထားပစ် ချင်တာပါ။ လက်တွေက မလှုပ်ရှားနိုင်။ မျက်ရည်တွေက မျက်



www.burmeseclassic.com

www.burmeseclassic.com



နှံ့ကွေကြားမှ အတင်းထိုးထွက် စီးကျသော့မတတ်။ ငွေယုန်
မငိုပါဘူး၊ ဦးမိုးသခင်ဆီက ပေါက်ကွဲသံစဉ်တွေ ကြားရဦးမယ်
ကျွန်မမျက်ရည်တွေက ဝမ်းနည်းကြေကွဲမှု့ ပြယုဂ်တစ်ခုလို့ ဦး
မိုးသခင်က မသတ်မှတ်။

'မင်း ထရမယ်၊ အိပ်ယာထဲ လဲမနေစမ်းပါနဲ့၊ ငါ့စိတ်တွေ
ခြောက်ခြားသေးသိမ်အောင် မလုပ်ပါနဲ့ ထပါ'

မင်းမျက်ဝန်းတွေထဲက မျက်ရည်တွေကို မျက်တောင်တွေ
နဲ့ အတင်းဖိကပ် ထိန်းချုပ်ထားတာ မဟုတ်လား၊ မင်း အိပ်ယာထဲ
လဲပြီး ငိုကြွေးနေလို့လည်း ငါ ဘာဖြစ်လို့များ မင်းရဲ့ မာယာ
ထောင်ခြောက်ဆိုတာ သိသိကြီးနဲ့ ကြင်နာသနားနေရလား။ မင်း
နဲ့ ပတ်သက်လာရင် ငါ့နှလုံးသားတွေ ကျောက်ဆိုင်ကျောက်ခဲ
တွေလို မာကျောနေချင်တာကွ။ ငွေယုန်ဖြူဖြူ အနားကနေ ကျေ
နိုင်းထွက်ခွာသွားဖို့လည်း မိုးသခင် သတ္တိ ခပ်ကြောင်ကြောင်
ဆေးကသောက်ဖို့ရှိသေးသည်။

'ထစမ်းပါကွာ၊ အရမ်းကြီး ပဲပေးမနေစမ်းပါနဲ့၊ မင်း
မျက်နှာမသစ်ရသေးဘူး မဟုတ်လား၊ ငါတွဲပြီး ရေချိုးခန်းထဲ
ပို့ပေးမယ်၊ မျက်နှာသစ်၊ အဝတ်အစားလဲ၊ ထမင်းစားခန်းမှာ
တစ်ခုခုသွားစားမယ်၊ ငါ့အတွက် ဟန်မပျက်လေးတော့ နေပေး
ပါ ငွေယုန်ဖြူဖြူ'

'ဟုတ်ကဲ့ပါ၊ ဦးမိုးသခင်ရဲ့ ဘဝဆန္ဒအတိုင်း ငွေယုန်
လုပ်ပါ့မယ်'





အတင်းဆွဲထူ ထခိုင်းနေသဖြင့် မထူးတော့ဘူး ဒီနေရာမှာ
ပဲ အသက်ထွက်ချင် ထွက်သွားပါစေ၊ သူမအားတင်း၍ ထဖြစ်
သည်။ ရေချိုးခန်းထဲ ဝင်တော့မဟန်နိုင်။ ဦးမိုးသခင်က တွဲပေး
နေသည်။ ဦးမိုးသခင်ဆီက အချစ်တွေနဲ့ အကြင်နာတွေကို
ငွေယုန်ရယူချင်လိုက်တာ။ ပတ်ဝန်းကျင် အမြင်ကောင်းအောင်
ဟန်ဆောင် လိမ်ညာမနေပဲနဲ့လေ။ ဦးရင်ခွင်ထဲမှာ ဖက်တွယ်
ခိုဝင်ပြီး နားနေချင်ခဲ့၏။ မဖြစ်နိုင်ပါဘူး။ စိတ်တွေကို လွှတ်ပေး
ထားလိုက်သည်။

'မျက်နှာကို နည်းနည်းပါးပါး ကြည့်ကောင်းအောင် ပြင်
ဆင်လိုက်ဦး ငွေယုန်ဖြူဖြူ'

'ဟုတ်'

ငွေယုန်ဖြူဖြူလေသံလေးက ယဲ့ယဲ့လေး...။ ဝေဒနာ
တွေ ခံစားနေရတဲ့ အရိပ်အငွေ့တွေက သူမမျက်နှာချောချောလေး
ပေါ်မှာ သိသိသာသာ ထင်ဟပ်နေသည်။ မင်းဒီလောက်တော့
ခံယူသင့်တယ် ငွေယုန်ဖြူဖြူ၊ အဝတ်အစားလဲပြီးတော့ အောက်
ထပ်သို့ ဆင်းလာခဲ့သည်။ မိုးသခင် မျက်နှာပူလာ၍ ကောင်
မလေးကို နောက်မှာထားခဲ့ပြီး သူရှေ့ကနေ ဆင်းလာခဲ့၏။ ငွေ
ယုန်ဖြူဖြူနှင့်ပတ်သက်၍ မိုးသခင်အရှက်တွေရော၊ အကြောက်
တွေရော၊ ဂုဏ်သိက္ခာရော အားလုံး ဒွေးရောယှက်နှင့် အမှန်
ကို ပိုင်းခြားဝေခွဲနိုင်စွမ်းလည်း မရှိနေဘဲ ရှေ့ကနေပဲ ခပ်သွက်
သွက် ဆင်းလာခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အား...'

'ဟင်...'

မိုးသခင် ခြေလှမ်းက လှေခါးအရင်းမှာ ချနင်းပြီး ရှေ့ဆက်သွားနေစဉ် အားဟု စူးစူးဝါးဝါး အော်ဟစ်သံကြောင့် နောက်ပြန်လှည့်ကြည့်မိလိုက်ရာ ငွေယုန်ဖြူဖြူ ခန္ဓာကိုယ်လေး လှေခါးအတိုင်း ပြိုလဲလိမ့်ဆင်းကျလာတာ တွေ့လိုက်ရသည်။

'ငွေယုန်ဖြူဖြူ မင်းဘယ်လိုဖြစ်တာလဲ၊ လာကြပါဦး မိသီရေ၊ ကိုပုရေ'

လှေခါးရင်းမှာ ပုံပုံလေးခွေခေါက်ကျနေတဲ့ ကောင်မလေးက မလှုပ်မယှက် ငြိမ်သက်နေ၍ မိုးသခင် မျက်လုံးတွေ ပြူးကျယ်သွားအောင် ထိတ်လန့်တုန်လှုပ် ကြောက်ရွံ့လျက် အလုပ်သမားတွေကို အော်ဟစ်ခေါ်ယူ အကူအညီတောင်းရင် ငွေယုန်ဖြူဖြူ့ ခန္ဓာကိုယ်လေးအား ပွေ့ချီထားလိုက်သည်။

'ဘာဖြစ်တာလဲ ဆရာ... ဟယ် မမလေး ငွေယုန် ဘာဖြစ်တာလဲ၊ အမလေး လုပ်ကြပါဦး'

'သူ... သူ ပြုတ်ကျတာ ကိုယ့်နောက်ကနေလေ ကိုယ်သတိလက်လွတ် ရှေ့ကနေ ဆင်းလာခဲ့မိတယ်'

'မမလေး၊ အခုတလော နေမကောင်းဘူး၊ ခေါင်းမူးတယ်လို့လည်း ပြောတယ်၊ ကိုပု လုပ်ပါဦး ဟင်... သွေးတွေ'

'ဟင်'





သွေးတွေတဲ့ မိသီအော်လိုက်သဖြင့် ငွေယုန်ဖြူဖြူ့ရဲ့ ခေါင်းကနေ ခန္ဓာကိုယ်အဆုံး ကြည့်မိတော့ အောက်ပိုင်းမှ သွေးတွေ စီးကျနေ၏။ ကိုယ်ဝန်ကိုများ ထိခိုက်သွားပြီလားဟု မင်းသခင် စိတ်ပူသွားသည်။

'ဆေးရုံပို့ရမယ် ကိုပု လူနာတင်ကား ဖုန်းဆက်ပါ၊ အမြန် ငွေယုန်လေးအတွက် ကျွန်တော်အရမ်းစိတ်ပူနေပြီ၊ သေသေချာချာ ကြည့်ပါဦး ကိုပုရာ၊ ကျွန်တော့်မိန်းမ အသက်ရှူသေးရဲ့လား'

'အသက်ရှူပါတယ် ဆရာ၊ ကျွန်တော် လူနာတင်ကား ဖုန်းဆက်ထားပြီးပါပြီ လာတော့မယ်'

ငွေယုန်လေးရယ် တောင်းပန်ပါတယ်၊ မင်းကိုယ်ဝန်ကို ဖျက်ချစေချင်တဲ့ ဆန္ဒတွေ လုံးဝမရှိပါဘူးကွာ၊ တကယ်ပဲ မရည်ရွယ်မိခဲ့တာပါ၊ မင်းခွင့်လွှတ်မှာ မဟုတ်တော့ဘူး၊ ဆေးရုံကား ရောက်လာ၍ ငွေယုန်ဖြူဖြူအား သူနာပြုဆရာမလေးက အောက်ဆီဂျင်ပိုက်ပေးရင်ခေါ်ဆောင်သွားသည်။ သူကတော့ ငွေယုန့်မျက်နှာလေးရဲ့ ပြောင်းလဲမှုကို တစိုက်မတ်မတ် မျက်ခြေမပြတ် ကြည့်ရင်း သူမလက်လေးကို ဆုတ်ကိုင်လျက် လူနာတင်ကားနှင့် အတူတူလိုက်လာခဲ့၏။ ငွေယုန်လေး ဘာမှမဖြစ်ပါစေနဲ့၊ အသက်ရှင် ကျန်းမာလာပါစေ၊ အဆက်မပြတ် ဆုတောင်းနေခဲ့သည်။

'ဆရာနေခဲ့ပါတော့ မမလေးကို အရေးပေါ်ခန်းထဲမှာ စစ်ဆေးရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ... အေး... အေး'

ကိုပုသတိပေးမှ ငွေယုန်ဖြူဖြူလက်လေးကို သူလွှတ်ပေးလိုက်မိသည်။ သူ့နှလုံးသားတွေထဲမှ ငွေယုန်ဖြူဖြူအပေါ် ရစ်ပတ်နှောင်ဖွဲ့မိနေတဲ့ သံယောဇဉ်ကြိုးတွေ ဘယ်လောက်အထိ ကြီးမားနေလည်းဆိုတာ သိလာရ၏။ မင်းကို ကိုယ်အရမ်းချစ်တယ်၊ ငွေယုန်ဖြူဖြူ ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မင်းကို မကွာရှင်းပစ်နိုင်ဘူး၊ ကိုယ် ဟန်လည်း မဆောင်ထားနိုင်တော့ဘူး။ ရှက်လည်း ရှက်မနေနိုင်ဘူး။ ကိုယ်ချစ်တယ်လို့ ပြောမယ်။ မိုးသခင်ရင်တွေ ဗလောင်ဆူပွက်လျက် လမ်းလျှောက်လျက် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

'ဦးမိုးသခင်ရဲ့ဇနီး ကိုယ်ဝန်ပျက်ကျသွားပါတယ်၊ စိတ်မကောင်းပါဘူး ရှင်၊ လူကြီးကတော့ စိုးရိမ်စရာ မရှိတော့ပါဘူး'

'ဗျာ'

မိုးသခင် ဝမ်းနည်းကြေကွဲ သွားရမယ့်အစား ရက်ဝဲဝဲ အသံကြီးနှင့် ဗျာဟုသာ ပြောနိုင်ပြီး ကိုပုရှေ့မှာ ပေါ်တင်ကြီး လာပြောလိုက်၍ မျက်နှာမထားတတ်အောင် ဖြစ်သွားရသည်။

'ဆရာရယ်၊ စိတ်မကောင်းလိုက်တာဗျာ၊ မမလေးတော့ ရင်ကျိုးမှာပဲ၊ ဆရာ့ရင်သွေးလေးကို အရမ်းတန်ဖိုးထားခဲ့တာပါ၊ မမလေးနဲ့ ဆရာတို့ လက်မထပ်ရသေးဘဲ ဒီကလေးလေးက ပေါင်ကူးပေးခဲ့တာလေ'





'ဘာ'

'ဆရာနဲ့ မမလေး ငြိစွန်းခဲ့တဲ့ညက ကျွန်တော် သိပါတယ်၊ အခန်းနားအထိ ကျွန်တော်ရောက်ခဲ့တာပါ'

'ဘာ... ဘာကွ၊ မင်း... မင်း ဘာပြောလိုက်တာလဲ ကိုပု'

'ဆရာ အရက်တွေ အရမ်းမူးနေတဲ့ ညကလေး၊ မမလေး ပြန်ရောက်လာပြီး ဆရာ့ကို အိပ်ခန်းထဲ တွဲပို့ပေးတယ်၊ ကျွန်တော်လည်း ဆရာကို ပို့ပေးဖို့ တက်လာတာပါ၊ ဆရာက မမလေး ငွေယုန့်ကိုလေ'

'ဟော့... ဟော့ မင်း ဘာဖြစ်လို့ အခုမှပြောရတာလဲ၊ မင်းသိနေလျက်နဲ့ကွာ'

'ဒီကိုယ်ဝန်ကြောင့် ဆရာက မမလေးကို အမြန်လက်ထပ်ခဲ့တာလေ၊ ဆရာနဲ့ မမလေးတို့ကြားမှာ နှောင်ဖွဲ့ပေးလိုက်တဲ့ သံယောဇဉ်ကြိုးလေးပါဗျာ'

ကိုပုကပြောပြီး မျက်ရည်ကျနေသည်။ မိုးသခင်လည်း အခုမှ အဖြစ်မှန်တွေကို သိလိုက်ရပြီး ဖြေလို့မရနိုင်လောက်အောင် ရှုပ်ထွေးသွားမတက်ဘဲ ဝမ်းနည်းကြေကွဲ စိုနစ်လျက် သူ့ရင်သွေးလေးကို သူသတ်သလို ဖြစ်သွားရကာ ငွေယုန်ဖြူဖြူ့ မုန်းတီးနာကျည်းမှုတွေ သူဘယ်လိုမှ ချေဖျက်လို့ မရနိုင်တော့ကြောင်း သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုပုရာ... မင်းအစောကြီးထဲက ပြောပြသင့်တယ်ကွ၊ အခုတော့ မဖြစ်သင့်တာတွေ အားလုံးဖြစ်ကုန်ပြီ၊ ကိုယ် အသုံး မကျတာ၊ လုံးဝညံ့ဖျင်းတာ'

'ဘာဖြစ်လို့လဲ ဆရာ၊ ဒီကိစ္စက ဆရာရှက်မှာစိုးလို့ မသိချင်ယောင် ဆောင်နေတာပါ၊ မမလေးမှာ ကိုယ်ဝန်ရှိနေလို့ ဆရာအမြန်လက်ထပ်လိုက်တာ ကျွန်တော်တို့အားလုံး ပျော်နေကြတာပါ၊ ဆရာသိတယ် မဟုတ်လား'

'အေး သိတယ်၊ သိတယ်'

ကိုပုအား အဖြစ်မှန်တွေကို ရှင်းလင်းပြောပြမနေတော့၊ ငွေယုန်ဖြူဖြူရဲ့ အမုန်းတွေကို ဒီတစ်ခါမှ သူတကယ်ခံယူရမှာပါ။ ကောင်မလေးအပေါ် သူနှစ်နှစ်နှာနှာ ထိခိုက်နာကျင်စေမည့် အပြုအမူတွေ စကားလုံးတွေနှင့် လူကြီးမပီသစွာ ပြုမူပြောဆိုနေခဲ့သည်။ ငွေယုန်ဖြူဖြူအား ယုံကြည်သင့်ခဲ့ပါလျက်နှင့် ငွေယုန်ဖြူဖြူသာ တစ်ခုခုဖြစ်သွားခဲ့လျှင် မိုးသခင် ဘယ်လောက်များ ကြေကွဲထိခိုက်ရမလဲ၊ အရေးပေါ်ခန်းရဲ့ အပြင်ဘက်မှာ ငွေယုန် သတိတရရှိလာလို့ သူ့ကို အပြစ်တင် စွတ်စွဲပုတ်ခတ် တုန့်ပြန်မှုတွေကို ဘယ်လိုရင်ဆိုင်ဖြေရှင်းရမလဲဆိုတာ အမျိုးမျိုး တွေးနေရင်း အပူမီးတွေ တောက်လောင်နေရလေသည်။

✿



(၂၅)

ငွေယုန်ဖြူဖြူ ဆေးရုံကနေ ဆင်းလာပြီး သူ့အိမ်ကို ပြန်လာတာကိုပင် မိုးသခင် ပြောပြ၍ မရနိုင်အောင် အတိုင်းအဆ ကြီးမားစွာ ပျော်ရွှင်ခဲ့ရသည်။ သူ့အပေါ် အမုန်းကြီး မာန်း သေးဘူးဆိုတဲ့ သဘောဟု မိုးသခင်သတ်မှတ်ပြီး ငွေယုန်ဖြူဖြူ ကို ဆီးကြိုခဲ့၏။ ဒါပေမယ့် သူမမျက်နှာလေးက အရင်လို ကလေးဆန်တဲ့ အမူအယာတွေ မရှိတော့ဘဲ ရင့်ကျက်တည်ငြိမ် လျက် အိမ်ရှေ့ရှင်မလေးအဖြစ် တွေ့လိုက်ရသဖြင့် မိုးသခင် မောက်မားထောင်လွှားမှုတွေပင် မလုပ်ရဲဘဲ ငြိမ်ကုတ်နေရ သည်။

'ငွေယုန်ဖြူဖြူ... နေကောင်းရဲ့လား'

'ဟုတ်'

ကလန်ကဆန်မလုပ်ဘဲ တည်တည်ငြိမ်ငြိမ်လေး ပြန်ဖြေလိုက်တာပဲ သူ့ဝမ်းအသာကြီး သာနေမိသည်။ မင်္ဂလာအိပ်ခန်း ကြီးထဲသို့ လျှောလျှောရှူရှူ ဝင်ရောက်လာသဖြင့် ကျေနပ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



၏။ သူပြင်ဆင်ထားတဲ့ အိပ်ခန်းကို သဘောကျပါ့မလားဟု ငွေယုန်ဖြူဖြူ့မျက်နှာရိပ် မျက်နှာကဲကို ကြည့်ရသေးသည်။ လိုက်ပို့တဲ့သူတွေ ပြန်သွားပြီးမှ ငွေယုန့်အနား ယောင်လည်လည်နှင့် မသိမသာ ထိုးကပ်လာခဲ့၏။ တောင်းပန်စကားတွေ စတင်ပြောလိုက်သည်။

'ငွေယုန့်လေးရယ်၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ ခွင့်လွှတ်ပေးပါ။ ကိုယ်အရမ်းပဲ အတ္တကြီးခဲ့ပြီး ကိုယ့်ရင်သွေးလေးကိုတောင် စဉ်းစားဆင်ခြင်တုန့်တရား ကင်းမဲ့ခဲ့တယ်။ ကိုယ်သတိလိုက်မိသွားတယ်'

'ဘာပြောလိုက်တယ် ဦးမိုးသခင် ရင်သွေးလေး ဟုတ်လား၊ ကျွန်မမှာ ကိုယ်ဝန်ပျက်ကျသွားလို့ စိတ်ခံစားဖြစ်နေမယ်လို့ မထင်ပါနဲ့နော်၊ ကံကြမ္မာပေါ်မှာပဲ အရာအားလုံးကို ပုံချတတ်နေပါပြီ'

'ငွေယုန်လေးရယ်၊ ကိုယ်မှားပါတယ်၊ ကိုပုပြောပြလို့ အခြေအနေတွေ အားလုံးကို မှန်မှန်ကန်ကန် သိထားခဲ့ရပါပြီ၊ ကိုယ်မူးနေတဲ့ညက အဖြစ်အပျက်တွေ ဖြစ်ပျက်နေချိန်မှာ ကိုပု အခန်း၀အထိ ရောက်လာခဲ့တယ်တဲ့'

'ဟင်'

'စောစောကတော့ ကိုယ်သိနေတယ်ထင်ပြီး မပြောပြတာတဲ့လေ၊ ငွေယုန်လေးကို တောင်းပန်ချင်နေခဲ့တာပါ၊ ငွေယုန်လေး





ကိုယ့်ကို အရမ်းမုန်းတီးနေမလားလို့ စိတ်ပူလိုက်ရတာ၊ တော်ပါသေးရဲ့ ကိုယ့်ဆီပြန်လာခဲ့လို့ ကျေးဇူးတင်ပါတယ်ကွာနော်'

'ဦးမိုးသခင်ကို ဘယ်လိုအကြောင်းနဲ့မှ စိတ်မဆိုးဖို့ ငွေယုန် ဆုံးဖြတ်ထားပါတယ်။ ငွေယုန့်ကို စောင့်ရှောက်ထားခဲ့တာလဲ ကျေးဇူးတင်ပါတယ်။ ကျွန်မကို တောင်းပန်နေစရာ မလိုပါဘူး၊ အစီအစဉ်အတိုင်းပဲ ဦးမိုးသခင်ကို ကွာရှင်းပေးပါ့မယ်။ မမေစန္ဒီနဲ့ ပျော်ပျော်ရွှင်ရွှင် လက်ထပ်ပါနော်။ ငွေယုန်ကျေကျေနပ်နပ်နဲ့ ခွင့်ပြုပေးတာပါ'

'ဟော့ ဘယ်ကနေ မေစန္ဒီက ပါလာပြန်ပြီလဲ ကိုယ်နဲ့ တရားဝင် လက်ထပ်ထားတာက ကိုယ့်ချစ်ဇနီး ငွေယုန်ဖြူဖြူလေ။ ကွာရှင်းတာလည်း မလုပ်နိုင်ဘူး၊ ကိုယ့်ဇနီးလေးကို ချစ်ပြီး တန်ဖိုးထားတာပါ'

'ဦးပဲ မေစန္ဒီနဲ့ လက်ထပ်မှာဆို၊ ဂုဏ်ဒြပ်တူ ဦးဘဝ တလျှောက်လုံးမှာ အကူအညီလည်းပေးနိုင်တဲ့ မေစန္ဒီကမှ လိုက်ဖက်တင့်တယ်မှာပါ'

ဦးမိုးသခင်အား ခွင့်လွှတ်ပေးနိုင်တယ်ဆိုတာတောင် သူ့ကြောင့် ရင်သွေးလေးဆုံးရှုံးသွားရတဲ့ စိတ်က တင်းနေသေးသည်။

'ကျွန်မကို အားနာစရာလည်း မလိုပါဘူး၊ ဦး စောင့်ရှောက်ပေးထားတာ တော်လောက်ပါပြီနော်၊ ကျွန်မနဲ့လူကြီးတွေကြောင့် ဆက်ပေါင်းနေရင်လည်း ဦးတစ်သက်လုံး စိတ်သောက



www.burmeseclassic.com

www.burmeseclassic.com



တွေ ရောက်မှာပါ။ အချစ်မပါဘဲနဲ့ အိမ်ထောင်ရေးကို ခရီး မဆက်ချင်တာပါ'

ကြီးကြီးကျယ်ကျယ်ဟွေနှင့် လူကြီးဆန်စွာပြောနေတဲ့ ကောင်မလေးကို မိုးသခင် အားမလိုအားမရနှင့် စိတ်တွေလည်း မထိန်းချုပ်နိုင်အောင် ဖြစ်ရကာ ဖြစ်ချင်တာဖြစ်ဆိုပြီး သူမ ခန္ဓာကိုယ်လေးအား သူ့လက်တွေနှင့် ရင်သိုင်းပွေ့ဖက်ထားလိုက် မိသည်။

'အို... ဦး ဘာလုပ်တာလဲ၊ လွှတ်ပါ၊ ကျွန်မက သွေးနု သားနုနော်၊ လွှတ်ပါ'

'မလွှတ်ဘူးကွာ၊ ကိုယ့်ရင်ခွင်ထဲမှာပဲနေ၊ မင်းသဘော ဆန္ဒတွေကိုလည်း လိုက်လျှောမပေးနိုင်ဘူး၊ ကိုယ်မရှက်မကြောက် ဝန်ခံချင်တာကလေ၊ ငွေယုန်လေးကို အရမ်းချစ်မိသွားပြီဆို တာပဲ'

'ဟင်'

'ရုန်းဖယ်မနေစမ်းပါနဲ့ ငွေယုန်လေးရယ်၊ ကိုယ့်ရင်ခွင်ထဲ မှာ ငြိမ်ငြိမ်သက်သက်လေး နေပေးစမ်းပါ။ ကိုယ်ထပ်ပြော မယ် ငွေယုန်လေးကို ချစ်တယ်၊ လုံးဝမခွဲနိုင်တော့ဘူး။ ကိုယ်ပြော ရင် ငွေယုန်လေး လက်ခံယုံကြည်ပေးနိုင်မလား မသိဘူး။ မင်း ကို စတွေ့ခဲ့တဲ့ အချိန်ထဲက ချစ်မိသွားရတာပါ။ ကိုယ့်မသိစိတ် ထဲမှာပဲ ဖြစ်နေခဲ့ပြီး သိစိတ်မှာ မင်းကအရမ်းဆိုးသွမ်းလို့ အငြိုး ကတ်သလို ဖြစ်ခဲ့ရတာပါ'





'မယုံပါဘူး... ကျွန်မလုံးဝလက်မခံနိုင်ဘူးနော်၊ ကျွန်မ လက်ထပ်ဖို့တောင် ဦးမှာ ဆန္ဒရှိခဲ့တာမှ မဟုတ်ဘာ၊ ကျွန်မ ဘက်က သုံးလအချိန်ပေးဖို့ တောင်းဆိုခဲ့တာကို ဦးက အလွယ် တကူ လက်ခံလိုက်တယ်လေ'

'ကိုယ် ရှက်နေလို့ပါ၊ ကိုယ်က အသက်ကြီးတာလေ၊ မင်းက ဦးလေးတောင် ခေါ်တာပါ၊ မင်းကို ကြောက်လို့၊ အခု တော့ တစ်နာရီ တစ်စက္ကန့်လေးတောင် အချိန်မပေးနိုင်တော့ ဘူး၊ မင်းက ကိုယ့်ရဲ့တရားဝင် ဇနီးပဲ၊ မခွဲနိုင်တော့ဘူး ငွေယုန် လေးရယ်၊ အရမ်းပဲ ချစ်တယ်'

ငွေယုန်လည်း ဦးမိုးသခင်လို့ပါပဲလေ။ အတင်းရုန်း ဖယ်နေရင်း သူမခန္ဓာကိုယ်လေက ဦးမိုးသခင်ရဲ့ ရင်ခွင်ထဲမှာ အားပြုမှီတွယ်ထားရင် မလှုပ်မယှက်ဖြစ်သွားသည်။

'ငွေယုန်လည်းလေ နောင်တတွေ ရနေပါတယ်၊ ဦးအပေါ် ဆိုးသွမ်းခဲ့မိလို့ပါ၊ ငွေယုန်အများကြီး မှားတော့မလို့၊ ရှုပ်ပွေတဲ့ တစ်ယောက်နဲ့ ပတ်သက်မိတော့မလို့ပါ။ လင်းနဲ့က မိတ်ဆွေ အဆင့်တောင် သိပ်ပတ်သက်ခဲ့တာ မဟုတ်ပါဘူး၊ တကယ်တမ်း ကျတော့ ဦးကိုပဲ ချစ်မိနေခဲ့မိတာပါ၊ ယုံပေးပါနော်'

'ငွေယုန်လေးရယ်'

သွေးနုသားနု ဖြစ်နေတဲ့ ချစ်ဇနီးလေးကို ကြမ်းကြမ်း တမ်းတမ်းလည်း အချစ်နလန်မထရဲပေ။ ငွေယုန်လေး တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဖြစ်သွားမှာ သူအကြောက်ဆုံးဖြစ်နေသည်။ သူမရဲ့ နှုတ်ခမ်းဖူးဖူးအိအိလေးတွေက ဖြူဖျော့နေဆဲပင် ရှိသေး၏။ ပါးပြင်လေးပေါက်ပုံ ခပ်ဖွဖွလေး နမ်းရှိုက်မိလေသည်။

'ဦးရယ်'

'ငွေယုန်လေးရယ်၊ ကိုယ့်ကို ဘယ်အချိန်အထိ ဦးလို့ သုံးနှုန်းနေဦးမှာလဲကွာ၊ ကိုယ်တောင် ငွေယုန်လေးလို့ ပြောင်းခေါ်နေပြီပဲ'

'ကိုကိုလို့ ခေါ်ပါကွာ... နော်'

'ဟင့်အင်း ဦးပဲခေါ်မယ်၊ ငွေယုန် ချစ်ခဲ့မိတာက ဦးမင်းသခင်လို့ခေါ်တဲ့ ဦးကိုပါနော်၊ ချစ်သော ဦးရယ်'

သူများတွေရှေ့မှာတော့ ကိုကိုဟု ပြောင်းခေါ်ပေးမယ်နော်၊ နှစ်ယောက်ထဲဆိုရင် ဦးပဲခေါ်မယ်ပြောတော့ ဦးမိုးသခင်က ရယ်မောရင်း၊ ဒီနေ့ကစပြီး ငွေယုန်လေးကို အလိုလိုက်မယ်၊ ကြင်နာမယ်၊ ဘယ်အရာမဆို ငွေယုန်လေးရဲ့ ဆန္ဒအတိုင်းသာ ဖြစ်စေသတည်းဟု ပြောဆိုရင်း သူမခန္ဓာကိုယ်လေးအား ပွေ့ဖက်လိုက်ပြီး အိပ်ယာပေါ် လှဲချလိုက်၍ ငွေယုန် အထိတ်တလန့်နှင့် ဦးဘာလုပ်မလို့လဲ၊ ငွေယုန်က သွေးနုသားနုလေး ဘာမှလုပ်လို့မရဘူးနော်ဟု ပြောဆိုတားဆီးရင်း ရှန်းဖယ်နေမိလေသည်။

'ကောင်မလေး... မင်းကို ကိုယ်က ဘာလုပ်မှာမို့လို့လဲ၊ မကြောက်စမ်းပါနဲ့ကွာ၊ ကိုယ်က ငွေယုန်လေး ထိခိုက်နာကျင်သွားမှာတောင် ကြောက်ရွံ့ထိတ်လန့်နေခဲ့တာပါ။ ငွေယုန်





လေးကို အနားယူစေချင်လို့ အိပ်ယာပေါ် လှဲအိပ်စေတာပါ။ ပြီးရင် မင်းပါးပြင်လေးကိုပဲ ဖွဖွလေး ရွရွလေး နမ်းမှာပါ'

'ဦးရယ်... ချစ်သော ဦးရယ်'

ငွေယုန် တိုးတိုးတိတ်တိတ် ရင်ထဲမှာပဲ တမ်းတမ်းလေး ရေရွတ်မိနေရင်း သူမနှုတ်ခမ်းသားလေးတွေအပေါ်သို့ ဖွဖွရွရွလေး ကျရောက်လာနေတဲ့ ချစ်သောဦးရဲ့ အနမ်းလေးအား မျက်တောင်ကော့ကော့လေးအစုံ ညွတ်ကျ ပိတ်သိမ်းလျက် ခံယူနေမိလေသည်။

□ □ □

လွှမ်းတမို



www.burmeseclassic.com